

စိတ်ကူးချိုချိုအနုပညာ

# သေမင်းနိုင်ငံမှာ သုံးတဲ့ ပိုက်ဆံ

မင်းခိုက်စိုးစန်

ဒုတိယအကြိမ်



မင်းခိုက်စိုးစန်

သေမင်းနိုင်ငံမှာ သုံးတဲ့ ပိုက်ဆံ

W025100241
Ks - 2,800

MKS0005
2,800.00 KS

သေမင်းနိုင်ငံမှာသုံးတဲ့ပိုက်ဆံ၊ မင်းခိုက်စိုးစန်
မျက်နှာဖုံးပန်းချီ -ခေတ်ဘုန်းမိုး၊ စာမျက်နှာ ၁၈၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊
၂၀၁၂ ကြောင်နှစ်ကောင်စာပေ၏ နှစ်အုပ်တွဲ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# သေမင်းနိုင်ငံမှာ သုံးတဲ့ပိုက်ဆံ

မင်းခိုက်စိုးစန်

ဒုတိယအကြိမ်၊ ၂၀၁၆

# နိဒါန်း

'ထပ်တူကျအမှား' ဆိုတဲ့ သဘောတရားအကြောင်း နည်းနည်း ပြောပြချင်ပါတယ်။

အဲဒါ ဘာမှ ထွေထွေထူးထူးတော့ မဟုတ်ဘူး။ ခင်ဗျားလည်း ကြုံဖူးတယ်။ ကျွန်တော်လည်း ကြုံဖူးတယ်။ လူတော်တော်များများလည်း စိတ်ထဲမှာ (အမှတ်တမဲ့လိုလို) ခံစားဖူးလိမ့်မယ်။

ကိုယ်နဲ့မှ တည့်တည့်တိုးတတ်တဲ့ ကတ်သီးကတ်သတ် လွဲချော်မှု တွေလေ။

ဥပမာဆိုကြပါစို့...

"ညှပ်ထားမိတဲ့ ဆံပင်ပုံစံကို မကြိုက်ကာမှ ဒီထစ်လအဖို့ ဆံပင် ပြန်ရှည်တာက နှေးကွေးလွန်းနေတာယ်"

'သီချင်းစီဒီခွေမှာ ခြစ်ရာပါလို့ ထစ်နေပြီဆိုရင် အဲဒီနေရာဟာ ကိုယ်အကြိုက်ဆုံး သီချင်းစာသားနေရာ ဖြစ်နေပါလေရော"

"အိမ်အပြင်ဘက်ကနေ တံခါးဖွင့်ဖို့ သော့တွဲကို စမ်းနေတဲ့အချိန်ဆို အိမ်ထဲက တယ်လီဖုန်းက 'တတီတီ... မြည်ပြီ။ ကမန်းကတန်း တံခါးဖွင့်ပြီး ဖုန်းကိုလည်း ပြေးကိုင်လိုက်ရော ဟိုဘက်က ဆက်နေတဲ့ သူက ဖုန်းကို ချသွားရော"

"ဘယ်သူနဲ့မှ မတွေ့ချင်လို့ ပုန်းလျှိုးကွယ်လျှိုး သွားတဲ့အခါတိုင်း အသိမိတ်ဆွေ တစ်ယောက်မဟုတ် တစ်ယောက်နဲ့ အမြဲဆုံတယ်"

အဲဒါမျိုးတွေပါပဲ။

* * *

အဲဒီလို အဖြစ်အပျက်မျိုးတွေကို စာရေးဆရာ အာသာဘလော့ချ် **(Arthur Bloch)** က ထပ်တူကျအမှားလို့ နာမည်ပေးထားတာပါ။

ကျွန်တော်နဲ့ သူငယ်ချင်းတစ်စုကတော့ ပေါက်ကရလေးဆယ်တွေကို အမြဲတမ်း ရှာရှာဖွေဖွေ လုပ်ကြလွန်းလို့လား မသိဘူး၊ သူများတွေထက် ပိုပြီး ထပ်တူကျအမှားတွေနဲ့ ကြုံရသလိုပဲ။

ကြုံခဲ့သမျှ ရှာရှာဖွေဖွေ ကိုးရိုးကားရားတွေထဲမှာ အမှတ်တရ အဖြစ်ဆုံးကတော့ တစ်ထောင့်ကိုးရာရှစ်ဆယ့်ခြောက်၊ ရှစ်ဆယ့်ခုနစ်လောက် တုန်းက ရပ်ကွက်ကလေးတစ်ခုထဲမှာ ကျွန်တော်တို့သူငယ်ချင်းတွေစုပြီး အိမ်ငှားနေခဲ့ကြတုန်းက အဖြစ်အပျက်တွေပါပဲ။

ရန်ကုန်မြို့နဲ့ မိုင်နှစ်ဆယ်သာသာလောက်ပဲဝေးတဲ့ တောမကျ မြို့မကျ လက်လုပ်လက်စား ရပ်ကွက်လေးတစ်ခုပါ။

အဲဒီရပ်ကွက်လေးထဲမှာနေတဲ့ လူတွေက ရယ်ရတယ်။ ချစ်စရာ ကောင်းတယ်။ ထပ်တူကျအမှား တစ်ခုမဟုတ်တစ်ခုနဲ့ ရှင်သန်နေကြတယ်။

အဲဒီရပ်ကွက်လေးထဲမှာ ဖြစ်ပျက်နေတဲ့ 'ထပ်တူကျအလွဲ' တွေကိုသာ တန်းစီပြီး ရေးပြရမယ်ဆိုရင် အာသာဘလော့ချ်ရဲ့ 'မာဖီ၏ နိယာမ'ဆိုတဲ့ စာအုပ်မျိုး သုံးလေးအုပ်လောက်ရမယ် ထင်ပါရဲ့။

'မာဖီ၏ နိယာမ' စာအုပ်ထဲမှာပါတဲ့ အလွဲတွေကို နည်းနည်း ထပ်ပြီး ပြောပြရဦးမယ်။ ကြည့်လေ...

"တစ်နေ့လုံး ဇယ်ဆက်သလို အလုပ်လုပ်နေရာက တစ်ကြိမ်လေးပဲ နားဖို့ ထိုင်မိပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ကို (တစ်နေ့လုံးမှ တစ်ခါပဲ လာစစ်တဲ့) ကိုယ့်အထက်လူကြီးနဲ့ တည့်တည့်တိုးပါလေရော"

(၇)

“ပစ္စည်းအသစ်တစ်ခု ဝယ်ပြီးပြီဆိုတာနဲ့ ပျောက်နေတဲ့ ပုံစံတူ ပစ္စည်းကို ချက်ချင်းပဲ ပြန်ရှာတွေ့ရတတ်တယ်”

“သင့် လက်နှစ်ဖက်မှာ စက်ဆီတွေ အညစ်အကြေးတွေ ပေကျံနေတဲ့အချိန်နဲ့ ကွက်တိပဲ၊ သင့်နှာခေါင်းဟာ ယားယံပြီး ကုတ်ချင်လာတတ်တယ်”

“ရုပ်ရှင်ရုံထဲရောက်လို့ သင် လက်မှတ်ဝယ်ထားတဲ့ ထိုင်ခုံနေရာမှာ ထိုင်ချလိုက်ပြီဆိုရင် သင့်ရှေ့တည့်တည့်က ခုံမှာ အရပ်ရှည်တဲ့ လူတစ်ယောက် အမြဲနေရာယူထားလေ့ရှိတယ်”

“ဒီနေ့ စာမကျက်လာမိပါဘူးဆိုမှ အတန်းထဲမှာ စာမေးဖို့ ဆရာမရဲ့ မျက်စိကျခြင်းကို ခံရသူက ကိုယ်ပဲဖြစ်နေတတ်တယ်”

“ဆီးစစ်ဖို့အတွက် ဆီးနမူနာ အတောင်းခံရတဲ့သူက ခုနကလေးတင် ဆီးသွားထားပြီးကာစ လူဖြစ်နေတတ်တယ်”

“လူနှစ်ယောက် အတူတူထိုင်နေကြတဲ့အထဲမှာမှ ခြင်က ကိုယ့်တစ်ယောက်တည်းကိုပဲ ရွေးပြီးကိုက်တယ်”

“သွေးသွင်းဖို့ အရေးတကြီး လိုအပ်နေပြီဆိုရင် အဲဒီသွေးဟာ အမြဲတမ်း ရှားပါးနေတယ်”

“ဖုန်းနံပါတ် မှားလှည့်မိတဲ့အခါတိုင်း ဖုန်းလိုင်း မအားတာနဲ့ ဘယ်တော့မှ မကြုံဘူး”

* * *

ဩော်...ကျွန်တော် စွဲစွဲမြဲမြဲမှတ်မိနေတဲ့ ထပ်တူကျ အလွဲတစ်ခု ရှိပါသေးတယ်။

အဲဒါက ဘာလဲဆိုတော့...

“စာရွက်စာတမ်းတစ်ခုခုကို သတ်သတ်မှတ်မှတ် ဖိုင်တွဲထားလိုက်ရင် အဲဒါကို နောက်တစ်ကြိမ် သုံးစရာကိစ္စ ဘယ်တော့မှမပေါ်ဘူး။ ဖိုင်မတွဲဘဲ အမှတ်တမဲ့ထားမိတဲ့ စာရွက်စာတမ်းဆိုရင်တော့ တစ်ချိန်ချိန်မှာ

အရေးတကြီးပြန်ရှာဖို့ လိုအပ်လာလိမ့်မယ်။ ဒါပေမဲ့ အဲဒီစာရွက်ကို ဘယ်နား ထားမိမှန်း သိတော့မှာမဟုတ်ဘူး”…တဲ့။

* * *

အဲဒီရပ်ကွက်ကလေးဟာ ၂၀ ရာစုနှောင်းပိုင်းရဲ့ စာရွက်စာတမ်း တစ်ခု ဖြစ်ခဲ့ပါတယ်။

အဲဒါကို ဖိုင်တွဲပြီးသိမ်းဖို့ မသိမ်းဖို့ ဆုံးဖြတ်ခဲ့ကြသူတွေကတော့ ကျွန်တော်တို့ အုပ်စုပါပဲ။

■

# အခန်း (၁)

'ကျွန်တော်တို့အုပ်စု'လို့ ဆိုတဲ့အထဲမှာ…

ကျွန်တော်ပါတယ်။

ပန်းချီဆရာပေါက်စတစ်ယောက် ပါတယ်။ (အခုတော့ မဂ္ဂဇင်းတွေမှာ သရုပ်ဖော်ပုံတွေဆွဲနေတဲ့ 'ခေတ်ဘုန်းမိုး'ပေါ့)

နောက် ဂစ်တာ တဒေါင်ဒေါင် တဒင်ဒင်တီးပြီး သီချင်းရေးဖို့ ကြိုးစားနေတဲ့ မြန်မာစာဆရာ အလောင်းအလျာလေးတစ်ယောက်ပါတယ်။ (သူကတော့ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကာလမှာ အင်မတန် နာမည်ကြီးတဲ့ ကျူရှင်ဆရာ ဦးဆင့်သူ ဖြစ်လာပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်နေစဉ်မှာပဲ ကွယ်လွန်ဆုံးပါးသွားခဲ့တယ်။ သူ့တစ်သက်တာလုံးမှာ 'ပစ်တိုင်းထောင်လေး ပုတိုတို' ဆိုတဲ့ သားချော့သီချင်းလေးတစ်ပုဒ်ကိုပဲ အပြီးသတ် ရေးဖွဲ့သွားခဲ့လေရဲ့)

ကျွန်တော်တို့ ဝါသနာပါတဲ့ အနုပညာအလုပ်တွေကို လုပ်ဖို့ ရန်ကုန်မြို့နဲ့ နီးနီးနားနားမှာနေမှ ဖြစ်မယ်လေ။ အဲ…ပြီးတော့ အိမ်လခက လည်း ဈေးသက်သာဦးမှဖြစ်မှာ။

အိမ်တစ်လုံးတည်းကို အခန်းကန့်ထားပြီး ငှားစားတဲ့နေရာမျိုးမှာ

လည်း နေလို့ဘယ်ဖြစ်မှာလဲ။ ကျွန်တော်တို့က နေ့ရောညပါ အချိန်မရွေး ဒေါင်ဒေါင်ဒင်ဒင် ဝူးဝူးဝါးဝါးနဲ့...။

နောက်ပြီး ကျွန်တော်တို့အုပ်စုက ဘာမှန်းမသိတဲ့ ရုတ်ရုတ်သဲသဲ ကိစ္စတွေ၊ မျက်စိနောက်စရာကောင်းတဲ့ ကိစ္စတွေကို တစ်ခုမဟုတ်တစ်ခု ကြံဖန်ပြီး လုပ်နေကြတာကိုး။

ဒါကြောင့် တောမကျ မြို့မကျ ဟောဒီရပ်ကွက်လေးထဲမှာ ပျဉ်ထောင်အိမ်ယိုင်နဲ့နဲ့လေးတစ်လုံးကို ငှားပြီး လာနေကြတာပေါ့။

ကျွန်တော်တို့အုပ်စုထဲမှာ အနုပညာအလုပ်နဲ့လည်း ဘာမှမပတ်သက်၊ အနုပညာကို ဝါသနာလည်းမပါတဲ့ အလုပ်မရှိ အကိုင်မရှိ အူကြောင်ကြောင် ငနဲတစ်ယောက်လည်း ပါသေးတယ်။

သူ့နာမည်က ဖိုးစောတဲ့။

ဖိုးစောရဲ့ ပါရမီဓာတ်ခံကလည်း တစ်မျိုးပဲ။ ဘယ်လူစုလူဝေးထဲကိုမဆို ဒီကောင့်ကိုသာ ထည့်ပေးလိုက်...။

ရှုပ်ရှုပ်ယှက်ယှက်တစ်ခုခုတော့ ဖြစ်ပြီးသားပဲ။

လူစုလူဝေးနဲ့လည်း ဖြစ်တယ်။ နှစ်ယောက်ချင်း သုံးယောက်ချင်း လည်း ဖြစ်တယ်။

သူ့တစ်ယောက်တည်းနေရင်တောင် သူ့အတွေးနဲ့သူ ရှုပ်ရှုပ် ယှက်ယှက် ဖြစ်နေတတ်တဲ့ကောင်။

ဖိုးစောရဲ့ အတွေးအခေါ်တွေကလည်း အံ့မခန်းပဲ။ နက်နဲတဲ့နေရာမှာ လက်ဖျားခါလောက်တယ်။

တစ်ခါက ကျွန်တော့်ကို လာမေးတာပဲကြည့်...။

ဖိုးစောက...

"ကျော်စိုးရေ"

"ဟေ...ဘာဖြစ်ရပြန်ပြီလဲ ဖိုးစော"

"ငါ တစ်ခုစဉ်းစားနေတာကွ၊ မြတ်စွာဘုရားရဲ့ သွေးအမျိုးအစားဟာ A လား၊ B လား၊ AB လား ဒါမှမဟုတ် O သွေးလားဆိုတာ"

ကဲ...သူ့အတွေးအခေါ်က...

ကျွန်တော်က...

"ဟာ...ဖိုးစောရာ၊ မင်းမို့လို့ ကြံကြီးစည်ရာကွာ။ မြတ်စွာဘုရား ပွင့်တဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်တုန်းက သွေးအုပ်စုခွဲတဲ့ ပညာမှ မပေါ်သေးတဲ့ဥစ္စာ"

ဖိုးစောက စိတ်ပျက်သလို 'ကျွတ်' ခနဲ စုတ်သပ်လိုက်ပြီး ခေါင်း ကုတ်လိုက် ဖင်ကုတ်လိုက်လုပ်ရင်း...

"မဟုတ်ဘူးလေကွာ၊ ငါ စဉ်းစားနေတာက မြတ်စွာဘုရားဆိုတာ အင်မတန် ထူးခြားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီး မဟုတ်လား။ အဲဒီလို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးရဲ့ ခန္ဓာကိုယ်ထဲမှာ စီးဆင်းနေတဲ့ သွေးတွေဟာ လူသာမန် တွေရဲ့ ကိုယ်ထဲကသွေးတွေနဲ့ အမျိုးအစားချင်းတူနိုင်သလားဆိုတာကို ငါ စဉ်းစားနေတာကွ။ အေးလေ...ဒါတွေ မင်း ဘယ်နားလည်နိုင်ပါ့မလဲ ကျော်စိုး ရာ၊ လောကီလောကုတ္တရာ ပြည့်စုံတဲ့ ပညာရှိကြီးတွေကို ရှာပြီးမေးရ ဦးတော့မှာပဲ"

ကျွန်တော်ကတော့ လောကီလောကုတ္တရာ မပြည့်စုံတဲ့ ငတုံးကြီး ဖြစ်သွားတာပေါ့ဗျာ။ ကိုယ့်ဘာသာကိုယ် နေရင်းထိုင်ရင်းကြီးကို ငုတ်တုတ် ညံ့သွားတော့တာ။ ကျွန်တော့်ဘဝနှယ် ဆိုးလိုက်ပုံ။

ဖိုးစောကတော့ ကော့လန်ကော့လန်နဲ့ လစ်သွားလေရဲ့။

* * *

တစ်ခါကကျတော့ ကိုဆင့်သူ ကို သွားပြီးမေးတာ။ (အဲဒီတုန်းက ကိုဆင့်သူက မြန်မာစာဌာနမှာ ကျူတာဖြစ်နေပြီလား၊ မဖြစ်သေးဘူးလား တောင် မမှတ်မိတော့ဘူး)

ဖိုးစောက မေးစေ့က မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲကို ပွတ်ရင်း...

"ဗျို့...ကိုဆင့်"

အိမ်နံရံကို မှီရင်း ခြေဆင်းပြီး ဂစ်တာလက်ကွက် စမ်းနေတဲ့ ကိုဆင့်သူက မျက်ခုံးတွေပင့်သွားတယ်။

"ဟင်...ဘာလဲဟင်၊ ဖိုးစော...ဘာလဲ"

ကိုဆင့်သူကလည်း ဖိုးစောရဲ့ စူးရှထက်မြက်တဲ့ အတွေးအခေါ်တွေကို ခပ်လန့်လန့်ပဲ။

ဖိုးစောက (သုံးပင်နှစ်ခန်း အိမ်ခန်းကျဉ်းကျဉ်းလေးရဲ့) ခနော်နီခနော်နဲ့ ကြမ်းပြင်ပေါ်မှာ ခေါက်တုံ့ခေါက် ပြန်လျှောက်ရင်း...

"ကိုဆင့်တို့ မြန်မာစာမှာ ဝါကျဆုံးတဲ့အခါ 'သည်'တို့၊ '၏'တို့ ထည့်ရတယ် မဟုတ်လား။ ဟိုဗျာ...ဥပမာပြောရရင် 'သူ ကျောင်းသို့သွားသည်'၊ 'သူ အိပ်မက်မက်နေ၏'...စသဖြင့်ပေါ့ဗျာ"

"အင်း...ဟုတ်...ဟုတ်တယ်လေ ဖိုးစောရဲ့၊ ဘာဖြစ်လို့လဲ"

"အဲဒီ 'သည်'နဲ့ '၏'နဲ့ အဓိပ္ပာယ်ချင်း ဘာကွာသလဲ ကိုဆင့်"

ဒီမေးခွန်းကြောင့် ကိုဆင့်သူ မျက်လုံးတွေ ပြာလတွတ် ပြာလတွတ်ဖြစ်သွားတယ်။ တော်တော်လေးတော့ ခွကျနေပြီ။

ကိုဆင့်သူက အကျပ်အတည်းဖြစ်ရင် သူလုပ်နေကျ အမူအရာအတိုင်း နှုတ်ခမ်းထူထူလေးတွေကို ဆော်ပြီး စူပြီး မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်၊ အသံလေး အတီးအထစ်နဲ့...။

"ဟဲ...ဟဲ...ဟို...သိပ်...သိပ်မကွာပါဘူး ဖိုးစောရဲ့"

ဖိုးစောက မျက်မှောင်ကြုတ်လိုက်လေရဲ့။ ပြီးတော့...

"အဓိပ္ပာယ်ချင်းတူရင် ဘာလို့ အလုပ်ရှုပ်ခံပြီး စကားလုံးနှစ်လုံးတောင် ထားနေရသေးလဲဗျာ၊ တစ်လုံးကို ဖြုတ်ပစ်လိုက်ပါလား၊ ကျက်ရမှတ်ရတာ သက်သာသွားတာပေါ့"

"ဟေ..."

ကိုဆင့်သူ မျက်လုံးပြူးသွားသည်။ ဖိုးစောကတော့ ခပ်တည်တည်ပဲဆက်ပြီး...

"ဟုတ်တယ်၊ ကျွန်တော်က နောင်လာမယ့် လူငယ်ကျောင်းသားလေးတွေအတွက် စေတနာနဲ့ အကြံပေးနေတာနော်။ ကိုဆင့် မြန်မာစာပါမောက္ခဖြစ်တဲ့အခါကျရင် '၏'ကို ဖြုတ်ပစ်လိုက်ဗျာ။ ကောက်ကောက်လိမ်လိမ်နဲ့ အကြည့်ရဆိုးတယ်။ ဖြုတ်ပစ်...သိလား"

"ငါ...ငါ့မှာ အဲ့လောက် အာဏာမရှိဘူး ထင်ပါတယ်ကွာ"

ကိုဆင့်သူကတော့ သူ့ဘဝကို သူ အားငယ်လို့ပဲလား မသိဘူး။ မဝံ့မရဲ ဖြေရှာတယ်။

ဒါပေမဲ့ ဖိုးစောကတော့ မာရေကျောရေပဲ။

"ဟာဗျာ... ဘာ အာဏာရှိစရာလိုလို့လဲ၊ မြန်မာစာကို တီထွင်ခဲ့တဲ့ လူတွေကလည်း သူ့လိုကိုယ်လို 'လူ' တွေပဲဥစ္စာ။ သူတို့လုပ်ပုံကိုင်ပုံ နေရာ မကျရင် ကိုယ်က ပြင်ရဲရမှာပေါ့"

အဲသည်လို 'ဟောက်' သေးတာဗျ။

အံမယ်...။ သူ့ခံယူချက်နဲ့သူကတော့ ဟုတ်သလိုလို အရှိသား။ ကိုဆင့်သူကတော့ ဂစ်တာကိုတောင် ဆက်မတီးနိုင်တော့ဘူး။

မျက်လုံးလေး ပေကလတ် ပေကလတ်လုပ်ပြီး ဖိုးစောကိုပဲ ငေး ကြည့်နေရတယ်။ ဒါပဲ တတ်နိုင်တော့တယ် မဟုတ်လားဗျာ။

* * *

ပန်းချီဆရာကတော့ ရှင်းတယ်။

ဖိုးစော ပြဿနာသယ်လာပြီဆိုရင် ဆဲလွှတ်တဲ့အခါလွှတ်၊ ပါးစပ်ထဲ တွေ့ကရာပြောရင်ပြော၊ ဒါမှမဟုတ်ရင် သူ့ထက်ဦးအောင် ဦးနှောက်စားစရာ တစ်ခုခုနဲ့ ကျပ်လွှတ်လိုက်တာပဲ။

အိမ်ပေါ်မှာ နေရာက ကျယ်ကျယ်မရှိတော့ ပန်းချီဆွဲမယ်ဆိုရင် ခြံထောင့် သရက်ပင်အောက်က ရေချိုးဖို့ တိုင်ကီပိုင်းတွေချထားတဲ့နေရာမှာ သွားပြီးဆွဲရတယ်။

ဖိုးစောကလည်း တကူးတကန့်ကို အဲဒီနားအထိ သွားပြီးရှုပ်တာ။

"ဒီမှာ ကိုဘုန်းမို၊ ကျွန်တော် စဉ်းစားထားမိတာလေးတစ်ခုရှိလို့ဗျ"

ပန်းချီဆရာက သူ့ဟာနဲ့သူ ဆွဲလက်စဖြစ်နေတော့ ဖိုးစောကို အံကြိတ်ပြီး မျက်စောင်းထိုးကြည့်တယ်။ ဖိုးစောကတော့ စကားစမိပြီဆိုတာနဲ့ အရှိန်ရသွားပြီ။

"ဒီလိုလေဗျာ...ကျွန်တော်က ဗုဒ္ဓဘာသာနဲ့ ရဟန်းဝတ်တယ် ဆိုပါစို့၊ ရဟန်းဝတ်နဲ့ ပါရာဇိကကက်ကျရင် ငရဲကြီးရောမဟုတ်လား။ အဲဒီလို

ဖြစ်ပြီဆိုတာနဲ့ ကျွန်တော်က အမြန်လူဝတ်လဲ၊ ခရစ်ယာန်ဘာသာထဲကို ပြောင်းသွားပြီး ဘုရားကျောင်းမှန်မှန်တက်နေရင် ယေရှုခရစ်တော်က ကျွန်တော့်ကို ကယ်မှာလားဟင်"

ပြန်ဖြေတဲ့စကားသံကိုတော့ မကြားရဘူး။ စုတ်တံကို ခွက်ထဲ ဆောင့်ကြီးအောင့်ကြီး ပစ်ထည့်လိုက်ပြီး အလုံးလိုက် အခဲလိုက် တစ်တစ်ခွခွ ဆဲရေးလိုက်တဲ့ ပန်းချီဆရာရဲ့ ရေရွတ်သံကိုပဲ ကြားရတယ်။

အဲဒါပဲ။

တစ်ခါတစ်ခါ ပန်းချီဆရာက သူ့ပါးစပ်ထဲ တွေ့ရာထင်သလို ရမ်းသန်းပြောလိုက်တော့လည်း ကိစ္စပြီးသွားတာပဲ။ တစ်ခါတလေကျပြန်တော့လည်း ပန်းချီဆရာက ဖိုးစောထက် ဦးအောင် 'ကျပ်' တတ်တယ်။

ပန်းချီဆရာက သူ့စုတ်တံတွေ၊ ဆေးခွက်တွေ၊ တာပင်တိုင်ဘူးတွေ၊ ဓာတ်ဆီ ရေနံဆီပုလင်းတွေနဲ့ အလုပ်ရှုပ်နေတုန်း သူ့အနားက ဖိုးစော ဖြတ်လျှောက်သွားတာမြင်တော့...

"ဟေ့ကောင်...ဖိုးစော၊ လာပါဦးကွ"

"ဘာလုပ်မလို့တုံး"

ဖိုးစော ပြန်လှည့်လာတော့ ပန်းချီဆရာက လက်ထဲက ရေနံဆီပုလင်းကို ထောင်ပြပြီး...

"ဒီထဲကအရည်က ဘာတုံးကွ၊ မင်းသိလား"

ဖိုးစောက ပုလင်းဝကို အနံ့ခံကြည့်ပြီး...

"ရေနံဆီလေဗျာ"

ပန်းချီဆရာက ခပ်တည်တည်နဲ့ ခေါင်းတစ်ချက်ညိတ်ပြီး...

"အေး... ရေနံဆီဆိုတာ ဘယ်ကဖြစ်လာတဲ့ အရည်လဲကွ၊ အဲဒါ မင်းသိလား"

အဲဒီမေးခွန်းကြောင့် ဖိုးစော ငိုင်ခနဲ ဖြစ်သွားတယ်။ သူ့အတွက်တော့ မဟာ့ မဟာ အခက်အခဲကြီးတစ်ခုပဲ။ ဒါကို ဘယ်လို ကျော်လွှားမလဲ။

ပြီးတော့ သူ့ရဲ့ ကြီးကျယ်ခမ်းနားလှတဲ့ ဗဟုသုတဟင်းလေးအိုးကြီးကို စိန်ခေါ် မှတ်ကျောက်တင်မယ့် စပါယ်ရှယ်မေးခွန်းတော်ကြီး ဖြစ်နေပြီ။

ကိုင်း... စဉ်းစားစမ်း။

ရေနံဆီဆိုတာ ဘယ်ကရတဲ့ဥစ္စာလဲ။

တွင်းထွက်သယံဇာတလား၊ ဓာတုဗေဒပစ္စည်းလား၊ စက်ရုံက ထုတ်တာလား။

ငနဲသား ခေါင်းတွေထူပူလာတယ်။ အဖြေကမရဘူး။

မသိမသာ အံကိုကြိတ်ထားရင်း လည်ပင်းကြီးလိမ်ပြီး စောင်းကန်းစောင်းကန်း လုပ်နေတယ်။

အတော်ကြာတော့မှ...

"နေဦးဗျာ...ဒီအဖြေကို ကျွန်တော် ခေါင်းအေးအေးနဲ့ စဉ်းစားလိုက်ဦးမယ်။ တစ်ရက်နှစ်ရက်တော့ စောင့်"

"အေးပါကွာ...အေးပါ"

ပန်းချီဆရာက ပြုံးစိစိနဲ့ ပြန်ပြောလိုက်တယ်။

* * *

အဲဒီအကြောင်းတွေက နောက်မှ ပန်းချီဆရာပြန်ပြောလို့ သိရတာပါ။ ကျွန်တော် သတိထားမိတာက ဖိုးစော အိမ်တွင်းအောင်းပြီး တစ်ခုခုကို အပြင်းအထန် စဉ်းစားခန်းဝင်နေတာ အတော်ကြာပြီဆိုတာကိုပဲ။

အဲဒီလို မဟုတ်ကဟုတ်က တစ်ခုခုကို တွေးလုံးထုတ်နေပြီဆိုရင် ဖိုးစော ပုံစံက သိသာတယ်။ နံရံကို ကျောမှီ၊ ဒူးခေါင်းနှစ်လုံးကိုထောင်၊ ပြီးရင် အဲဒီထောင်ထားတဲ့ ဒူးခေါင်းနှစ်လုံးကို လက်နှစ်ဖက်နဲ့ ပိုက်ပြီး ခေါင်းကြီး မော့တော့မော့တော့ လုပ်နေပါလေရော။

အဲဒီပုံစံအတိုင်း သူ့ကို လေး ငါး ခြောက်ရက် မြင်နေရတော့ ကျွန်တော်က...

"ကိုဆင့်ရေ... ခုတလော ကျွန်တော်တို့ကောင်ကြီး ငြိမ်ချက်သားကောင်းနေပါလား"

"ဟုတ်တယ်ဗျ... ဒီတစ်ချီတော့ တကယ်ကို နက်နက်နဲနဲ စဉ်းစားနေပုံပဲ။ လေး ငါးရက်တောင် မကတော့ဘူး"

ကျွန်တော်နဲ့ ကိုဆင့်သူတို့ နှစ်ယောက်သား ကျိတ်ကျိတ် ကျိတ်ကျိတ်ပြောနေတုန်း ပန်းချီဆရာက လေသံတိုးတိုးနဲ့ ဝင်ပြီး...

"ကျွန်တော် သူ့ကို ငြိမ်ဆေးပေးထားတာပါဗျာ"

"ဟင်... ဘယ်လိုငြိမ်ဆေးပေးတာလဲ"

"ရေနံဆီကို ဘယ်ကရသလဲဆိုတာ စဉ်းစားခိုင်းထားတာပါဗျာ"

လို့ ဆိုပြီး ပန်းချီဆရာက သူ 'ကျပ်' ထားတဲ့ကိစ္စကို အစအဆုံး တစ်လုံးမကျန် ပြန်ပြောပြတော့တာပဲ။

ကျွန်တော်တို့လည်း ရယ်ရအခက် မဲ့ရအခက်နဲ့ဗျာ။

အဲ... နောက်နေ့ နေ့လယ်ခင်းလည်းကျရော...

"ဝုန်း"

ဖိုးစောဟာ နံရံကိုမှီနေရာက ဝုန်းခနဲ ခုန်ထလိုက်ပြီးတော့...

"သိပြီ... သိပြီ၊ ကျွန်တော် သိပြီဗျ"

အသံပြဲကြီးနဲ့ စွတ်အော်နေတော့ ကျွန်တော်တို့သုံးယောက် စလုံးက...

"ဟ... ဟ... ဘာဖြစ်တာတုံး"

"ဘာသိတာလဲကွ၊ မင်းဟာက..."

"အလန့်တကြားကွာ၊ ဘာမို့လို့လဲဟ"

အသက်တောင် မရှူအားဘူးဗျာ၊ ဝိုင်းမေးလိုက်ရတာ။ ငနဲသားကတော့ ပြုံးဖြီးဖြီးကြီးလုပ်ရင်း...

"ရေနံဆီကို ဘယ်ကရလဲဆိုတာ ကျွန်တော် သိပြီဗျ။ တကယ်တော့ 'ရေနံဆီ' ဆိုတာ 'ရေနံ' ကနေ ဖြစ်လာတာကိုး။ ဟင်း... ဟင်း... ဟင်း"

သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားနေတဲ့ မျက်လုံးတွေကလည်း အရောင်တလက်လက်နဲ့ဗျာ၊ ခင်ဗျားတို့ မြင်စေချင်တယ်။

ကျွန်တော်နဲ့ ကိုဆင့်သူကလည်း သူ့ကို ကျောသပ် ရင်သပ် လုပ်ပြီး ဝိုင်းချီးကျူးကြတယ်။

"တော်ပါပေတယ်ကွာ" တို့၊ "မင်းမို့လို့ စဉ်းစားနိုင်တာ" တို့ ပြောပြောပြီးတော့လေ။

"မင်းမို့လို့ ဒီအဖြေကို ခုနစ်ရက်တည်းနဲ့ စဉ်းစားလို့ရတာ။ ငါသာဆို တစ်လလောက် စဉ်းစားရင်တောင် ရမှာမဟုတ်ဘူး"

ကိုဆင့်သူ ပြောလိုက်တဲ့ ဒီတစ်ခွန်းကတော့ 'ပင့်' တာ နည်းနည်း လက်လွန်သွားတယ်ဗျ။ ဖိုးစော ရိပ်မိသွားပုံပဲ။

ဒီကောင် မာန်တက်နေတာ နည်းနည်းအရှိန်တန့်သွားတယ်။

ပန်းချီဆရာကတော့ ခပ်ပြုံးပြုံးနဲ့...

"ဟုတ်ပါပြီကွာ၊ ရေနံဆီဆိုတာ ရေနံကဖြစ်တာ ထားပါတော့။ ဒါဖြင့်ရင် ဓာတ်ဆီကကော ဘယ်ကနေ ဖြစ်တာလဲကွ"

နောက်ထပ် မေးခွန်းတစ်ခုနဲ့ ထောင်ချောက်ဆင်လိုက်တော့ ဖိုးစော ဆိုတဲ့ မဟာပညာရှိကလည်း တည့်တည့်ပဲဝင်ချလာတယ်။

"ဟား... သဘောတရားချင်း အတူတူပဲလေဗျာ၊ ရေနံဆီဟာ ရေနံကဖြစ်တာဆိုတော့ ဓာတ်ဆီဆိုတာ 'ဓာတ်' က ဖြစ်တာပဲပေါ့ဗျာ"

ကြည့်စမ်း။ အပိုင်ပဲဆိုပြီး ပြောချလိုက်တာ။

အဲသည်လို 'တော်'ပုံ၊ 'ထက်မြက်' ပုံတွေကိုပဲ ကျွန်တော်တို့မှာ လက်ဖျားတခါခါ ဖြစ်နေရတာကလားဗျာ။

ပန်းချီဆရာကတော့ ခေါင်းကို ဖြည်းဖြည်းချင်းယမ်းခါပြီး...

"မှားတယ်ကွ"

"ဟင်... ဘာဖြစ်လို့လဲ"

ဖိုးစောက ပြူးတူးပြဲတဲနဲ့မေးတော့ ပန်းချီဆရာက သူ့မျက်လုံးထဲကို တည့်တည့်စိုက်ကြည့်ပြီး...

"မင်း မသေမချင်းမှတ်ထား၊ 'ဓာတ်ဆီ' ဆိုတာ 'ဓာတ်စံ' ကနေ ဖြစ်တာကွ"

"ဩော်..."

ဖိုးစောမျက်လုံးတွေ အရောင်မှုန်မှိုင်းပြီး ဝမ်းနည်းရိပ်သမ်းသွား တယ်။ 'ဓာတ်ဆီ' နဲ့ 'ဓာတ်စံ' ဆိုတဲ့ လူ့ရှင်တော်လက်ယောင်းကြီးနှစ်ယောက်ရဲ့ နာမည်ကို ကြားဖူးထားရဲ့သားနဲ့...။

"ဒီတတ်သဘောနှစ်ခု ဆက်စပ်တဲ့သဘာဝကို ဘာလို့များ ငါမစဉ်းစားမိပါလိမ့်"

လို့ သူ့ကိုယ်သူ မချင့်မရဲ ဖြစ်နေတဲ့ပုံပဲ။

မယုံမရှိနဲ့ဗျ။ ပန်းချီဆရာ ပေါက်ကရပြောလိုက်တာကို ဒီကောင် တကယ် အဟုတ် မှတ်သွားတာ။

ညကျတော့ သူ့သံသေတ္တာအဟောင်းလေးထဲမှာ သိမ်းထားတဲ့ လက်တစ်ဝါးလောက် မှတ်စုစာအုပ်လေးထုတ်ပြီး အသေအချာ ရေးမှတ်နေလေရဲ့။

"ရေနံဆီကို ရေနံမှ ထုတ်ယူရရှိသည်၊

ဓာတ်ဆီကို ဓာတ်စံမှ ထုတ်ယူရရှိသည်"

.... တဲ့ဗျာ။ ကဲ... ပြီးရော။

သူ့မှတ်စုစာအုပ်လေးထဲမှာ အဲဒီလို ပေါက်တတ်ကရတွေ အများကြီးပဲဗျ။ စုံနေအောင် ရေးထားတာ။

သူမရှိတဲ့အခိုက် ကျွန်တော်တို့သုံးယောက်သား ပျင်းပျင်းရှိပြီဆိုရင် သော့ပျက်နေတဲ့ သံသေတ္တာထဲမှာ သူဝှက်ထားတဲ့ အဲဒီမှတ်စုစာအုပ်လေးကို ရှာရှာဖွေဖွေ ခိုးဖတ်ပြီး တခွိခွိ ကျိတ်ရယ်ရသေးတာ။

အဲဒီစာအုပ်ထဲမှာ ကြုံကြိုးစည်ရာ ဖုန်းနံပါတ်တွေကိုလည်း (ဘယ်သူကပေးလို့ ဘယ်လိုရလာသလဲတော့ မပြောတတ်ဘူး) ရေးထားမှတ်ထားသေးတယ်ဗျ။

မှတ်မှတ်ရရတစ်ခုဆိုရင်...

"သခင်ကိုယ်တော်မှိုင်းရဲ့ဦးလေး" ဖုန်းနံပါတ်... တဲ့ဗျာ။

ကဲ... စဉ်းစားကြည့်စမ်းပါဦး။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းတောင်မှ အသက်အရွယ် အိုမင်းပြီး ကွယ်လွန်သွားတာတောင် ကြာပဲကြာလှပြီဥစ္စာ။

ဆခင်ကိုယ်တော်မှိုင်းရဲ့ ဦးလေးဆိုတာ သက်ရှိထင်ရှား ရှိနိုင်ပါတော့မလား။ အဲဒီဖုန်းနံပါတ် မှန်တယ်ပဲထားပါဦးတော့။ ဆက်လိုက်ရင် ဟိုက ဖုန်းလာကိုင်မှာမို့လို့လား။

ကြဲကြဲဖန်ဖန်ဗျာ။ အဲဒီလို ဖုန်းနံပါတ်တွေကို ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးမှတ်ထားသလဲ မပြောတတ်ဘူး။

တကယ်ပြောတာ။

ဖိုးစောဆိုတဲ့ကောင်က ရေရေလည်လည် 'ဟား' ရတယ်။

■

# အခန်း (၂)

ကျွန်တော်တို့ ဒီရပ်ကွက်ထဲကို ပြောင်းလာပြီးပြီးချင်း ဖိုးစော သွားပြီး ပတ်ပတ်သက်သက် စလုပ်တာကတော့ ခေါင်းရင်းအိမ်က 'အန်တီလှ' ဆိုတဲ့ ဘွားတော်ကြီးပဲ။

ဘွားတော်ကြီးကဗျာ အသက်ခြောက်ဆယ်ကျော်နေပါပြီ။ ခေါင်း တစ်ခုလုံးမှာလည်း ဆံပင်တွေ ဖြူလို့ဖွေးလို့...။

ဒါပေမဲ့ အဲဒီဖြူကြောင်ကျားနေတဲ့ ဆံပင်တွေကို (အဲဒီတုန်းက ခေတ်စားတဲ့) ဒိုင်ယာနာ ကေလို့ခေါ်တဲ့ ဆံတိုကုပ်ဝဲလေးညှပ်ပြီး ပုံသွင်း ထားတာဗျား။ စဉ်းစားသာကြည့်တော့။ ဘယ်လောက်တောင် လူရှိသေ ရှင်ရှိသေ မဖြစ်လိုက်တဲ့ ပုံဆိုးပန်းဆိုးကြီးလည်းဆိုတာ။

ပြီးတော့လည်း စကားပြောလိုက်ရင် သူ့ကိုယ်သူ 'အလှကလေ'၊ 'အလှပြောချင်တာက...'၊ 'အလှအတွက်ဆိုရင်' နဲ့ တစ်ချိန်လုံး 'အလှ' ချည်းပဲ လုပ်နေတာ။ သူ့ကိုယ်သူ ဆယ့်ခြောက်နှစ်သမီးလေးကျနေတာပဲ။

ကျွန်တော်တို့ကလည်း နားကြားပြင်းကတ်တာတစ်မျိုး၊ ရယ်ချင် တာတစ်မျိုးနဲ့ တော်တော်ကို အောင့်အည်းသည်းခံပြီး စကားပြောရတယ်။

ပန်းချီဆရာကတော့ စိတ်ပေါက်ပေါက်ရှိလာရင် ဘွားတော်ကြီး

သူ့ကိုယ်သူ 'အလှကလေး...အလှကလေ' လုပ်လာပြီဆိုတာနဲ့ ရုပ်ရှင်မင်းသား ဝင်းဦးရဲ့ သီချင်းစာသားတစ်ပုဒ်ကို အော်အော်ဆိုပြီး ထကတော့တာပဲ။

ကြားဖူးကြမှာပါ။

"တကယ် မမောပန်းစေရန်ကိုကွယ် ပြော... ပြောပြမယ်၊ ကိုယ့်ဌာနေ ဝန်းကျင်မှာကွယ် တကယ်ကို 'အလှ' ရှိတယ်"

ဆိုတဲ့ သီချင်းလေ။

တကယ်ပဲဗျာ။ စိတ်ကုန်တယ်။

ကိုယ်နဲ့မှ တည့်တည့်ကြီးတိုးတဲ့ 'ထပ်တူကျအလွဲ' ဆိုတာ အဲဒါမျိုး ပေါ့။

ပြီးတော့ ဘွားတော်ကြီးက ဘာကြွားသလဲမမေးနဲ့။ ကြွားပြီဟေ့ ဆိုရင်လည်း 'အလုံးကြီး' တွေချည်း ရွေးလွှတ်တာဗျ။

ပြောပြရဦးမယ်။ ကျွန်တော်တို့ ပြောင်းလာခါစက ဖြုန်းဆို မပြော မဆို အိမ်ပေါ်တက်လာပြီး...

"မင်းတို့က ခေတ်ပညာတတ်တွေဆိုတော့ သီချင်တာလေးတစ်ခု ရှိလို့ မေးရဦးမယ်၊ ဟိုလေ အလှတို့အိမ်မှာသုံးနေတဲ့ ထမင်းပေါင်းအိုးက ပေါ်ဆန်းမွှေးတစ်မျိုးပဲ ထည့်ချက်လို့ရတာလား၊ ညှော်မထတို့ ဘာတို့ကော ချက်လို့ရသလားလို့၊ အဲဒါ လိုက်ကြည့်ပေးပါဦးကွယ်"

အဲဒါ အကောင်းပြောတာမဟုတ်ဘူးဗျ၊ သူ့အိမ်မှာ Rice Cooker လို့ခေါ်တဲ့ ခေတ်မီ ထမင်းပေါင်းအိုးစက် ရှိတယ်ဆိုတဲ့အကြောင်းရယ်၊ သူဟာ ပေါ်ဆန်းမွှေးဆိုတဲ့ ဆန်အကောင်းကိုမှ အမြဲချက်စားနေသူဖြစ်တဲ့ အကြောင်းရယ်ကို အလုံးကြီး နှစ်လုံး တစ်ပြိုင်တည်း ပစ်ထည့်လိုက်တာ။

အဲဒီတုန်းက ၁၉၈၆–၁၉၈၇ ခုနှစ်ဆိုတော့ လူအများစုက သမဝါယမဆိုင်ကပေးတဲ့ 'ညှော်မထ'တို့၊ 'ငစိန်'တို့ဆိုတဲ့ ဆန်ကြမ်းတွေပဲ စားနေရတာကိုး။

ပြီးတော့ Rice Cooker လို့ခေါ်တဲ့ ထမင်းပေါင်းအိုးကိုလည်း ဒီလိုရပ်ကွက်ကလေးမှာ တော်ရုံတန်ရုံ ဝယ်နိုင် သုံးနိုင်ကြသေးတာ မဟုတ် ဘူးလေ။

အန်တီလှရဲ့ သမီးအငယ်မက သဘော်သားနဲ့ညားပြီး ရန်ကုန်က တာမွေမှာ နေတယ်ဆိုလား။ သမီး အကြီးမကတော့ အပျိုကြီးပါပဲ။ အသက် (၄၀) လောက်ရှိမယ်။ စက်ချုပ်ပြီး သူ့အမေကို ရှာဖွေကျွေးမွေးနေတာပေါ့။

ရန်ကုန်မှာနေတဲ့ သမက် သဘော်သားက တစ်ခါတလေ ပို့ပို့ပေးတော့ အန်တီလှခမျာ ခေတ်ပေါ် နိုင်ငံခြားပစ္စည်းတွေ အသုံးအဆောင်တွေ ရရလာတတ်တယ်။ ဒါကိုပဲ ကြွားလို့မဆုံးဘူးဖြစ်နေတာ။

တစ်ခါကလည်း နေ့လယ်နေ့ခင်းကြီး ကျွန်တော်နဲ့ ပန်းချီဆရာက ရန်ကုန်က မဂ္ဂဇင်းတိုက်တွေဆီသွားပြီး ပြန်လာကြတာ။

စာမူခတွေ ဘာတွေလည်း ရမလာခဲ့တော့ ကားမှတ်တိုင်ကနေ ရပ်ကွက်ထဲကို ဆိုက်ကားတောင် ငှားမစီးနိုင်ပါဘူး။ ခြေကျင်ပဲ သုတ်ရတော့တာပေါ့။

လမ်းထဲချိုးဝင်ပြီး အန်တီလှ အိမ်ရှေ့လည်း ဖြတ်လျှောက်မိရော...

"ဟယ်... မင်းတို့နှယ်ကွယ် နေပူကြီးထဲ လမ်းလျှောက်ပြန်လာရသလား။ ပင်ပန်းမှာပေါ့ကွယ်၊ လာ... လာ... အလှတို့အိမ်မှာ ခဏဝင်နားလိုက်ဦး"

ဟင်...သူနဲ့ ကျွန်တော်တို့နဲ့က ခြေရင်းခေါင်းရင်း ကပ်လျက်နေတဲ့ ဥစ္စာ။ နောက်ထပ် ခြေလှမ်း လေးငါးလှမ်း သွားလိုက်ရင် ကိုယ့်အိမ်ကိုယ် ပြန်ရောက်ပြီပဲဟာကို။ ဘာကိစ္စ သူ့အိမ်မှာ ခရီးတစ်ထောက် နားနေရဦးမှာလဲ။

ကျွန်တော်တို့က...

"နေပါစေ... အန်တီလှရယ်"

လို့ ပြောလည်း မရဘူး။ ဇွတ်ပဲ။ သူ့အိမ်မှာမှ ခဏတစ်ဖြုတ်ဝင်ပြီး မနားလိုက်ရင် ကျွန်တော်တို့ဟာ ချက်ချင်းလက်ငင်းကို နေပူဒဏ်သင့်ပြီး တုံးခနဲ လဲသေတော့မလောက်ကို ပြောပြီး အတင်းခေါ်တာ။

အဲ... အားနာပါးနာနဲ့ပဲ ဆိုပါတော့...။

ကျွန်တော်တို့နှစ်ယောက်သား သူ့အိမ်ရှေ့ခန်းကြမ်းပြင်ပေါ် ဝင်

ထိုင်မိလိုက်ကြဆိုတယ်ရင်ပဲ အန်တီလှတစ်ယောက် စပြီး ဖွဲဆိုးဖောက်တော့တာပဲ။

"မင်းတို့ နေပူထဲကလာတာဆိုတော့ ရေငတ်မှာပဲနော်၊ ရေအေးအေးလေးများ မသောက်ချင်ကြဘူးလား"

အင်း... လုပ်တော့ လုပ်လာပြန်ပဟ။

ကျွန်တော်တို့စိတ်ထဲက ကျိတ်ရေရွတ်ရင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြတယ်။

ပန်းချီဆရာက တစ်ခုခုကို ဘုမပြောမိအောင် အသက်အောင့်ပြီး ပါးကြီးနှစ်ဖက်ကို ဖောင်းထားတယ်ဗျ။ တော်တော်ချုပ်တည်းထားတာ။

ကျွန်တော်တို့ဆီက ဘာစကားမှ ထွက်မလာတော့ အန်တီလှကပဲ မအောင့်နိုင် မအည်းနိုင်ဖြစ်လာပြီး...

"အို... ဟုတ်ပါတယ်လေ၊ နေပူထဲကလာတာဆိုတော့ ရေခဲရေအေးအေးသောက်မှကို ဖြစ်တော့မယ်။ အလှတို့အိမ်မှာ ရေခဲရေ အဆင်သင့်ရတယ်ကွဲ့။ သမီးရေ မိသက်... ရေခဲရေနှစ်ခွက် ယူခဲ့ပါဦးကွယ်"

သေချာတယ်။ အန်တီလှအိမ်မှာ ရေခဲသေတ္တာ ရောက်နေပြီ။ ပန်းချီဆရာက မျက်လုံးပြူး မျက်ဆန်ပြူးနဲ့...

"နေပါစေ... နေပါစေ... အန်တီလှရယ်၊ မသောက်တော့ပါဘူး။ ဟိုကောင် ဖိုးစောကိုသာ ခေါ်တိုက်လိုက်ပါ။ ဒီကောင်က ရေခဲရေ အရမ်းကြိုက်တာ အန်တီလှရဲ့၊ အဟုတ်... တကယ်... ဘုရားစူးရစေရဲ့"

"ဟင်... ဟုတ်လား၊ ဒါဆို မောင်ဖိုးစောကို ခေါ်တိုက်ဦးမှပဲ။ ဟင်း... ဟင်း... မနေ့ကပဲ ရန်ကုန်မှာနေတဲ့သမက်က ရေခဲသေတ္တာတစ်လုံး ပို့လိုက် တယ်လေ။ အင်း... ကရင်က တော်ရှာပါတယ်ကွယ်"

အန်တီလှက သူ့သမက်ကို 'ကရင်' လို့ ခေါ်တတ်တယ်။ ကရင်လူမျိုးမို့လို့ပဲလား၊ ငယ်နာမည်က 'ကရင်' မို့လို့လားတော့ ကျွန်တော်တို့ မသိဘူး။

အန်တီလှရဲ့ သမက်ချီးမွမ်းခန်း မဟာအကြွားတော်ပုံအစမှာတင်

ကျွန်တော်တို့နှစ်ယောက် ကသောကမျော ထပြန်တယ်။ ဒါတောင် မလွတ်ဘူး။

နောက်ကနေ လှမ်းအော်ပြောလိုက်တဲ့ အန်တီလှရဲ့ စကားသံကို ကြားဖြစ်အောင်ကို ကြားလိုက်ရသေးတယ်။

"မင်းတို့လည်း ကန်စွန်းရွက်တို့၊ ချဉ်ပေါင်ရွက်တို့ ဝယ်လာရင် ဒီအိမ်က ရေခဲသေတ္တာထဲမှာ လာထည့်ထားလို့ရတယ် သိလား၊ အားမနာနဲ့နော်"

ခံလိုက်ရပုံများဗျာ။

'ဟုတ်ကဲ့' လို့တောင် ပြန်မပြောနိုင်တော့ဘူး။

* * *

အဲဒီလိုမျိုး ကြားပြီဆိုရင် 'အလုံးကြီး' တွေပဲ လွှတ်တတ်လွန်းလို့ အန်တီလှကို ရပ်ကွက်ထဲကလူတွေက...

"မော်ရီယာမင်း"

လို့ နာမည်ပြောင်ပေးထားကြတယ်။

သိတယ်မဟုတ်လား။ မောရီယာမင်း ဆိုတဲ့ အားဆေးက အကြောထဲသွင်းရတာလေ။

အကြောဆေးသွင်း၊ ဒရစ်ပုလင်းချိတ်တာကို ရပ်ထဲရွာထဲမှာက 'အလုံးကြီး' ချိတ်တယ်လို့ ခေါ်တာကိုး။

* * *

အန်တီလှကို ရပ်ကွက်ထဲကလူတွေ မေးငေါ့မယ်ဆိုရင်လည်း ငေါ့စရာပေါ့ဗျာ။ အန်တီလှက ဟိုကိစ္စဝင်ဖွ၊ ဒီကိစ္စဝင်ဖွနဲ့ ရှုပ်တာကိုး။

သူများကို တမင် ဒုက္ခပေးတာတော့ မဟုတ်ဘူး။ အဲဒီလို ယုတ်မာတဲ့ ညစ်ပတ်တဲ့စိတ်တော့ အန်တီလှမှာမရှိတာ သေချာတယ်။

ဒါပေမဲ့ ခက်နေတာက...

လူကြားသူကြားထဲမှာ အထူအပါး နားမလည်တာ။ ပြောချင်ရာ စွတ်ပြော၊ လုပ်ချင်တာ စွတ်လုပ်တာ။

တလွဲလုပ်တဲ့နေရာမှာတော့ တကယ့်ကို ရှုပ်ရှုပ်ချွံချွံဗျ။

ကျွန်တော်တို့ ဒီကို ပြောင်းလာခါစတုန်းက ပန်းချီဆရာက အလှမွေးငါးကန် ခပ်သေးသေးတစ်ခု သယ်လာပြီး 'ဖလားဝါးဟွန်း' ငါးလေးတစ်ကောင် ထည့်မွေးထားတယ်။ သူ ကြည့်ပြီး ပန်းချီဆွဲချင်လို့ ထင်ပါရဲ့။

ဒါပေမဲ့ မကြာပါဘူး။ မီးက ခဏခဏပျက်တော့ အောက်စီဂျင်မရတာနဲ့ ငါးလေး သေသွားရှာတယ်။

အဲဒီနေ့ကလည်း တစ်နေ့လုံးခင်းလုံး ကျွန်တော်တို့က အပြင်သွားနေကြတာ။ ညနေပြန်ရောက်ပြီး ငါးလေးကို အစာကျွေးမယ်လုပ်တော့မှ ကန်ထဲမှာ ပေါလောလေးမျောပြီး သေနေတာကို တွေ့ရတာပဲ။

ပန်းချီဆရာဆိုတာ စုတ်တသပ်သပ်နဲ့ သူ့ကိုယ်သူ အပြစ်တင်လို့ကို မဆုံးဘူး။ ကျွန်တော်တို့လည်း တော်တော်ကြီးကို စိတ်မကောင်း ဖြစ်တာပါ။

ဒါမျိုး ကြုံဖူးတဲ့သူတိုင်း ကျွန်တော်တို့ကို ကိုယ်ချင်းစာတတ်မှာပါဗျာ။

ကျွန်တော်တို့တွေအားလုံး ငိုင်နေကြတဲ့အချိန်မှာ အန်တီလှ တစ်ယောက် ကော့ပက်ကော့ပက်နဲ့ အိမ်ပေါ်တက်လာတယ်။ မျက်စိပျက်မျက်နှာပျက်ဖြစ်နေကြတဲ့ ကျွန်တော်တို့ကိုကြည့်ပြီး...

"ဘာဖြစ်နေကြတာတုံးဟဲ့"

ကျွန်တော်က ကန်ထဲက ငါးအသေကောင်လေးကို ပိုက်နဲ့ခပ်ဆယ်လိုက်ပြီး...

"ရွှေငါးလေးသေသွားလို့ အန်တီလှရဲ့"

"ဟယ်... ဖြစ်မှဖြစ်ရလေဟယ်"

ပိုက်ထဲမှာပါလာတဲ့ ရွှေငါး အသေလေးကိုကြည့်ပြီး အန်တီလှ တော်တော် စိတ်ထိခိုက်သွားပုံပဲ။ သူက...

"သနားစရာကောင်းလိုက်တာနော်။ သူ့ခမျာ ကံဆိုးရှာတယ်ကွယ်"

ဒါ အန်တီလှ တကယ်သနားလို့ တကယ်ကြေကွဲလို့ပြောတာ။ ဟုတ်တယ်၊ ကျွန်တော် သိတယ်။ ဒါပေမဲ့ ချက်ချင်းပဲ သူဆက်ပြောတဲ့ စကားကို ကြည့်ဦး။

"ဒီကောင်လေးကို ချက်စားရင် ဘယ်လိုအရသာရှိမလဲ မသိဘူး နော်"

ကျွန်တော်တို့အားလုံး စိတ်ထဲမှာ ဖုသွားတယ်။ ကြည့်စမ်း... အကြံ ပက်စက်လိုက်ပုံ။

ကျွန်တော်က...

"ဟာ... အန်တီလှကလည်း ခုနကပဲ သနားစရာလေး ဘာလေး ပြောနေပြီးတော့ ချက်စားဖို့ စိတ်ကူးရက်သေးတယ်ဗျာ"

"ဟဲ့... ဘာဆိုင်လို့လဲ၊ သနားတာက သနားတာသတ်သတ်၊ သူ့အရသာကို သိချင်တာက သတ်သတ်ပဲ ဥစ္စာ။ ဈေးထဲမှာ ဝယ်စားရတဲ့ ငါးတွေနဲ့ ဘာများကွာသလဲ သိချင်လို့ပါဟယ်"

အဲဒီလိုပြောပြီး ကျွန်တော့်မျက်နှာကို တစ်ချက်လှမ်းအကဲခတ်တယ်။ ပြီးတော့ မျက်စတစ်ချက်ပစ်ပြီး...

"ကဲ... ဘယ့်နှယ်တုံး" တဲ့။

သူ့ရဲ့ 'ဘယ့်နှယ်တုံး' ဆိုတာကြီးက 'ချက်စားကြရအောင်' လို့ အထာနဲ့ ညှိလိုက်တာမှန်း ကျွန်တော် ရိပ်မိတာပေါ့။ ဒါနဲ့...

"တော်ပါ... အန်တီလှရယ်"

ဆိုပြီး မနည်းချော့မော့လွှတ်လိုက်ရတယ်ဗျာ။

* * *

အန်တီလှနဲ့ လေပေးဖြောင့်တာကတော့ ကျွန်တော်တို့ကောင်ကြီး ဖိုးစောပဲ။ အန်တီလှကလည်း သူ့လေကြောမှာသာ ဒိုင်ခံမျှောပါပေးမယ်ဆိုလို့ ကတော့ ကြည်ဖြူပြီးသား၊ ရင်ဖွင့်ကြိုဆိုနေပြီးသား။

ကြည့်လေ။

အန်တီလှက သူ့ရဲ့ ဒိုင်ယာနာမင်းသမီးပုံစံညှပ်ထားတဲ့ ဆံတိုကုပ်ဝဲ

လေးကို သပ်ကာသပ်ကာနဲ့ (ဒိုင်ယာနာမင်းသမီးနဲ့တော့ ဘယ်တူမှာလဲဗျာ၊ သူက ဆံပင်တွေ ဖြူနေပြီပဲဥစ္စာ၊ ကြာဆံဖတ်တွေ ခေါင်းပေါ်ရွက်ထားတာနဲ့ပဲ တူတာပေါ့)

အိုက်တင်ကတော့ တစ်စက်မှ မလျှော့ဘူး။

"ဟင်း... ဟင်း... ဒီမှာ မောင်ဖိုးစောရဲ့၊ အလှတို့ ငယ်ငယ်တုန်းကများ လမ်းဖြတ်လျှောက်သွားပြီလားဆိုရင် ယောကျ်ားတွေမှန်သမျှက လည်ပြန် ငေးကြည့်ရတာကွဲ့"

"ဟုတ်မယ်... ဟုတ်မယ်၊ ခုထိတောင် အန်တီလှရဲ့ ရုပ်ရည်နဲ့ဆို ကြိုက်တဲ့ယောကျ်ားကို ခေါင်းခေါက်ယူလို့ ရနေတုန်းပဲ"

ဒါက ဖိုးစောရဲ့ စကားထောက်။

အင်း... လိုက်လည်း လိုက်ဖက်ကြပါပေတယ်။ ဒီကောင်က အဲသည်လို စကားထောက်ပေးလေလေ ဟိုဘွားတော်ကြီးက ဖီလင်တွေ တက်တက်ပြီး စွတ်တင်လေလေပေါ့ဗျာ။

"ဟင်း... ဟင်း... ဟင်း... ယောကျ်ားများတော့ မလိုချင်တော့ပါဘူး မောင်ဖိုးစောရယ်၊ ငယ်ငယ်တုန်းကများဆို ယောကျ်ားတွေကို ကိုယ်ပေါ် ပုရွက်ဆိတ်တွေတက်သလို သပ်သပ်ပြီးချရတာကွဲ့"

"ဩော်... လက်စသတ်တော့ အန်တီလှဆိုတာ ခေသူ မဟုတ်ဘူး ပဲနော"

အဲဒီမှာ ဘုန်းကြီးရှုးနဲ့ လေ့လူးတွေ့ကြတော့တာပဲ။

* * *

ကောင်းတဲ့တစ်ချက်တော့ရှိတယ်။

အိမ်လခ ပေးရမယ့်ရက်လည်း နီးနေပြီ။ ကျွန်တော်တို့လက်ထဲမှာ လည်း ပိုက်ဆံပြတ်နေပြီဆိုရင် ပိုက်ဆံလွယ်လွယ်ကူကူ ချေးလို့ရမယ့်လူက အန်တီလှတစ်ယောက်ပဲ ရှိတယ်ဗျ။

အဲဒီအခါကျရင် ဖိုးစောကို ရှေ့တန်းတင်ပြီး အန်တီလှဆီမှာ ပိုက်ဆံ သွားချေးခိုင်းရတော့တာပဲ။

ရယ်တော့ ရယ်ရတယ်။

ဖိုးစောရော အန်တီလှရော နှစ်ယောက်စလုံးက တွက်တဲ့ချက်တဲ့နေရာမှာ လည်လည်ဝယ်ဝယ်တွေ မဟုတ်လား။

ချာလပတ်ယမ်းနေကြတော့တာပဲ။

ဖိုးစောက...

"အန်တီလှ... ကျွန်တော်တို့ကို ပိုက်ဆံနှစ်ရာလောက် ချေးစမ်းပါဗျာ"

"ဟဲ့... နှစ်ရာတောင်၊ များလှချည်လားဟဲ့။ ငါ့မှာ ဘယ်ရှိပါ့မလဲ"

ဟုတ်တယ်ဗျ။ အဲဒီအချိန်ကာလတုန်းက ပိုက်ဆံနှစ်ရာဆိုတာ တန်ဖိုးတော်တော်များတာ။ ရုံးစာရေးလစာတောင်မှ ၄၂၀ ကျပ် စကေးပဲရှိတာ။ အဲဒီလစာနဲ့ ချွေချွေတာတာစားရင် တစ်လစာစရိတ်တော့ အလျှင်မီတယ်။

အမြင့်ဆုံး ထီဆုငွေမှ တစ်သိန်းထဲရယ်။ ဒါပေမဲ့ အဲဒီတစ်သိန်းနဲ့ဆို ဖင်မလီယာကားတို့ ဘာတို့ ဝယ်စီးနိုင်သေးတယ်လေ။

အဲဒီတော့ ပိုက်ဆံနှစ်ရာကို တစ်လုံးတစ်ခဲတည်းပေးဖို့ အန်တီလှ လက်တွန့်တာပေါ့။

ဖိုးစောကလည်း မရမက ကုတ်ကပ်ပြီး...

"အဲဒါဆိုလည်း တစ်ရာတော့ ချေးဗျာ"

ဟုတ်တယ်။ တစ်ရာတော့ ရမှဖြစ်မယ်။ ကျွန်တော်တို့ငှားနေတဲ့ အိမ်လခက ၆၀ မဟုတ်လား။

ဒါနဲ့ အန်တီလှတစ်ယောက် ဖိုးစောကို မလွန်ဆန်သာတော့ဘူး။ လက်ကလေးတုန်တုန်ရီရီနဲ့ အိတ်ထဲကပိုက်ဆံတွေကို ထုတ်ရေတော့ ၃၅ ကျပ်တန်သုံးရွက် ထွက်လာတယ်။

အဲဒီခေတ်တုန်းက ၃၅ ကျပ်တန်တို့၊ ၇၅ ကျပ်တန်တို့၊ ၂၅ ကျပ်တန်တို့ သုံးကြသေးတယ်ဗျ။

အန်တီလှက ပိုက်ဆံတွေကို ဖိုးစောလက်ထဲ ထည့်ပေးပြီး...

"ငါးကျပ် ပြန်အမ်းဦး"

ဟုတ်တယ်လေ။ ၃၅ ကျပ်တန် သုံးရွက်ဆိုတော့ ၁၀၅ ကျပ်ဖြစ်နေတာကိုး။ ဖိုးစောရဲ့ ပုဆိုးကြားမှာ လိမ်ညှပ်ထားတာက ဒီလအတွက် ကျွန်တော်တို့ရဲ့ နောက်ဆုံးလက်ကျန် ၁၀ ကျပ်တန် တစ်ရွက်။

အဲဒီမှာတင် ဖိုးစောရော၊ အန်တီလှပါ သောကဗျာပါဒတွေ လိုက်ဆူပြီး နှစ်ယောက်သား ခေါင်းချင်းဆိုင်မှိုင်တော့တာပဲ။

သူတို့ ဘာလုပ်ရမှန်းမသိကြတော့ဘူးလေ။

အန်တီလှကိုပေးရမှာက ငါးကျပ်၊ ဖိုးစောမှာရှိနေတာက တစ်ဆယ်။ ပိုနေတဲ့ငါးကျပ်ကို ပြန်အမ်းစရာ ငါးကျပ်တန်လည်း အန်တီလှမှာ မရှိဘူး။ သူတို့အတွက်တော့ ဒါဟာ ကမ္ဘာ့ဘောဂဗေဒပြဿနာကြီးတစ်ခုလောက်ကို ကြီးကျယ်နေတယ်။

ပန်းချီဆရာက ဝင်ပြီး ပြောင်ချော်ချော် နောက်တောက်တောက်နဲ့။

"ဒါများ လွယ်လွယ်လေးဗျာ။ အန်တီလှက နောက်ထပ် ၃၅ ကျပ်တန် သုံးရွက် ထပ်ပေးလိုက်ပေါ့ဗျာ၊ ဒါမှ အန်တီလှဘက်က နောက်ထပ် ရစရာ ငါးကျပ်အစွန်းထွက်လာမယ်လေ။ အဲဒီတော့မှ ဖိုးစောဆီက တစ်ဆယ်လုံးယူလိုက်၊ ပြီးရော..."

အန်တီလှရော ဖိုးစောပါ မျက်နှာ ဝင်းခနဲ ဖြစ်သွားတယ်။ အန်တီလှက...

"အေး... ဟုတ်သားပဲ၊ လွယ်သားပဲ။ ဟင်း... ဟင်း... ဖြုန်းခနဲဆိုတော့ မစဉ်းစားမိဘူး ဖြစ်သွားတယ် ဟဲ... ဟဲ။ ကဲ... ရော့... ရော့"

အန်တီလှက နောက်ထပ် ၃၅ ကျပ်တန် သုံးရွက်ကို ပိုက်ဆံအိတ်ထဲက ဖျိုးဖျိုးဖျတ်ဖျတ် ထုတ်ပေးပြီး ဖိုးစောလက်ထဲက တစ်ဆယ်တန်ကို ဆတ်ခနဲ ဆွဲယူလိုက်တယ်။

* * *

နောက်တစ်ရက်ကျတော့...

အန်တီလှတစ်ယောက် ကျွန်တော်တို့အိမ်ပေါ်ကို စောင်းကာန်း စောင်းကန်းနဲ့ တက်လာပြီး...

"မောင်ဖိုးစော...မနေ့က မင်း ပိုက်ဆံချေးသွားတာ 'တစ်ရာ' လား၊ 'နှစ်ရာ' လားဟင်"

"တစ်ရာလေဗျာ"

ဖိုးစောက မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ ပြန်ဟောက်တယ်။ အန်တီလှက...

"ဒါပေမဲ့ ငါက နောက်ထပ် သုံးဆယ့် ငါးကျပ်တန် သုံးရွက် ထပ်ပေးရသေးတယ် မဟုတ်လား"

အဲဒီစကားကြောင့် ဖိုးစော တွေတွေကြီးဖြစ်သွားပြီး အသည်းအသန် ဦးနှောက်ထဲမှာ တွက်ရချက်ရတော့တာပဲ။

ပြီးတော့မှ အဖြေရသွားပြီး...

"ဟာ... ဘာဆိုင်လို့လဲဗျ၊ အဲဒါက ကျွန်တော့်တစ်ဆယ်တန်ကို ပြန်မအမ်းနိုင်လို့ အန်တီလှက နောက်ထပ် အလိုက်ပေးရတဲ့ဥစ္စာ"

"ဩော်... အေး... အေး... ဟုတ်သားပဲ၊ ဟဲ... ဟဲ အသက်အရွယ် ကရလာတော့ နည်းနည်းမေ့တတ်လာတယ်ကွယ်၊ ဟင်း... ဟင်း ငယ်ငယ် တုန်းကတော့ ဒီလိုဘယ်ဟုတ်မလဲ၊ အတွက်အချက်မှာ ကျောင်းကျောင်းပြေးနေ တာကွဲ့ မောင်ဖိုးစောရဲ့၊ သိလား"

"ကျွန်တော်လည်း ကျောင်းမှာတုန်းကဆို သင်္ချာမှာ အမြဲတမ်း အမှတ် (၁၀၀) ရနေကျ အန်တီလှရဲ့၊ ခုထိတောင် ငါးအလီကို အလွတ်ရနေ သေးတယ်"

သူတို့နှစ်ယောက် ပြောနေဆိုနေတာကို အခန်းထဲကနေ အတိုင်း သားကြားနေရတဲ့ ကျွန်တော်တို့မှာ အသံထွက်ပြီး မရယ်မိအောင် ခြုံတဲ့စောင် အနားစကို လုံးထွေးပြီး ပါးစပ်ထဲ ဆို့ထားရတယ်ဗျာ။

■

# အခန်း (၃)

ကျွန်တော်တို့ရဲ့ ခြေရင်းအိမ်ကကျတော့ ဖယောင်းတိုင်လုပ်ငန်း လုပ်တဲ့အိမ်ဗျ။

ဖယောင်းတိုင်လုပ်ငန်းဆိုလို့ သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူးဗျာ။ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်းလေးပါ။ ဖယောင်းတွေကို အရည်ကျို၊ သစ်သားတန်းပေါင်မှာ ပုံစံခွက်လေးတွေ ထွင်းထားတဲ့အထဲ လောင်းထည့်၊ မီးစာကြိုးတပ်ပြီး ခြေထောက်နဲ့နင်းရတဲ့ဟာမျိုးလေးဗျ။

တစ်ခါနင်းရင် ဖယောင်းတိုင် ခြောက်တိုင်ပဲရတယ်။ အဲဒါလေးတွေကိုမှ ပလတ်စတစ်အိတ်နဲ့ တံဆိပ်မပါ ဘာမပါထည့်ပိတ်ပြီး ရပ်ကွက်ထဲက အိမ်ဆိုင်လေးတွေမှာ လိုက်သွင်းတာ။

ဆင်းရဲသားရပ်ကွက်ဆိုတော့ ဒါမျိုးလေးတွေပဲ ဝယ်သုံးနေကြရတော့တာပေါ့ဗျာ။

ကျွန်တော်တို့လည်း ဝယ်သုံးကြည့်ဖူးပါတယ်။

တကတဲဗျာ။ ဖယောင်းသားက ညှံ့ရတဲ့အထဲ လေခိုနေတော့ ပွစိစိ မညီမညာနဲ့။ ပြီးတော့ မီးစာလုပ်တဲ့ ချည်ကြိုးကလည်း ဖွာလန်ကြဲပြီး ကောင်းကောင်း မီးမစွဲဘူး။

သူတို့ ဖယောင်းတိုင်ကို မီးညှိလိုက်ရင် တောက်လျှောက် တဖျစ်ဖျစ်

မြည်နေတော့တာ။ ဖယောင်းတိုင်ကို ရေစိမ်ပြီး ထွန်းထားသလား အောက်မေ့ရတယ်။

အလင်းရောင်လည်း ဘယ့်နှယ်လုပ်ပြီး ကောင်းကောင်းရမလဲဗျာ။ မီးတောက်က သူ့ဖာသာသူ ငြိမ်းမသွားအောင်ကို မနည်း ကုန်းရုန်းပြီး တောက်လောင်နေရတဲ့ဥစ္စာ။

လင်းတယ် ဆိုရရုံလေးပဲပေါ့။

တစ်နေ့ကျတော့...

အဲဒီ ဖယောင်းတိုင်လုပ်ငန်းပိုင်ရှင် ဦးခွေးနီ တစ်ယောက် ကျွန်တော်တို့ အိမ်ပေါ်ကို ရောက်ချလာတယ်။ သူ့မိန်းမ ဒေါ်ပုကြွယ်ကလည်း ကိုယ်လုံးဝဝဖိုင့်ဖိုင့်ကြီးကို မနိုင့်တနိုင်သယ်လို့။

ကျွန်တော်က ရေနွေးကြမ်းတွေ ဘာတွေ ချပေးပြီး...

"ဆိုပါဦး... ဦးလေးခွေးနီ၊ ဘာကိစ္စများလဲ"

"ဒီလို မောင်ကျော်စိုးရေ၊ ဦးလေးတို့ ဖယောင်းတိုင်လုပ်ငန်းလေးက ခုနောက်ပိုင်း နည်းနည်းပိုပြီး အရောင်းရတွင်ကျယ်လာသကွ။ အဲဒါကွာ လုပ်ငန်းတိုးချဲ့တဲ့သဘောပေါ့။ ရပ်ကွက်ထဲက အိမ်ဆိုင်လေးတွေကို လိုက်ရောင်းနေရုံတင်မကတော့ဘဲ ဈေးကြီးထဲက ဆိုင်တွေမှာပါတင်ကြည့်ရင် ကောင်းမလားလို့"

"ကောင်းသားပဲ... ဦးလေးရဲ့"

ကောင်းတယ်ပဲ ပြောရုံရှိတော့တာပေါ့ဗျာ။ အဲဒါနဲ့ ဦးခွေးနီက ဆက်ပြီး...

"အဲဒီလိုလုပ်မယ်ဆိုရင် တို့ဖယောင်းတိုင်ကို တံဆိပ်နဲ့နာမည်နဲ့ ကျကျနန ထုပ်ပိုးကြော်ငြာရမှာကွ"

"ဟုတ်တာပေါ့၊ ကျွန်တော်တို့က ဘယ်နေရာကနေ ကူညီရမှာလဲ ဆိုတာသာ ပြော"

အဲဒီမှာ ဦးခွေးနီကတော် ဒေါ်ပုကြွယ်က ဝင်ပြီး...

"မောင်ကျော်စိုးတို့က စာရေးဆရာတွေ၊ ပန်းချီဆရာတွေ။ ဟိုလေ ဘာခေါ်မလဲ။ အဲ... အနုပညာသမားတွေဆိုတော့ နာမည်လှလှကောင်းကောင်း

လေးတွေ ပိုပြီး စဉ်းစားတတ်မှာပေါ့ကွယ်။ အဲဒါ ဒေါ်ဒေါ်တို့ရဲ့ ဖယောင်းတိုင်တံဆိပ်ကို နာမည်မှည့်ပေးစမ်းပါဦး"

ဒီမှာတင် ကျွန်တော့်အကွက်ဝင်တော့တာပဲ။ သူတို့ဖယောင်းတိုင် ခပ်ညှံ့ညှံ့က လင်းရုံပဲလင်းလို့ 'လင်းရုံ' ဖယောင်းတိုင်လို့ ကျွန်တော့်ဖာသာ ကျိတ်ပြီး ကဲ့ရဲ့နေတာကြာပြီ။ ဒါနဲ့ ကျွန်တော်က...

"လင်းယုန်ဖယောင်းတိုင်လို့ နာမည်ပေးလိုက်ပါလား ဦးလေးရဲ့"

"ဟေ... လင်းယုန်ငှက်တံဆိပ်လား"

ဦးခွေးနီ ခေါင်းတညိတ်ညိတ်လုပ်ပြီး စဉ်းစားနေတယ်။ ကျွန်တော့်ပါးစပ်က 'လင်းရုံ'လို့ပဲ ပြောတာနော်။ 'ငှက်' တွေ ဘာတွေမပါဘူး၊ သူ့ဖာသာသူ ချဲ့တွေးတဲ့ကိစ္စ။

ဒေါ်ပုကြွယ်ကလည်း ဝင်ပြီး...

"ကောင်းသားပဲတော်၊ မိုးပေါ်မှာပျံတဲ့ ငှက်ဆိုတော့"

"အေးဟ... ငါလည်း အဲဒါပဲ စဉ်းစားနေတာ။ ဟိုး... အမြင့်ကြီးမှာ နေရာရတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဟာ၊ နိမိတ်ကောင်းတယ် ပုကြွယ်ရဲ့"

သူတို့လင်မယားချင်း အပေးအယူကိုတည့်လို့။ ဘေးနားမှာ ထိုင်နေတဲ့ ပန်းချီဆရာကလည်း ဝင်ပင့်ပေးတယ်။

"နိမိတ်ကောင်းရင် အဲဒီနာမည်ပဲ ပေးလိုက်ကြပေတော့။ တံဆိပ်ရိုက်ဖို့ လင်းယုန်ငှက်ပုံ ကျွန်တော်ဆွဲပေးမယ်"

"အေးကွာ... အေး၊ ကျေးဇူးပဲ"

ပန်းချီဆရာက လင်းယုန်ငှက်ပုံရော စာလုံးဒီဇိုင်းရော ရေးရုံမကဘူး၊ ကိုယ်တိုင်ကိုယ်ကျသွားပြီး ဘလောက်တွေ ဘာတွေပါ အပ်ပေးလိုက်သေးတာ။

အဲဒါနဲ့ပဲ သူတို့လုပ်ငန်းဟာ 'လင်းယုန် ဖယောင်းတိုင်' လို့ နာမည်တွင်သွားပါလေရော။

ကျွန်တော်တို့တွေဟာ တော်တော်ကို မကောင်းတဲ့ကောင်တွေဗျ နော်။

* * *

ကျွန်တော်တို့ ခေါင်းရင်းအိမ်က အန်တီလှကလည်း အဲဒီ လင်းယုန်ဖယောင်းတိုင်လုပ်တဲ့အိမ်ကို တစ်နေ့ နှစ်ခါ သုံးခါလောက် အဝင်အထွက်လုပ်တယ်။ လေပန်းတယ်။ အတင်းပြောတယ်။

တစ်ခါတလေ...

သူ့ဖာသာသူ တစ်ယောက်တည်း လေပန်းရုံနဲ့ အားမရဘူးထင်ပါရဲ့။ ကျွန်တော်တို့အိမ်ဘက် လည်ပင်းထောင်ကြည့်ပြီး...

"ဟဲ့...မောင်ဖိုးစောရေ၊ ဒီဘက်အိမ် ကူးခဲ့လေကွယ်။ လက်ဖက်သုပ် လေးဘာလေးစားရင်း စကားစမြည် ပြောရအောင်"

အဲဒီလိုမျိုး လှမ်းပြီးပင့်ဖိတ်တယ်။ ကျွန်တော်တို့ကောင်ကြီးရဲ့ ညဉ့်ဆိုးကလည်း တစ်မျိုးအဆန်းသားဗျ။

သင်းက အချိန်ပြည့် အားအားယားယား ဖြစ်နေတာ မဟုတ်လား။ အဲဒီတော့ ဘယ်သူကပဲလာခေါ်ခေါ်၊ ဘယ်အချိန်ပဲလာခေါ်ခေါ်၊ ဘယ်ကိုခေါ်ခေါ် မငြင်းဘူး။ ပုဆိုးလေးပြင်ဝတ်ပြီး သုတ်ခနဲ ထလိုက်သွားတော့တာပဲ။

အဲဒီလို ပင့်ဆောင်ရာနေရာတိုင်းကို ကြွချီတော်မူတတ်လွန်းလို့ သူ့ကို ဒက္ခိဏသာခါ ကိုယ်တော်လေးလို့ နာမည်ပေးထားတယ်။

ခုလည်း ကြည့်လေ။

ဟိုဘက်အိမ်က လှမ်းပင့်လိုက်တာနဲ့ မဆိုင်းမတွပဲ ငေါက်ခနဲထ၊ သုတ်သုတ်သုတ်သုတ်နဲ့ ကြွချီသွားပြီး သူ့ရဲ့ အဖိုးထိုက် အဖိုးတန်နက်နဲလှတဲ့ အတွေးအခေါ်တွေကို ဟောကြားတော်မူတော့တာပဲ။

"ကျွန်တော် တစ်ခုစဉ်းစားမိတယ် အန်တီလှရဲ့"

"ဆိုစမ်းပါဦး...မောင်ဖိုးစောရယ်"

ကဲ...ကြည့်။ အားအားယားယားရှိတဲ့သူနဲ့ စပ်စပ်စုစုနိုင်တဲ့သူ အချင်းချင်းကျတော့ လိုက်ဖက်ညီလိုက်ကြတာဗျာ။

မသာအိမ်နဲ့ ဖဲဝိုင်းကျနေတာပဲ။

ဖိုးစောက...

"အန်တီလှတို့ ဘုရားရှိခိုးပြီး မေတ္တာပို့ရင် နာမည်တပ်ပြီးတော့

ရည်စူးမေတ္တာပို့ကြတယ် မဟုတ်လား၊ ဥပမာ– ကျွန်တော့်အတွက် မေတ္တာပို့ရင် 'မောင်ဖိုးစောလေး... ကျန်းမာပါစေ၊ ချမ်းသာပါစေ'ဆိုတာမျိုးပေါ့"

"အေး... ဟုတ်တယ်လေ"

"ဒါဆိုရင် အန်တီလှမသိဘဲ ကျွန်တော်က နာမည်ပြောင်းလိုက်တယ် ဆိုပါစို့၊ 'ကျော်ဟိန်း' ဆိုပါတော့ဗျာ"

အဲဒီစကားကြားရတော့ အန်တီလှက ချက်ချင်း မျက်နှာအိုသွားတယ်။ ပြီးတော့ ခေါင်းခါခါလည်ခါခါနဲ့...

"မင်းနယ်ကွယ် တခြားနာမည်ပြောင်းပါလား၊ အလှက အဲဒီကျော်ဟိန်းဆိုတဲ့ မင်းသားကို သိပ်ကြိုက်တာ။ အခု အင်း... မင်းရုပ်ကြီးနဲ့ဆိုတော့..."

"ဟာ... တကယ်ပြောင်းတာ မဟုတ်ဘူးလေဗျာ၊ ဥပမာပြောတဲ့ဟာကို ခင်ဗျားကြီးကလည်း..."

"ဩော်... အေး... အေး ဒါဆိုပြီးရော၊ ဆက်ပြော... ဆက်ပြော"

ဖိုးစောက ချက်ချင်း ဆက်မပြောသေးဘဲ ခုံခုံညားညားဖြစ်သွားအောင် ချောင်းတစ်ချက်ဟန့်လိုက်သေးသဗျ။ ပြီးတော့မှ...

"အဲဒီမှာ ကျွန်တော့်နာမည်က 'ကျော်ဟိန်း' ဖြစ်သွားပြီ။ ဒါကို အန်တီလှက မသိဘဲ အရင်အတိုင်း 'မောင်ဖိုးစောလေး ကျန်းမာချမ်းသာပါစေ' ဆိုပြီး မေတ္တာပို့ရင် အဲဒီမေတ္တာကို ကျွန်တော် ရပ့်မလားဟင်။ မရဘူးဆိုရင်ကော အဲဒီမေတ္တာတွေက ဘယ်ကိုရောက်သွားသတုံးဗျ"

"အဲ... ဒါတော့..."

ဖိုးစော မြွက်ကြားတဲ့ ဒေသနာတော်က အင်မတန်မှ သိမ်မွေ့နက်နဲတယ် မဟုတ်လားဗျာ။ အန်တီလှတစ်ယောက် ဘယ်ပြန်ဖြေနိုင်မှာတုံး။ ခေါင်းကုတ်ပြီး အ တီးအ ထစ်ဖြစ်နေရှာတော့တာပေါ့။ ကျွတ်... ကျွတ်။

အဲဒါသာကြည့်တော်မူကြပါတော့...။

မဟာတွေးခေါ်ပညာရှင်ကလေး ဖိုးစောဆိုတာ အဲဒီလို အရည်မရ အဖတ်မရကိစ္စပေါင်း သောင်းခြောက်ထောင်ကို အချိန်ကုန်ခံပြီး ထိုင်ထိုင်စဉ်းစားနေတတ်တဲ့ကောင်မျိုးဗျ။

အဲ... သူ့ရဲ့ ဒေသနာတော်ကို နာယူနေတဲ့ သူတွေကလည်း ခေသူ တွေမှ မဟုတ်တာဗျာ။ လင်းယုန်ဖယောင်းတိုင်ကုမ္ပဏီပိုင်ရှင်ကြီးရဲ့ကတော် ဒေါ်ပုကြွယ်ကလည်း သူ့ဥာဏ်မီသလောက်တော့ ဝင်ဆွေးနွေးရှာသား။

"မောင်ဖိုးစောပြောတာ စဉ်းစားစရာပဲကွဲ့။ အဲဒါကြောင့် လူတွေက နာမည်ပြောင်းရင် သတင်းစာထဲမှာထည့်ပြီး ကြော်ငြာကြတာပေါ့။ မေတ္တာပို့ ရင် နာမည်မမှားအောင်လို့ ထင်ပါရဲ့"

ရယ်လိုက်ကြရတာဆိုတာဗျာ။ တစ်အိမ်နဲ့တစ်အိမ်က ပြွတ်သိပ် ကျပ်ညပ်နေအောင် ဆောက်ထားတော့ ဟိုဘက်နဲ့ ဒီဘက်ဆိုတာ ဝါးထရံ လောက်ပဲခြားတာ။

သူတို့ပြောသမျှ အကုန်ကြားနေရတဲ့ ကျွန်တော်တို့အုပ်စုက ကြမ်း ပြင်ပေါ်လူးလိမ့်၊ ခြေထောက်ချင်း လိမ်ပွတ်ပြီးတော့ကို ရယ်ကြတာ။

အောင်မယ်... မပြီးသေးဘူးဗျ။

လင်းယုန်ဖယောင်းတိုင်လုပ်ငန်းကြီးရဲ့ အမှုဆောင်အရာရှိချုပ် (C.E.O) ဦးခွေးနီက သူ့မိန်းမကို လှမ်းပြီးဟန့်တယ်။

"တယ်... ဒီမိန်းမဟာ စောက်မှန်းမသိ၊ ကမ်းမှန်းမသိဘဲ ဝင်ဝင် ပြောနေ။ ငါ ထလုပ်လိုက်ရ နာတော့မယ်။ အဟမ်း... ဒီမယ် မောင်ဖိုးစောရဲ့၊ မောင်ရင်ပြောတဲ့ကိစ္စကို ပိဋကတ်ကျမ်းကျေတဲ့ သက်တော် ဝါတော်ရ ဆရာ တော်ဘုရားကြီးတွေနဲ့တွေ့မှ မေးလျှောက်ကြည့်ရဦးမယ်"

* * *

တော်ပါသေးရဲ့ဗျာ။

ကံကောင်းတယ် ဆိုရမှာပဲ။ ဒီရပ်ကွက်လေးထဲကို ပိဋကတ်ကျမ်း ကျေတဲ့ သက်တော်ဝါတော်ရ ဆရာတော်ဘုရားကြီးတွေ...

တစ်ပါးမှ မကြွကြဘူး။

■

# အခန်း (၄)

လမ်းရဲ့အတွင်းဘက်အဆုံး မီးရထား သံလမ်းနားက အိမ်က ဘက်ထရီအိုးတွေ လုပ်တာဗျ။

'သိပ္ပံစိန်လှ'ဘက်ထရီဆိုင်ဆိုပြီး သွပ်ပြားမှာ ဆေးသုတ် ဆိုင်းဘုတ်ရေးထားတယ်။

လင်းယုန် ဖယောင်းတိုင်လုပ်တဲ့ အိမ်နဲ့ အဲဒီ သိပ္ပံစိန်လှတို့ တစ်မိသားစုလုံးက မတည့်ကြဘူး။

သိပ္ပံစိန်လှတို့က ညီအစ်ကိုနှစ်ယောက်ရှိတာ။ စိန်လှနဲ့ စိန်မြတဲ့။ သိပ္ပံစိန်လှရဲ့ မိန်းမနာမည်က မလှဌေး။ သူတို့က သားသမီး မထွန်းကားဘူး။

ကိုစိန်မြရဲ့ မိန်းမကကျတော့ မနှင်းသွယ်တဲ့။ ကိုစိန်မြ ဆုံးသွားပြီးတော့မှ ကျန်တဲ့ကိုယ်ဝန်နဲ့ သားလေးတစ်ယောက်ရတယ်ဆိုပဲ။

ဒါတွေက ကျွန်တော်တို့ ပြောင်းမလာခင် လွန်ခဲ့တဲ့ သုံးနှစ်လေးနှစ်လောက်က ဖြစ်ခဲ့တဲ့ကိစ္စတွေပါ။

ကျွန်တော်တို့က သိလည်းမသိ၊ စိတ်လည်း မဝင်စားမိပါဘူး။ ပြီးတော့ ဖယောင်းတိုင်လုပ်ငန်းနဲ့ ဘက်ထရီဆိုင် မတည့်ကြတာလည်း ဘာများ ထူးဆန်းလို့လဲဗျာ။

ပြဿနာက ကျွန်တော်တို့ကောင်ကြီးဗျ။

ဂျာမန် တွေးခေါ်ပညာရှင်လည်းမဟုတ်၊ ပြင်သစ်တွေးခေါ်ပညာရှင်

လည်းမဟုတ်တဲ့ အရုဒ္ဓတွေးခေါ်ပညာရှင်ကြီး ဖိုးစော။ (အုတ္တူတူနိုင်လွန်းလို့ အရုဒ္ဓပညာရှင်လို့ နာမည်တပ်လိုက်တာ)

* * *

အဲဒီကောင် ဖိုးစောက ပဲလှော်ကြားဆားညပ်၊ ရပ်ပြစ်ရှစ်ပါးထဲမှာ ဘယ်နေရာမှ မလွတ်အောင် ကန့်လန့်ကန့်လန့် ဘုမသိဘမသိ ဝင်ပါလို့ ပြဿနာတက်ရတာ။

အဲဒီနေ့က…

လမ်းထိပ်က 'ဒေါ်ရီ မြောင်းမြမုန့်ဟင်းခါး' ဆိုင်မှာ ကျွန်တော်တို့ လေးယောက်စလုံး ဝင်ထိုင်ဖြစ်ကြတယ်။

မုန့်ဟင်းခါးမှာလိုက်တော့ ချက်ချင်းမရသေးဘူးဗျ။ ကျွန်တော်တို့ ရှေ့မှာ ရောက်နှင့်နေတဲ့သူတွေ ချိုင့်ဆွဲလာဝယ်တဲ့သူတွေ တော်တော်များ နေလို့ စောင့်နေရတယ်၊ အကြာကြီးပဲဗျာ။

အဲဒီအချိန်မှာမှ သီပွဲစိန်လှရဲ့ခယ်မ (ကွယ်လွန်သွားတဲ့ ကိုစိန်မြရဲ့ ဇနီး) မနှင်းသွယ်က သူ့ရဲ့သားလေးကို လက်ဆွဲပြီး မုန့်ဟင်းခါးဝယ်ဖို့ ရောက်လာပါလေရော။

ဆုံးပါးသွားတဲ့ ကိုစိန်မြရုပ်ရည်ကို ကျွန်တော်တို့ မမီလို့ မသိလိုက် ကြရပေမယ့် သူ့သားလေးကတော့ ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ် ချစ်စရာလေး ဗျာ။ ပါးကလေးကို ဖောင်းနေတာပဲ။ မျက်လုံးလေးတွေကလည်း ဝိုင်းစက် လို့။

အဲဒီကလေးကိုကြည့်ပြီး ဖိုးစော အူတွေအသည်းတွေ ယားလာ တယ်နဲ့ တူပါရဲ့။ မနေနိုင် မထိုင်နိုင် ပါးစပ်ဆော့ပြီး ကလေးကို သွားမြူ တယ်။

"သားသားလေးရဲ့ ဖေဖေက ဘဒ္ဒလဲ"

ကလေးက မဖြေဘူးဗျ။

ဒါနဲ့ ဖိုးစောက ကလေးရဲ့ပါးဖောင်းဖောင်းကစ်ကစ်လေးကို မနာ

မကျင်အောင် ဖွဖွလေး ဆွဲလိမ်ရင်း ထပ်မေးပြန်ရော...

"သားလေးရဲ့ဖေဖေက ဘဒူလဲ... ကွ"

(ကဲ... ဒီလိုမေးတာ ဘာဆန်းသလဲဗျာ။ ချစ်စရာကောင်းတဲ့ ကလေး ငယ်လေးတွေကို တွေ့ရင် ချီရင်းပိုးရင်း ချော့ရင်းမြှူရင်းနဲ့ 'သားဖေဖေ ဘယ်သူလဲ' 'သားမေမေ ဘယ်သူလဲ' လို့ ဘာရယ်မဟုတ် ပါးစပ်ထဲ တွေ့ကရာ မေးရိုးမေးစဉ်ထုံးစံပဲဟာ)

ဒါပေမဲ့ မနှင်းသွယ်က မျက်နှာပျက်နေတယ်ဗျ။

ဖိုးစောကတော့ မုန့်ဟင်းခါးဆိုင်ထဲကလူတွေ အကုန်လုံးကြား လောက်တဲ့ သူ့အသံပြဲကြီးနဲ့ ထပ်ခါတလဲလဲ...

"သားသားလေးရဲ့ဖေဖေ ဘယ်ဒူလဲ"

အမှန်က အဲဒီကိစ္စဟာ တကယ့်ပြဿနာအကြီးကြီးမှ အကြီးကြီးဗျ။ ဒီကလေးဟာ ကိုစိန်မြနဲ့ မနှင်းသွယ်တို့သားဆိုပေမယ့် တကယ်တမ်း ကျတော့ ကိုစိန်မြကွယ်လွန်ပြီး ဆယ်လကျော်မှ မွေးတာတဲ့ဗျာ။

တကယ့်လက်သည်က ခဲအို သိပ္ပံစိန်လှဆိုပဲ။

မနှင်းသွယ်တစ်ယောက် ခဲအိုဖြစ်တဲ့ သိပ္ပံစိန်လှနဲ့ တိုးတိုးတိတ်တိတ် ဘညာဘညာဖြစ်ကြပြီး မဖုံးနိုင်မဖိနိုင် အကောင်အထည် ပေါ်လာတော့မှ မကြာသေးခင်ကမှ ဆုံးသွားတဲ့ ကိုစိန်မြရဲ့ ခေါင်းစဉ်တပ်လိုက်တယ်ဆိုတာ တစ်ရပ်ကွက်လုံးက ရိပ်မိတယ်။

ဒါပေမဲ့ အားနာပါးနာနဲ့ပေါ့ဗျာ။

ဘယ်သူကမှတော့ ပေါ်တင်ကြီး 'ငါတို့သိတယ်ဟေ့' လို့ ကာယကံ ရှင်တွေရှေ့မှာ ပြောင်မပြောကြဘူး။ ရပ်ကွက်အထာပဲဆိုရမလား မသိဘူး။ အချင်းချင်း လက်ကုတ်ပြီး တီးတိုးတီးတိုး သဖန်းပိုးလုပ်ရုံလောက်၊ ကွက် ကြည့် ကွက်ကြည့် မေးငေါ့ရုံလောက်ပဲ။

မနှင်းသွယ်ကိုယ်တိုင်ကလည်း ရိပ်မိပုံရတယ်ဗျ။ ရပ်ကွက်က သူ့ အကြောင်းသိပေမယ့် မကောင်းတတ်လို့ အောင့်အည်းနေကြတယ်ဆိုတာ။

သူ့ဖာသာသူလည်း လိပ်ပြာမလုံဘူးပေါ့ဗျာ။

* * *

ဟော... အခုကျတော့မှ...

ဘုမသိဘမသိ ပါးစပ်ဝင်ဆော့တဲ့ ဖိုးစောတစ်ယောက် အော်ကြီးဟစ်ကျယ်နဲ့ ကလေးကို မြှူနေပုံက (ကလေးအဖေရင်း တရားခံပေါ်အောင်) ပုလိပ်စစ်စစ်နေသလိုလို။

ဟော... နောက်တစ်ချီ လုပ်ပြန်ပါပကော။

"သားသားရဲ့ဖေဖေက ဘယ်ဒူလဲ"

ကလေးကမဖြေ။ မုန့်ဟင်းခါးစားနေကြတဲ့ အကြောင်းသိ လမ်းသူလမ်းသားတွေကတော့ တခွိခွိနဲ့ ကျိတ်ပြီး ရယ်ကုန်ကြပြီဗျ။

မုန့်ဟင်းခါးသည် ဒေါ်ရီကြီးတောင် မနည်းဖျစ်ညှစ် မျက်နှာပိုးသတ်ထားရတဲ့ ရှုတည်ကြီးနဲ့ ဟင်းရည်အဆစ်လိုက်ပေးရင်း ပြုံးစိပြုံးစိ။

ကလေးအမေ မနှင်းသွယ်က ဆောင့်ဆောင့် အောင့်အောင့်နဲ့ ကျွန်တော်တို့ဘက်ကို မျက်စောင်းတစ်ချက်ထိုးတယ်။

ဖိုးစောကတော့ ထုံးစံအတိုင်း အရိပ်သုံးပါး နားမလည်ဘူး။

ဟော...ကြည့်။ သူများဖုံးထားတဲ့ မစင်ပုံကို တုတ်နဲ့ သွားဆွပြန်ပြီ။

"ဟေ့... သားသားလေးရဲ့ဖေဖေ ဘယ်ဒူလဲ၊ ပြောပါဦး"

"ဟဲ့... အကောင်ရဲ့"

မနှင်းသွယ်တော့ ပေါက်ကွဲပြီဗျို့။ ကလေးကို ဆတ်ခနဲ ခါးထစ်ခွင်ချီ၊ ဖိုးစောကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့တော့တာပဲ။

"ကလေးအဖေကို ဘာကိစ္စမေးနေရတာတုံး၊ ငါ့ဖာသာငါ ဘယ်သူနဲ့ရပြီး မွေးထားမွေးထား၊ နင်နဲ့ ဘာဆိုင်သလဲဟဲ့။ ဟင်... ပါးကွဲသွားချင်သလား။ နှင်းသွယ်ကို လာမစမ်းနဲ့၊ ဘာမှတ်သလဲ"

အိုးမလုံတော့ အုံကွဲတဲ့အသံက အတော်ကို ကျယ်သဗျ။ ကိုဆင့်သူက မျက်လုံးလေး ပြာလတွတ် ပြာလတွတ်နဲ့ 'အခြေအနေ မကောင်းဘူးဗျို့၊ လစ်စို့' လို့ ကပ်ပြောတယ်။

ဖိုးစောကတော့ သူ့အမှားကို သူ အားနာပြီး တောင်းပန်နေလိုက်တာများ။

"ကန်တော့ပါရဲ့ အစ်မရယ်၊ ကလေးက သူ့အဖေကို သူသိတယ် ထင်လို့ပါ"

အဲသည်လို တောင်းပန်လေလေ မနှင်းသွယ်က ဒေါသပိုထွက်ပြီး ဘီလူးဆိုင်းတီးလေလေပဲ။

ဘေးကလူတွေကလည်း ဝင်မဖျန်ဖြေကြဘူးဗျာ။ မုန့်ဟင်းခါး ပန်းကန်တွေ ဘေးချပြီး တဝါးဝါး တဟားဟား ရယ်နေလိုက်ကြတာ။

သူတို့လည်း 'အောင့်လုံးတွေ' အစုမှ 'ပွင့်' တယ် ထင်ပါရဲ့။

ဩော်...

တတ်လည်း တတ်နိုင်တဲ့ ရပ်ကွက်ကလေးဗျ။

* * *

ကလေးအဖေ တရားခံဖော်တဲ့ကိစ္စက အဲသည်လောက်နဲ့တင် ပြီးမသွားဘူးဗျ။ မီးခဲကို ပြာနဲ့ဖုံးလိုက်သလိုမျိုးပေါ့ဗျာ။ ယာယီ ငုပ်သွားတဲ့ သဘောပဲ။

အဲဒီ ငုပ်နေတဲ့မီးခဲကို ပြန်ပြီး ဟုန်းဟုန်းတောက်လောင်လာအောင် အပေါ်က ပြာမှုန့်တွေကို လေနဲ့ တဖူးဖူးမှုတ်ပြီး ဖယ်ရှားပေးတဲ့သူက...

တစ်ရပ်ကွက်လုံးရဲ့ အချစ်တော် 'မော်ရီယာမင်း' အန်တီလှဗျ။

* * *

သကြ်န်ရက်နီးလာတော့ လင်းယုန်ဖယောင်းတိုင်အိမ်က အလှူ လုပ်တယ်။ ဒေါ်ပုကြွယ်မွေးနေ့ဆိုလား ဘာဆိုလား။

တစ်ခုခုတော့ တစ်ခုခုပဲ။ မမှတ်မိတော့ဘူး။

အဲ... မှတ်မိနေတာကတော့ မုန့်ဟင်းခါးကျွေးတယ်ဆိုတာပဲ။ စားလို့ကောင်းလိုက်တာဗျာ။ အဲဒီတုန်းက ကျွန်တော်တို့လက်ထဲမှာလည်း ပိုက်ဆံပြတ်နေတော့ အိမ်မှာ တစ်နပ်စာ ချက်စားရသက်သာရင်လည်း မနည်းဘူးဆိုပြီး ပါးဖြဲနားဖြဲ အားမနာတမ်း သွားစားလိုက်ကြတာ။

တကယ့် ထမင်းကိုလွတ်ရော။ လွတ်မှာပေါ့... မိုက်ချောင်သွား လိုက် တစ်ချီထပ်စားလိုက်၊ နာရီဝက်လောက်လမ်းသလားလိုက်၊ ထပ်စား လိုက်နဲ့ ရေရေလည်လည် အားရပါးရ ဝါးပစ်တာကိုး။

ကျွန်တော်တို့ချည်းပဲ အဲသည်လို စားတယ်မထင်နဲ့ဗျ။ သူတို့ရပ် ကွက်ရဲ့အထာက အဲသည်လိုပဲ။

အလှူရှိရင်ပဲဖြစ်ဖြစ်၊ မသာရှိရင်ပဲဖြစ်ဖြစ် အဲဒီကိစ္စရှိတဲ့အိမ်မှာ လမ်းထဲကလူတွေ တစ်ပြုတစ်မကြီးက အိုးပစ်အိမ်ပစ် (ကိုယ့်အလုပ်အကိုင် ကိုပါပစ်ပြီးတော့) သွားကူညီကြတာ။

ကျွန်တော်တို့တောင် အကြောင်းမသိခင်တုန်းက ဒီရပ်ကွက်ထဲက လူတွေ အားအားယားယားရှိလှချည်လား အောက်မေ့နေတာ။

ရိုးရိုးအလှူဆိုရင် တစ်ညအိပ်၊ ရှင်ပြုဆိုရင် နှစ်ညသုံးည၊ အသုဘ ဆိုရင် ခုနစ်ရက် ခုနစ်လီလုံးလုံး၊ အဲဒီအလှူရှင် (ဒါမှမဟုတ်) မသာရှင်ရဲ့ အိမ်မှာ ကိုယ့်ဆွေမျိုးလိုနေပြီး ဒိုင်ခံကူညီဝိုင်းလုပ်ပေးကြတာ။

ဆိုက်ကားသမားတွေက သူတို့ဆိုက်ကားကို ဂိတ်မှာမထိုးတော့ဘဲ အဲဒီအိမ်ရှေ့မှာ အမြဲရပ်ထားတာ။ လိုရင် ချက်ချင်းပို့ပေးလို့ရအောင်။

ရေစည်လှည်းသမားတွေဆိုရင်လည်း (ဒီရပ်ကွက်မှာက အဝီစိတွင်း ရေကို ရေစည်လှည်းတိုက်တဲ့လူတွေဆီက တစ်စည်သုံးမတ်နဲ့ ဝယ်သုံးရတာ ကိုး) သူတို့ရေစည်လှည်း တစ်စီးမဟုတ်တစ်စီးကို အပြည့်ဖြည့်ပြီး အိမ်ရှေ့ ထိုးပေးထားတာ။

အဲ...ကျွေးတဲ့မွေးတဲ့နေ့ကျရင်တော့ သူတို့အိမ်မှာ တစ်ရက်စာ မီးခိုး **တိတ်**၊ ဘာမှမချက်တော့ဘဲ အလှူအိမ်ကဟာကို နေ့ဖို့ညစာ အပြတ်တွယ်ကြ တော့တာပဲ။

ကလေးပေါက်စန ဘုစုခရုလေးတွေပါ တစ်ယောက်မှမကျန်ရ အောင် ခေါ်လာတာ။

ခေါ်ရမှာပေါ့။ အဲဒီနေ့အဖို့ သူတို့အိမ်မှာ မီးမမွေးတော့ (ဘာမှမချက် တော့) ပါဘူးဆို၊ တစ်ယောက်ယောက် မစားရဘဲ ကျန်နေရင် ခွကျကုန်မှာ ပေါ့။

တချို့ အဒေါ်ကြီးတွေဆို ကိုယ့်အိမ်သားတင် မဟုတ်ဘူး။ တူတွေ၊ တူမတွေ၊ တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲ ဆွေမျိုးတွေပါ မစားရမှာစိုးလို့...။

"ဟဲ့... ဘယ်သူကော၊ ဘယ်ဝါကော မတွေ့ပါလား။ လိုက်ခေါ်စမ်း၊ နင့်အဒေါ်ကော၊ နင့်ဦးလေးကော ဟေး... လာကြလေ"

အဲဒီလိုကို 'ဖျို့'ဟစ်အော်ခေါ်ပြီး အလှူထမင်းစားပွဲဆီ တောချောက်မောင်းသွင်းတာ။

အလှူရှင်ကလည်း တပြုံးပြုံး... တစ်ရပ်ကွက်လုံးကလည်း တရှုန်းရှုန်း။

* * *

ဦးခွေးနီနဲ့ ဒေါ်ပုကြွယ်ကလည်း တစ်ရပ်ကွက်လုံးကို ဖိတ်တာပါပဲ။ ဒါပေမဲ့ သူတို့နဲ့မတည့်တဲ့ 'သိပ္ပံစိန်လှ'ဘက်ထရီဆိုင်အိမ်ကိုတော့ မဖိတ်ဘဲ ချန်ထားခဲ့တယ်ဗျ။

ဒါကိုလည်း အလှူမှာလာစားတဲ့သူတိုင်း ရိပ်မိကြတယ်။

မရိပ်မိတာဆိုလို့ ဟို ငထုံငထိုင်း ဖိုးစောနဲ့၊ အထူအပါး နားမလည်တဲ့ အန်တီလှတို့နှစ်ယောက်ပဲ ရှိတယ်။

ကြည့်လေ... လုပ်နေကြပုံက...

လင်းယုန်အလှူအိမ်ရဲ့ ခြံတံခါးပေါက်ဝမှာ ခနဲ့ခနဲ့ကြီးနဲ့ စနဲ့စနဲ့ကြီးဗျာ၊ ရင်တကော့ကော့ မျက်နှာထားတချိုချိုနဲ့ အန်တီလှတို့ ရပ်နေလိုက်ပုံ။

အေးလူကသာ အကြောင်းမသိရင် အန်တီလှကိုပဲ 'အလှူရှင်' လို့ထင်မှာ။

ထင်စရာကောင်းလောက်အောင် လုပ်နေပုံကလည်း လင်းယုန်အိမ်ရှေ့က ဖြတ်သွားတဲ့လူတိုင်းကို...

"ဟဲ့... လာလေ၊ ဝင်စားသွားကြဦးလေ"

သိသိ မသိသိ မြင်မြင်ကရာလူတိုင်းကို အလှူမှာဝင်စားဖို့ အန်တီလှက ပိုင်စိုးပိုင်နင်း အတင်းခေါ်တာဗျ။

"ဩော်... လာကြစမ်းပါဟဲ့။ ဒီမှာ အလှူလုပ်နေတဲ့ဟာကို၊ ဒါန မြောက်အောင် ဝင်စားသွားကြစမ်းပါဦးဆို"

လုပ်ပေါက်က...။ သူ့ပိုက်ဆံနဲ့ ကျွေးတာကျနေတာပဲ။

အဲဒါကို ဖိုးစောကလည်း ဘုမသိဘမသိနဲ့ ရောရောယောင်ယောင် အန်တီလှရွှေ့က စွတ်တင်သမျှ သူက နောက်ကလိုက်ပြီး ရောယိမ်းလိုက် ဘသားယိမ်းလိုက် လုပ်နေတယ်။

အဲဒီအချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင်ဗျာ...

(အာသာဘလော့ချ်ရဲ့ တိုက်ဆိုင်မှုအလွဲတွေထဲက ဥပမာနဲ့ ပြော ရရင် တစ်နေ့လုံးမှာ ခဏလေးပဲ နားဖို့ထိုင်လိုက်တဲ့ အလုပ်သမားနဲ့ တစ်နေ့လုံးမှ တစ်ခေါက်ပဲ ဖြတ်လျှောက်တဲ့ အထက်လူကြီး ဆုံမိကြသလို မျိုးပေါ့)

ကံဆိုးပုံက သိပ္ပံစိန်လှရဲ့မိန်းမ မလှဌေးကလည်း ဈေးကနေ ဟင်း ချက်စရာတွေဝယ်ပြီး ခြင်းကြီးတံတောင်ဆစ်ကွေးညှပ်လို့ ပြန်လာတာနဲ့ တည့်တည့်တိုးတာ။

မလှဌေးတို့အိမ်က လမ်းထောင့်ဆုံးမှာဆိုတော့ အလှူလုပ်နေတဲ့ လင်းယုန်ဖယောင်းတိုင်အိမ်ရှေ့ မလွှဲသာမရှောင်သာ ဖြတ်ရတယ်လေ။

မလှဌေးဘက်ကနေ ကြည့်ပြန်တော့လည်း လင်းယုန်ဖယောင်းတိုင် ပိုင်ရှင် ဒေါ်ပုကြွယ်ကို စိတ်အနာကြီး နာထားတဲ့တစ်ချက် ရှိတယ်ဗျ။

သူတို့နှစ်အိမ် ရန်ဖြစ်ကြတုန်းက ဒေါ်ပုကြွယ်က မလှဌေးရဲ့ ရုပ်ရည် ရူပကာယကို တော်တော်ချိုးချိုးဖွဲ့ဖွဲ့ နှိမ်ထားတာဆိုပဲ။

အဲ... အဲဒါကိုတော့ ပြောရမယ်ဗျ။ မလှဌေးရဲ့ တစ်ကိုယ်လုံးမှာ ထူးခြားချက်နှစ်ချက်က ပေါ်တင်ကြီး ဖုံးမရ ဖိမရဖြစ်နေတာ။ အဲဒါတွေက ဘာလဲဆိုတော့ (၁) သွား အရမ်းခေါတယ်။ (၂) ဖင် အရမ်းကောက်တယ်။

ဘယ်တတ်နိုင်မလဲဗျာ။ ဘဝပေးကုသိုလ်ပဲ။ အဲဒါကို ဒေါ်ပုကြွယ် ကြီးက မညှာမတာနဲ့ လက်ညှိုးငေါက်ငေါက်ထိုးပြီး...

"ဟဲ့... သွားခေါဖင်ကောက် ဥရင်ကောက်မ...ရဲ့"

လို့ လူကြားသူကြားထဲ အော်ကြီးဟစ်ကျယ် ရန်တွေ့တာ။ အဲဒါ

ကို မလှဋ္ဌေးက နာကြည်းလို့ကို မဆုံးဘူး။ ကမ္ဘာကြေရင်တောင် ဥဒါန်းမကြေဘူးလို့ ငြိုးထား တေးထားတာ။

ဟော... ကြည့်...။

အလှူလုပ်နေတဲ့ လင်းယုန် ဖယောင်းတိုင်အိမ်ရှေ့က မလှဲသာ မရှောင်သာ ဖြတ်လျှောက်ရတော့မယ်ဆိုတော့ (တခြားဆန့်ကျင်ဘက်) လမ်းရဲ့ ဟိုဘက်ခြမ်းဆီ မျက်နှာကို အသေလှည့်ထားတယ်။

ဇက်ကြောတွေတောင် တောင့်နေမလားပဲ။ မျက်နှာကြောကိုလည်း တင်းထားတယ်။ ဈေးခြင်းတောင်းကို တံတောင်ဆစ်ကွေးမှာ ချိတ်၊ ထဘီစကို ဒူးတစ်ဝက်ပေါ်အောင် မ,ထားပြီး ဆတ်တောက်ဆတ်တောက်နဲ့ သုတ်ခြေတင်တော့တာ။

"ဟဲ့... မလှဋ္ဌေး၊ ဘယ်ကလာတာတုံးဟဲ့"

မလှဋ္ဌေးတစ်ယောက် ခပ်သုတ်သုတ်လစ်ဖို့ ကြိုးစားကာမှ အလှူအိမ်ခြံဝမှာရပ်နေတဲ့ အန်တီလှက မြင်ဖြစ်အောင်မြင်သွားပြီး လှမ်းနှုတ်ဆက်တယ်။

မလှဋ္ဌေးက မကြားချင်ယောင်ဆောင်ပြီး ဖွတ်ဆက်လျှောက်လည်း မရဘူး။ အန်တီလှက ပျာပျာသလဲနဲ့...

"အောင်မယ်... ညည်းက ဈေးကတောင် ပြန်လာပြီကိုး၊ လာ... လာအတော်ပဲ၊ ဒီမှာ အလှူလုပ်နေတာ။ တစ်ခါတည်း ဝင်စားသွားဦး"

မလှဋ္ဌေးက တမင်ကို သိသိသာသာကြီး ဆတ်ခနဲ မေးထိုးပြီး မျက်နှာကို ပိုလွှဲပစ်လိုက်တယ်။ ခြေလှမ်းတွေကိုလည်း အရှိန်မြှင့်လိုက်တယ်။

အရိပ်သုံးပါး နားမလည်တဲ့ အန်တီလှက သွားဖြဲကြီးနဲ့ ပြုံးပြပြီး အတင်းဖွတ်ကို ဖိတ်တော့တာ။

"ဟဲ့... လှဋ္ဌေး၊ ဩော်... လာစမ်းပါဟဲ့။ အားမနာစမ်းပါနဲ့၊ ဒီအိမ်က အလှနဲ့ ဆွေလိုမျိုးလိုနေတာ။ လာ... မုန့်ဟင်းခါး ဝင်စား"

စဉ်းစားသာ ကြည့်ပါတော့ဗျာ။ ကိုယ်နဲ့ ရန်ဖြစ်ထားတဲ့ အိမ်ပေါ်တက်ပြီး မျက်နှာပြောင်ပြောင်နဲ့ မုန့်ဟင်းခါးစားသွားဖို့ ကိုယ့်ကိုဖိတ်ခေါ်ခံရရင် ဘယ်လိုခံစားရမလဲ ဟင်။

မလှဒွေးကတော့ အလိုက်ကန်းဆိုး မသိတတ်လွန်းတဲ့ အန်တီလှကို 'ဒိုင်းခနဲ' မျက်စောင်းတစ်ချက် လှမ်းထိုးတယ်။

ဒါကိုလည်း အန်တီလှက အထာမပေါက်ဘူး။ သူ့အရွယ်ကြီးမှ အားမနာ ပျာကလပ်စိန်လုပ်ရင်း အသံစာစာစာစာနဲ့။

"လာစမ်းပါဟဲ့… လှဒွေးရဲ့၊ ဩော်… ခက်လိုက်တာ။ နင်က ရှက်နေပြန်ပြီ။ မရဘူး… မရဘူး၊ စားပြီးမှသွားရမယ်နော်။ ဟဲ့… ဟဲ့ ဖိုးစောရဲ့ ဒီမှာ လှဒွေးကို ဆွဲစမ်းပါဦး"

လောကွတ်ချော်ပြီး ဖိတ်ခေါ်သူက အန်တီလှ၊ ဘုမသိဘမသိ အတင်းဝင်ဆွဲသူက ဖိုးစော၊ အဲဒီမှာ ကြည့်လို့ကောင်းတော့တာပဲ။

မလှဒွေးကို ဖိုးစော လက်ဆွဲခေါ်နေတဲ့ပုံက အလှူအိမ်ထဲကို ဖိတ်ခေါ်တာနဲ့ မတူဘူး၊ ဇာတ်ပွဲထဲမှာ ရာဇဝတ်သားကို သူသတ်ကုန်းမှာ ကွပ်မျက်ဖို့ လူကြမ်းလုပ်တဲ့ အာဏာပါးကွက်သားက တရွတ်တိုက် ဆွဲခေါ်နေပုံမျိုးကြီးဗျ။

မလှဒွေးကလည်း အတင်းဖွတ်ပေကပ်ပြီး ခြေကန်ရုန်းတာ။

"လွှတ်… လွှတ်… ငါ့ကိုလွှတ်"

"ဟာ… လာပါဗျာ၊ စားသွားစမ်းပါ။ မုန့်ဟင်းခါးက ကောင်းကကောင်းသနဲ့"

"ဟင့်အင်း… လွှတ်… လွှတ်၊ ခုချက်ချင်းလွှတ်။ အော်လိုက်မယ်နော်"

ဖိုးစောက ဆွဲ၊ မလှဒွေးက ခြေစုံတောင့်တောင့်ကြီး ကန်ပြီးရုန်း၊ ဟာ… ဘာပြောကောင်းမလဲ အလှူအိမ်ရှေ့မှာ ဝရုန်းသုန်းကားနဲ့ပေါ့ဗျာ။

အလှူအိမ်ထဲက အကြောင်းသိနေတဲ့ လူတွေအဖို့လည်း ခွကျနေတာပေါ့။ ဝင်ဆွဲရကောင်းနိုးနိုး၊ 'ဟဲ့… လွှတ်လိုက်၊ သွားပစေ' လို့ ပြောရကောင်းနိုးနိုးနဲ့။

အဲဒီအချိန်မှာပဲ…

"ဟေ့ကောင်… ငါ့မိန်းမကိုလွှတ်လိုက်"

ကမူးရှူးထိုးအော်သံကြီးနဲ့ သိပ္ပံစိန်လှတစ်ယောက် ငှက်ကြီးတောင်ဓားကြီးဆွဲပြီး ပြေးလာတယ်၊ ဟာ...ရှုပ်ကုန်ပြီ။ ဦးခွေးနီကလည်း မုန့်ဟင်းခါးအိုးမွှေတဲ့ ယောက်မကြီးကိုင်ပြီး ပြေးအဆင်း...။

ဆွဲတဲ့သူက ဆွဲ၊ စိန်ခေါ်တဲ့လူက ခေါ်၊ ရပ်ကွက်ထဲမှာနေကြတဲ့ သူ့ဘက်ကိုယ့်ဘက် ပတ်သက်ရာ ပတ်သက်ကြောင်းတွေ အကုန်လုံး အလှူအိမ်မှာစုပြီး ရောက်နေကြတဲ့ အချိန်ဆိုတော့ ဝုန်းဒိုင်းတွေကြဲပြီး ဆွဲကြ၊ လွဲကြ၊ ရိုက်ကြ၊ နက်ကြနဲ့ အလှူပွဲကနေ ရန်ပွဲကြီးလုံးလုံး ဖြစ်သွားတော့တာပဲ။

## အခန်း (၅)

ဖိုးစောတစ်ယောက် (သူ့ကြောင့် အလှူအိမ်မှာ တုတ်ဆွဲ ဓားဆွဲ ရန်ပွဲကြီး ထဖြစ်သွားရလို့ အားနာတာပဲလား မသိဘူး) တော်တော်ကြီး ငြိမ်ကျသွားတယ်။ အန်တီလှကိုလည်း နည်းနည်းလန့်သွားတယ် ထင်ပါရဲ့။

အရင်ကလောက် ပလူးပလဲ လုံးလုံးထွေးထွေး မနေတော့ဘဲ ရှောင်ဖယ်ရှောင်ဖယ် လုပ်လာတယ်။ အင်း... အန်တီလှနဲ့ မပေါင်းတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ဆိုးတာက ကားပွဲစား ဦးပွားတို့ သားအဖနဲ့ သွားရောနေတာပဲ။

ဦးပွားတို့သားအဖက အူကြောင်ကြားတွေ။ သူ့သား အောင်ဗလက ဆိုက်ကားနင်းတယ်၊ သူတို့သားအဖ နှစ်ယောက်စလုံးက ဘဝပေးကုသိုလ်ကံ အကျိုးပေး မကောင်းတော့ ခါးကုန်းနေတယ်ဗျာ။

ပြီးတော့ ခါးကုန်းတို့ရဲ့ ထုံးစံအတိုင်း ကျောလည်အဆစ်ရိုးကြီး ခုံးထပြီးတော့ ဘုကြီးဖြစ်နေတယ်ဗျ။

အဖေရော သားပါ နှစ်ယောက်စလုံး ခါးကုန်းကုန်းပေါ် ဘုကြီးတင်ထားသလိုဖြစ်နေတော့ 'ခါးဘုနဲ့ သားအဖ' လို့ပဲ ရပ်ကွက်ထဲက လွယ်လွယ်ခေါ်ကြတယ်။ 'ခါးဘု' ဆိုတဲ့ စကားလုံးကလည်း အရပ်အခေါ်**အဝေါ်နဲ့** ပြောကြစတမ်းဆိုတော့ 'ဂဘု' လို့ အသံထွက်တယ်ဗျ။

အဲ... ကြဲကြဲဖန်ဖန်ပဲပြောပြော ဘာပဲပြောပြော အကြောင်းတိုက်ဆိုင်ပုံက ဒီလို။

တနင်္ဂနွေနေ့ နေ့လယ်ပိုင်းဆိုရင် မြန်မာ့ရုပ်မြင်သံကြားက ဂန္ထဝင်ရုပ်ရှင်ကားဟောင်းတွေ ပြန်ပြန်ထုတ်လွှင့်ပြနေကျ မဟုတ်လား။ (ဒီရုပ်ကွက်လေးအတွက်ကျတော့လည်း အဲဒီအစီအစဉ်လောက်ကိုပဲ ဖျော်ဖြေရေးအတွက် အားကိုးပြီး ကြည့်ကြည့်နေရတာကိုး)

အဲဒီ ရုပ်မြင်သံကြားအစီအစဉ်မှာ မကြာမကြာလည်း ပြလေ့ရှိပြီး လူကြိုက်လည်းများတဲ့ ရုပ်ရှင်ကားက အကယ်ဒမီစိန်မြင့်နဲ့ ကလေးသရုပ်ဆောင် အောင်ထွန်းလေးတို့ပါတဲ့ ဟိုဇာတ်ကားဗျာ။

ဘာတဲ့... ဇာတ်ကားနာမည်က...

"အဖေတစ်ခု... သားတစ်ခု"

အင်း... ဟုတ်တယ်။ အဲဒီဇာတ်ကားနာမည်ကို တစ်ရပ်ကွက်လုံးက လူတွေက နှုတ်ကျိုးနေကြလို့ပဲလား မသိဘူး။ 'ခါးဘု' ကိုယ်စီနဲ့ ဦးပွားတို့၊ အောင်ဗလတို့သားအဖကို ခပ်လွယ်လွယ်ပဲ ကင်ပွန်းတပ်လိုက်ကြတယ်။

"အဖေ ဂဘု၊ သား ဂဘု" ...တဲ့။

* * *

သားဂဘုဖြစ်တဲ့ အောင်ဗလကလည်း ဆိုက်ကားသာ နင်းစားနေတာ၊ ဂိတ်မှာ ဆိုက်ကားကို မှန်မှန်ထိုးတာ မဟုတ်ဘူး။

ဂိတ်ထိုးထားပြန်တော့လည်း ပါစင်ဂျာရတာတောင် စိတ်လိုလက်ရမရှိရင် လိုက်ချင်မှလိုက်တာ။ သတင်းစာကို ဟန်ကျပန်ကျ ဖြန့်ဖတ်ပြီး သူ့မေးစေ့က မုတ်ဆိတ်ငုတ်တိုကိုပွတ်ရင်း တကယ့် မဟာပညာရှိ အိုက်တင်ဖမ်းချင်ဖမ်းနေတတ်တာ။

တစ်ခါကလည်း သတင်းစာထဲက ခရီးသွားလုပ်ငန်းအကြောင်း သတင်းအတိုအထွာလေးကို ဖတ်နေရင်းက ခပ်တည်တည်နဲ့ ဒူးတန့်နဲ့ ပြောသေးတာ။

"ကျွန်တော် သေသေချာချာ လေ့လာကြည့်လိုက်တော့ ကျွန်တော်တို့ နိုင်ငံကို လာလည်ကြတဲ့ ဖောရိန်နာ (Foreigner) တွေထဲမှာ အများစုက နိုင်ငံခြားသားတွေပဲဗျ"

ကဲ... ကြည့်။ အောင်ဗလရဲ့ ရှေ့ဉာဏ်တော်က အတုလံ အတုမရှိ။ စဉ်းပဲ စဉ်းစားကြည့်စမ်းပါဦးတော့။

"ဖောရိန်နာ (Foreigner) တွေထဲက အများစုက နိုင်ငံခြားသား တွေ"ဆိုပဲ။

"(Foreigner) ဆိုမှတော့ အကုန်လုံး နိုင်ငံခြားသားတွေချည်းပဲ မဟုတ်လို့ မင်းအမေ့လင်တွေပါ ပါလာရမှာလား"

လို့ မေး... မေးပြီးတော့ပဲ နားရင်းကို ဘယ်ပြန်ညာပြန်ရိုက်ဖို့ ကောင်းနေတော့တာ။

အဲဒါကို ကိုဆင့်သူက ခပ်တည်တည်နဲ့ အံ့ဩချင်ယောင်ဆောင်ပြီး...

"ဟေ...ဟုတ်ရဲ့လား မောင်အောင်ဗလရယ်"

လို့ ပင့်ပေးတော့ သင်းက...

"ဟာဗျာ... ကျုပ်ဆိုတဲ့ကောင်က မပိုင်ဘဲနဲ့ ပြောပါ့မလားဗျ။ ဒီအချက်က ကျုပ်ကိုယ်တိုင် နှစ်ရှည်လများ သေသေချာချာ လေ့လာထားတာ"

လို့ ရုပ်တည်ကြီးနဲ့ မိန့်မိန့်ကြီးလုပ်ပြီး ပြောပါလေရော။ ဘယ့်နှယ် ရှိစ။

* * *

သား 'ဂဘု' ကတင် အဲသည်လိုလားဆိုတော့ မဟုတ်သေးဘူး။ အဖေ 'ဂဘု' လုပ်တဲ့ ဦးပွားကလည်း အုတ်တစ်ချပ် သဲတစ်ပွင့်နေရာက သူတတ်စွမ်းသလောက် တစ်နိုင်တစ်ပိုင် ဝင်ဝင်ပြီး 'ကြောင်' ပြသေးတာ။

သူကျတော့ အသက်ကြီးပြီဆိုတော့ကာ 'လူရာဝင်ချင်တဲ့ရောဂါ' က အဆစ်ပိုပါလာသေးတယ်။

တစ်ခါက ရပ်ကွက်မွှာရဲ့ အသစ်ပြင်ဆောက်ဖို့ အစည်းအဝေးလုပ်ကြရော။ ရပ်ကွက်သူ ရပ်ကွက်သားတွေကတော့ လက်လုပ်လက်စားတွေ ဥစ္စာ။ ဘယ်ကလာ များများစားစား တတ်နိုင်မှာတဲ့တုံး။

ဒါပေမဲ့ အဲဒီခေတ်က ပါတီကောင်စီနဲ့ ပတ်သက်ရာပတ်သက်ကြောင်း (ကျွန်တော်တို့ မသိနိုင်တဲ့ ကျိုးကြောင်းဆက်နွယ်မှုတွေနဲ့) ကမကထလုပ်၊ မတည်မယ့် အလှူရှင်တွေ ပေါ်လာတယ်။

တကယ့် ထိတ်ထိတ်ကြဲသူဌေးတွေပေါ့ဗျာ။

သူက ဘယ်လောက်ထည့်မယ်၊ ငါက ဘယ်လောက်ထည့်မယ်နဲ့ ဝင်အော်နေလိုက်ကြတာများ ကလေးတွေ သချာ်အလီရွတ်တာကျနေတာပဲ။

(ကျွန်တော်တို့လို သမဝါယမဆိုင်မှာ ငစိန်ဆန်ကို တန်းစီတိုးစားနေရတဲ့ ရပ်ကွက်သူရပ်ကွက်သားတွေအဖို့တော့ဗျာ) သူတို့အလှူကို သာဓုခေါ်ဖို့မေ့ပြီး ပါးစပ်အဟောင်းသား ငေးကြည့်နေရတယ်။ ကိုယ်နဲ့မဆိုင်သလိုချည်းဟာကိုး။

အဲ... အစည်းအဝေးပြီးလို့ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းဝိုင်းဖွဲ့ပြီး အာလာပသလ္လာပ ပြောကြဆိုကြတော့လည်း အဲဒီသူဌေးတွေရဲ့ စကားဝိုင်းက သိန်းဂဏန်းကနေ ဆင်းတယ်လို့ကို မရှိဘူး။

'ဂဘု ဦးပွား' က အဲသည်လို စကားဝိုင်းထဲကိုမှ ဝင်တိုးတာ။

ဟိုသူဌေးတွေက ပြောကြဆိုကြရင်း ဘိလပ်မြေဈေးနှုန်းတွေ၊ ကျွန်း၊ ပျဉ်းကတိုးသစ်ဈေးတွေအကြောင်း ရောက်သွားပါလေရော။

အဲဒီမှာတင် 'ဂဘု ဦးပွား' က ဖြုန်းဆို ဝင်ပြီး...

"ကျွန်းသစ်ရရင် နည်းနည်းလောက် လိုချင်တယ်ဗျာ"

သူ့စကားကြောင့် ဟိုသူဌေးတွေ မျက်လုံးပြူးသွားကြတယ်။ တစ်ယောက်မျက်နှာကိုတစ်ယောက် မသိမသာလိုလိုလည်း အကဲခတ်ကြတယ်ဗျ။ (အဲဒီတုန်းက ကျွန်းသစ်က အစိုးရက ကြပ်မတ်ထားတဲ့ တားမြစ် ကုန်မစ္စည်းလေဗျာ)

နောက်ဆုံး အကြံအဖန် အဆက်အသွယ်ကောင်းပုံရတဲ့ သူဌေး

တစ်ယောက်က အချိကြီး အပွကြဲ အလုပ်ဖြစ်လိုဖြစ်ငြား အရဲစွန့်ပြီး မေးလိုက်တယ်။

"ဒီက နောင်ကြီးက ဟို... ကျွန်းသစ်ရရင် ဘယ်နှစ်တန်လောက်လိုချင်တာလဲဟင်"

ဟုတ်တာပေါ့။ သူတို့လို သူဌေးတွေအဖို့တော့ သစ်ပမာဏကို 'တန်'လောက်နဲ့ပဲ တွက်ချက်ပြောဆိုမှာပေါ့ဗျာ။

အဲဒီလို မေးလိုက်တော့မှပဲ ဦးပွားက ဖင်ကုတ်သလိုလို ခေါင်းကုတ်သလိုလိုနဲ့...။

"များများစားစား မဟုတ်ပေါင်ဗျာ၊ သွားကြားထိုးဖို့အစ တစ်စနှစ်စလောက်ရရင် တော်ပါပြီ"

ကြားရတဲ့လူမှန်သမျှ ဦးပွားကိုချည်း တိုးတိုးရော ကျယ်ကျယ်ပါ ဖိဆဲကြတော့တာပဲ။ မဆဲဘဲ နေနိုင်ရိုးလားဗျာ။ လုပ်ပေါက်က...။

* * *

ဦးပွားကို တဗျစ်တောက်တောက်နဲ့ ဆဲလို့ဆိုလို့ကို မဆုံးနိုင်တဲ့လူကတော့ ကျွန်တော်တို့လမ်းထဲက ဦးဖေခင်ဆိုတဲ့ လူကြီးပဲ။

အဲဒီလူကြီးက မြို့နယ်ပါတီယူနစ်မှာ ဘာဆိုလားပဲဗျာ။ ပိုက်ဆံလည်း ရှိ၊ သမီးချောချောလှလှလည်း ရှိတော့ ကျွန်တော်တို့အုပ်စုနဲ့လည်း တစောင်းစေးနဲ့ မျက်ချေးဗျ။ မတည့်ဘူး။

ကဲ... ထားပါ။ ဦးဖေခင်နဲ့ ကျွန်တော်တို့တက်တဲ့ ပြဿနာကအကြီးကြီးဆိုတော့ နောက်မှပဲ သတ်သတ်ပြောပြတော့မယ်။

အခုကိစ္စက ဦးပွားအကြောင်း...။

တချို့က စောဒက တက်ကောင်း တက်ချင်ကြမယ်။

"မင်းကလည်းကွာ... ဦးပွားက ကားပွဲစားလို့လည်းဆိုသေး၊ အဲဒီလောက်တောင် လူရိပ်လူကဲ မသိ 'အ' ရသလား၊ ယုတ္တိမရှိလိုက်တာ" လို့...။

စကားအဖြစ်သာ ပြောရတာ။ ဦးပွားက တကယ့်ကားပွဲစားစစ်စစ်မဟုတ်ဘူးဗျ။

ရန်ကုန်က ကားပွဲစားတွေနဲ့ အသိအကျွမ်းလေးဖြစ်တယ်ဆိုရုံ တင်။

ဒါကလည်း သူ့ဘက်က အတင်းကာရော လိုက်ပြီးတော့ ဟိုပွဲစား အုပ်စုတွေကြား ဟိုနားမော့မော့ ဒီနားမော့မော့နဲ့ ဖွတ်လူရာဝင်အောင် ရော ယောင်နေတာနေမှာပါ။

ပြီးရင် အဲဒီကားပွဲစားတွေ ပြောလေ့ပြောထရှိတဲ့ 'အထာစကား' တွေ 'ဗန်းစကားအခေါ်အဝေါ်' တွေကို မှတ်လာပြီးတော့ ရပ်ကွက်ထဲက လက်ဖက် ရည်ဆိုင်မှာ လူထူထူရှိပြီဆိုရင် အာပေါင်အာရင်းသန်သန်နဲ့ 'မှုတ်' တော့ တာပဲ။

"ပါပလေကာကို ဖင်ထောင်နဲ့ အလဲအထပ်လုပ်ရင် အောက် ကားက ဘယ်လောက်လိုက်မလဲ" ... တို့။

"ချူမျဉ်းဆွဲတူးဒိုးက သန့်တယ်၊ တစ်လက်ကိုင်ပဲ" ... တို့။

"အဲဒီကားက ဘော်ဒီဆေးသားကို ခေါက်ကြည့်လိုက်တော့ ပတ် တီးသံပါနေတယ်"

.... တို့။

ဦးပွားပါးစပ်က အမြှုပ်တစီစီဝေအောင် ထွက်ထွက်နေကျ အဲဒီ လေလုံးထွားထွားကြီးတွေက (အကြောင်းမသိရင်ဖြင့်) သူ့ကို တကယ့် ဝါရင့် ကားပွဲစားကြီးလို့ ထင်ချင်စရာပေါ့ဗျာ။

အဲဒီလေစီးလေသာတစ်ကြောမှာ မအူမလည်နဲ့ လိုက် 'မျော' ရင်း မစားရ ဝခမန်း ဝင်ပြီး 'မှိုင်းမိ' တဲ့ ငထုံငထိုင်းကတော့ ဘယ်သူရှိဦးမှာလဲဗျာ။

ကျွန်တော်တို့ရဲ့ 'ဖိုးစောပေါ့'။

ကနေ့နက်ဖြန်ဆိုရင်ပဲ ကားတစ်စီးလောက် အရောင်းအဝယ်ဖြစ် လိုက်ရင် သိန်းနဲ့သောင်းနဲ့ပဲချီပြီး ငွေထုပ်ပိုက်ရတော့မလိုလို ဘာလိုလို။

ဖိုးစောနဲ့ 'ဂဘု ဦးပွား' တို့နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး ကျိတ်ကျိတ် ကျိတ်ကျိတ်လုပ်နေကြပုံများ ပြောပါတယ်။

အဲ... တစ်နေ့ကျတော့...

ကျွန်တော်တို့အုပ်စုက ရပ်ကွက်ထောင့်ကားမှတ်တိုင်နားက လက်က်ရည်ဆိုင်ကို ထွက်အလာ လမ်းထိပ်မှာ ဦးပွားနဲ့တိုးမိရော။

ဦးပွားက တကယ့်ကို အလုပ်ကြီးအကိုင်ကြီးသမားတို့ရဲ့ အရေးကြီးနေတဲ့ အိုက်တင်မျိုးနဲ့ ဖိုးစောရဲ့လက်ကို ဖမ်းဆွဲပြီး...

"ဟေ့ကောင်... ဖိုးစော၊ ဖင်ကောက်ရရင် တစ်စီးလောက်ဆွဲမယ်ကွာ။ ငါ့မှာ 'ဝယ်လက်' ရှိတယ်"

ဖိုးစောက ကျွန်တော့်မျက်နှာကို တစ်လှည့်၊ ဦးပွားကျောပေါ်က 'ဂဘု' (ခါးဖု) ကြီးကို တစ်လှည့်ကြည့်ရင်း မျက်လုံးလေး ပေကလပ်ပေကလပ်နဲ့...။

"ဗျာ... ဖင်ကောက်၊ ဘာ 'ဖင်ကောက်' လဲ ဦးလေးပွား"

"ဟာ... မင်းကလည်း 'အ' ပါ့ကွာ၊ ဆလွန်းကားဖင်ကောက်ကို ပြောတာကွ"

အဲဒီတုန်းက ဆလွန်းကားဖင်ကောက်ဆိုတာက ဝင်ခါစရှိသေးတာဗျ။ ရှားလည်း အတော်ရှားတယ်။ ဈေးလည်းကြီးတယ်။ ကျွန်တော်တို့လို ပတ်ဝန်းကျင်မှာ ဘယ်ရှိမှာလဲဗျာ။

ဒါပေမဲ့ သကောင့်သားဖိုးစောက သူ့ဘွားအေ မွေးညှပ်ရှာခိုင်းတယ်များ အောက်မေ့နေသလား မသိဘူး။ မေးစေ့ကလေး ပွတ်ကာပွတ်ကာနဲ့ ခပ်အေးအေးပဲ။

"အိုကေ... အိုကေ... သဘောပေါက်ပြီ ဦးလေးပွား၊ ကျွန်တော်ရှာ ထားလိုက်မယ်"

'ဂဘု ဦးပွားက သွားတော့မယ်လုပ်ပြီးတော့မှ တစ်ခုကျန်နေသေးတာကို သတိရသွားတဲ့ပုံနဲ့ ပြန်လှည့်ပြီး...

"နေဦးကွာ... ပြောဖို့ တစ်ခုကျန်နေသေးတယ်၊ ငါ့ဝယ်လက်က 'ရှဲစောင်း' မှ လိုချင်တာတဲ့ကွ။ 'ရှဲစောင်း' ဆိုတာကိုကော မင်းသိရဲ့လား။ ကားရှေ့ပိုင်းက ခပ်စောင်းစောင်းလေး အပြင်ကို ငေါထွက်..."

"ဟာဗျာ... ဒီလောက်တော့ သိပါတယ် ဦးလေးပွားရာ"

"အေး... အေး... သိရင်ပြီးရော"

ဦးပွားက ပြောစရာရှိတာပြောပြီး မပူမပင် မကြောင့်မကြနဲ့ **လေချွန်ပြီး** ထွက်သွားကယ်။ ဖိုးစောကလည်း ခေါင်းလေးတမော့မော့။

ဘေးက ကြားနေရတဲ့ ကျွန်တော်၊ ကိုဆင့်သူနဲ့ ပန်းချီဆရာတို့ သုံးယောက်သားကတော့ မျက်လုံးပြူးနေရတယ်။

ဘယ့်နှယ်ဗျာ။

'ရှဲစောင်း' ဆိုတာက အစပိုင်းတုန်းက သူပြောတဲ့ 'ဆလွန်း ဖင်ကောက်' နဲ့ ဘာမှမဆိုင်ဘူး။ သတ်သတ်စီ။

ကြည့်ရတာ 'ဂဘု' ဦးပွားကို အမြင်ကတ်နေတဲ့ သူတစ်ယောက်ယောက်က ပညာပေးချင်တာနဲ့ ကမ္ဘာပေါ်မှာ မရှိတဲ့ ကားအမျိုးအစားကို တမင်ညစ်ပြီး ရှာခိုင်းလိုက်တာနဲ့ တူပါတယ်ဗျာ။

ဒါကိုပဲ ဘုမသိ ဘမသိနဲ့ ကြားထဲက အဟုတ်မှတ်နေတဲ့ ဖိုးစောက လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ဒူးကလေးတနှံ့နှံ့နဲ့...။

"တကယ်တော့ ပိုက်ဆံဆိုတာ ကိုယ်က လိုက်ရှာရတာမျိုး မဟုတ်ပါဘူး။ ကိုယ့်ကို လိုက်ရှာပြီးပေးတဲ့ဟာမျိုးပါကွာ"

... ဘာညာနဲ့ လုပ်သေးတာ။ (ကျွန်တော်တို့ ပိုက်ဆံနဲ့ ဝယ်တိုက်တဲ့ လက်ဖက်ရည်ကို တစ်ဖြုန်စ်ဖြုန်သောက်ပြီးတော့လေ)

ဒါနဲ့ ကျွန်တော်တို့လည်း 'ခွေးမသား၊ မှတ်လောက်သားလောက်ရှိ ပစေဦး' လို့ စိတ်ထဲက ကျိတ်ကြုံးဝါးပြီး ဘာမှမပြောဘဲ ပစ်ထားလိုက်တယ်။

အဲ...မကြာပါဘူး။

နောက်တစ်ပတ်လောက်မှာတင် ပြဿနာတက်တော့တာပါပဲ။

* * *

ပြဿနာတက်တာကလည်း အဲဒီ ကျွန်တော်တို့ ထိုင်နေကျ ကား ဂိတ်နားက 'အောင်သပြေ' လက်ဖက်ရည်ဆိုင်လေးမှာပဲ။

ကျွန်တော်တို့ကလည်း အားအားယားယားရှိရင် အဲဒီလက်ဖက်ရည် ဆိုင်မှာပဲ ဖင်ကျောက်ချပြီး ထိုင်နေကျ။ အဲဒီနေ့ကလည်း ရေနွှမ်းကြမ်း

တစ်အိုးပြီးတစ်အိုး မှာသောက်ရင်း ကျွန်တော်နဲ့ ပန်းချီဆရာက ဖိုးစောကို ဦးနှောက်စားအောင် ဝိုင်းကျပ်နေကြတယ်။

"ဟောကောင်... ဖိုးစော၊ မင်းမျက်နှာက ဝက်ခြံတွေကလည်း ပျောက်တယ်လို့ကို မရှိပါလား။ ဆေး မလိမ်းဘူးလား"

ဖိုးစောက ခေါင်းကုတ်ရင်း...

"လိမ်းတာမှ စုံနေတာပဲဗျ၊ သက်မှ မသက်သာတာ။ ဝင့်နာကံနာများလားတောင် မသိဘူး"

ပြောမယ်ဆိုလည်း ပြောစရာပဲဗျ။ ဒီကောင့်မျက်နှာပေါ်က ဝက်ခြံတွေက တစ်ဝက်တစ်ပျက် တူးလက်စ အားလူးစိုက်ခင်းကျနေတာပဲ။

ဒါနဲ့ ပန်းချီဆရာက မျက်နှာကို ခပ်တည်တည်ထားပြီး...

"အဲဒါဆို မင်း ဟိုဟာကွာ 'အောဇင်းဘူး' ဆိုတာ ဝယ်လိမ်းကြည့်ပါလား"

ကျွန်တော်က မရယ်မိအောင် နှုတ်ခမ်းကို ဖိကိုက်ထားလိုက်ရတယ်။ ဒါပေမဲ့ ဖိုးစောရဲ့ 'တုံး' ချက် 'အ' ချက်ကတော့...

"အောဇင်းဘူး"

ဆိုတာ စကားလိမ်နဲ့ပြောမှန်း မရိပ်မိဘူး။ သူက ပြန်ပြီးတော့တောင် မေးလိုက်သေးတယ်။

"အောဇင်းဘူးဆိုတာ ဘူး အကြီးလား၊ ဘူး အသေးလားဗျ။ ဘယ်မှာ ဝယ်ရမှာလဲ"

ပန်းချီဆရာက ရယ်ချင်နေတဲ့ ပါးစပ်ကို လက်ခုံနဲ့ သုတ်သလိုလို ဘာလိုလို ခပ်ကွယ်ကွယ်လုပ်ရင်း...

"အောဇင်းဘူးကတော့ ဘူးသေးကော ဘူးကြီးကော ဆိုဒ်အစုံ ဝယ်လို့ရပါတယ်ကွာ၊ ဝိသုဒ္ဓါရုံ စာသင်တိုက်နားက ဆေးဆိုင်မှာ မေးကြည့်ပါလား"

"အေးဗျာ... နောက်နေ့ကျမှ သွားစုံစမ်းကြည့်လိုက်ဦးမယ်"

ဘေးဝိုင်းက နားစွန်နားဖျားကြားလိုက်ရတဲ့ သူတွေကလည်း ဖိုးစော မသိအောင် တိတ်တိတ်ကျိတ်ပြီး တခွိခွိ ရယ်ကြတယ်။

အဲဒီ ၁၉၈၆–၈၇ ခုနှစ်လောက်တုန်းကတော့ လူငယ်ဘဝရဲ့ ပျော်စရာ ရွှင်စရာဆိုတာ အဲသည်လောက်ပဲရှိတာဗျ။

လက်ဖက်ရည်ဆိုင်ထိုင်မယ်။ တစ်ယောက်ကိုတစ်ယောက် နောက်မယ်ပြောင်မယ်။ ဆိုင်ကဖွင့်တဲ့သီချင်း နားထောင်ရင်း လတ်တလော ဖတ်ဖြစ်နေတဲ့ စာအုပ်အကြောင်းပြော။ သတင်းစာကို နောက်ဆုံးစာမျက်နှာကနေစပြီး ပြောင်းပြန်လှန်ဖတ် (ရှေ့ဆုံးစာမျက်နှာကလည်း ဖတ်ချင်စရာမှ မရှိဘဲကိုး)

ပြီးရင် ကြော်ငြာစာမျက်နှာမှာပါတဲ့ အစိုးရအလုပ်ဌာနခေါ်စာလေး ဘာလေးကြည့်...။ ဒီလောက်ပါပဲဗျာ။

ခုခေတ်လို ဘီယာဆိုင်တွေ အရက်ဆိုင်တွေလည်း မပေါ်သေးဘူး။ ဗီဒီယိုရုံတွေ၊ ဂိမ်းဆိုင်၊ အင်တာနက်ဆိုင်တွေနဲ့ စကတ်တိုတို ကောင်မလေးတွေလည်း မပေါ်သေးဘူးဗျ။

အဲဒီတော့ လက်ဖက်ရည်ဆိုင်ထိုင်၊ ငြင်းခုံ၊ ဆွေးနွေး၊ နောက်ပြောင် ဒါနဲ့ပဲ အချိန်ကုန်ရတာ။

အခုလည်း ဖိုးစောကို ဝိုင်းပြီး နောက်ပြောင်နေကြတုန်း လက်ဖက်ရည်ဆိုင်ထဲကို 'ဂဘု ဦးပွား' က ကုန်းကုန်း ကုန်းကုန်းနဲ့ ဝင်လာပါလေရော။

အဲဒီမှာတင် ဖိုးစောက ဝမ်းသာအားရနဲ့...။

"ဟာ...ဦးလေးပွား၊ အတော်ပဲ"

ဦးပွားကလည်း ပင့်ကူကြီးတစ်ကောင်လို ကုန်းကွကွ ခြေကားယား လက်ကားယားနဲ့...

"ဘာလဲ... ဖိုးစော၊ ဟိုကိစ္စလား"

သူတို့နှစ်ယောက်စလုံး မအေးရ ဝခမန်း စိတ်ကူး အယဉ်လွန်ထွက်ပြီး မိုးမမြင် လေမမြင် ဖြစ်နေကြတာဗျ။

ဘယ်လောက်တောင် မမြင်ကြသလဲဆိုတော့...

သူတို့နောက်ကနေ ပတ်ပြီး လက်ဖက်ရည်ဆိုင်ထဲကို ဒန်ချိုင့် ပိန်ပိန်လေးတစ်လုံးဆွဲလို့ ငိုက်စိုက်ငိုက်စိုက်နဲ့ ဝင်လာတဲ့ မလှဌေးကိုလည်း မမြင်မိကြဘူး။

ကြည့်ရတာ မလုဗွေးက သူ့ယောက်ျား သိပ်ပွဲစိန်လှသောက်ဖို့ လက်ဖက်ရည် ပါဆယ် လာဝယ်တာနဲ့တူပါတယ်။

(ဒီနေရာမှာ မဖြစ်ချင်ပါဘူးဆိုမှ တိုက်တိုက်ဆိုင်ဆိုင် လွဲချော်တတ်တဲ့ အာသာ ဘလော့ချ်ရဲ့ ဥပဒေကို အပြစ်တင်ရမလား။ ကာယကံရှင် မလုဗွေး ကိုယ်တိုင်ရဲ့ ခေါလွန်းလှတဲ့ 'သွား' နဲ့ ကောက်လွန်းလှတဲ့ 'ဖင်'ကိုပဲ အပြစ်တင်ရတော့မလား မပြောတတ်ပါဘူးဗျာ)

မလုဗွေးတစ်ယောက် ဖိုးစောနောက်ကနေ ဖြတ်လျှောက်တဲ့အချိန်မှာပဲ ဖိုးစောက အသံပြဲကြီးနဲ့...။

"ဦးလေးပွား ရှာခိုင်းထားတဲ့ 'ရှဲစောင်း' ကို ကျွန်တော် တွေ့ထားပြီဗျို့၊ ဟား... ဟား"

ဒီစကားက သူ့ကိုများ စောင်းပြောတာလားဆိုပြီး မလုဗွေးက ဖိုးစောကို ဒေါသတကြီးနဲ့ 'ဒိုင်း' ခနဲ မျက်စောင်းပစ်ထိုးလိုက်တယ်။

ဟုတ်တယ်၊ ထင်မယ်ဆိုလည်း ထင်ချင်စရာလေ။ ရပ်ကွက်သုံး ဗန်းစကားအရတော့ 'ရှဲစောင်း' ဆိုတာ 'သွားခေါတာ' ကို ခေါ်တာမဟုတ်လား။ ပါးစပ်ထဲကနေ အပြင်ကို တစောင်းကြီး ငေါထွက်နေတဲ့ သွားဖုံးမောက်မောက်ကြီးတွေက မော်တော်ကား ထိပ်ဦးပိုင်းနဲ့တူလို့လေ။

ဒါကြောင့်...

မလုဗွေးက သူ သွားခေါတဲ့အကြောင်း ဖိုးစောနဲ့ ဦးပွားတို့ 'အထာစကား' နဲ့ ဟားနေကြတာပဲလို့ ထင်သွားပြီး...

"တောက်"

ရင်ထဲက အသံတိတ် ကျိတ်ပြီး တောက်ခေါက်လိုက်တယ်။ မလုဗွေးရဲ့ မျက်လုံးတွေ ပြူးထွက်လာပုံက ဒေါသကို မနည်းကြီး ဖိချုပ်ျိုသိပ်နေရတဲ့ပုံပဲ။

အဲဒီအချိန်မှာမှ 'ဂဘု' ဦးပွားက 'ပြဲဟဲဟဲ' ဆိုတဲ့ ရယ်သံဆိုးကြီးနဲ့...။

"ရှဲစောင်းရုံသက်သက်ပဲလားကွ... ဖိုးစောရဲ့"

"ဟဲ... ဟဲ... ရှဲစောင်းရုံတင် မကဘူး၊ ဖင်ပါကောက်သေးတယ် ဦးလေးရေ။ ဟဲ... ဟဲ"

ကိုင်း... ဒါကတော့ ဖြောင်ကျကျကို စော်ကားလွန်းနေပြီ။ ပြီးတော့ စော်ကားရုံတင်မက ငှက်ဆိုးထိုးသံကြီး တဗြဲဗြဲတဟဲဟဲနဲ့ ရိထေ့ လှောင်ပြောင်နေမှတော့ မလှဌေး ဘယ်နှယ့်လုပ်ပြီး သည်းခံနိုင်တော့မှာလဲ။

ငမိုက်သား ဖိုးစောက ပါးစပ်ကို ဘရိတ်မအုပ်သေးဘဲ...

"ကဲ... ဘယ်နှယ့်လဲ ဦးလေးပွား၊ ရှဲစောင်းဖင်ကောက်ကိုတော့ ကျွန်တော် တွေ့ထားပြီ။ ဦးလေး ဆွဲမလား"

စကားတောင် မဆုံးလိုက်ဘူး။

"ကဲ... ဆွဲချင်ဦးဟယ်၊ ဆွဲချင်ဦးဟယ်။ သေချင်းဆိုးတွေ..."

"ဖြန်း... ဖြန်း... ဘုတ်... ဝွမ်း"

"အောင်မလေးဗျ"

မလှဌေးက ဖိုးစောကို နှက်လိုက်တာများဗျာ လက်တောင် မလည်ဘူး။

ဒါနဲ့တင် အားမရလို့ သူကိုင်လာတဲ့ ဒန်ချိုင့် အပိန်လေးနဲ့လည်း ဖိုးစောခေါင်းကို တဒေါင်ဒေါင် မြည်အောင်ခေါက်သေးသဗျ။

"ဒေါင်... ဒေါင်... ဝွမ်း... ဒုတ်"

"အောင်မလေးဗျ... လုပ်ကြပါဦးဗျ"

မြန်မာစာဆရာ ကိုဆင့်သူရဲ့ စကားနဲ့ပြောရရင် လောကနီတိထဲမှာပါတဲ့ 'ရန်သူကို ချေမှုန်းတဲ့နေရာမှာ တိုက်ကြက်ကဲ့သို့ ရဲရင့်ရမည်'ဆိုတာ ဒါမျိုးနဲ့တူပါရဲ့ဗျာ။

မလှဌေးရဲ့ 'ခွပ်ချက်' တွေက 'လန်' ထွက်နေတာပဲ။

* * *

ကိုဆင့်သူက မြန်မာစာဆရာပီပီ ကျွန်တော်တို့အိမ်နံရံမှာ မြန်မာ ပညာရှိကြီးတွေရဲ့ အဆိုအမိန့်တွေ၊ နီတိတွေ၊ လင်္ကာတွေ ရေး ရေးပြီး ကပ်ထားလေ့ရှိတယ်ဗျ။

အဲဒီဟာတွေထဲမှာ စိတ်ကျော်သူ ဦးဩရဲ့ 'ဩဝါဒထူးပျို့' ဆုံးမစာ

ထဲက 'တရားမရ မျက်ဒေါသ' ဆိုတဲ့ လင်္ကာရှစ်ပိုဒ် ရှိတယ်။

'လက်နက်ဆင်မြင်း၊ ဗိုလ်သင်းပင်းကြောင့်
မင်းတို့အမျက် ဟူးဟူးထွက်၏'
'အောက်ထက်ကျွန်ကျေး၊ ရွှေငွေကြေးကြောင့်၊
သူဌေးအမျက် ဟူးဟူးထွက်၏'
'မခက်ခဲလွန်၊ အမှုပွန်၍
ကျေးကျွန်အမျက် ဟူးဟူးထွက်၏'
'လိုက်ဖက်ဆေးဝါး၊ မန္တရားကြောင့်
သမားအမျက် ဟူးဟူးထွက်၏'
'လေ့ကျင့်နှံ့ပြား၊ ဗေဒင်အားကြောင့်
ပုဏ္ဏားအမျက် ဟူးဟူးထွက်၏'
'အောက်ထက်ဆန်စုန်၊ တောင်ပံဟုန်ကြောင့်
ဂဠုန်အမျက် ဟူးဟူးထွက်၏'
'စက်ယန္တရား၊ ခိုးလျှံများကြောင့်
နဂါးအမျက် ဟူးဟူးထွက်၏'
'ရန်ဖက်ဖျောက်လေ့၊ ဟောက်တတ်လေ့ကြောင့်
ခြင်္သေ့အမျက် ဟူးဟူးထွက်၏'

....တဲ့။ အဲဒါတွေပေါ့ဗျာ။ ဘုရင်ရဲ့ဒေါသ၊ သူဌေးရဲ့ဒေါသ၊ ဂဠုန်တွေ ခြင်္သေ့တွေရဲ့ ဒေါသတွေအကြောင်း ဆုံးမထားတာပါ။

ကျွန်တော်က အဲဒီဆုံးမစာတွေရဲ့ အောက်ကနေ ကိုယ့်ဖာသာ ကိုယ်စပ်ဆိုထားတဲ့ လင်္ကာတစ်ပိုဒ် ထပ်ရေးဖြည့်ပြီး ကပ်ထားလိုက်တယ်။

'ပွဲစားနှစ်ယောက်၊ လျှာရှည်ပေါက်ကြောင့်
ဖင်ကောက်အမျက် ဟူးဟူးထွက်၏'

■

## အခန်း (၆)

ဒီရပ်ကွက်လေးထဲကို ပြောင်းလာပြီးလို့ ခြောက်လ့ကျော်ကျော် လောက်အကြာမှာတင် ကျွန်တော်တို့အိမ်မှာ အိမ်သားအသစ်တစ်ယောက် တိုးလာ တယ်။

ကိုမောင်မောင်ချို... တဲ့။

ကျွန်တော်တို့ထက်တော့ အသက်အများကြီး ကြီးပါတယ်။ ရိုးလိုက် အလိုက်တာလည်း လွန်ရော။

ဘယ်လောက် 'အ' သလဲဆိုတော့ သူငယ်ငယ်တုန်းက ဆယ်တန်း အောင်ရင် လေဆိပ် Duty Free Shop ဆိုတဲ့ဆိုင်တွေမှာ အလုပ်လုပ်မယ်လို့ ဘဝရည်မှန်းချက်ကြီးကြီးထားတာဆိုပဲ။

ဘာကြောင့်လဲဆိုတော့...

သူ့စိတ်ထဲမှာ Duty Free ဆိုတာ (Duty = အလုပ်တာဝန်)၊ (Free = အားလပ်သော) လို့ ဘာသာပြန်ပြီး 'ဘာတာဝန်၊ ဘာအလုပ်မှ လုပ်စရာမလိုတဲ့အလုပ်' ထင်လို့တဲ့ဗျာ။

အခုလည်း မိန်းမယူပြီး ကလေးနှစ်ယောက်ရတဲ့အထိတော့ ဘာ အလုပ်မှလုပ်တာ မတွေ့ရဘူး။ တစ်နေကုန် ကျွန်တော်တို့နဲ့ လက်ဖက်ရည် ဆိုင် လာလာထိုင်နေတာပဲ။

သူ့ယောက္ခမ ချမ်းသာလို့သာ တော်သေးရဲ့။ ချမ်းသာတယ်ဆိုပေမယ့်လို့ သိပ်ကျိုကျိုတက်ကြီးတော့ မဟုတ်ဘူးပေါ့။ အငြိမ်းစားအရာရှိဘဝနဲ့ ဖယ်မလီယာကားလေးတစ်စီး ရှိတယ်။ ပြီးတော့ အိမ်အသုံးစရိတ် တိုတိုထွာထွာရအောင် အဝီစိတွင်းတူးပြီး ရေစည်လှည်းနှစ်စီး ထောင်ထားတယ်။

သူ့အိမ်မှာ ကိုမောင်မောင်ချို ဝိုင်းလုပ်ပေးရတယ်ဆိုတာက ရေစက်မောင်းပြီး ရေစည်လှည်းထဲ ထည့်ပေးရတာလောက်ပဲ။ သူ့မိန်းမ မဝင်းမေကတော့ ပဲခူးမှာရှိတဲ့ ဆေးဆိုးပန်းရိုက်ရုံကို သွားသွားပြီး ကြီးကြပ်နေရတာနဲ့ တစ်လမှာ ဆယ်ရက်လောက်ပဲ အိမ်ကိုပြန်လာနိုင်တာ။

မဝင်းမေက သူ့ယောက်ျားကို ချစ်လည်း ချစ်ပါရဲ့။ ဒါပေမဲ့ ကိုမောင်မောင်ချိုရဲ့ တုံးပုံ အပုံတွေကို အားမလို အားမရဖြစ်ပြီး ဆူရ၊ ကြိမ်းရ၊ ထုရ၊ နှက်ရတာတွေလည်း အကြိမ်ကြိမ်ပဲ။

ဘေးအိမ်တွေကကြားရင် မဝင်းမေကိုပဲ နှုတ်ကြမ်း အာကြမ်းမိန်းမ၊ လင်ကိုနိုင်တဲ့ မိန်းမလို့ အောက်မေ့မှာ။ တကယ်တမ်းတော့ မဝင်းမေ မလွန်ဘူး။

တစ်ခါကလည်း ကြည့်လေ။

သူတို့အိမ်မှာ ကူဖော်လောင်ဖက် ဝိုင်းလုပ်ဖို့ ခေါ်ထားတဲ့ ကောင်မလေး နှစ်ယောက်ရှိတာ။

ခများတွေမှာ အရွယ်ကလည်း အပျိုအရွယ်တွေ၊ နေပုံထိုင်ပုံကလည်း သိပ်ပြီး အချိုးအစပ် မဟုတ်လှတော့ မဝင်းမေ မျက်စိနဲ့ မတည့်ဘူးထင်ပါရဲ့။

ကောင်မလေးတွေက ရည်းစားသနာ ထားတဲ့အရွယ်ဆိုတော့ နည်းနည်းမူပျက်လာတယ်။

မဝင်းမေကလည်း ချက်ဆို နားခွက်က မီးတောက်တဲ့မိန်းမပဲဥစ္စာ။ ရိပ်မိတာပေါ့။

ဒါနဲ့ စောင့်ပြီးဖမ်းဖို့လုပ်ရော။ မသင်္ကာတာကတော့ သူတို့ခြေရင်းအိမ် စက်ဘီးပြင်ဆိုင်က အလုပ်သမားလေးယွေနဲ့ပဲ ညဘက် ညဘက် လူကြီးတွေ အိပ်မောကျတဲ့ အချိန်ကျရင် အောက်ထပ် ကောင်မလေးတွေ အခန်းက

တိုးတိုး တိုးတိုး စကားပြောသံကြားတာမျိုး၊ တံခါးဖွင့်သံကြားတာမျိုး တွေကလည်း ရှိတာကိုး။

ခြံစည်းရိုးကလည်း ခပ်နိမ့်နိမ့်ဆိုတော့ ဟိုဘက်ကနေ ကျော်ဝင်လာဖို့ကလည်း မခက်ဘူးလေ။

တစ်ရက်ကျတော့...

မဝင်းမေက ဗြုန်းဆို အိမ်ဖော်ကောင်မလေးတွေရဲ့အခန်းကို အလစ်အငိုက်ဖမ်း ဝင်စစ်တာ။ စုံထောက်မျက်လုံးနဲ့ ဟိုရှာဒီရှာ နှိုက်နှိုက်ချွတ်ချွတ်လုပ်လျှောကြည့်တော့ သင်ဖြူးဖျာ အကြိုအကြားမှာ စီးကရက်ဖင်စီခံအတိုတစ်ခု တွေ့ပါလေရော။

အဲဒီမှာတင်...

အိမ်ဖော်ကောင်မလေးတွေကို အိမ်ရှေ့ခန်း ကြမ်းပြင်ပေါ်ထိုင်ခိုင်းပြီး မဝင်းမေက ပုလိပ်စစ်စစ်တော့တာ။

"ဒါ ဘယ်သူ့စီးကရက်တိုလဲ"

ကောင်မလေးတွေက ကြောက်လွန်းလို့ တုတ်တုတ်မှ မလှုပ်ရဲဘူး။ အဖြေစကားမကြားရတော့ မဝင်းမေ ပိုပြီး ဒေါသထွက်လာတယ်။

"ဟဲ့... ငါမေးနေတယ်၊ ပြောကြလေ။ ဒါ ဘယ်သူသောက်ထားတဲ့စီးကရက်တိုလဲ"

အဲဒီအချိန်မှာပဲ လက်ဖက်ရည်ဆိုင်က ပြန်လာတဲ့ ကိုမောင်မောင်ချိုက အိမ်ရှေ့ဖိနပ်ချွတ်ပေါ် လှမ်းတက်လိုက်ရာကနေ သူ့မိန်းမရဲ့စကားသံကို နားစွန်နားဖျားကြားလိုက်တာနဲ့ ကမန်းကတန်း လှမ်းပြီး...

"အဝင်းရေ... ကိုယ့်စီးကရက်နဲ့ တူပါရဲ့ကွာ"

အဲသလို ဘုမသိ ဘမသိ အတင်းစွတ်ဝင်တာ။ မဝင်းမေက ဆောင့်ကြီးအောင့်ကြီးနဲ့ ဒိုင်းခနဲ မျက်စောင်းလှမ်းထိုးရင်း...

"ရှင်... အသာနေစမ်း... ကိုမောင်ချို"

ဒေါသဖြစ်ဖြစ်နဲ့ လှမ်းဟောက်တယ်။ ကိုမောင်ချိုကလည်း သူ့မိန်းမ ဒေါကန်နေမှန်းသိတော့ မျက်နှာကို အတတ်နိုင်ဆုံး ပြုံးတုံးတုံး ချိုတိုတိုလေး လုပ်ထားရင်း လေသံ ပိစိညှောက်တောက်ကလေးနဲ့...။

"ဟဲ... ဟဲ အဝင်းကလည်းကွာ၊ ဒီအိမ်မှာ ဆေးလိပ်သောက်တတ်တဲ့သူဆိုလို့ အဝင်းအဖေရယ်၊ ကိုယ်ရယ် နှစ်ယောက်တည်းရှိတာမဟုတ်လား။ အဖေက ဆေးပေါ့လိပ်ပဲ သောက်တာလေ။ ဟဲ... ဟဲ ဒီတော့ ကိုယ့်ရဲ့ စီးကရက်တိုပဲ ဖြစ်မှာပေါ့ကွာ။ ဒါလေးများ မိန်းမရယ် ရှင်းနေတာပဲ။ ဟဲ... ဟဲ... ဟဲ"

"ဒီမယ်... ကိုမောင်ချို၊ ရှင့်အပေါက်ကို အခုပိတ်မလား၊ မပိတ်ဘူးလား"

ကိုမောင်ချိုက မျက်လုံးလေး ကလယ်ကလယ်နဲ့...။

"ဟင်... ဘာလဲဟင်၊ ကိုယ် ဘာပြောမိလို့လဲ မိန်းမရယ်။ ကိုယ့်စီးကရက်ကြောင့် သူများ အဆူခံရမှာစိုး..."

"သွား... ဒီကိစ္စ ရှင်နဲ့ ဘာမှမဆိုင်ဘူး၊ ခပ်ဝေးဝေးသွားနေ"

"ဩ်... အဟက်... အဟက်... မိန်းမရယ်၊ စီးကရက်ဆိုတာ ကိုယ်တစ်ယောက်ပဲ သောက်... သောက်"

"ဝွမ်း"

မဝင်းမေက ရေနွေးပန်းကန်လုံးနဲ့ ကောက်ပေါက်လိုက်ရင်း...

"တိတ်စမ်း... ကိုမောင်ချို၊ ဒီမှာ အိမ်ဖော်မနဲ့ အတ္တာဖြစ်တဲ့လက်သည်ကို စစ်နေတာနော်၊ ရှင် တရားခံဖြစ်သွားချင်လို့လား"

အဲသလို တည့်တည့်ပြောမှပဲ ကိုမောင်ချိုတစ်ယောက် ရိပ်မိပြီး ကုပ်ကုပ်ကလေးလစ်တော့တာ။ ဒါကတော့ သူ့လက်ချက်မဟုတ်တာ သေချာတယ်လေ။

* * *

ကျွန်တော်တို့နဲ့ ကိုမောင်ချိုက လက်ဖက်ရည်ဆိုင် ထိုင်ရာကဆုံမိပြီး မိတ်ဆွေဖြစ်ကြတာဆိုတော့ သူ့မိန်းမ မဝင်းမေကို မမြင်ဖူးကြဘူးဗျ။

စပ်လည်း မစပ်စုချင်ကြပါဘူးဗျာ။ ဒီလိုပဲ နေလိုက်ကြတာပါပဲ။ **ကိုမောင်မောင်ချိုကိုယ်တိုင်ကလည်း စကားခပ်နည်းနည်းရယ်ဗျ။**

တစ်ခါ တစ်ခါကျရင်တော့...

လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ အုပ်စုဖွဲ့ လေပန်းနေတုန်း ဆံပင်နီကြောင်ကြောင် အဝတ်အစား ဖိုသီဖတ်သီနဲ့ မိန်းမတစ်ယောက်က အခါလယ်သား အရွယ်လောက် ကလေးတစ်ယောက် (ကိုမောင်မောင်ချို့ရဲ့ သား အငယ်ကောင် ထင်ပါရဲ့ဗျာ) ကို ခါးထစ်ခွင် ချီလာပြီး...

"အဖေကြီးရေ ကလေးက မနေဘူးတော့၊ လာထိန်းပါဦး"

လို့ လက်ဖက်ရည်ဆိုင်ရှေ့ကနေ လာပြီး အသံပြုတတ်တယ်။ အဲဒီလိုအခါမျိုးကျရင် ကိုမောင်မောင်ချို့ကလည်း ကပျာကသီနဲ့ ပုဆိုးလေး ပြင်ဝတ်ပြီး...

"လာပြီ... လာပြီ"

ဆိုပြီး ကလေးကို ပြေးချီ၊ ပြီးရင် နှစ်ယောက်သား ရပ်ကွက်ထဲဆီ စုံတွဲ ကြွမြန်းတော့တာပဲ။

ကျွန်တော်တို့က အဲဒီ ဆံပင်နီကြောင်ကြောင်နဲ့ မိန်းမဟာဖြင့် ကိုမောင်မောင်ချို့ရဲ့ဇနီး ဖြစ်မှာပဲလို့ အောက်မေ့ထားတာ။

ဟုတ်ဘူးဗျ။

မဝင်းမေက ချက်ဟယ်ပြုတ်ဟယ်နဲ့ မအားတဲ့အချိန်ကလေး အငယ်ကောင်က ထထ ငိုပြီဆိုရင် အိမ်ဖော်ကို ထိန်းခိုင်းချော့ခိုင်းတာတဲ့။

အဲဒါ အိမ်ဖော်က ကလေးကို ချီရင်းပိုးရင်း လမ်းလျှောက်သလိုလို ဘာလိုလိုနဲ့ ကိုမောင်ချို့ သေချာပေါက်ရှိနေမယ့် လက်ဖက်ရည်ဆိုင်ကို လိုက်လာပြီး ကလေးကို ထိုးအပ်သွားတာ။ ပြီးတော့ အဲဒီမိန်းမပြောတဲ့ လေသံက အိမ်ဖော်လေသံမှ မဟုတ်ဘဲ။

"အဖေကြီးရေ... ကလေးက မနေဘူးတော့"

ဆိုတော့ လင်နဲ့မယားချင်း ပြောနေဆိုနေကျလိုလို။ အဲဒီတော့ အကြောင်းမသိတဲ့ ကျွန်တော်တို့ကလည်း ဆံပင်နီကြောင်ကြောင် ဖိုသီဖတ်သီနဲ့ အိမ်ဖော်မကို ကိုမောင်မောင်ချို့ရဲ့ တောင်ညာစ မယေားသီကြီးလို့ အောက်မေ့ပြီး...

"ဩော်... ကျွတ်... ကျွတ် တို့များရဲ့ ဆော်ဒါကြီး မိန်းမရကံ ဆိုးနဲ့ချာလေခြင်း"

ရယ်လို့ ကျိတ်ပြီး သနားနေကြတာဗျ။

ကိုမောင်မောင်ချို ကိုယ်တိုင်ကတော့ သူ့ကို အဲဒီလို ပြောရဆိုရကောင်းလားဆိုပြီး အိမ်ဖော်မိန်းမကို ဆူပူဟယ်ကြိမ်းဟယ်တောင် မလုပ်ဘူး။

အားနာစရာမရှိ ကြံဖန်အားနာတယ် ထင်ပါရဲ့။ မြဲ့စိစိနဲ့ နေနေတာပဲ။

* * *

ကိုမောင်မောင်ချို့ကို သူ့ယောက္ခမ အိမ်ပေါ်ကနှင်ချရတဲ့ အကြောင်းကလည်း အဲဒီ အားနာတဲ့ကိစ္စကပဲ အရင်းခံတာဗျ။

ဒီလိုလေဗျာ။

ကိုမောင်မောင်ချိုက ရေစည်လှည်းဖိုးရတဲ့အထဲကနေ တစ်နေ့ကို ငါးကျပ် တစ်ဆယ်လောက် နေ့တွက် စီနေလေတော့ လက်ဖက်ရည်ဆိုင်လာထိုင်တဲ့အခါ ဆိုက်ကား စီးစီးလာတယ်။

သူစီးနေကျ ဆိုက်ကားဆရာက ပေသီးတဲ့။ ပေသီးရဲ့ဆိုက်ကားကို တစ်ရပ်ကွက်လုံးက 'ခွေးချေး' လို့ နာမည်ပေးထားကြတယ်။

ဟိုနေရာ 'ပါ' သွားလိုက်၊ ဒီနေရာ 'ပါ' သွားလိုက်နဲ့မို့လို့။

ပါစင်ဂျာက တစ်ယောက်တည်း ဈေးကိုသွားဖို့ ငှားစီးတယ်ဆိုပါစို့။ (နောက်ဘက်ထိုင်ခုံက လွတ်နေပြီဆိုရင် အဲဒီလူ 'နာ' ပြီသာမှတ်ပေတော့)

ဘာဖြစ်လို့လဲဆိုတော့ လမ်းမှာ နောက်ထပ် ခရီးသည်တစ်ယောက်က ဖြတ်တားပြီး 'ဘုန်းကြီးကျောင်း ပို့ပေးစမ်းပါ' လို့ ပြောလာရင်လည်း လာထားပဲ။ 'တက်ဗျာ၊ ပေးချင်သလောက်ပေး' ဆိုတာချည်းပဲ။

(အဲဒီလို နောက်ထိုင်ခုံ ဘေးထိုင်ခုံကို ကပ်မြှောင်ပြီး စီးတဲ့လူအဖို့ကျတော့ ဆိုက်ကားခပေးရတာ သက်သာတာကိုး)

အဲသလိုနဲ့ လမ်းတစ်လျှောက် တွေ့သမျှ မဆုံးနိုင်တော့ဘူး။ တစ်

ယောက်ပြီးတစ်ယောက် တစ်နေရာပြီးတစ်နေရာ ရွှေ့ပြောနေတော့တာ။ အရင်ဆုံး ငှားစီးမိတဲ့ ခရီးသည်ကတော့ ရှင်လောင်းပြသလို ရွာစဉ်လှည့်ဖို့သာ ပြင်ထားပေတော့ပဲ။

ကြာတော့ ပေသီးရဲ့ဆိုက်ကားကို ရပ်ကွက်ထဲမှာ ဘယ်သူမှ မငှားကြတော့ဘူး။ ကိုမောင်မောင်ချိုကတော့ အဲသည်လို ဖြစ်နေရရှာတာကိုပဲ ပေသီးကို ကြုံကြုံဖန်ဖန် အားနာသတဲ့ဗျာ။

ဒါကြောင့် လက်ဖက်ရည်ဆိုင်ကိုလာတိုင်း ပေသီးရဲ့ ဆိုက်ကားကိုပဲ အမြဲ ငှားစီးတယ်။

ပေသီးကလည်း ဘယ်တော့မှ အချိုးမပြောင်းဘူး။

ကိုမောင်မောင်ချိုက တစ်ယောက်တည်းသော ပါစင်ဂျာမဟုတ်လား။ ဆိုက်ကား နောက်ခုံက အမြဲလွတ်နေတာလေ။ အဲဒီတော့ ပေသီးရဲ့ဆိုက်ကားပေါ်မှာ ကိုမောင်မောင်ချို ပါလာပြီဆိုရင် လမ်းမှာ...

"ဟဲ့... ပေသီးရေ၊ ငါ့မှာ ခြင်းတောင်းတွေနဲ့မို့ ဈေးကို အရင်လိုက်ပို့စမ်းပါဦးဟယ်"

ဆိုရင်...

ဈေးတောင်းပိုက်ထားတဲ့ မိန်းမကြီးနဲ့ တွဲလျက်သားနဲ့လည်း ကိုမောင်မောင်ချိုတစ်ယောက် ငုတ်တုတ်ကြီး ပါသွားတတ်တယ်။ တစ်ခါတစ်ခါ...

"ဦးလေးပေသီးရေ... ကျွန်မကလေးတွေ ကျောင်းနောက်ကျနေလို့ မြန်မြန်ပို့ပေးစမ်းပါဦး"

ဆိုတဲ့ မိန်းမမျိုးနဲ့တွေ့ရင်လည်း ကိုမောင်မောင်ချိုရယ်၊ အဲဒီ မိန်းမရယ်၊ ကလေးတွေ တိုးလို့တွဲလောင်း တစ်ပြုံတစ်မနဲ့ ဆိုက်ကားပေါ် အမြိန့်သားကြီး ထိုင်လိုက်သွားတာပဲ။

ကိုမောင်မောင်ချို့ ပါးစပ်ကတော့ 'မတင်နဲ့ဗျာ' လို့ ကန့်ကွက်တာ တစ်ခါမှမရှိဘူးဗျ။ အားနာလို့... တဲ့။

* * *

အိမ်ပေါ်က ဆင်းရတဲ့ပြဿနာက ဒီလိုဗျ။

ကိုမောင်မောင်ချို့ ယောက္ခမကြီးက စစ်မှုထမ်းဟောင်းများ အစည်းအဝေးကနေ ပြန်လာတယ်။ သူ့ဖင်မလီယာ ကားလေးပေါ်မှာ မြို့နယ်က တာဝန်ရှိတဲ့ လူကြီးနှစ်ယောက် သုံးယောက်လည်း ပါလာတယ်ဆိုပဲ။

သူတို့ကားနဲ့ ကိုမောင်မောင်ချို စီးလာတဲ့ ဆိုက်ကားက လမ်းမှာ ဆုံတာ။

ထုံးစံအတိုင်း ကိုမောင်မောင်ချိုက ဆိုက်ကားရှေ့ခုံမှာ။ အဲ... ပြီးတော့ နောက်ခုံမှာက အဝတ်အစားဖရိုဖရဲ ဆံပင်ဖိုသီဖတ်သီနဲ့ မိန်းမတစ်ယောက်။

ဖြစ်ချင်တော့ဗျာ အဲဒီမိန်းမကို (ကိုမောင်မောင်ချိုကသာ လူအေးမို့လို့ မသိတာ) တစ်မြို့နယ်လုံးက နာမည်ပျက်နဲ့ ကျော်ဇောစာရင်းဝင်မှန်း သိနေတာဆိုပဲ။

အဲဒီမိန်းမကလည်း ရပ်ကွက်အစွန်မှာရှိတဲ့ တည်းခိုခန်းရှေ့က ထွက်ပြီး ဆိုက်ကားတားစီးတာတဲ့။

အဲဒီကနေ ကိုမောင်မောင်ချိုနဲ့ နှစ်ယောက်တွဲ ဆိုက်ကားစီးပြီး ထွက်အလာ အဘိုးကြီးတွေရဲ့ ဖင်မလီယာကားကလည်း ဖြတ်အသွားနဲ့ တည့်တည့်တိုးရော။

အိမ်ပြန်ရောက်တော့ အဘိုးကြီးက ပွဲကြမ်းတော့တာပဲ။

"နေ့ခင်းကြောင်တောင် အရှက်မရှိဘူး"

ဘာညာနဲ့ ကြိမ်းမောင်းပြီး အိမ်ပေါ်ကနေ နှင်ချလိုက်တယ်။ ကိုမောင်ချို့မိန်းမ မဝင်းမေကလည်း ပဲခူးရောက်နေတဲ့အချိန်ကိုး။

ဒါနဲ့ပဲ...

ကိုမောင်မောင်ချိုတစ်ယောက် (ကိုယ့်ဖာသာကိုယ် ဘာပြစ်မှုကျူးလွန်လို့ ကျူးလွန်မိမှန်း မသိဘဲ) ကုပ်ချောင်းချောင်းနဲ့ ယောက္ခမအိမ်ပေါ်က ဆင်းပြီး ကျွန်တော်တို့ဆီ ရောက်လာတော့တာပါပဲဗျာ။

* * *

ကိုမောင်မောင်ချိုလို လူတစ်ယောက်ကို အိမ်ပေါ်တင်ထားရတာဟာ ဘာမှ အပန်းမကြီးဘူး။ ကရိကထလည်း မများဘူး။

မနက်မိုးလင်းလာပြီဆိုရင်...

ကိုမောင်မောင်ချိုတစ်ယောက် မျက်နှာသစ်ပြီး ပုဆိုးပိုင်းလေးနဲ့ ရေစင်အောင်သုတ်၊ ပြီးရင် မနေ့ညက ကျန်တဲ့ ထမင်းကြမ်းခဲလေးကို ငါးပိရည်နဲ့ နယ်ဖတ်စားပြီး ပက်လက်ကုလားထိုင်မှာ ငြိမ်ငြိမ်ကလေးထိုင်နေတာပဲ။

စကားတောင် သိပ်ဟဟ မပြောဘူး။ မျက်လုံးကလေးမှေးပြီး စဉ်းစားခန်းဝင်နေတာပဲ။

ကျွန်တော် တစ်ခါက မေးကြည့်ဖူးတယ်။

"ကိုမောင်ချို၊ ခင်ဗျား ဘာတွေများ တွေးတွေးနေတာလဲဗျ"

လို့...။

သူပြန်ဖြေတဲ့စကားကို ကျွန်တော့်တစ်သက် ဘယ်တော့မှ မေ့လို့ရတော့မှာ မဟုတ်ဘူး။

ကိုမောင်မောင်ချိုရဲ့ အဖြေက...

"ဩော်... မနေ့ညက မက်ခဲ့တဲ့ အိပ်မက်အကြောင်းကို ပြန်စဉ်းစားနေတာပါဗျာ"

....တဲ့။

* * *

ထူးဆန်းတယ်...

သူဟာ ညတိုင်းညတိုင်း အိပ်မက် မက်တတ်သူလား မသိဘူး။

ပြီးတော့...

နိစ္စဓူဝ တာဝန်ကြီးတစ်ခုလို နေ့တိုင်း နေ့တိုင်း သူလုပ်နေရတဲ့ အလုပ်က 'မနေ့ညက မက်ခဲ့တဲ့ အိပ်မက်အကြောင်းကို ပြန်စဉ်းစားတာ' တဲ့။

* * *

ဟုတ်ကဲ့…

ကျွန်တော်တို့ဟာ ဘဝတစ်ကွေ့မှာ ခေတ်တစ်ခေတ်မှာ အိပ်မက်တွေအကြောင်းကိုပဲ စဉ်းစားနေတတ်သူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ခဲ့ရဖူးပါတယ်။

■

# အခန်း (၇)

မှတ်မှတ်ရရ...

လူရိုးလူအေးကြီး ကိုမောင်မောင်ချိုခများ ကျွန်တော်တို့ကြောင့် ပြဿနာ တက်ရတာဆိုလို့ တစ်ခါတော့ ရှိဖူးတယ်။

အဲဒါကလည်း ကျွန်တော်တို့ကို မျက်မုန်းကျိုးနေတဲ့ ဦးဖေခင်နဲ့ ဖြစ်တဲ့ကိစ္စပါ။

ဦးဖေခင်က ကျွန်တော်တို့အုပ်စုကို လမ်းသရဲလေးတွေ...။ ပေါ့ပေါ့နေ ပေါ့ပေါ့စားတွေလို့ တစ်ထစ်ချ သတ်မှတ်ထားတာဗျ။

ကျွန်တော်တို့ကလည်း ကျွန်တော်တို့ပါပဲဗျာ။

ရပ်ကွက်ထဲ မြောင်းဖော်တာတို့၊ လုပ်အားပေးတာတို့မှာ လူစုစု ရှိပြီဆိုရင် သူ ပြောလေ့ပြောထ ရှိတတ်တဲ့ 'လူနှင့် လူ့ပတ်ဝန်းကျင် အညမည သဘောတရား' တို့၊ 'ခေတ်ကြီးငါးခေတ်' တို့၊ 'ပါတီဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန် ချက်အရ' တို့ ဆိုတာတွေကို ကျွန်တော်တို့က မျက်နှာပိုးသေသေနဲ့ ဘယ်လိုမှ နားထောင်ပေးလို့ မရဘူးဖြစ်နေတယ်။

ဒါတောင် သူ့မှာ **'သန္တာခင်'** ဆိုတဲ့ သမီးချောချောလေးရှိလို့ မနည်း **အောင့်အည်း သည်းခံနေတာ။**

တစ်ခါကလည်း ကျွန်တော့်ကို ဘလိုင်းကြီး 'ကော်' တာ။ ဟိုဓမ္မာရုံ

ဆောက်မယ့်ကိစ္စပဲလေဗျာ။ ကျွန်တော်တို့ လူငယ်တွေက ဘိလပ်မြေသယ်၊ အုတ်သယ်၊ ထုံးသယ်နဲ့ လုပ်အားပေးနေကြတုန်း ဓမ္မာရုံဝေါပက ဆရာချယ်နဲ့ ဦးဖေခင်တို့က တံတွေးတွေ ဗွက်ပေါက်အောင် ပါးစပ်အမြောက်ပစ်နေကြလေရဲ့။

ဆရာချယ်က လက်ဖက်ပန်းကန်ထဲက ပုစွန်ခြောက်ဖတ်ကို ရွေးပြီး ခပ် ဝါးလိုက်ရင်း...

"ခုခေတ်လူငယ်တွေက ခင်ဗျားတို့ ကျုပ်တို့ခေတ်တုန်းကလို မဟုတ်ကြတော့ဘူးဗျ။ ရင်လေးပါတယ်ဗျာ... ဟူး"

အပြစ်တင်ချင်တဲ့ လေသံကြီးနဲ့ စပြောတယ်။

ဟင်... 'သူတို့လို မဟုတ်ဘူး' ဆိုတာက ဘာမဟုတ်တာတုံး။ သမဝါယမဆိုင်ကပစ္စည်း မခိုးတတ်တာကို ပြောတာလား။ လမ်းပြင်စရိတ်ကို ပိုပိုသာသာပြပြီး အိတ်ထဲ မထည့်တတ်တာကိုပဲ ပြောတာလား။ ဓာတ်ဘူးတို့ စောင်တို့ ခွဲတမ်းရရင် ရပ်ကွက်ထဲကလူတွေကို မရောင်းဘဲ သူတို့ချင်းပဲ ဝေယူကြတာကို ပြောတာလား။ သိပ် မရှင်းဘူးဗျာ။

ထားပါ...။

ကျွန်တော်ကလည်း စိတ်မဝင်စားပါဘူး။ ဒါက သူတို့လူကြီးတွေ လက်ဖက်စားကောင်းအောင်ပြောတဲ့ စကားတွေပါ။

ဒါပေမဲ့ ဦးဖေခင်က ကျွန်တော့်ဘက်ကို ပေစောင်းပေစောင်းကြည့်ပြီးတော့...

"ဟုတ်တယ်ဗျို့၊ လက်ဖက်ရည်ဆိုင်မှာ ဟေးလားဝါးလား လုပ်နေတဲ့ကောင်တွေကို ကြည့်ပြီး ကျုပ်ဖြင့် အသည်းယားလို့ မဆုံးဘူး။ ခုနယ်ခါများ အရေးကြုံလို့ လူတိုင်း စစ်ထဲဝင်ရမယ်ဆိုရင် ဒီလိုကောင်မျိုး တွေကြောင့် ကိုယ်ကျိုးနည်းရချည်ရဲ့"

ဒါကြီးကတော့ 'ဖောင်း' ဗျာ။ တကယ့် 'ဖောင်း'။

ကျွန်တော် ဆတ်ခနဲ လှည့်ကြည့်မိတော့ ရေနွေးကြမ်းပန်းကန်ကို ကိုင်ရင်း ကြောင်ဂလုလု လုပ်နေတဲ့ ဦးဖေခင်ရဲ့ မျက်လုံးတွေနဲ့ တန်းတိုးတယ်။ ကျွန်တော့်ပါးစပ်က လွှတ်ခနဲ ပြောလိုက်မိတယ်ဗျ။

“ဒီမှာ...ဦးလေး။ လူငယ်တွေကို အပြစ် ပြောမနေနဲ့ဗျ။ ကမ္ဘာပေါ်မှာ လူငယ်တွေကြောင့် ဖြစ်ရတဲ့ စစ်ပွဲရယ်လို့ တစ်ခါမှ မရှိဖူးဘူး၊ အဲ... ဒါပေမဲ့ ထူးဆန်းတာက စစ်ပွဲမှာ သေပေးရတဲ့သူတွေကတော့ လူငယ်တွေချည်းပဲ”

ဟုတ်တယ်လေ။ သူကသာ မိုးလား ကဲလား ပြောနေတာ ဘယ်တိုက်ပွဲမှာ ဦးဖေခင်လို အသက်ခြောက်ဆယ်အရွယ်တွေ ရိုင်ဖယ်ကိုင်ပြီး ‘တဒိုင်းဒိုင်း’ ပစ်နေတာ မြင်ဖူးလို့လဲ။

လူငယ်တွေပဲ ‘တိုက်’ နေရတာ၊ လူငယ်တွေပဲ ‘သေ’ နေရတာ မဟုတ်လား။

အဲဒီနေ့ကစပြီး ကျွန်တော့်ကို ဦးဖေခင်က အမုန်းကြီး မုန်းတော့တာပဲ။

* * *

ဩော်... ပြောဖို့ မေ့နေလို့ဗျ။ ကိုမောင်မောင်ချို့နဲ့ ပြဿနာမတက်ခင် ကိုဆင့်သူတစ်ယောက် ကြားထဲက အချောင်ခံလာရတာလေး ပြောရဦးမယ်။

ဟုတ်ပ... ဦးဖေခင်ပါပဲ။

ကျွန်တော့်ကို အမြင်ကတ်တာနဲ့ ကိုဆင့်သူကို ‘ကြွက်မနိုင် ကျီမီးနဲ့ရှို့’ တာပေါ့။

ဖြစ်ချင်တော့ အဲဒီနေ့က ကိုဆင့်သူခမျာလည်း ငွေစကြေးစလေးရှင်တာနဲ့ ယိုးဒယားကွင်းထိုးဖိနပ်လေးတစ်ရန် ဝယ်စီးပြီး ဦးဖေခင်အိမ်ရှေ့ ဖြတ်လျှောက်မိသဗျ။

ဦးဖေခင်က ခြံရှေ့မှာ ခါးထောက်ရပ်ရင်း ကိုဆင့်သူကို မြင်တော့ တံတွေးကို ဗျစ်ခနဲ ထွေးလိုက်ပြီး...

“ထွီ... မှောင်ခိုပစ္စည်းသုံးရမှ လူရာဝင်တယ်ထင်တဲ့ ကောင်တွေ၊ ကိုယ့်ပြည်တွင်းဖြစ်ကိုတော့ အားပေးရကောင်းမှန်း မသိဘူး... ထွမ်”

မဲ့ကာရွဲ့ကာပြောပြီး သူ့ခုံဖိနပ်ကို တဖွပ်ဖွပ်မြည်အောင်စီးရင်း ခြံထဲကို ပေစောင်း ပေစောင်း ဝင်သွားလေရဲ့။ (သူကတော့ ခုံဖိနပ်စီးထားမှာပေါ့ဗျ၊ ရေချိုးခါနီးမို့လို့ ခြံရှင်းနေတဲ့ဥစ္စာ)

ကိုဆင့်သူကတော့ နှုတ်သွက်လျှာသွက်နိုင်သူမှ မဟုတ်တာကိုး။ ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ခံပြီး ပြန်လာတယ်။

ဒါကို ကြားထဲကနေ မခံမရပ်နိုင်ဖြစ်ကြရတာက ကျွန်တော်နဲ့ ပန်းချီဆရာဗျ။

ဘယ့်နှယ်ဗျာ။ မှောင်ခိုပစ္စည်းနဲ့ကင်းတာ ဘယ်သူများရှိလို့လဲ။ လူတိုင်း မှောင်ခိုပစ္စည်းသုံးနေရတဲ့ခေတ်ပဲဥစ္စာ။

အဲဒါနဲ့ ကျွန်တော်တို့နှစ်ယောက်သား ပေါင်းပြီး ဦးဖေခင်ကို 'ရိ' ကြတာက ဒီလို...။

ကျွန်တော်က ရွှေတိဂုံဘုရား စောင်းတန်းကနေ ဘုန်းကြီးဆောင်းတဲ့ ဝါးရိုးတပ် ထီးတစ်လက် ဝယ်လာတယ်။

ပန်းချီဆရာက အဲဒီဘုန်းကြီးထီး ညိုညစ်ညစ်ကြီးကို ဆောင်းပြီး ဦးဖေခင်အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သဗျ။

ကျွန်တော်တို့တွက်ထားတာနဲ့ ကွက်တိပဲ။ ဦးဖေခင်က တွေ့သွားတော့...

"ဟော့ကောင်... ဘာဖြစ်လို့ အဲဒီထီးကြီး ဆောင်းထားရတာလဲ၊ ဘုန်းကြီး ဆောင်းတဲ့ ထီးကိုကွာ။ မအပ်မရာတွေ၊ ငရဲကြီးကုန်တော့မှာပဲ"

ပန်းချီဆရာက အင်မတန်မှ အပြစ်ကင်းစင်တဲ့ မျက်နှာပေးလေးနဲ့...။

"ဗျာ... ဘာဖြစ်လို့လဲ ဦးလေး။ ကျွန်တော့်မှာဗျာ ထီးဝယ်မလို့ ဥစ္စာကို ပြည်တွင်းဖြစ်ကိုမှ အားပေးချင်လွန်းတာနဲ့ ဆိုင်တွေမှာ လိုက်မေးကြည့်တော့ ဒီထီးတစ်မျိုးပဲ ရလာတယ်ဗျ။ ဒီ့ပြင်ဟာတွေက ယိုးဒယားက ဝင်တဲ့ မှောင်ခိုပစ္စည်းတွေချည်းပဲ ဟဲ... ဟဲ"

ဦးဖေခင်ရဲ့မျက်နှာက မည်းခနဲ ဖြစ်သွားတယ်။ ပန်းချီဆရာက အခုမှ ဖြုန်းခနဲ သတိရသွားတဲ့ပုံစံနဲ့...။

"သြော်... ဒါနဲ့ ဦးလေးသမီး ဆောင်းဆောင်းနေတဲ့ ခေါက်ထီး အပြာရောင်လေးက တော်တော်လှတယ်နော်၊ ယိုးဒယားကလာတာပဲနဲ့ တူတယ်။ ဟုတ်လားဟင်"

သိသိကြီးနဲ့မေးတာလေ၊ ခေါက်ထီးပါဆိုမှ ယိုးဒယားလုပ်ပဲ ဖြစ်တော့မှာပေါ့။

ပန်းချီဆရာက ဒီလောက်နဲ့တင် မရပ်သေးဘူး။

"ပြီးတော့ ဟိုနေ့က ဦးလေးဆောင်းသွားတဲ့ အော်တိုမက်တစ်ခလုတ်ထီးကလည်း ယိုးဒယားဖြစ်ဉစ္စာကြီးဗျ။ မှောင်ခိုပစ္စည်း မသုံးစမ်းပါနဲ့ဗျာ၊ ပြည်တွင်းဖြစ်ကို အားပေးစမ်းပါဗျ။ ကျွန်တော့်လို ဘုန်းကြီးထီးမသုံးရဲရင် ပုသိမ်ထီးသာ ဝယ်ဆောင်းဗျာ၊ သိလား... ဟဲ... ဟဲ"

ပန်းချီဆရာက တဟဲဟဲလုပ်ပြီး အနိုင်နဲ့ပိုင်းခဲ့တာ။ ဦးဖေခင်ကတော့ တောက်တခေါက်ခေါက်နဲ့ ရှူးရှူးရှဲရှဲဖြစ်ပြီး ကျန်ရစ်ခဲ့တော့တယ်။

* * *

ဒါတွေကတော့...

ဦးဖေခင်နဲ့ ကျွန်တော်တို့ကြားက မီးပွားသေးသေးဖွဲဖွဲလေးတွေပေါ့ဗျာ။

တကယ်အရေးကြီးတဲ့ ပြဿနာက အခုမှလာမှာဗျ။

* * *

တစ်နေ့တော့...

ဦးဖေခင်ရဲ့သမီးချော သမီးလှရတနာကလေးဟာ လင်နောက်လိုက်ပြေးပါလေရောဗျာ။

လိုက်ပြေးတာကလည်း ဟိုဘက်ရပ်ကွက်ထဲက ဆယ်တန်းတောင်မအောင်သေးတဲ့ ပေစုတ်စုတ် ငနဲလေးတစ်ယောက်နဲ့ဆိုပဲ။

ကိစ္စဖြစ်ဖြစ်ချင်း ဖုံးဖုံးဖိဖိလုပ်ပြီးတော့ လိုက်ရှာကြတာပဲဗျာ။

ဒါပေမဲ့ သိတယ်မဟုတ်လား။ ရပ်ကွက်ထဲမှာ ဒီလိုသတင်းမျိုးဆိုတာက ဘယ်လောက်များ လုံအောင် ဖုံးထားနိုင်မှာမို့လို့လဲ။

လူတွေရဲ့ပါးစပ်ပေါက်ဆိုတာ ပိတ်လို့ ရခဲဘိခြင်းဥစ္စာ။

အဲ... ခိုးပြေးပြီး သုံးလေးရက်လောက်ကြာတော့မှ ကောင်လေးနဲ့ ကောင်မလေးကို အင်းစိန်ဘက်မှာဆိုလား ပြန်မိလာကြသတဲ့။

တိုတိုပြောရရင်ဗျာ...။

ရပ်ရှင်တွေ ဝတ္ထုတွေထဲမှာလိုပေါ့။ ဦးဖေခင်က သူ့သမီးနဲ့ ဟိုကောင်လေးကို သဘောမတူလို့ အတင်းမရမက လိုက်ပြီးခွဲတာ။ ဟိုခများ အပျိုရည် ပျက်တာပဲ အဖတ်တင်တော့တာပေါ့။

ဦးဖေခင်ကတော့ ခပ်တည်တည်ပဲ။ သူ့သမီး ဘာမှမဖြစ်ခဲ့လေ ဟန်မျိုးနဲ့ အိမ်ပေါ် ပြန်ခေါ်လာတာ။

"ရွာက အဘွားနေမကောင်းလို့ သမီးကို ပို့ထားတာလေ၊ ခုမှပဲ အဘွားက ထူထူထောင်ထောင်ဖြစ်လာလို့ သမီးကို ပြန်ခေါ်လာတာ။ ဟဲ... ဟဲ"

လို့လည်း မျက်နှာပြောင်တိုက်ပြီး လိမ်သေးတာ။

သူကသာ အတည်ပေါက်ကြီးလုပ်နေတာ။ တစ်ရပ်ကွက်လုံးက သိပြီးသားကြီး ဖြစ်နေပြီဆိုတာကိုတော့ သူ မရိပ်မိဘူး။

အဲဒီအနာကို တုတ်နဲ့ သွား 'ဆွ' တာက အန်တီလှဗျ။

ပြောပုံကလည်းကြည့်ဦး။

"ကိုဖေခင်ရယ် ရှင့်သမီးက သူ့အဘွားကို သွားပြုစုတာ၊ ဘာဖြစ်လို့ ဟိုဘက်ရပ်ကွက်က ကောင်လေးကို ခေါ်သွားရတာတုံး။ အဲဒီကောင်လေးက ဆရာဝန်လားဟင်"

အဲဒီမှာတင် ဦးဖေခင်တို့ ထပြီး ပွဲကြမ်းတော့တာပဲ။ ဟုတ်တယ်လေ။ သူ့သမီး အပျိုမဟုတ်တော့တဲ့ကိစ္စက (အန်တီလှ ပါးစပ်ဖျားမှာတောင် ရောက်နေပြီဆိုမှတော့) တစ်ရပ်ကွက်လုံး ရပ်ကျော်ရွာကျော် သတင်းကြီးနေပြီ မှန်း ရိပ်မိသွားပြီကိုး။

ဦးဖေခင်က ရက်ရမ်းရမ်းပြီး ကြွေးကြော်ပုံက (ကန်တော့ပါရဲ့)

နည်းနည်းတော့ ရိုင်းတယ်ဗျ။ နားနဲ့မနာ ဖဝါးနဲ့ နာကြပါ။ ဒီရပ်ကွက်ထဲက လူတွေရဲ့ စရိုက်တချို့ကို ပေါ်လွင်စေချင်လို့ပါ။

ဦးဖေခင်က မျက်နှာကြီးနီရဲ၊ ပုဆိုးကို တိုတိုမပြီး သူ့ခြံရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း တစ်လမ်းလုံးကို ကလော်တုတ်တာ။

"ဟော့... ဘယ်သူ့ ဂရုစိုက်ရမှာလဲ၊ ရေဆေးပစ်ရင် ပြောင်တယ်ကွ"

အဲဒီစကားကြီးကဗျာ ကြားရတာ နားထဲမှာ ကန့်လန့်ကြီး။ ရိုင်းတာလည်း အတော့်ကိုရိုင်းတာ။

အစပိုင်းတုန်းကတော့ 'ဩော်... သူ့ခမျာလည်း သမီးဇောနဲ့မို့ ရှက်ရမ်းရမ်းပြီး ပြောမိပြောရာ ပြောရှာတာနေမှာပဲလေ'ဆိုတဲ့ အတွေးနဲ့ လျစ်လျူရှုထားသေးတယ်။ တစ်လမ်းလုံးမှာနေတဲ့သူတွေကလည်း စာနာစိတ်နဲ့ သည်းခံကြပါတယ်။

ဒါပေမဲ့ မရဘူးဗျ။

တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်။ ပြီးတော့ တစ်လမ်းတည်းအတူနေတဲ့ လမ်းသူလမ်းသားတွေ အကုန်လုံးကို မိုက်ကြည့်ကြည့်ပြီး 'ရေဆေးရင် ပြောင်တယ်' ဆိုတာကြီးကို ကြွေးကြော်လို့မှ အားမရရင် ကျွန်တော်တို့ အိမ်ဘက်လှည့်လှည့်ပြီး အသံပြဲကြီးနဲ့ ဟစ်သေးတာ။

ကျွန်တော်တို့အိမ်က လူငယ်တွေချည်းပဲနေတာ မဟုတ်လားဗျာ။ အစကတည်းက ပြောသားပဲ။ ကျွန်တော်တို့က ယောလားဝါးလားနဲ့ နောက်နောက်ပြောင်ပြောင် နေကြတာပါဆို။

နေ့တိုင်း အကြောင်းတစ်ခုမဟုတ် တစ်ခုနဲ့ တဟီးဟီး တဟားဟား ရယ်နေကျပဲဥစ္စာ။

ဦးဖေခင်အဖို့ သူ့ဖာသာသူ စိတ်က မလုံတော့ ကျွန်တော်တို့ အိမ်ဘက်ဆီကနေ တဟားဟား ရယ်သံကြားပြီဆိုရင် 'ငါ့သမီးအကြောင်းများ ပြောပြီး လှောင်နေကြတာလား' ဆိုတဲ့ အတွေးနဲ့ အိမ်ရှေ့ထွက်၊ ပုဆိုးကို ဒူးခေါင်းလောက် မပြီး ကလော်ပြန်တော့တာပဲ။

"ဟော့... ဖေခင်တို့က ဂရုမစိုက်ဘူး၊ ရေဆေးပစ်ရင် ပြောင်တယ်ကွ"

....တဲ့။

ဟော... လုပ်ပြန်ပြီ။ သူ့ 'ရေဆေးတဲ့ကိစ္စကြီး' ကို...။

ဒါနဲ့ ကျွန်တော်နဲ့ ပန်းချီဆရာတို့နှစ်ယောက်သား တိုင်ပင်ပြီး ကိုမောင်မောင်ချိုကို တိုးတိုးတိတ်တိတ် အကူအညီတောင်းရတယ်။

ကျွန်တော်တို့ရဲ့ စိတ်ကူးလေးတစ်ခုကို အကောင်အထည်ဖော်ပေးဖို့ပေါ့ဗျာ။ ကိုမောင်မောင်ချိုကလည်း လုပ်ပေးရှာပါတယ်။

အဲဒါနဲ့... အဲဒါနဲ့ပဲပေါ့ဗျာ။

* * *

နောက်တစ်နေ့ မနက်အစောကြီး အရုဏ်တက်ခါစမှာ ကျွန်တော်တို့လမ်းထဲကို ဆူဆူညံညံ အသံတွေနဲ့အတူ ရေစည်လှည်း အစီး (၃၀)လောက်ဟာ ပျော်ပျော်ပါးပါးကြီး ဝင်ချလာပါလေရောဗျာ။

(ဒီဘက်ရပ်ကွက်မှာရော ဟိုဘက်ရပ်ကွက်တွေမှာရော ရှိရှိသမျှ အဝီစိရေစက်ပိုင်ရှင်တွေကို လူစေ့အိမ်စေ့လိုက်ပြီး 'ဦးဖေခင်အိမ်မှာ မနက်စောစော အလှူလုပ်မှာမို့ ရေစည်လှည်းတွေ ပို့ပေးပါ'လို့ ကျွန်တော်တို့ လျှောက်မှာထားတာကိုး)

မနက်စောစောစီးစီးကြီး ရေစည်လှည်းတွန်းသံတွေကလည်း တဂျုန်းဂျုန်း၊ လူသံတွေကလည်း တဝုန်းဝုန်းဆိုတော့ တစ်လမ်းလုံးမှာ ရှိသမျှ အိမ်တွေ အကုန်နိုးတော့တာပေါ့။

"ဟ... ဘာများဖြစ်သလဲ"

ဆိုပြီး ထကြည့်တော့ တစ်လမ်းလုံးမှာ ရေစည်လှည်းတွေ၊ ရေစည်လှည်းတွေဆိုတာ ဖွေးဖွေးလှုပ်နေအောင်ကို အပြည့်ပဲ။ ရေလှည်းသမားတွေက...

"ဗျို့... ဦးလေးဖေခင်၊ ရေတွေ ဘယ်နား ထားရမှာတုံးဗျ"

"ဦးလေးရေ... စိတ်ကြိုက်သာ သုံးပေတော့ဗျို့၊ ရေတွေ ဖောခြင်းသောခြင်းပဲ"

"ဦးလေးဖေခင် ထကြည့်စမ်းပါဦးဗျ။ ဒီလောက်ဆို ရေတွေလောက်

ရဲ့လား၊ ထပ်ယူဦးမလား"

အော်ဟစ်နှိုးပြီး မေးကြတယ်။

ကြားကြားသမျှ သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ကလည်း ဦးဖေခင်ရဲ့ဖြစ်ပုံကို အိမ်ထဲကနေ ချောင်းကြည့်ပြီး ရယ်တော်မူကြပါသဗျာ။

■

# အခန်း (၈)

ဦးဖေခင်နဲ့ ရေစည်လှည်းကိစ္စဟာ ကျွန်တော်တို့ ဖန်တီးတာမှန် ပေမယ့်လို့ တကယ်တမ်း လက်သည်အဖြစ်နဲ့ ပြဿနာတက်ရတာက ကိုမောင်မောင်ချို့ဗျ။

ဟုတ်တယ်လေ။

ဟိုဘက်ရပ်ကွက်၊ ဒီဘက်ရပ်ကွက် နေရာပေါင်းစုံမှာရှိတဲ့ ရေစည် လှည်းပိုင်ရှင်တွေ အငှားစီးပိုင်ရှင်တွေအားလုံးနဲ့ သိကျွမ်းရင်းနှီးပြီး လိုက် ငှားပေးတာက သူဖြစ်နေတာကိုး။

ကိုမောင်မောင်ချို့ယောက္ခမနဲ့ ဦးဖေခင်ဆိုတာကလည်း သူတို့ချင်း (ပတ်သက်ရာ ပတ်သက်ကြောင်း အဖွဲ့အစည်းမှာ) မျက်နှာနာရတဲ့ လူရင်း တွေ မဟုတ်လား။

အဲဒီတော့ ကိုမောင်မောင်ချို့ ယောက္ခမကြီးက ကြားထဲကနေ မျက်နှာပူပြီး...

"ဒီကောင် ငါ့အိမ်ရိပ်ကို မနင်းစေနဲ့၊ သေခန်းပြတ်ပဲ"

ဘာညာနဲ့ ကိုမောင်မောင်ချို့ကို ဓားကြိမ်း ကြိမ်းတော့တာ။

ကိုမောင်မောင်ချို့ကတော့ ထူးပြီး တုန်လှုပ်ဟန် မတူပါဘူး။ အင်္ကျီ ချွတ်လျက်သားလေး ပခုံးပေါ်တင်၊ အိမ်ရှေ့မြောင်းပေါ် ခွဆောက်ထားတဲ့

ခံ့တန်းလျှားပေါ် ကျောမှီထိုင်ရင်း မနေ့ညက မက်ခဲ့တဲ့ အိပ်မက်အကြောင်း ပြန်စဉ်းစားမြဲ စဉ်းစားနေတာပါပဲ။

ကိုဆင့်သူက မနေနိုင်မထိုင်နိုင် သွားပြီး...

"ကိုမောင်ချိုရေ... ခင်ဗျား အခုတလော ကံနိမ့်နေတယ် ထင်တယ်ဗျ။ အလှူလေးအတန်းလေး လုပ်ဦး"

ဘယ့်နှယ်... ကိုယ့်ဘာသာကိုယ် ထမင်း နပ်မှန်အောင် စားရဖို့တောင် အနိုင်နိုင်ဗျာ၊ ဘယ်ကလာ အလှူကြီးအတန်းကြီး လုပ်နိုင်မှာတုံးလို့ ကျွန်တော့်စိတ်ထဲက တွေးလိုက်မိတယ်။

ဖိုးစောကတော့...

"လှူတယ်ဆိုတာ စိတ်ထားတတ်ဖို့သာ အဓိကပါဗျာ၊ ဟိုဥစ္စာဗျာ ညနေ ညနေဆိုရင် လမ်းထဲက အမှိုက်ပုံတွေကို လိုက်လိုက်ဖွနေတဲ့ ဟို အဘွားကြီး ရှိပါရောလား။ သူ့ကို ထမင်းကျန် ဟင်းကျန်လေးတွေ ကုသိုလ် ပြုလိုက်ပေါ့"

ဟုတ်တယ်ဗျ။ ပြောဖို့မေ့နေလို့...။

ညနေဘက်ရောက်တိုင်း ရပ်ကွက်ထဲ လမ်းတကာ လှည့်ပြီး အမှိုက်ပုံတွေ လိုက်ဖွ လှန်လှောရှာဖွေတတ်တဲ့ ပိန်ချည့်ချည့် ခါးကိုင်းကိုင်း အဘွားအိုတစ်ယောက်ရှိတယ်။

စိတ်လည်း သိပ်မနှံ့ရှာဘူးဗျာ။

ပါးစပ်က အယုတ္တ အနတ္တတွေ တစ်ချိန်လုံး ဆဲဆိုနေတာပဲ။

"နင့်အမေ... နင့်နမ... ဖေတစ်ရာမ..."

စသဖြင့် စုံလို့။

ဘယ်လိုအဖြစ်ဆိုးတွေနဲ့ ကြုံခဲ့ရလို့ ဒီလို စိတ္တဇဝေဒနာရှင်ဘဝ ရောက်ခဲ့ရတာလဲ၊ ဘယ်သူတွေကို မကျေနိုင်မချမ်းနိုင် ခံစားခဲ့ရလို့ ဒီလို ဘဝမျိုးရောက်တာတောင် မမေ့ဘဲ ဆဲဆိုနေရတာလဲ။

မသိဘူးဗျာ။

မြင်ရတာတော့ စိတ်ချမ်းသာစရာ တစ်ကွက်မှမရှိဘူး။ စဉ်းစား ကြည့်လေဗျာ၊ ကိုယ့်အဘွားအရွယ် အိုမင်းမစွမ်း ဝေဒနာရှင်တစ်ယောက်

အဖာအထေးရာ ဗရပွ အင်္ကျီစုတ် ထဘီစုတ် ဝတ်ပြီး ညစ်ညစ်ပတ်ပတ် အမှိုက်ပုံတွေ လိုက်ဖွနေတာ။

* * *

အဲဒါနဲ့ ညနေကျတော့ ကိုမောင်မောင်ချိုက နေ့လယ်က ကျန်တဲ့ ထမင်းတွေကို လက်ဖက်သုပ်ကလေးနည်းနည်း၊ ဟင်းရည်လေး အသားတုံးလေးတွေနဲ့ ရောပြီး ဇလုံအဟောင်းလေးနဲ့ထည့်...။

အဘွားကြီးအလာကို အိမ်ရှေ့ခုံတန်းလျားလေးဆီ ထွက်ပြီး မျှော်ရှာတာပေါ့ဗျာ။

ညနေ လေးနာရီကျော်ကျော်လောက်ကျတော့...

"ဟဲ့... သေချင်းဆိုး၊ ဖေတစ်ရာ... မတွေ၊ နင်တို့ အတွာတွေကို ငါ့အတွာပဲထင်သဟဲ့"

မေတ္တာပို့သံလေး ဝေဝေစည်စည်နဲ့ လာပါလေရောဗျာ။

ကျွန်တော်တို့ရဲ့ ဒါနရှင်ကြီး ကိုမောင်မောင်ချိုကလည်း ကုသိုလ်စိတ်ဇောအဟုန်တွေ ဖြာပြီး ထမင်းဇလုံလေးကို ကိုင်လို့ အပြေးကလေး သွားရင်း...

"အဘွား... အဘွား... ကျွန်တော် ဒါနပြုချင်လို့ပါ။ ဟောဒီ ထမင်းလေး သုံးဆောင်ပါ အဘွား"

အဘွားကြီးက ကိုမောင်မောင်ချို့လက်ထဲက ဇလုံအဟောင်းလေးကို လှမ်းယူလိုက်တယ်။

အထဲက ထမင်းနဲ့ဟင်းကို ငုံ့ကြည့်တယ်။ ပြီးတော့ ကိုမောင်ချို့ မျက်နှာကို မော့ကြည့်တယ်။

ဇလုံထဲက ထမင်းကို နောက်တစ်ခေါက် ထပ်ကြည့်တယ်။ ကိုမောင်ချို့ မျက်နှာကို ကြည့်တယ်။ ပြီးတော့ မထင်မှတ်ဘဲ ရုတ်တရက် သူ့လက်ထဲက ဇလုံနဲ့ ကိုမောင်ချို့ မျက်ခွက်တည့်တည့်ဆီကို...

"ဝွမ်း"

အသားကုန် ပေါက်ထည့်လိုက်တာဗျာ။ ကိုမောင်ချို မျက်နှာတစ်ခုလုံးမှာ ထမင်းလုံးတွေကို ဖွေးသွားတာပဲ။ ဟင်းဖတ်ကဆီတွေ၊ ဟင်းအနှစ်တွေလည်း ပေကျံလို့…။

"ဟိုက်… သေပြီ"

ကိုမောင်ချိုကတော့ နားမလည်နိုင်တဲ့ မျက်လုံးအကြောင်သားလေးနဲ့ သူ့နဖူးက စီးလာကျလာတဲ့ ဟင်းအနှစ် ပျစ်ချွဲချွဲတွေကို လက်ဖမိုးနဲ့ သုတ်လိုက်တယ်။

ကြည့်စမ်း… ဒါန အကျိုးပေးလိုက်ပုံများ။

ကုသိုလ်အဖတ်လေးတွေဟာ မဆလာနံ့ကို သင်းနေတာပဲ။

အဲဒီအချိန်မှာပဲ ဘွားတော်ကြီးက ထဘီကို ဆတ်ခနဲ စွန်တောင်ဆွဲလိုက်ပြီး…

"ဟဲ့… အကောင်ရဲ့၊ နင်က ငါ့ကို ဘယ်လိုအတန်းစားထဲကမှတ်လို့ ဒီလို ဇလုံစုတ်နဲ့ ကျွေးရတာလဲ။ ငါက ရွှေပေါ်မြတင်နေလာတဲ့ သူဌေးသမီးဟဲ့။ မြဘယက်နဲ့ အလှမပျက်အောင် ဆင်လာတာဟေ့၊ စိန်ခြေချင်းကို အိမ်နေရင်းဝတ်တာ။ နားလည်ရဲ့လား… ဟင်း… ဟင်း… ဟင်း။ နင့်လို အနုပ်စုတ် ကုပ်စုတ်ကျွေးတဲ့ထမင်းကို ငါက ဟောဒီဟာပဲမှတ်တယ် နှမ '…..' ရဲ့"

မိုက်ရိုင်းချက်ကတော့ 'မအေ' တွေရော၊ 'နှမ' တွေရော စုံသွားတာပါပဲဗျာ။

ကိုမောင်ချိုကတော့ မြေကြီးပေါ်ကျနေတဲ့ ဇလုံလေးကို ကမန်းကတန်း ကောက်ပြီး အိမ်ထဲဝင်ပြေးတော့တာပဲ။

အဘွားကြီးကတော့ ဆဲလို့ကို မဆုံးတော့ဘူး။

သူ့ခမျာ စိတ်က အစိုးမရတဲ့သူပဲဥစ္စာ။ ဗွေယူနေလို့ ဘယ်ဖြစ်မှာတုံး။

ကျွန်တော်တို့ကတော့ ရယ်လိုက်ရတဲ့ဖြစ်ခြင်းဗျာ။

အဘွားကြီးကတော့ အားရအောင် ကလော်တုတ်ပြီး ရပ်ကွက်လေးရဲ့ အစွန်က မီးရထားသံလမ်းဆီ ကုပ်ချည့်ကုပ်ချည့်နဲ့ ဖြည်းဖြည်းချင်း လျှောက်သွားတော့တာပဲ။

အဲဒီဘက်မှာက လူနေအိမ်ခြေမရှိသလို လူသွားလူလာလည်း ပြတ်တယ်လေ။ မီးရထားသံလမ်းဘေးက အကာအရံမရှိတဲ့ ဝါးတဲပျက်ကလေးပေါ်မှာ အကျအနထိုင်ပြီး အမှိုက်ပုံတွေထဲက သူကောက်လာသမျှတွေကို စိမ်ပြေနပြေ ဖွနေတော့တာပါပဲ။

* * *

ကျွန်တော်တို့ ရပ်ကွက်ကလေးက လက်လုပ်လက်စားတွေ အများစုနေကြတာပါဗျာ။

ခင်ပွန်းယောကျ်ားသည်တွေက မနက်မိုးလင်းရင် ထပြီး ကြုံရာကျပန်းလုပ်ဖို့ ထွက်ကြရတယ်။ အိမ်မှာ ကျန်ခဲ့တဲ့ မိန်းမတွေကလည်း မနက်စာတစ်နပ်ကို မုန့်ဟင်းခါး ငါးမုန့်ဖိုးလောက်နဲ့ဖြစ်ဖြစ်၊ ဒါမှမဟုတ် ခေါက်ဆွဲသုပ်တို့၊ ဗယာကြော်တို့လောက်နဲ့ပဲဖြစ်ဖြစ် တင်းတိမ်လိုက်ကြတယ်။

ကလေးတွေ ကျောင်းသွားဖို့တို့၊ ဒါမှမဟုတ် နေ့စားလုပ်ငန်းခွင်ကို ထမင်းချိုင့် ထည့်သွားဖို့တို့ စသဖြင့် ချက်ဖို့ပြုတ်ဖို့ မလွှဲသာမရှောင်သာတဲ့ သူတွေကတော့ ဈေးကြွငှားကြပေါ့လေ။

"ကျွန်မယောကျ်ား ညနေပြန်လာရင် ဆက်ဆက်လာပြန်ဆပ်ပါ့မယ်"

...တို့။

"ဒီထဘီလေးက သစ်ပါသေးတယ် အစ်မရယ်၊ ငါးကျပ်တော့ထားပေးပါ"

...တို့ စသဖြင့်ပေါ့။

ဈေးရောင်းမယ့် မိန်းမတွေကတော့ မနက် ကျီးမနိုးခင်ကတည်းက ကုန်စိမ်းသယ်ဖို့၊ ငါးဒိုင်သွားဖို့ ဈေးကားနဲ့ လိုက်သွားနှင့်ကြပြီ။

အဲဒီအချိန်လေးကို ကျွန်တော်က **'မျှော်လင့်ချက်'** လို့ နာမည်ပေးထားတယ်။

* * *

နေ့လယ်နေ့ခင်းဆို...

ဈေးသိမ်းလို့ ပြန်လာတဲ့ မိန်းမတွေကလည်း တစ်ရေးတစ်မော အိပ်ကြ၊ နိုးလာရင် ဟိုဘက်အိမ် ဒီဘက်အိမ် လည်ပြီး အတင်းပြောတဲ့အခါ ပြော၊ ရန်ဖြစ်တဲ့အခါ ဖြစ်ပေါ့လေ။

ကလေးတွေကလည်း လမ်းပေါ်မှာ နေပူပူ၊ ဖုတ်အလူးလူးဆော့ကြ၊ ကစားကြ၊ အော်ဟစ်ပြေးလွှားကြ၊ ထိပ်ပေါက်ခေါင်းကွဲ ချော်လဲမျိုးစုံဖြစ်လို့ အသံတွေလည်း တစာစာနဲ့ အသက်ဝင်လှပလို့...။

လမ်းပေါ်မှာ တရှိန်ရှိန်ပူနေတဲ့ တံလျှပ်တွေ၊ ကလေးတွေ ဆော့ကစားရာက ထောင်းထောင်းထလာတဲ့ ဖုန်လုံးတွေ၊ ငွေကြေး နည်းနည်းပါးပါး တတ်နိုင်တဲ့ အိမ်တစ်အိမ်က ဖွင့်နေတဲ့ ကက်ဆက်ခွေဇာတ်လမ်းက ပျံ့လွင့်လာတဲ့အသံတွေ...။

ဒါတွေအားလုံးဟာ တစ်ထောင့်ကိုးရာရှစ်ဆယ့်ခုနစ်လောက်ဆီက လူ့အဖွဲ့အစည်းလေးတစ်ခုရဲ့...

**'ရှင်သန်မှု'** ပါပဲ။

* * *

ညနေစောင်းရင်တော့...

ရှင်သန်မှုဟာ အစိုဓာတ်နည်းပါးလာတယ်။

အလုပ်ကအပြန် အဆင်မပြေလို့ ရသမျှပိုက်ဆံကို အရက်သောက်ပစ်လာတဲ့ ခင်ပွန်း။ ကျိတ်ပြီး မျက်ရည်ကျရတဲ့ ဇနီးသည်၊ ဗိုက်ဆာလို့ တကျီကျီငိုနေတဲ့ ကလေးငယ်။

သမဝါယမ ကုန်ဝယ်စာအုပ်ကို ပေါင်ထားပြီး ပြန်မရွေးနိုင်လို့ ဆန်ထုတ်စားစရာ မရှိသူတွေ၊ နေ့ပြန်တိုး မပေးလို့ အိမ်ရှေ့လာပြီး အော်ကြီးဟစ်ကျယ် ရန်ဖြစ်သံတွေ...။

တစ်နေ့တာအဖို့ ညစာမနက်စာ အဆင်ပြေသွားပြီကောရယ်လို့ တိုးတိုးတိတ်တိတ် ဟင်းချနိုင်သူတွေရဲ့ ဆန်ဆေး၊ မီးမွှေးသံတွေ...။

အဲဒါတွေအားလုံးကတော့...
'ဘဝ' ဖြစ်ပါတယ်။

* * *

အဲသည်လို ညနေ ညနေပေါင်းများစွာတွေမှာ အယုတ္တ အနတ္တတွေ အော်ကြီးဟစ်ကျယ် ဆဲဆိုမြည်တမ်းတတ်တဲ့ စိတ်ရောဂါဝေဒနာရှင် အဘွားအို တစ်ယောက်ကတော့ဖြင့် ခါးလေးကုန်းကုန်းနဲ့ အမှိုက်ပုံတွေကို ဖွရင်း လမ်းတကာပေါ် လျှောက်သွားနေတော့တာပဲ။

သူ ဘယ်သူ့ကို စိတ်ဆိုးလို့ ဆဲရေးနေတာလဲ။

သူ့ကို စိတ်ဆိုးအောင် ဘယ်သူတွေက ဘာများလုပ်ခဲ့လို့လဲ။

* * *

ကျွန်တော်ကတော့ ငေးကြည့်ရင်း တွေးနေရုံပဲ တတ်နိုင်ခဲ့တာ ပါဗျာ။

* * *

သားထောက်သမီးခံမရှိ၊ ကူညီဖေးမမယ့်သူမရှိတဲ့ အိုကြီးအိုမ စိတ်ဝေဒနာရှင် အဘွားအိုဟာ အော်ကြီးဟစ်ကျယ် ဆဲရေးမြည်တွန်ရင်း...

ဟိုး... ရထားသံလမ်းဘက်ဆီ
ညနေတိုင်း ညနေတိုင်း
တရွေ့ရွေ့ လျှောက်သွားနေချေပေါ့။

■

## အခန်း (၉)

အဲဒီအဘွားကြီးလောက် အယုတ္တ အနတ္တစုံအောင် မရွတ်တတ်ပေမယ့် စကားပြောတိုင်း 'အဆဲ' လေးမပါရင် မပြောတတ်တဲ့ မိန်းမတစ်ယောက်ကတော့ဖြင့် ကျွန်တော်တို့လမ်းထဲမှာ ရှိလေရဲ့။

သူ့နာမည်က 'ဒေါ်သန်းတင်' တဲ့။

ဒေါ်သန်းတင်အကြောင်း ပြောမယ်ဆိုရင် သူနဲ့ အိမ်ချင်းကပ်လျက်နေတဲ့ အကြော်သည် ကုလားမ ဒေါ်ဟာစီးနားအကြောင်း အရင်ပြောမှဖြစ်မယ်။

* * *

သူတို့က ကျွန်တော်တို့အိမ်ရှေ့ မျက်စောင်းထိုး နှစ်အိမ်ကျော်ကျော်မှာနေတာဗျ။ ဦးအီစမန်အင်နဲ့ ဒေါ်ဟာစီးနားတဲ့။

သူတို့လင်မယား ကဗျာ သောက်ကျိုးနည်းကလေးတွေ တစ်ပြုံကြီးမွေးထားတာဗျ။

ခုနစ်ယောက် ရှစ်ယောက်လောက် ရှိမယ်ထင်တယ်။

'ထင်တယ်' လို့ပဲ စိတ်မှန်းနဲ့ ပြောနိုင်တယ်လေဗျာ။ သေသေချာချာရေကြည့်လို့မှ မရတာ။

ကလေးတွေအားလုံးကို တစ်စုတည်းတစ်ဝေးတည်း ငြိမ်ငြိမ်သက်သက် မြင်ခွင့်ရတယ်လို့မှ မရှိဘဲ။

ဟော... တစ်ယောက်၊ ဟော... တစ်ယောက်ဆိုသလို အိမ်ထဲကနေပြေးထွက်လာလိုက်ကြ၊ ဘယ်ဘက်ကလူက ညာကိုပြေး၊ ညာဘက်ကကလေးက ဘယ်ကိုခုန်။

ဟော... တူတူပုန်းပြန်ပြီ။ ဟော... တစ်ယောက်ကိုတစ်ယောက်ကျော်ကြ၊ ခွကြ၊ ကုန်းပိုးစီးကြပြန်ပြီ။ ဘုတ်တလုတ်တောက်တဲ့ လုပ်ပြန်ပြီ။

ဟင်... လှစ်ခနဲ အိမ်ထဲ ဝင်ပြေးသွားကြပြန်ပြီ။ ဟောဗျ... သစ်ပင်ပေါ်တက်ကြပြန်ပြီ။

ကိုင်းဗျာ...။ အဲဒါမျိုးတွေက မျက်စိတစ်မှိတ်အတွင်းမှာ တရစပ်ဖြစ်နေ ပျက်နေကြတာ။ တစ်ယောက်ချင်းစီ ဘယ့်နှယ်လုပ်ပြီး ရေတွက်လို့ရမတုံး။ မျက်စိကိုလည်ကုန်ရော။

* * *

အကြီးဆုံးကလေးနှစ်ယောက်ကမှ လေးတန်းနဲ့ သုံးတန်းအရွယ်။ ကျန်တာတွေအားလုံးက ဘုစုခရုတွေချည်းပဲ။

ဒေါ်ဟာစီးနားနဲ့ အိမ်ချင်းကပ်နေတဲ့ ဒေါ်သန်းတင်ကလည်း အားကျမခံ ကလေးခြောက်ယောက် မွေးထားတယ်ဗျာ။ သံဂေါ်လီတဲ့။ ယေကျစ်တဲ့။ ငါးခူမတဲ့။ နာမည်တွေတော့ အကုန် မမှတ်မိတော့ဘူး။ သေချာတာကတော့ အားလုံး မျောက်လောင်းလေးတွေချည်းပဲ။

အငိုသန်တယ်။ အဆော့သန်တယ်။ အတိုင်အတောထူတယ်။ အသံပြဲတယ်။ အိုဗျာ... စကားတစ်လုံးတည်းနဲ့ ခြုံငုံမိအောင်ပြောရရင် လုံးဝကို အော့ကြောလန်လေးတွေဗျာ။

မြောင်းထဲမှာ ငါးနှိုက်တဲ့သူက နှိုက်၊ ကျွမ်းထိုးတဲ့သူက ထိုး၊ သစ်ပင်မှာ တွဲလောင်းခိုတဲ့သူက ခို။

အကြောင်းမသိတဲ့သူ တစ်ယောက်ယောက်က ဖြုန်းခနဲ မြင်လိုက်ရင် 'ကလေးဆပ်ကပ်'အဖွဲ့ကြီး နယ်ပြောင်းလာတဲ့အတိုင်းပဲ။

အဲဒီလောက် ကလေးဘုစုခရုတွေ တစ်ပြုံကြီးနဲ့ မိသားစုနှစ်ခု နေရထိုင်ရတဲ့ အကျယ်အဝန်းကိုလည်း ကြည့်ဦး။ ပေ ၂၀ × ပေ ၆၀ မြေကွက်ကျဉ်းကျဉ်းလေးထဲမှာ နှစ်အိမ်ပူးပြီး ကပ်ဆောက်ထားကြတာ။

(ဂရန်ချထားတဲ့ မြေကွက်ကတော့ ပေလေးဆယ် × ပေခြောက်ဆယ်ပေါ့ဗျာ၊ ဒါပေမဲ့ မြို့သစ်တို့ရဲ့ ထုံးစံအတိုင်း တစ်ဝက်ပိုင်းပြီး ရောင်းစားထားကြတာက များတာကိုး)

အဲဒီတော့ စဉ်းစားကြည့်လေ။

ပေ ၂၀ လောက်ပဲရှိတဲ့ ကွက်လပ်ထဲမှာ မိသားစုအများကြီးနဲ့ အိမ်ထောင်စုနှစ်စု အိမ်ဆောက်နေရတာ။ ခြံတွေ ဘာတွေလည်း ဘယ်ခတ်နေနိုင်မလဲဗျာ။

ဆယ်ပေ မပြည့် တပြည့် အိမ်ခန်းဖွဲ့ထားရတဲ့ ဝါးထရံချင်းကထိလုခမန်း ကပ်လို့။

ထရံကျိုးတိုးကျဲတဲဆိုတော့ လုံလုံခြုံခြုံလည်း ဘယ်ရှိမှာလဲဗျာ။

ဟိုဘက်ခန်းက လေသံသဲ့သဲ့နဲ့ တိုးတိုးပြောရင်တောင် ဒီဘက်အခန်းက အတိုင်းသားကြားနေရတာ။

ပါးစပ်ကြမ်းတဲ့ ဒေါ်သန်းတင်ရဲ့ ဆဲသံဆိုသံလေးတွေနဲ့ဆိုတော့မြိုင်မြိုင်ဆိုင်ဆိုင် ရှိပါလေရော။

"ဟဲ့... မအေ... နမ သေချင်ဆိုးလေးတွေ၊ ငါ့မှာ စားဖို့ သောက်ဖို့လုံးပန်းရတာက တစ်ဖက်၊ နင်တို့ကို ထိန်းရတာက တစ်ဖက်နဲ့ သေသာသေလိုက်ချင်တော့တာပဲ"

ဒါက မနက်မိုးလင်းတိုင်း ကြားရတဲ့ ဒေါ်သန်းတင်ရဲ့ တစ်နေ့တာအစီအစဉ် အဖွင့်မင်္ဂလာသီချင်း။

အဲဒီကနေ စပြီး လာပါပြီ။ တစ်နေကုန်မပြတ်တဲ့ ဒေါ်သန်းတင်ရဲ့အဆဲ တရစပ်။ အဲဒါကိုက သူ့ဝသီ၊ သူ့စရိုက်ဖြစ်နေတာကိုး။ သူတစ်ပါးကိုနစ်နာအောင် တမင်ရည်ရွယ်တာ မဟုတ်ပေမယ့်လို့ 'ဆဲ' တဲ့စကား မပါရင်ကိုသူ့ခမျာ ဝါကျဖြစ်အောင် မပြောတတ်ဘူးဖြစ်နေတာ။

တစ်ခါကကျတော့...

ရပ်ကွက်လူကြီးတွေနဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်ထဲက ရပ်ကွက်ထဲမှာ အိမ်တိုင်းစေ့ လိုက်စစ်တယ်။

မီးချိတ်မီးကပ်တွေလုပ်ပြီး အိမ်မှာ အသင့်ဆောင်ထားဖို့ နှိုးဆော်ထားတာ ရှိတယ်လေ။ အဲဒါကို လိုက်နာကြရဲ့လား၊ အချိန်မီ ပြီးစီးရဲ့လား ဆိုတာတွေ လိုက်စစ်တာ။

ရပ်ကွက်ကောင်စီဥက္ကဋ္ဌပါ ပါလာတယ်ဗျ။

အဲဒီ နေ့လယ်ခင်းတုန်းက ဒေါ်သန်းတင်က မီးဖိုချောင်ထဲမှာ သူ့ထဘီအစုတ်ကလေးကို လက်ချုပ်အပ်နဲ့ ချုပ်နေတယ်။ ခြံထဲကို လူတွေဝင်လာတာ သတိမထားမိလိုက်ဘူး။ မီးသတ်ရဲဘော်တွေနဲ့ လူကြီးတွေ လာစစ်မှန်း ဘယ်သိမှာတုံး။

ကလေးတွေကလည်း နေ့လယ်နေ့ခင်းဆို ရွာရိုးကိုးပေါက်လျှောက်ဆော့နေကျဆိုတော့ အိမ်ရှေ့မှာ ဘယ်သူမှ မရှိဘူး၊ ဟောင်းလောင်း။

လူရိပ်လူယောင် မမြင်တာနဲ့ ရပ်ကွက်ဥက္ကဋ္ဌက ချောင်းဟန့်သံပေးလိုက်တယ်။

"အဟမ်း... အဟမ်း"

ဘာမှ တုံ့ပြန်သံမကြားရတာနဲ့ ဥက္ကဋ္ဌက ထပ်ပြီး ချောင်းဟန့်ပြန်ပါလေရောဗျာ။

"အဟမ်း... အဟမ်း"

အဲဒီမှာတင် မီးဖိုချောင်ထဲက ဒေါ်သန်းတင်က ခုနစ်သံချီဟစ်လိုက်တယ်။

"ဟဲ့... ဘယ်မအေ.... က ငါ့အိမ်ရှေ့လာပြီး တဟမ်းဟမ်းနဲ့ ချောင်းဆိုးနေရတာလဲ"

ဥက္ကဋ္ဌရဲ့ မျက်နှာက ရဲခနဲ ဖြစ်သွားတယ်။ မီးသတ်ရဲဘော်တစ်ယောက်က အားလည်းနာ၊ မျက်နှာလည်းပူတာနဲ့...

"ဒေါ်သန်းတင် အထဲကနေ စွတ်အော်မနေနဲ့၊ ထွက်ခဲ့ဦးဗျ"

"ထွက်မလာနိုင်သေးဘူး... တော်ရေ့၊ ကျုပ်ရဲ့ ဟတ္တာပြနေလို့ အပ်နဲ့ ချုပ်နေရသေးတယ်"

"ဟိုက်...၊ ဘုရား... ဘုရား"

ရပ်ကွက်ဥက္ကဋ္ဌခမျာ ဘုရားတောင် တယူရရှာတယ်။ ဒေါ်သန်းတင်ပြောတဲ့ 'ဟတ္တာ'ဆိုတာက သူ့ထဘီစုတ်ကို ပြောတာပါ။ ဒါပေမဲ့ ရပ်ကွက်ဥက္ကဋ္ဌကတော့ နောက်များဆို ဒေါ်သန်းတင်အိမ်ဘက်ကို ယောင်လို့တောင် ခြေဦးမလှည့်တော့ဘူး။

ကျွန်တော်တို့အဖို့ကတော့ ဒေါ်သန်းတင်ရဲ့ ဆဲသံကို နေ့တိုင်း ကြားရဖန်များလို့ နားယဉ်နေပါပြီဗျာ။

* * *

တစ်မနက်ခင်းပေါ့ဗျာ။

ကျွန်တော်တို့က အားအားယားယားရှိတာနဲ့ ထုံးစံအတိုင်း အိမ်ရှေ့မြောင်းကလေးပေါ်ကိုခွပြီး ဆောက်ထားတဲ့ ခုံတန်းလျားလေးပေါ်မှာထိုင်ပြီး ဟိုငေးဒီငေးပေါ့။

အိမ်ချင်းကမဝေးလှတော့ စွာလောင်စွာလောင် ပွက်ညံ ပွက်ညံနဲ့ ဒေါ်သန်းတင်ရဲ့ ဆဲသံဆိုသံကို ကြားနေရသပေါ့ဗျာ။

အသံပဲကြားရတာပါ။

လူကို မြင်ရတာတော့ မဟုတ်ဘူးဗျ။

ဒေါ်သန်းတင်ရဲ့ ဆဲသံက အိမ်နောက်ဖေးဆီကနေ ထွက်ထွက်လာတာ။ မီးဖိုချောင်ထဲမှာ ချက်နေပြုတ်နေရင်းကနေ အိမ်ရှေ့မှာ ကမြင်းကြော ထတော်မူနေကြတဲ့ သူ့ရဲ့ရှုမငြီးဖွယ် ရင်သွေးလေးတွေကို လှမ်းလှမ်းပြီး ကလော်တုတ်နေတာဗျ။

"ဟဲ့... မအေပေးလေးတွေ၊ မိုးလင်းကတည်းက ကမြင်းနေလိုက်ကြတာ သေပဲ မသေနိုင်ကြသေးဘူးလား။ တကတဲတော်... မျောက်နဲ့ လင်းတ စပ်ကျတဲ့ဟာလေးတွေ"

ဆဲမယ်ဆိုလည်း ဆဲချင်စရာဗျ။ ခုနစ်ပေ၊ ရှစ်ပေတောင်မရှိတဲ့ မြေကွက်ကျဉ်းကျဉ်းလေးထဲမှာ ဒေါ်သန်းတင်ရဲ့ ကလေးတွေ ဆော့နေလိုက်ကြတာဗျာ။

လက်ဘဒီပကျွန်းကို ဟနုမန်နဲ့ မျောက်စစ်သည်တွေ အကျောဘိဏီတပ်ဖွဲ့ပြီး ဝင်တိုက်နေတဲ့အတိုင်းပဲ။ အဆူအညံ အခုန်အပျံတွေဆိုတာကတော့ စာဖွဲ့လို့တောင်မနိုင်ဘူး။

သူတို့တွေချည်းပဲလားဆိုတော့ မဟုတ်သေးဘူးဗျ။ ဘေးကတစ်လံသာသာလောက်တောင် မဝေးတဲ့နေရာမှာ ဒေါ်ဟာစီးနားရဲ့ ရင်နှစ်သည်းချာ ရတနာမည်းမည်းသည်းသည်းလေးတွေကလည်း ဝုန်းဒိုင်းကြဲနေကြတာ။

အနိုင်မခံ အရှုံးမပေးသဘောနဲ့များ အဆော့ချင်းပြိုင် တံခွန်စိုက်ဖလား လုနေကြသလား မပြောတတ်ဘူး။

ဒေါ်သန်းတင်မက်ဒရစ်နဲ့ ဒေါ်ဟာစီးနားယူနိုက်တက်ပေါ့ဗျာ။

အဲ... သိပ်မကြာလိုက်ပါဘူး။

"ဖြဲ"

ခနဲ အာခေါင်ခြစ်ပြီး ဟစ်ငိုလိုက်တဲ့ ကလေးပေါက်စ တစ်ကောင်ရဲ့ အသံကို ကြားလိုက်ရတော့တာပဲ။

ချော်လဲလို့ပဲငိုသလား၊ အချင်းချင်း ထိမိခိုက်မိလို့ပဲ ငိုသလားတော့ မသိဘူးပေါ့ဗျာ။

ကလေးငိုသံကြားလိုက်ရတာနဲ့ တစ်ပြိုင်နက် မီးဖိုချောင်ထဲက ဒေါ်သန်းတင်ကလည်း စိတ်တိုပြီး သူ့ကလေးကို သူ လှမ်းကြိမ်းတော့တာပဲ။

"သေချင်းဆိုးလေး... ဘာဖြစ်ရပြန်ပြီလဲ၊ နေဦး... နေဦး၊ ဒီမှာ ငါထမင်းအိုးငှဲ့ပြီးတော့မှ နင့်ကျောကို အရေဆုတ်ပစ်ရဦးမယ်"

ကြိမ်းမောင်းလိုက်ခါမှ ကလေးငိုသံက တိတ်မသွားဘဲ ပိုတောင်ကျယ်လာသေးတယ်။ ဒါနဲ့ ဒေါ်သန်းတင်က လူကိုယ်တိုင် ထွက်မလာသေးဘဲ နောက်တစ်ခွန်း ထပ်ဆဲတယ်ဗျ။

"ဟဲ့... ကမြင်းတုန်းက ကမြင်းပြီး ခုမှ သောဇာသံပြုနဲ့ ငိုမနေနဲ့၊

ကျက်သရေမရှိဘူး၊ အခုတိတ်စမ်း"

အဲဒီလို ဆဲလိုက်တဲ့အချိန်မှာပဲ ဈေးဝယ်ရာကပြန်လာတဲ့ ဒေါ်ဟာစီးနားက ခြံပေါက်ဝကို လှမ်းဝင်မယ်အလုပ် တုံ့ခနဲ ရပ်သွားတယ်။

"အီး... ဟီး... ဟီး... ဝါး... ဝါး... ဟီး"

ကလေးက ဆက်ငိုနေတော့ ဒေါ်သန်းတင်က (ပေကျစ်လား၊ ကြွက်ကတိုးလား တစ်ယောက်ယောက်ပဲလို့ အောက်မေ့ပြီး) ထပ်ဆဲတယ်။

"တယ်... ဒီ ဖေ... မ သားလေးဟာ တိတ်ဆိုတိတ်တာ မဟုတ်ဘူး၊ မွေးကတည်းက သဋ္ဌေကိုယုတ်တယ်"

ဒေါ်သန်းတင်က မီးဖိုချောင်ထဲကနေ ကုန်းရုန်းပြီးဆဲလေလေ အိမ်ရှေ့က ဒေါ်ဟာစီးနားက ငိုနေတဲ့ ကလေးကိုကြည့်ပြီး အသားတွေဆတ်ဆတ်တုန်လေပဲ။

"အီး... ဟီး... ဟီး... ဝါး"

ကလေးက ငိုကြော်ရှည်နေတော့ နားကြားပြင်းကက်လာတဲ့ ဒေါ်သန်းတင်က အသားကုန်ဆဲတော့တာပဲ။

"ဟဲ့... အလေနတောကလေး။ တစ်ခါတည်း သေသွားရင်လည်း အေးတာပဲ။ သောက်ငိုကြော်က ရှည်လိုက်တာ။ ကာလနာတိုက်ပါစေတော့"

အဲဒီဆဲသံအဆုံးမှာ ဒေါ်ဟာစီးနား လုံးဝ သည်းမခံနိုင်တော့ဘူး။ ဖြုန်းခနဲ ထဘီကို တိုတိုပြင်ဝတ်၊ အင်္ကျီလက်မောင်းကို ပင့်တင်ပြီး ခုနစ်သံချီ ဟစ်တော့တာပဲ။

"အိမ်ထဲကနေ ယုတ်ယုတ်မာမာ ဆဲနေတဲ့ အယုတ်တမာမ မိသန်းတင်ရဲ့၊ ဟင်... နင် သတ္တိရှိရင် အခုချက်ချင်း အိမ်ထဲက ထွက်ခဲ့စမ်း"

မီးဖိုချောင်ထဲက ဒေါ်သန်းတင်ကလည်း လက်ထဲက ထမင်းအိုးကို ဆောင့်ခနဲ ပစ်ချရင်း 'ငါ့ကလေးကို ငါဆူနေတာ ဘယ်ကောင်မက ကြားထဲက ဝင်အကဲဆတ်နေရတာတုံး' ဆိုတဲ့ အတွေးနဲ့ ဒေါသအမျက်ချောင်းချောင်းထွက်ပြီး...

"စိန်ခေါ်နေတာ ဘယ်ကကောင်မလဲ။ သန်းတင်တဲ့၊ ငါ့လက်ဝါးက

ပါးမရွေးဘူးနော်"

ပြောပြောဆိုဆိုနဲ့ ဒေါ်သန်းတင်က အိမ်ရှေ့ဆီကို လှည့်သွားခနဲ ခုန်အထွက်၊ အသင့်စောင့်နေတဲ့ ဒေါ်ဟာစီးနားကလည်း...

"လာစမ်းပါ... လာစမ်းပါ၊ ဟောဒီကလည်း ငါ့ကလေး သူ့ဖာသာသူ ငိုနေတာကို အသားလွှတ်ဆဲတဲ့ မိန်းမ လူစွမ်းကောင်းကြီးကို ပါးရိုက်ချင်လွန်းလို့"

"ဟိုက်"

အဲဒီတော့မှပဲ ဒေါ်သန်းတင်ခမျာ ပါးစပ်ကြီးကိုပြဲလို့...။

ငိုနေတာက သူ့ကလေးမှမဟုတ်ဘဲ။ ဒေါ်ဟာစီးနားရဲ့ ကလေးငိုနေတာကိုး။

နေရာက ကျဉ်းလွန်းကပ်လွန်းတော့ ဟိုဘက်အိမ်က ငိုတာလား၊ ဒီဘက်အိမ်က ငိုတာလားဆိုတာ အကွာအဝေးနဲ့ မှန်းဆလို့လည်းမရ။

ပြီးတော့ မြန်မာကလေးပဲဖြစ်ဖြစ်၊ ကုလားကလေးပဲဖြစ်ဖြစ် ငိုတဲ့အခါမှာတော့ အသံက 'ဗြဲ' ခနဲချင်း အတူတူပဲကိုး။

ဟော... ခုတော့...

ကိုယ့်ကလေး အောက်မေ့ပြီး သူများကလေးကို အသားလွှတ်ဆဲမိပြီ။ ပွဲကြီးပွဲကောင်းပဲ။

"ငါ့ကလေးငိုနေတာကို သန္ဓေယုတ်သလေး ဘာလေးနဲ့ ဆဲရအောင် ညည်းကကော ဘယ်လောက်တောင် သန္ဓေကောင်းနေလို့လဲဟဲ့ ကောင်မရဲ့၊ နင့်အကြောင်း ငါမသိဘူးများ မှတ်နေလို့လား၊ ဒီမယ်... နင် ငယ်ငယ်တုန်းက..."

ဒေါ်ဟာစီးနားက ဒေါ်သန်းတင်ရဲ့ ငယ်ကျိုးငယ်နာတွေကို ဖော်ရောဖျို့။ ဒေါ်သန်းတင်ကလည်း ဘယ်နေမလဲ။ မကြားဝံ့မနာသာ လျှို့ဝှက်ချက်တွေကို အော်ကြီးဟစ်ကျယ်ပြောရာက နပန်းဖက်လုံးကြတော့တာပဲ။

ဆံပင်ကိုဆွဲကြတယ်။ ပါးကိုရိုက်ကြတယ်။ ကုတ်တယ်၊ ဖဲ့တယ်၊ ကိုက်တယ်၊ ဆောင့်တယ်၊ ကန်တယ်။

ဘယ်ဒူးညာဒူးသုံးတယ်။ ပတ်တံတောင်တွေ၊ ပင့်တံတောင်တွေနဲ့ ရိုက်တယ်။ ဝိုက်တယ်၊ ထိုးတယ်၊ ခြေစုံပစ်ဝင်တယ်၊ လိမ့်ရှောင်တယ်။ အနီးကပ်ဝင်ပြီး တွက်တယ်။ လက်ဖျံနဲ့ကာတယ်။

ခုန်ပြီး ကုပ်ပိုးကို ထောင်းတယ်။ ခေါင်းချင်းတိုက်တယ်။ ညို့သကျည်းကို ဖြတ်ရိုက်တယ်။

ဟာ... ဘာပြောကောင်းမလဲ၊ သတ်လုံးသတ်ပေါက်ကလည်းစုံ၊ လက်ရည်ချင်းကလည်း မျှတော့ သူတစ်ပြန်ကိုယ်တစ်ပြန်ပဲဗျို့။

ရပ်ကွက်ကလည်း ဝင်မဖျန်ဖြေဘူး ကြည့်... ကြည့်ပြီး ရယ်လိုက်ကြတာဗျာ... တဟားဟားနဲ့။ နောက်ဆုံး မနေနိုင်တာနဲ့ ကျွန်တော်၊ ကိုဆင့်သူ့နဲ့ ပန်းချီဆရာက ဝင်ဆွဲရ၊ တားရတော့တယ်။

ဒါကိုတောင် ဆိုက်ကားသမား အောင်ဗလတို့၊ ပေသီးတို့တစ်သိုက်က ကျွန်တော်တို့ကို အပြစ်ပြောချင်သေးတာ။

"ခင်ဗျားတို့ကလည်းဗျာ ဘာလို့ ဝင်ဆွဲရတာလဲ။ တစ်ရက် နှစ်ရက် လောက်နေရင် သူတို့ဟာသာ ပြန်တည့်သွားကြမယ့်ဥစ္စာ။ ရန်ဖြစ်နေတုန်း ဒေါ်သန်းတင်ယောကျ်ား ဦးမောင်ဝမ်းကြီး ရောက်လာမှ ပိုရယ်ရမှာဗျ"

... တဲ့။

ဟုတ်တော့လည်း ဟုတ်တယ်။

ဒေါ်သန်းတင်ယောကျ်ား ဦးမောင်ဝမ်းဆိုတဲ့လူက ရယ်ရတယ်ဗျ။

■

## အခန်း (၁၀)

ဦးမောင်ဝမ်းက သူ့မိန်းမလို ပါးစပ်ကြမ်းတဲ့လူတော့ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ဗိုက်ထဲကို ချက်အရက်လေး တစ်ပိုင်းလောက်များ ဝင်သွားရင်တော့ သူလည်း 'ခေသူတော့ မဟုတ်ဘူး' ဆိုတဲ့ အစွမ်းအစလေးပြတတ်သဗျ။

ညနေ ညနေဆို သူက လေချဉ်လေးတအေ့အေ့နဲ့...။

"ဟိုအိမ်က- ဟာမကြီးတွေ ရေဒီယို ကျယ်ကျယ်ဖွင့်တာ ဘာသဘောလဲ၊ ဘာလဲ... ရေဒီယို ဝယ်ထားနိုင်တယ်ဆိုတဲ့အကြောင်း ကြွားတာလား။ ဟေ့... ဒီမှာ မောင်ဝမ်းတို့က မဝယ်နိုင်လို့ မဟုတ်ဘူးဟေ့၊ မလိုအပ်လို့ မဝယ်တာ။ မောင်ဝမ်းက ရေဒီယိုကလာတဲ့ သီချင်းအားလုံး အလွတ်ရပြီးသား"

ဒါက ရေဒီယို ကျယ်ကျယ်ဖွင့်တတ်တဲ့ သူတို့ခေါင်းရင်းအိမ်ကို လှမ်းကြိမ်းတာ။

"လမ်းထိပ်က ငညွန့်ဆိုတဲ့ကောင်က ဘာကိစ္စ ခွေးရူးပြန်ရောဂါနဲ့ သေရတာတုံး။ ဘာလဲ... ငါ့မိန်းမမှာ ဝက်ရူးပြန် ရောဂါရှိမှန်းသိလို့ တမင်သက်သက် အရွဲ့တိုက်ပြီး ခွေးရူးပြန်ရတာလား။ ဟား... ဟား မတူရင်

မတုန့်ကွ၊ မောင်ဝမ်းတို့အမျိုးထဲမှာ ဝက်ရူးပြန်တတ်တဲ့ လူငါးယောက်တောင်ရှိတယ်။ မှတ်ပြီလား၊ မပြောချင်လို့ ကြည့်နေတာ"

ဒါကတော့ သူ့ဖာသာသူ ခွေးရူးပြန်ပြီး သေတဲ့မသာကို လှမ်းရန်လုပ်တာ။ အဲသည်လိုပဲ ဦးမောင်ဝမ်းတစ်ယောက်ကတော့ မူးလာပြီဆိုရင် ရပ်ကွက်ထဲမှာ ဟိုလူ့ကို စိန်ခေါ်ချင်သလိုလို၊ ဒီလူနဲ့ ရန်ဖြစ်ချင်သလိုလို...။

တကယ်တော့ ဦးမောင်ဝမ်းရဲ့ရောဂါက သူ့ကို 'လူမိုက်' ဘွဲ့တပ်ပြီး ရပ်ကွက်က ခေါ်တာကို ခံချင်တာဗျ။

(အဲဒီ အချိန်ကာလလောက်တုန်းက ကျွန်တော်တို့နေတဲ့ ရပ်ကွက်ကလေးမှာ နည်းနည်းတော့ 'တောဆန်တဲ့စရိုက်' မပျောက်သေးဘူး။ အဲဒီတော့ အလုပ်မရှိ အကိုင်မရှိနဲ့ ဘယ်နေရာမှာမှ ဟုတ်ဟုတ်ညားညား အစွမ်းမပြနိုင်တဲ့ ယောကျ်ားတွေက 'လူမိုက်'လို့ အခေါ်ခံရတာကို သူရသတ္တိဘွဲ့ချီးမြှင့်ခံရတာလိုလို၊ လူရှိန်တာလိုလို တလွဲဆံပင်ကောင်း ဂုဏ်ယူချင်ကြတာ)

အဲဒီလိုလူစားထဲမှာ ဦးမောင်ဝမ်းလည်း ပါတာပေါ့ဗျာ။ ဒါပေမဲ့ တကယ်လည်း သတ်ရဲဖြတ်ရဲတာ မဟုတ်တော့ အရက်လေး တစ်ငုံ နှစ်ငုံလောက် မျိုပြီးမှ 'မိုက်ဇာတ်ခင်း'ပြနေရတာက သူ့အတွက် အလုပ်ကြီးအကိုင်ကြီးတစ်ခုပေါ့။

ဟုတ်မဟုတ်တော့မသိဘူး။ ဦးမောင်ဝမ်းက သူငယ်ငယ်တုန်းက 'ဗန်တိုသင်ဖူးတယ်' ဆိုပြီး ရပ်ကွက်ထဲမှာ အသားလွတ် လျှောက်ကြွားတာ။

အဲဒီခေတ်တုန်းကလည်း တနင်္ဂနွေနေ့ တီဗီကလာတဲ့ မြန်မာကားတွေထဲမှာ ရပ်ရှင်မင်းသား အကယ်ဒမီညွန့်ဝင်းရဲ့ 'ဗန်တိုလူလေး' တို့၊ 'ဗန်တိုလူလေးနှင့် သူဇာ' တို့က အရမ်းပေါက်တာကိုး။

ကိုယ်ဝန်ဆောင်မိန်းမ ချင်ခြင်းတပ်သလိုမျိုး ဦးမောင်ဝမ်းခမျာလည်း (မိုက်မကြီးဘဲ) ချင်ခြင်းတပ်ပါလေရော။

အဲဒါကတော့ သူ့နာမည်ရှေ့မှာ 'ဗန်တို' တပ်ပြီး အခေါ်ခံချင်လာတာပဲ။ 'ဗန်တိုမောင်ဝမ်း' ပေါ့ဗျာ။

ရိုးရိုးစင်းစင်း ရပ်ကွက်လူမိုက် အပေါ်စားဖြစ်ရတာထက် ဗန်တို

မောင်ဝမ်း ဘွဲ့ထူး ဂုဏ်ထူးရ လူမိုက်ဖြစ်ရရင်တော့ အနိပ်ပဲလို့ ထင်ပုံရပါတယ်။

တိုတိုပြောရရင်ဗျာ သူ့နာမည်ရှေ့မှာ 'ဗန်တို' တပ်ပြီး အခေါ်ခံချင်တဲ့ စိတ်တွေက ထိန်းမနိုင် သိမ်းမရ အရူးအမူးဖြစ်လာရောဆိုပါတော့ဗျာ။

ဒါနဲ့ သူဟာ ဗန်တိုသိုင်းပညာကို ဘယ်လို သင်ယူဆည်းပူးခဲ့ကြောင်းတွေ၊ ဘယ်လောက်တောင် ထူးထူးချွန်ချွန် တတ်မြောက်ခဲ့ကြောင်းတွေကို အိမ်တိုင်းစေ့လည်ပြီး ထပ်တလဲလဲ ပြောတာဗျ။

စောင်းပါးရိပ်ခြည်လည်းပြောတယ်။ ပေါ်တင်ကြီးပြောတဲ့အခါလည်း ပြောတယ်။

သူ့ပါးစပ်က ဗန်တို... ဗန်တိုနဲ့ 'တစ်တိုတည်းတို' ပြီး အမြုပ်တစီစီထွက်အောင်ကို ပြောတာ။

* * *

ဒါပေမဲ့ ရပ်ကွက်ထဲကလူတွေက 'ရိုး' ကြ 'အ' ကြရှာပါတယ်ဗျာ။ အထာ မနပ်ကြဘူး။ သဘော မပေါက်ကြဘူး။

ဦးမောင်ဝမ်းတစ်ယောက် ဘယ်လို အခေါ်ခံချင်နေမှန်းကို အလိုက်မသိကြဘူး ဖြစ်နေတယ်။

ဒါနဲ့ ဦးမောင်ဝမ်းခမျာ သူ့ဘာသာသူပဲ အကြံအဖန်လုပ်ရတော့တာပဲ။ တခြားနည်းတော့ မဟုတ်ဘူး။ ရပ်ကွက်ထဲက ကလေးတွေကို မုန့်ဖိုးပေးပြီး တိုးတိုးတိတ်တိတ် စည်းရုံးတာ။

"မင်းတို့ မုန့်ဖိုးဆယ်ပြား မလိုချင်ကြဘူးလား"

"လိုချင်တာပေါ့ ဦးလေးရဲ့"

အဲဒီခေတ်တုန်းက ဆယ်ပြားဆိုတာ ကလေးတစ်ယောက်အဖို့ မက်လောက်စရာပဲဥစ္စာ။ သကြားလုံး၊ ဆီးထုပ်၊ စာကလေးခွေလိုမျိုး မုန့်တစ်ခုခုဝယ်စားလို့ရတယ်လေ။

အဲဒါကြောင့် ဦးမောင်ဝမ်းက သူ့ကလေးပရိသတ်ကို ဆယ်ပြားနဲ့

စပြီး ဆွဲဆောင်တာဗျ။ တစ်နည်းအားဖြင့်ပြောရရင် သူ့နာမည်ရဲ့ ကြမ်းခင်းဈေးက 'ဆယ်ပြားတန်' ပေါ့ဗျာ။

ဦးမောင်ဝမ်းကတော့ ရဲတယ်။ ပြတ်တယ်။

"ဒါဆိုရင် မင်းတို့ ငါ့နာမည်ကို 'ဗန်တိုမောင်ဝမ်း' လို့ ခေါ်ရမယ်၊ ခေါ်တဲ့သူကို မုန့်ဖိုးဆယ်ပြားပေးမယ်"

"ခေါ်မယ်... ခေါ်မယ်"

ရပ်ကွက်ထဲက ကလေးထုကြီးရဲ့ညီလာခံက တညီတညွတ်တည်း တစ်ခဲနက် ဆုံးဖြတ်ချက်ချလိုက်ကြတယ်ဗျာ။

ဒါပေမဲ့ ခက်နေတာက...

ကလေးတွေအဖို့ 'ဗန်တို' ဆိုတဲ့ အခေါ်အဝေါ်က နားစိမ်းနေတယ်ဗျာ။ သိပ်မခေါ်တတ်ကြဘူး။ ပြီးတော့ ဗန်တိုဆိုတာ သိုင်းပညာရပ်တစ်ခုရဲ့ နာမည်ဆိုတာ အဲဒီလို ဘုစုခရုလေးတွေက ဘယ်သိမှာတုံး။

အဲဒီတော့...

ကလေးတွေက သူတို့ခေါ်တတ်သလို လွယ်လွယ်ပဲ ခေါ်လိုက်ကြတယ်။

"ဗုံတို မောင်ဝမ်း" တဲ့။

* * *

လွှဲရပုံများကတော့ ကတ်သီးကတ်သတ်ဗျာ။

ကလေးတွေခေါ်သံကြားတာနဲ့ ရပ်ကွက်ထဲကလူတွေကလည်း ဘုမသိ ဘမသိ လိုက်ခေါ်ကြတယ်။

"ဗုံတိုမောင်ဝမ်း... ဗုံတိုမောင်ဝမ်း" နဲ့။

ဒါနဲ့ပဲ အဲဒီနာမည်ကြီး 'တွင်' သွားရောဆိုပါတော့ဗျာ။

ရပ်ကွက်ထဲကို အသစ်ပြောင်းလာတဲ့လူတွေကျတော့ အဲဒီနာမည်ကြီးကို တကယ် အတည် အောက်မေ့တာဗျ။

"ဩော်... ဒီလူကြီးက ဆိုင်းဝိုင်းမှာ ဗုံတိုတီးတဲ့လူထင်ပါရဲ့လေ။

ဂီတသမားကြီးပဲကိုး"

လို့ ထင်သွားကြပါလေရော။

ဦးမောင်ဝမ်းတစ်ယောက် ခွကျလိုက်ပုံများကတော့…။

လူမိုက်ဆန်အောင် နာမည်ပေးခါမှ 'ဗုံတီးတဲ့လူ' လို့ အထင်ခံရတော့တာကိုး။

နာမည်ကလည်း ရပ်ကွက်ထဲမှာ ဟိုးဟိုးကျော်အောင် 'တွင်' နေပြီ။ ဘာမှ ပြန်လုပ်လို့မရတော့ဘူး။

ဒီကြားထဲ ကျွန်တော်တို့ကလည်း အဲဒီနာမည်ကြီးကို သူ မကြိုက်မှန်းသိလေ တမင် စကားစပ်မိအောင် ထည့်ထည့်ပြီး ပြောလေပဲ။

ညနေဘက် သူ မူးလာလို့ ဟိုလူ့ကိုရမ်း၊ ဒီလူ့ကိုဆဲနဲ့…။

"ဟော့… မိုက်တဲ့ကောင်ထွက်"

ဘာညာလုပ်လာပြီဆိုရင် ကျွန်တော်တို့က သူ့ကို ချော့သလိုလို ထိန်းသလိုလိုနဲ့။

"သည်းခံပါ… ဦးမောင်ဝမ်းရယ်၊ ဘာမဟုတ်တဲ့လူတွေနဲ့ ဖက်ပြီး ရန်မဖြစ်စမ်းပါနဲ့။ ကိုယ်က 'နာမည်တစ်လုံး' နဲ့နေတဲ့ လူပဲဗျာ၊ ဗုံတိုမောင်ဝမ်း ဆိုတဲ့နာမည်က နယ်နယ်ရရမှ မဟုတ်ဘဲ"

အဲသလိုပြောရင် ကျွန်တော်တို့ကို သူက မျက်ထောင့်နီကြီးနဲ့ ကြည့်တတ်တယ်ဗျ။

ဘယ်လို ပြဿနာရှာရမယ်မှန်း မသိလို့သာ။ 'ဗုံတိုမောင်ဝမ်း'လို့ အခေါ်ခံလိုက်ရတိုင်း သူ့စိတ်ထဲ ကျွန်တော်တို့ကို အစိမ်းလိုက် ဝါးစားချင်နေမှန်း ကျွန်တော်တို့ သိတာပေါ့။

အဲဒါကြောင့်မို့ ကျွန်တော်တို့ကလည်း မထိတထိဖြစ်တယ်ဆိုရုံကလေး နောက်ကြ၊ ပြောင်ကြတာ။

အဲသည်လို သတိထားပြီး ရှောင်နေတဲ့ကြားက ငြိမယ့်ငြိတော့ ကျွန်တော်တို့ရဲ့ ထုံပေပေ အူကြောင်ကြောင် ပါရဂူ 'ဖိုးစော' နဲ့ ဆယ်ပြားတန် လူမိုက်ကြီး 'ဗုံတိုမောင်ဝမ်း' တို့ ပြဿနာတက်ကြပါလေရောဗျာ။

* * *

တစ်နေ့ နေ့လယ်ခင်းပေါ့ဗျာ။

ဦးမောင်ဝမ်းတစ်ယောက် သူ့အိမ်ရှေ့လမ်းမပေါ်ထွက် ထန်းပလပ်နဲ့ လုပ်တဲ့ ပက်လက်ကုလားထိုင် အစုတ်တစ်လုံးချပြီး စံမြန်းတော်မူတယ်ဗျ။ လမ်းပေါ် ထွက်ထိုင်ရမှာပေါ့ဗျာ။ သူ့အိမ်ရှေ့ကွက်လပ်က ဖင်မလှည့်သာ ခေါင်းမလှည့်သာ ကျဉ်းကျဉ်းလေးကိုး။

ထန်းပက်လက်ကုလားထိုင်ပေါ်မှာ စန့်စန့်ကြီးထိုင်ရင်းနဲ့ ဦးမောင်ဝမ်းက ဆံပင်အဖြူအနုတ်ခံတာဗျ။ သူ့ရင်နှစ်သည်းချာ ဘုစုခရု မျောက်လောင်းလေးတွေကို မုန့်ဖိုးပေးပြီး နုတ်ခိုင်းတာပေါ့။

သူ့ကလေးတွေက (ဟိုဘက်က ဒေါ်ဟာစီးနားရဲ့ သားကောင်းရတနာလေးတွေနဲ့ ကလေးချင်းအပြိုင် အနိုင်မခံ အရှုံးမပေးစတမ်း ကမြင်းကြော ထနေရတဲ့ အချိန်ဆိုတော့) သူတို့ မွေးသဖခင် ကျေးဇူးရှင်ကြီးရဲ့ ဆံပင်ဖြူရှင်းလင်းရေးကို လုံးဝ စိတ်မဝင်စားဘူး။

"ဖြုတ်... ဖြုတ်"

"အား... လား... လား၊ သေပါပြီ"

ဆံပင်အမည်းတွေကိုပါ နုတ်တဲ့အခါ နုတ်တယ်။ တစ်ခါတလေ ကျတော့လည်း သုံးလေးပင် ပူးပြီး ဆောင့်ဆွဲတဲ့အခါ ဆွဲတယ်။ ဦးမောင်ဝမ်းခမျာ ဖက်ဆစ်ဂျပန်ခေတ်က ကင်ပေတိုင်တွေလက်ထဲကို ရောက်သွားသလိုပဲ။

"ဖြုတ်... ဖြုတ်"

"အောင်မလေး... ဖြည်းဖြည်းလုပ်ပါဟ"

"ဖြုတ်"

"အား... ကျွတ်... ကျွတ်... ကျွတ်"

ဆံပင်တွေကို အဆုပ်လိုက် အဆုပ်လိုက်ဆွဲဆောင့်ပြီး အနုတ်ခံနေရမှတော့ လူမိုက်ကြီးလည်း ဘယ်အသည်းမာနိုင်တော့မှာလဲဗျာ။

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျရပြီပေါ့။

ကျွန်တော်တို့အိမ်ရှေ့မြောင်းပေါ်က ခုံရှည်ပေါ်ထိုင်ရင်း လှမ်းမြင်

နေရတော့ ပန်းချီဆရာက ကတ်သီးကတ်သတ်တွေးပြီး ပြောသေးတယ်။

"ဈေးဆိုင်တွေ အိမ်တွေ နံရံမှာ လူမြင်သာအောင် ကပ်ထားတတ်တဲ့ စတိုပေစတွေမှာ မင်းတွေ့ဖူးတယ် မဟုတ်လား။ 'မိဘမျက်ရည်တစ်စက် သားသမီးဆင်းရဲတစ်သက်' ဆိုတာလေ။ အင်း... ဦးမောင်ဝမ်း သားသမီးတွေ ကတော့ ဘဝဆက်တိုင်း ဆင်းရဲလို့ကို ဆုံးတော့မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟိုမှာ မတွေ့ဘူးလား၊ သားတွေ သမီးတွေ လက်ချက်နဲ့ ဦးမောင်ဝမ်းကြီး မျက်ရည်ပေါက်ပေါက်ကျနေတာ"

"ဟုတ်တယ်... ဟုတ်တယ်၊ ကျောင်းထိုင်ဆရာတော်ကြီး ပျံလွန် တော်မူလို့ တစ်ရွာလုံးစုပြီး ငိုရင်တောင် အဲဒီလောက် မျက်ရည်များများထွက် မှာမဟုတ်ဘူး"

ကျွန်တော်တို့ပြောနေတုန်း လက်ထိပ်ဘက်ဆီကနေ ဖိုးစောတစ် ယောက် လက်ဖက်ခြောက်ထုပ်ကလေးဝယ်ပြီး ကော့လန်ကော့လန်နဲ့ ပြန်လာ ပါလေရောဗျာ။

ငနဲသားက လျှာရှည်ချင်တော့ ကိုယ့်အိမ်ကိုယ် တန်းတန်းမတ်မတ် ပြန်မလာဘဲ ဦးမောင်ဝမ်း လျောင်းတော်မူနေတဲ့ ပက်လက်ကုလားထိုင်ဆီ ကြွချီသွားပြီး...

"ဦးလေး... ဆံပင်ဖြူ အနုတ်ခံနေတာလား"

"အီးကွ"

"အင်းကွ" လို့ ပြောရမယ့်ဟာကိုတောင် နာလွန်းလို့ အသံပီပီသသ မထွက်နိုင်တော့ဘူး။ ဆံပင်တွေ အနုတ်ခံထားရလို့ ဦးရေပြားက နာလှ ပြီလေ။

ဒါကို...

ကိုယ်တော်မြတ် 'ဖိုးစော' က မဟာကရုဏာတော် ထားရှာတယ် ထင်ပါရဲ့။ သူသိထားတဲ့ ဗဟုသုတ ပိစိညှောက်တောက်ကို မိန့်ခြွေတော်မူ သဗျ။

"ဟိုဘက်က (၅)လမ်းထိပ်မှာ ဆံပင်ဖြူနုတ်ပေးတဲ့ဆိုင်ရှိတယ်

ဦးလေး၊ ခြံဝမှာ 'ဆံဖြူသန့်ပေးသည်' ဆိုတဲ့ ဆိုင်းဘုတ်ချိတ်ထားတယ်"

"ဟေ... ဟုတ်လား။ ကျေးဇူးပဲကွာ"

ဒုက္ခဆင်းရဲတွင်းက လွတ်မြောက်ရာ အမတဘုံကို ဟောကြား ညွှန်ပြခံလိုက်ရသလိုမျိုး ဦးမောင်ဝမ်းတစ်ယောက် ဝမ်းမြောက်ဝမ်းသာနဲ့ ငေါက်ခနဲ ထထိုင်တယ်။

ဖိုးစောရဲ့ ဟန်ပန်ကလည်း ဗိုလ်တထောင် ဘိုးဘိုးကြီး နတ်ရုပ် လက်ညှိုးထိုးနေတဲ့အတိုင်းပဲဆိုတော့ ဘာပြောကောင်းမလဲ။ အားကိုးပြီပေါ့။ ဖိုးစော ညွှန်တဲ့ (၅)လမ်းထိပ်ကို တစ်ဟုန်ထိုး သုတ်ခြေတင်တော့တာပဲ။

* * *

(၅)လမ်းထိပ်က အိမ်ကိုရောက်တော့ ခြံရှေ့မှာ ချိတ်ထားတဲ့ ဆိုင်းဘုတ်ကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်တယ်။

ဟုတ်တယ်။ ဖိုးစောပြောတဲ့အတိုင်းပဲ။

ဒါနဲ့ ဦးမောင်ဝမ်းက ရင်ကော့ပြီး တံတောင်ဆစ်ကို ချိုင်းကနေ ကွတတလုပ်ရင်း ခြံထဲကို ဝင်လိုက်တယ်။ ဟုတ်တယ်လေ၊ ဒါမှလည်း လူမိုက်ပုံပေါက်မှာ မဟုတ်လား။

မျက်နှာကြောကိုလည်း တင်းထားရသေးတာ။

အိမ်ရှင်ကတော့ ဦးမောင်ဝမ်းကိုကြည့်ပြီး မျက်လုံးပြူးနေတယ်။ ဟုတ်တယ်လေ။ သူ့ခြံထဲကို မပြောမဆိုနဲ့ စွတ်ရွတ်ဝင်လာပြီး မဲ့မဲ့ရွဲ့ရွဲ့နဲ့ ခြေကားယားလက်ကားယားလုပ်နေတဲ့ ဦးမောင်ဝမ်းပုံစံက အိမ်သာတက်ချင်လို့ မနည်းအောင့်ထားရသလိုလို ဘာလိုလိုဖြစ်နေတာကိုး။

အဲသလို အိမ်ရှင်ဖြစ်တဲ့သူ မျက်လုံးကြီးပြူးနေတာကိုကြည့်ပြီး ဦးမောင်ဝမ်းစိတ်ထဲက...

"ဒီကောင်ကတော့ ငါ့ကို လူမိုက်မှန်းသိလို့ ကြောက်နေပြီ"

လို့ ထင်တာဗျ။ ဒါနဲ့...

"ကိုယ့်ကိုကြောက်မယ့်လူ ရှိတုန်းလေးမှာ ငါ့ရဲ့ မိုက်ဂုဏ်ကို အစွမ်းပြဦးမှပဲ"

ဆိုပြီး အနားမှာတွေ့တဲ့ ခွေးခြေထိုင်ခုံပုလေးပေါ် ဝုန်းခနဲ ခပ်ဆောင့်ဆောင့် ထိုင်ချလိုက်ရင်း...

"ဟေ့ကောင်... ငါ့ကို ဆံပင်ဖြူနုတ်ပေးစမ်း"

လေသံမာမာနဲ့ ဟောက်လိုက်တော့ အိမ်ရှင်က အူကြောင်ကြောင်ဖြစ်သွားတယ်။ ပြီးမှ အထစ်ထစ်အငေါ့ငေါ့နဲ့...။

"ကျွန်တော်... ကျွန်တော် မအားသေးပါဘူး ဦးလေးရယ်"

"ဘာကွ"

ဦးမောင်ဝမ်း ရေရေလည်လည် 'တင်း' သွားတယ်။ ဒီလိုငြင်းလို့ ရရိုးလား။ မောင်ဝမ်းဆိုတာ 'လူမိုက်'၊ လူမိုက်ဆိုတာ 'မောင်ဝမ်း'။

သူ့စကားတစ်ခွန်းဟာ အာဏာတည်ရမှာပေါ့။

သူခိုင်းသမျှကို ခေါင်းညိတ်ရမှာပေါ့။

ဒါနဲ့ ဦးမောင်ဝမ်းက 'တောက်' တစ်ချက် ပြင်းပြင်းခေါက်လိုက်ပြီး...

"တောက်... ဟေ့ကောင် ဗန်တိုမောင်ဝမ်းဆိုတာ မင်း မကြားဖူးဘူးလား။ အားတာတွေ မအားတာတွေ ဆင်ခြေလာပေးမနေနဲ့။ မင်းကို အလကားခိုင်းတာမဟုတ်ဘူး၊ ပိုက်ဆံပေးမှာကွ။ ငါက လူမိုက်ပေမယ့် မတရားမလုပ်ဘူး နားလည်လား"

"ဒါ... ဒါပေမဲ့ ကျွန်တော်က ဆံပင်ဖြူ မနုတ်တတ်ဘူးခင်ဗျ"

"အောင်မာ"

ဦးမောင်ဝမ်းက လက်သီးနဲ့ထိုးဖို့ ရွယ်ရင်း...

"တယ်လေ... ငါ လုပ်လိုက်ရ။ ဟင်း... လက်ပါမိရင် မင်းတော့ နာတော့မယ်နော်၊ ဆံပင်ဖြူ မနုတ်တတ်ဘဲနဲ့ ဘာဖြစ်လို့ မင်းအိမ်ရှေ့မှာ 'ဆံဖြူသန့်ပေးသည်' ဆိုတဲ့ ဆိုင်းဘုတ်ကို ချိတ်ထားရတာလဲ"

လူမိုက်ကြိမ်း ကြိမ်းနေတဲ့ ဦးမောင်ဝမ်းရဲ့စကားကြောင့် အိမ်ရှင်ရဲ့ မျက်နှာက စပ်ဖြဲဖြဲဖြစ်သွားပြီးတော့...

"မဟုတ်ပါဘူး ဦးလေးရဲ့။ သေသေချာချာ ဖတ်ကြည့်ပါဦး။ 'ဆန်ဖြူ သန့်ပေးသည်' လို့ ရေးထားတာပါ။ သမဝါယမကပေးတဲ့ ဆန်တွေက ညိုညိုညစ်ညစ်တွေမို့လို့ ဖြူသွားအောင် ဆန်ဖွပ်ပေးတာပါ၊ ဆံပင်ဖြူနုတ်တာ မဟုတ်ပါဘူး"

"အယ်..."

မောင်ဝမ်း (ခေါ်) လူမိုက်ကြီးမောင်ဝမ်း (ခ) ဗန်တိုမောင်ဝမ်းရဲ့ မျက်လုံးလေးတွေက ကြောင်လတွတ်... ကြောင်လတွတ်လေးတွေ ဖြစ်သွားကြတယ်။ စောစောကလို အဟိန်းတွေ၊ အဟောက်တွေ၊ အဟန့်တွေ ဘယ်နားသွားသုံးရမှန်း မသိတော့ဘူး။

သွားပြီ... သွားပြီ။

ငါတော့ သောက်ပေါကြီးလုံးလုံးဖြစ်သွားပြီ။

သူ့ရဲ့နှုတ်ဖျားက...

"ဆော... ရီး... နော်"

လို့ တိုးတိုးလေး မပွင့်တပွင့်ပြောရင်း လူမိုက်ကြီးတစ်ယောက် ရှက်မျက်ရည်ဝိုင်းပြီး ကုပ်ချောင်းချောင်း ပြန်လာရတာပေါ့ဗျာ။

* * *

ဗုံတိုမောင်ဝမ်းရဲ့ ရှက်ဒေါသတွေဟာ ကျွန်တော်တို့လမ်းထဲကို ပြန်ရောက်မှ ပေါက်ကွဲထွက်ကုန်တော့တာပဲ။

"ခွေးမသား... ဖိုးစော။ ငါ့ကို သက်သက်ချောက်တွန်းတာ၊ ဘယ်မလဲကွ... မိုက်ရင်ထွက်ခဲ့"

လမ်းထဲကလူတွေက ဝိုင်းချော့ကြတယ်။

"ဦးမောင်ဝမ်းကလည်းဗျာ ကိုယ့်တူ ကိုယ့်သားအရွယ်လေးကိုပြီးတော့ ဖိုးစောဆိုတာကလည်း သူ့ဖာသာသူတောင် အူကြောင်ကြောင်ဥစ္စာ"

ဦးမောင်ဝမ်းတစ်ယောက် ရှက်ရှက်နဲ့သာ ရမ်းနေတာ၊ ကျွန်တော်တို့

လူအုပ်စုကလည်း တောင့်တော့ တကယ်တမ်း ပွဲမကြမ်းရဲဘူး။

ဒါတောင်မှ ဖိုးစောကို လက်ညှိုးငေါက်ငေါက်ထိုးပြီး...

"မင်း... တစ်နေ့ ငါနဲ့တွေ့မယ်"

လို့ ကြိမ်းသွားခဲ့သေးတာ။

ဦးမောင်ဝမ်းပြောတဲ့ အဲဒီ 'တစ်နေ့...' ဟာ သိပ်မကြာလိုက်ပါဘူး။ ၁၉၈၇ ခုနှစ်ရဲ့ စက်တင်ဘာလ ပထမဦးဆုံး ရက်စွဲများမှာပဲ ရောက်လာပါတော့တယ်။

■

# အခန်း (၁၁)

ဩဂုတ်လ မကုန်ခင်ကတည်းက ဆောက်လက်စ ဓမ္မာရုံအသစ်ကြီးက လက်စသတ်သလောက် ဖြစ်နေပြီ။

အဲဒါနဲ့ လူကြီးတွေက စက်တင်ဘာလကုန်ပိုင်းလောက်မှာ ဓမ္မာရုံသစ် ရေစက်ချပွဲလုပ်မယ်လို့ စိတ်ကူးကြတယ်။ အရေးကြီးတာက ရေစက်ချပွဲကို စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ကျင်းပချင်တာပဲ။

ဗလာပွဲကတဲ့ ဇာတ်ပွဲလေးဖြစ်ဖြစ်၊ အငြိမ့်ကလေးလောက်ပဲဖြစ်ဖြစ် ထည့်ချင်ကြတယ်။ အဲဒီမှာတင် အလှူငွေက လိုလာပြီ။

ထုံးစံအတိုင်း ရပ်ကွက်ထဲမှာလှည့်ပြီး ပိုက်ဆံလိုက်အလှူခံဖို့ကိစ္စက ကျွန်တော်တို့လူငယ်တွေခေါင်းပေါ် တာဝန်ကျတော့တာပဲ။

ဆိုက်ကားနင်းတဲ့ ခါးဘု (ဂဘု) အောင်ဗလက...

"အန်တီလှကြီးဆီ အရင်ဆုံးသွားပြီး အလှူခံရအောင်ဗျာ၊ ဟိုတစ်နေ့တုန်းက အဲဒီမိန်းမကြီး ကျွန်တော့်ဆိုက်ကား ငှားစီးတော့ လည်ပင်းမှာ လက်သန်းလုံးလောက်ရှိတဲ့ ရွှေဆွဲကြိုးတုတ်တုတ်ကြီးတစ်ကုံး ဆွဲလာတယ်ဗျ။ ပြီးတော့ ဆိုက်ကားခမပေးဘဲ အကြွေးစီးသွားတယ်"

"ဟာ... အန်တီလှ လည်ပင်းက ရွှေဆွဲကြိုးကြီးက ပြုံးကြည့်တို့ဆိုင်က ဝယ်သွားတဲ့ အတုကြီးပါကွာ၊ သူကသာ ဘယ်သူမှမသိဘူးထင်ပြီး

လည်ကြွားနေတာ၊ ပြုံးကြည်လျှောက်ပြောလို့ တစ်ရပ်ကွက်လုံးက သိပြီးနေပြီ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ အဲသည်လောက် ကြွားတဲ့မိန်းမကြီးဆီက တစ်ရာ တစ်ရာ့ငါးဆယ်လောက်တော့ မရရအောင် ညှစ်ရမယ်"

ခါးဘု (ဂဘု) အောင်ဗလကတော့ အန်တီလှကို အတော်နာနာကြည်းကြည်း ခါးခါးသီးသီးဖြစ်နေတာ။ ဖြစ်မှာပေါ့၊ ဟိုတစ်လောကလေးတင် သူနဲ့ အန်တီလှတို့ ပြဿနာတက်ထားကြသေးတာကိုး။

ခါးဘု (ဂဘု) အောင်ဗလက ပျင်းရင် ဆိုက်ကားကို ဂိတ်မှာ သွားမထိုးဘဲ လမ်းထဲမှာတင် ဟိုအိမ်ရှေ့ထိုးရပ်၊ ဒီအိမ်ရှေ့ထိုးရပ်ပြီး ပိုးလိုးပက်လက် အိပ်တာများ မြင်လို့ကို မကောင်းဘူး။

များသောအားဖြင့် သူ့ဆိုက်ကားရပ်လိုက်ရင်လည်း အန်တီလှ အိမ်ရှေ့မှာချည်းပဲ။ အန်တီလှကလည်း အောင်ဗလရဲ့ ဆိုက်ကားကြောင့် သူ့အိမ်ရှေ့ မျက်နှာစာ အသရေညှိုးနွမ်းတယ်၊ အိမ်ရဲ့အလှပျက်တယ်ဆိုပြီးတော့ အောင်ဗလကို ဆဲဟယ်ဆိုဟယ်နဲ့ မောင်းထုတ်တာ။

အောင်ဗလက ဘာလုပ်တယ်မှတ်လဲ။

ပြန်ပြီးတော့လည်း ခံမပြောဘူး။ ထွက်လည်းမသွားဘူး။ သုတ်ခနဲထ၊ သူ့ပုဆိုးကို ခါးပုံစရှည်ရှည်လေးဖြစ်အောင် ချလိုက်ပြီး ပွဲထဲက ဇာတ်မင်းသားဟန်နဲ့ ရှုရှုကလေး လက်ဖျားနဲ့ညှပ်ကိုင်ရင်း ကွေးနေအောင် ကတော့တာပဲဗျာ။

သီချင်းကလည်း အော် အော်ပြီး ဆိုလိုက်သေး။

"လှတာလေးမှလိုချင်တယ်... လှတာလေးမှ မြတ်နိုးတယ်၊ လှတယ်ပြောမှ သဘောကျတယ်၊ မငိုပါနဲ့... ချစ်သူရယ်လို့ကွယ်"

စဉ်းစားသာ ကြည့်ပါတော့ဗျာ။ ကျောပေါ်မှာ ဘုကြီးနဲ့ ခါးကုန်းတစ်ယောက် ပုဆိုးမပြီး မင်းသားလို ကနေတာ။ ဘယ်လောက်တောင် အကြည့်ရဆိုးသလဲလို့...။

အန်တီလှ အိမ်ရှေ့မှာ ခါးဘု (ဂဘု) အောင်ဗလ 'က' နေတာ ကြည့်ပြီးတော့ လမ်းထဲကလူတွေက ဟားကြတယ်။

ဒါနဲ့ အန်တီလှက ရပ်ကွက်ကောင်စီရုံးကို သွားတိုင်တာနဲ့ အောင်ဗလတစ်ယောက် ခေါ်ပြီး သတိပေးခံရပါရောလား။

ကဲ... ပြီးတော့ အောင်ဗလရဲ့ဆိုက်ကားကိုကျတော့ အကြွေးစီးသတဲ့။

အန်တီလှလုပ်ပေါက်ကလည်း အမြင်ကတ်မယ်ဆို ကတ်ချင်စရာ။

အင်းလေ... ဒီရပ်ကွက်သူ ရပ်ကွက်သားတွေရဲ့ အချင်းချင်းဆက်ဆံရေးက ကောင်းတယ်ပြောရလည်း အခက်၊ ဆိုးတယ်ပြောရလည်းအခက်။ သူ့အထာနဲ့သူတော့ ဟန်ကျသား။

* * *

မျက်လုံးလေးတွေ စင်းနေအောင်မှိန်းရင်း မနေ့ညက အိပ်မက်အကြောင်း စဉ်းစားနေတဲ့ ကိုမောင်မောင်ချိုက ဝင်ပြောတယ်။

"မင်းတို့ကလည်းကွာ အလှူခံတယ်ဆိုတာ ပထမဦးဆုံး စထည့်မယ့်အိမ်က များများထည့်မှ နောက်လူတွေကလည်း လိုက်ထည့်မှာကွ"

"အင်း... ဟုတ်တယ်... ဟုတ်တယ်"

အားလုံးက ခေါင်းညိတ်တော့ သနားတတ်တဲ့ ကိုဆင့်သူက...

"အန်တီလှခမျာ သူ့သမက် ကရင့်ဆီက ပို့တဲ့ပိုက်ဆံလေးနဲ့ စားနေရတာပါကွာ။ ကရင်ကလည်း သူ့ယောက္ခမကို သိပ်ကြီး ထောက်ပံ့နိုင်တာမှ မဟုတ်တာ။ ဘယ်များများထည့်နိုင်မလဲ"

"ဒါဆို ဘယ်အိမ်ကို အရင်ဝင်ကြမလဲ"

ဒါနဲ့ ဝိုင်းစဉ်းစားကြည့်ကြတယ်။ ဥပမာပြောရရင်ဗျာ ဦးဖေခင်တို့အိမ်ဆို ပိုက်ဆံရှိမှန်းတော့ သိတာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ကို အမြင်ကတ်တာနဲ့ ထည့်မှာမဟုတ်ဘူးဗျ။

ကိုမောင်မောင်ချို့ ယောက္ခမကြီးအိမ်ဆိုရင်လည်း ဒီလိုပဲလေ။ သူ့သမက်ကို အမြင်ကတ်တာနဲ့ ဘုပြောလွှတ်ချင်လွှတ်မှာ။ နောက်ဆုံးတော့...

"ကဲ... ဒါဆို 'လင်းယုန်' ဖယောင်းတိုင်အိမ်ပဲ အရင်ဝင်ကြရအောင်ဗျာ"

ပေသီးက ပြောလိုက်တော့ အားလုံးက ထောက်ခံတဲ့မျက်နှာပေးနဲ့ ကျွန်တော်တို့ကို လှမ်းကြည့်တယ်။

ဟုတ်တာပေါ့။ လင်းယုန်ဖယောင်းတိုင်အိမ်က ဖိုးစောနဲ့ဆို စားအိမ်သောက်အိမ်။ ပြီးတော့ သူတို့လုပ်ငန်းအတွက် နာမည်ရွေးပေးတာ၊ တံဆိပ်ပုံဆွဲပေးတာတို့က ကျွန်တော်တို့နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း ရှိထားတာကိုး။

အဲဒီတော့ ကျွန်တော်တို့ပြောရင် ရနိုင်တယ်ပေါ့။ ဒါနဲ့ပဲ လင်းယုန်ဖယောင်းတိုင်လုပ်တဲ့အိမ်ဆီကို ကျွန်တော်တို့ ထွက်ခဲ့ကြတယ်။

ဦးခွေးနီနဲ့ ဒေါ်ပုကြွယ်တို့ လင်မယားကို တွေ့လို့ အကျိုးအကြောင်းပြောပြတော့ သူတို့ကလည်း သာသာကြည်ကြည်ပါပဲ။ အစကတည်းက လှူချင်တဲ့စိတ်ရှိပြီးသားပဲ ဥစ္စာ။ ပိုက်ဆံမရှိလို့သာ မလှူရတာကိုး။

"ပိုက်ဆံမရှိဘူးလို့တော့ မညည်းနဲ့လေဗျာ။ ဦးလေးတို့က လုပ်ငန်းရှင်တွေပဲဥစ္စာ"

လမ်းထိပ် မုန့်ဟင်းခါးဆိုင်က ဒေါ်ရီရဲ့သား အငယ်ဆုံးကောင် မောင်ထွေးက ဝင်ပြောဟော့ ဒေါ်ပုကြွယ်က ရင်ဘတ်စည်တီးနဲ့...။

"အောင်မလေးဟဲ့... ခြေထောက်အားကိုးနဲ့ နင်းနိုင်မှရတဲ့ ဖယောင်းတိုင်လေးတွေကို ဈေးထဲ လှည့်ရောင်းရတာပါဟယ်၊ ဒါကိုများ 'လုပ်ငန်းရှင်' တဲ့။ အဲဒါဆို မုန့်ဟင်းခါးရောင်းတဲ့ နင့်အမေကို စားသောက်ဆိုင်ပိုင်ရှင်ကြီးဆိုပြီး ပိုက်ဆံ အရင်ထည့်ခိုင်းပါလားဟဲ့ ငထွေးရဲ့"

"တော်စမ်းပါ... ဒေါ်လေးရာ၊ အခု ဒေါ်လေးတို့ ဖယောင်းတိုင်တွေ အထုပ်လုပ်ပြီး ဈေးထဲသွင်းတာ ဟန်ကျနေတယ်မဟုတ်လား။ နောက်ထပ် ခြေနင်းစက်တစ်လုံးတောင် ထပ်ပြီး ဆင်ထားသေးတယ်လေ"

ဟုတ်တော့ဟုတ်တယ်။ ခုတလော လင်းယုန်ဖယောင်းတိုင်တွေ အရင်ကထက် ပိုရောင်းရသွက်နေတာတော့ ငြင်းလို့မရဘူး။ သိနေကြတာပဲ ဥစ္စာ။

ဒေါ်ပုကြွယ်က...

"အေးပါဟယ်... ငါကလည်း ပိုက်ဆံ မထည့်ချင်လို့ ငြင်းနေတာ မဟုတ်ပါဘူး။ ကိုယ့်ရပ်ကွက်ဓမ္မာရုံအတွက်ပဲဟာ။ ဒါပေမဲ့ လောလောဆယ် လက်ထဲမှာ ပိုက်ဆံမရှိသေးလို့ ပြောနေတာဟဲ့။ လဆန်းတော့မှ ဈေးထဲက ဆိုင်တွေမှာ ဖယောင်းတိုင်ဖိုးတွေ လိုက်သိမ်းရမှာ"

ဟုတ်တော့လည်းဟုတ်သား။ သူတို့ရဲ့ ဖယောင်းတိုင်အထုပ်တွေကို ရောင်းပေးဖို့ ဆိုင်တွေမှာ တောင်းတောင်းပန်ပန်နဲ့ လိုက်တင်ရတာ။ ရောင်းလို့ ကုန်တော့မှ ဆိုင်တွေက ရောင်းပေးခ ကော်မရှင်နုတ်ယူပြီး ဦးခွေးနီ ဒေါ်ပုကြွယ်တို့ကို ပိုက်ဆံရှင်းပေးတာကိုး။

ကျွန်တော်တို့ ငိုင်ဘိုင်တိုင်ဖြစ်သွားတာကိုကြည့်ပြီး ဦးခွေးနီက...

"နောက် လေးငါးခြောက်ရက်လောက်နေမှ လာခဲ့ကြပါလားကွာ၊ ငါ ဆိုင်တွေပတ်ပြီး ရသလောက် ပိုက်ဆံလိုက်သိမ်းထားလိုက်ပါ့မယ်"

အင်း... သိပ်မဆိုးလှဘူး။ နောက် လေးငါးခြောက်ရက်ဆိုတော့ စက်တင်ဘာလ ပထမအပတ်ထဲပဲ ရှိဦးမှာ။ ဓမ္မာရုံ ရေစက်ချပွဲကို ကောင်း ကောင်းမီတာပေါ့။

ဒါနဲ့ အောင်ဗလက...

"အဲဒါဆိုရင်လည်း လောလောဆယ် ဘယ်ရွေ့ဘယ်မျှ လှူပါမယ် ဆိုပြီး ပါးစပ်စာရင်းတော့ ကြည့်ထားဗျာ။ ရှင်းရှင်းပြောရရင် ဦးလေးတို့ လှူထားတဲ့ စာရင်းကိုပြပြီးမှ အဲဒီ ဟိတ်ဟန်ကလေးနဲ့ တခြားလူတွေကို များများလှူခိုင်းရမှာဗျ"

ဦးခွေးနီက ခဲတံအတိုလေးတစ်ချောင်းယူပြီး ဝဲဗွေးလေးဆွတ်ကာ ဆွတ်ကာနဲ့ ပရိတ်ကြီးစာအုပ်ဖုံးအတွင်းဘက်မှာ တောင်ခြစ်မြောက်ခြစ် တွက် လိုက်သေးတယ်။ ပြီးတော့မှ...

"သုံးရာထည့်မယ်ကွာ"

ကျွန်တော်တို့အားလုံး 'ဟိုက်' ခနဲ ဖြစ်သွားကြတယ်ဗျ။ အံ့သြလွန်း လို့လေ။ ကျွန်တော်တို့ မျှော်လင့်ထားတာက အလွန်ဆုံးရမှ ပိုက်ဆံတစ်ရာ ပေါ့။

ဒါတောင် မနည်းဖျစ်ဖျစ်မြည်အောင်ပြောပြီး လျှော့ခိုင်းရမယ်ထင်ထားတာ။ အခုကျတော့ သုံးရာကြီးများတောင်ဆိုတော့လေ (ပေါ်ဆန်းမွှေးဆန်တစ်ပြည် ဆယ့်ရှစ်ကျပ်ခေတ်တုန်းက ပိုက်ဆံသုံးရာရဲ့ တန်ဖိုးကိုတွက်သာကြည့်ကြပါတော့)

ကျွန်တော်က ကြားရတာ မယုံနိုင်လွန်းတာနဲ့ ကျွန်တော်တို့ကိုများသူ တမင်ရွဲ့ပြီး ပြောနေတာလားလို့ အောက်မေ့ပြီးတော့...

"ဟ... ဦးလေး သုံးရာတောင် ဆော်လှချည်လား၊ ဘယ်တုန်းကတည်းက ဒီလောက် ချမ်းသာနေတာလဲ"

"ချမ်းသာလို့ မဟုတ်ဘူး... ငါ့ကောင်ရေ။ လက်ထဲမှာ ပိုက်ဆံရှိရင် သုံးမိမှာစိုးလို့ ဖယောင်းတိုင်ဖိုး ပိုက်ဆံတွေ အကုန်မသိမ်းဘဲ ဆိုင်တွေမှာ ချန်ချန်ထားတာ။ ဖယောင်းတိုင်လုပ်တဲ့ ခြေနင်းစက်ကလေးကလည်း သုံးလေးလုံးရှိမှ အလုပ်တွင်မှာကိုး။ အဲဒါကြောင့် စုနေတာဟေ့"

"တော်တော်စုမိနေပြီဆိုရင်လည်း ကျွန်တော့်ကို တစ်ရာမျိုး နှစ်ရာမျိုးလောက် ချေးဦးဗျာ"

ပေသီးက ဝင်ပြောတော့ ဦးခွေးနီက သူ့ခေါင်းပြောင်ပြောင်ကို လက်ဖဝါးနဲ့ပွတ်ရင်း...

"ငါ့လခွေး... ရစရာလေးရှိတာမှ သုံးထောင်သာသာရယ်၊ အဲဒါလုပ်ငန်းချဲ့ဖို့ လိုတဲ့ပိုက်ဆံ နှစ်ထောင့်ရှစ်ရာ ဖယ်ထားပြီး ကျန်တာအကုန်လှူတာပဲကွ"

"ထားပါတော့ဗျာ... ထားပါတော့"

ပေသီးက ဆောင့်ဆောင့်အောင့်အောင့်ပြောပြီး အလှူခံဖြတ်ပိုင်းစာအုပ်ထဲမှာ 'ဦးခွေးနီ + ဒေါ်ပုကြွယ်... အလှူငွေ ၃၀၀ ကျပ်' လို့ ရေးမှတ်နေတယ်။

ပန်းချီဆရာက ဦးခွေးနီကို...

"ဦးလေးတို့ကလည်းဗျာ ပညတ်သွားရာ ဓာတ်သက်ပါဆိုတာ မကြားဖူးဘူးလား။ 'ငွေရှင်ကြေးရှင်' ဖြစ်ချင်ရင် ငွေကို 'ရှင်' နေအောင်ထားရတယ်ဗျ"

"ဘာလဲဟဲ့... ငွေကို ရှင်နေအောင် ထားတယ်ဆိုတာ နားမလည် ပေါင်"

အရေးထဲ ဦးခွေးနီကတော် ဒေါ်ပုကြွယ်က ဉာဏ်ထူလပျစ်နဲ့ ပေတုံးတုံးကြည့်ပြီး မေးသေးတာ။ ပန်းချီဆရာက...

"ဩော်... ပိုက်ဆံဆိုတာ လည်ပတ်နေရမယ်၊ သုံးစွဲနေရမယ်၊ ဒါမှ ရှင်သန်မှာ၊ အသက်ဝင်မှာလို့ ဆိုလိုတာဗျ။ ပိုက်ဆံကို စဘူးထဲထည့်ထား တာ သေတ္တာထဲမှာ သိမ်းထားတာတွေက ငွေတန်ဖိုးကို မတိုးပွားစေဘူးဗျာ။ အဲဒီတော့ ငွေ 'သေ' တယ်ပေါ့။ အဲဒါကို ပြောတာ၊ သဘောပေါက်လား"

ဒေါ်ပုကြွယ်က ဆီမလိမ်းတဲ့ ဆံပင်နီကြင်ကြင်တွေကို တဗျစ်ဗျစ် ကုတ်ရင်း ဉာဏ်မီသလောက် လိုက်စဉ်းစားကြည့်နေတယ်။ ခါးဘု (ဂဘု) အောင်ဗလက...

"ကဲ... သဘောပေါက်ပြီဆိုရင် ရှေ့လဆန်း ဖယောင်းတိုင်ဖိုးပိုက်ဆံ တွေ လိုက်သိမ်းပြီးရင် ကျွန်တော်တို့ကို တစ်ယောက် တစ်ရာစီချေး။ ကျွန်တော်တို့က ငွေကို 'ရှင်အောင်' လည်း လုပ်တတ်တယ်။ မသေမရှင် ဆန့်ငင် ဆန့်ငင် ဖြစ်နေအောင်လည်း လုပ်တတ်တယ်။ ဟဲ...ဟဲ"

"ဟဲ့...သေချင်းဆိုးရဲ့၊ နင့်ကို ဘာကိစ္စချေးရမှာတုံး၊ ငွေ 'သေ' တာ တွေ၊ ငွေ 'ရှင်' တာတွေ၊ ငွေ 'နေမကောင်းဖြစ်တာ' တွေ ဘာမှလာမပြောနဲ့၊ နားမလည်ဘူး။ ငါ့မှာသာ ပိုက်ဆံရှိလို့ကတော့ သေတ္တာထဲထည့်၊ သော့ခတ် ပြီးသားပဲ"

"ဟဲ့... ဟဲ့... ဟဲ့... ပုကြွယ်ရယ်၊ အမယ်လေးလေး... နင်တို့ လင်မယားနှယ် ခက်ရန်ကော။ အလှကိုမျှား တိုင်ပင်ကြပါဦးတော့လား"

ခြံဝကနေ အသံပြကြီးနဲ့ လှမ်းအော်သံကြားလို့ ဝိုင်းပြီးထကြည့် လိုက်ကြတော့ အန်တီလှကြီးဗျ။

အောင်မယ်... ဟုတ်ပ။ အောင်ဗလပြောတဲ့အတိုင်း အန်တီလှ လည် ပင်းမှာ လက်သန်းလုံးလောက်တုတ်တဲ့ ရွှေဆွဲကြိုးအတုကြီး။ ဝင်းလို့... လက်လို့...။

အန်တီလှကြီး အိမ်ပေါ်တက်လာတော့ ဒေါ်ပုကြွယ်က...

"ဘာတုံးတော့... အလန့်တကြားနဲ့။ ဘာကို တိုင်ပင်ရမှာတုံး"

"အလှ ခြံဝမှာ ဝင်မလာခင်လေးတုန်းက ညည်းပြောနေတာကို နားစွန်နားဖျား ကြားလိုက်ပါတယ်အေ။ ဘာတဲ့... ပိုက်ဆံတွေကို သေတ္တာထဲထည့်ပြီး သော့ခတ်ထားမယ်ဆိုလား။ ဟင်း... ဟင်း"

အဲဒီနေရာမှာ အန်တီလှက တဟင်းဟင်းရယ်တယ်ဗျ။ ပြီးတာနဲ့ ဘယ်သူမှ ဝင်မပြောနိုင်အောင် သူကပဲ ဆက်ပြီး...

"အဲဒါကြောင့် အလှကို အရင်တိုင်ပင်ကြဦးလို့ပြောတာ။ တကယ်တော့ လက်ထဲမှာ ပိုက်ဆံလေး ပိုပိုလျှံလျှံ ရှိတယ်ဆိုရင် ဟောဒီလို ရွှေဆွဲကြိုးမျိုး လုပ်ထားသင့်တယ်... သိလား"

အန်တီလှက သူ့ရင်ဘတ်ပေါ်က ရွှေဆွဲကြိုးအတုကြီးကို အသားလွှတ် ပုတ်ပြပြီး ပြောပါလေရောဗျာ။ (ရေရေလည်လည် တင်းဖို့ကောင်းတဲ့ 'အမူ'ဗျ)

ဒေါ်ပုကြွယ်မျက်နှာက မည်းခနဲ ဖြစ်သွားတယ်။ ဟုတ်တာပေါ့။ အတုမှန်းသိသိနဲ့ အကြွားခံရတာ အောင့်သီးအောင့်သက်ကြီး။ အဲဒါကြောင့် ထင်ပါရဲ့၊ ဘာမှပြန်မပြောဘဲ ရှုပုပ်ပုပ်ကြီး လုပ်နေတယ်။

ဒါနဲ့ မောင်ထွေးက...

"ဟုတ်ပ... အန်တီလှရေ။ စောစောကလေးတင် ဒီကောင်တွေကို ကျွန်တော် ပြောနေသေးတယ်။ တို့လမ်းထဲမှာ ရွှေတွဲလဲ ငွေတွဲလဲ နေနိုင်တဲ့ သူဆိုလို့ အန်တီလှတစ်ယောက်ပဲရှိတာလို့။ ဟုတ်တယ်နော် တငယ်ဂျင်းတို့"

"ဟင်... ဩော်... အေး... အေး... ဟုတ်တယ်လေ"

"စောစောက ထိုင်ခါနီးလေးမှာတင် မင်းပြောနေသေးတဲ့ဥစ္စာ"

"ငါတော့ မင်းကို 'ဟုတ်တယ်... ဟုတ်တယ်' လို့ ထောက်ခံလိုက်သေးတယ်လေ"

ကျွန်တော်တို့တွေ ဝိုင်းပြီးတော့ 'ဖော' လိုက်ကြတာ အိုက်တင်တွေ လွန်ကုန်လို့လား မသိဘူး၊ အန်တီလှကြီးက မသင်္ကာတဲ့ မျက်စောင်းတစ်ချက် ဝှပ်ခနဲ လှမ်းထိုးတယ်။

မောင်ထွေးက...

"အဲဒါကြောင့် အန်တီလှကတော့ဖြင့် ကိုယ့်ဂုဏ်ကိုယ့်ဒြပ်နဲ့ လိုက်ဖက်အောင် လှူနိုင်တန်းနိုင်မှာပဲဆိုပြီး ကျွန်တော်က ကျိန်းသေ အာမခံနေတာဗျ၊ ကဲ... ဘယ်လောက်လှူမှာလဲ"

"ဟင်... ဘာ... ဘာရယ်၊ လှူရမယ် ဟုတ်လား"

အမယ်... ဒီလိုရှိကော့လည်း အန်တီလှခမျာ သနားစရာကောင်းသားဗျ။ မျက်လုံးလေး ပြာလတွတ် ပြာလတွတ်နဲ့။

ကျွန်တော်က...

"မွှာရုံသစ်ကြီး ရေစက်ချပွဲလုပ်မှာမို့လို့ လိုက်အလှူခံနေရတာလေ။ ဟောဒီက ဦးလေးရွှေနီတို့ ဒေါ်လေးပုကြွယ်တို့က (၃၀၀) တောင် လှူတာဗျ။ အန်တီလှကကော..."

ပေသီးက စာရင်းမှတ်တဲ့စာအုပ်ကို ပေါင်ပေါ် ဖြန့်းခနဲမြည်အောင် ပုတ်လိုက်ပြီး...

"အောင်မယ်ကွာ... မင်းကလည်း (၃၀၀)လောက်များ ပြောစရာလားဟ၊ တို့ လက်ပံတန်းမှာနေတဲ့ အပျိုကြီးဒေါ်ဆုံဆိုတာ ဟောဒီက အန်တီလှကြီးလိုပဲ ရွှေဆွဲကြိုးကြီးနဲ့ကွ။ လှူလိုက်တန်းလိုက်လို့များကတော့ လေးရာ ငါးရာဆိုတာ ပက်ခနဲပဲ"

ကျန်တဲ့သူတွေမှာလည်း ဘယ်နေသာတော့မလဲ။ ဝိုင်းပြောလိုက်ကြတာဗျာ။

ပြောတာတွေကလည်း သူတို့တွေ့ဖူးသမျှ ရွှေဆွဲကြိုးနဲ့ မိန်းမကြီးတွေဟာ အလှူအတန်း ရက်ရောသူတွေဖြစ်ကြောင်းချည်းပဲ။

အန်တီလှကို ဆင်ဖမ်းသလို ကျုံးသွင်းပြီး ကျကျနန ချောင်ပိတ်ဖမ်းတာပေါ့ဗျာ။

မရဘူးဗျ။ အန်တီလှကလည်း တခြားနေရာမှာသာ နံ့တာ။ စကားကို လှည့်ဖို့ပတ်ဖို့၊ ပြီးတော့ ပြောနေရင်း ကြုံရင်ကြုံသလို ညှပ်ကြွားပြီး 'အလုံးကြီး' တွေ လွှတ်ဖို့ကျတော့ သိပ်ကျွမ်းတာ။ ကြည့်လေ...။

"လှူမှာ... လှူမှာ။ အလှတို့က ဓမ္မာရုံကြီးမပြီးခင်ကတည်းက စိတ်ထဲမှာ ရည်စူးပြီးသား။ ဒါပေမဲ့ သီတင်းကျွတ်လောက်မှ ရေစက်ချဖြစ်လိမ့်မယ် အောက်မေ့နေတာ။ ဒီလောက် စောစောဆောက်လို့ ပြီးလိမ့်မယ် မထင်မိတာနဲ့ ဟောဒီ ရွှေဆွဲကြိုး သွားလုပ်လိုက်မိတယ်လေ။ ဟော... အခု အရေးအကြောင်းကျတော့ လက်ထဲမှာ ပိုက်ဆံပြတ်နေရော"

ဟောကြည့်... ရှောင်ထွက်သွားတဲ့ပုံက ပညာသားပါတယ်နော်။ အဲဒီမှာတင် ပန်းချီဆရာက စိတ်ပေါက်ပေါက်နဲ့ ဘုပြောရော။

"ဒါဆိုလည်း ခင်ဗျားဆွဲကြိုးကြီး ပြန်ရောင်းပြီးလှူဗျာ"

"အိုကွယ်... လက်ထဲရှိပြီးသား ပစ္စည်းကို ထုခွဲရတာ လွယ်တာမှတ်လို့၊ ကဲပါလေ... အလှကို နည်းနည်းတော့ အချိန်ပေး။ လာမယ့် စက်တင်ဘာလဆန်းလောက်အထိပေါ့။ အဲဒီအချိန်လောက်ဆို 'ကရင်' က သင်္ဘောက ပြန်ဆင်းပြီလေ။ အဲဒီတော့မှ ယူနော်"

ထုံးစံအတိုင်း (ပါးစပ်စာရင်းပဲ) စာအုပ်ထဲ မှတ်ရပြန်တာပေါ့ဗျာ။ သုံးရာတဲ့။ ကိုင်း... ဘယ့်နှယ်ရှိစ။

အန်တီလှတစ်ယောက် ကြာကြာ ဆက်မထိုင်ရဲဘဲ ကော့လန်ကော့လန်နဲ့ ပြန်သွားတော့ ဒေါ်ပုကြွယ်က နောက်ကနေ မေးငေါ့ပြရင်း...

"ကရင်ရှိရင် ငွေရှိတယ်ထင်နေတဲ့ ဟာမကြီးပါအေ"

လို မဲ့မဲ့ရွဲ့ရွဲ့ အတင်းပြောပါလေရော။ ကျွန်တော်တို့ကလည်း အလိုက်သင့် အလျားသင့် 'ဟုတ်ပါရဲ့ဗျာ'တို့၊ 'အင်းပေါ့... အင်းပေါ့' တို့တွေ လျှောက်ပြောပေးရတာပေါ့။

ဩော်... ဘဝကံများ ဆိုးတာပြောပါတယ်။

အလှူခံထွက်မိတော့မှပဲ 'ယောကျ်ားကြီးတန်မယ့် အတင်းပြောတတ်တဲ့လူတွေ' ဘဝကို ၄တ်တုတ်ရောက်သွားတော့တာ။

* * *

ညဘက် လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဓမ္မာရုံက ငွေထိန်းဦးတင်ညွန့်နဲ့

ဆုံတော့ ဦးတင်ညွန့်က ကျွန်တော်တို့ အလှူငွေစာရင်းစာအုပ်ကို ယူကြည့်ပြီး ခပ်တိုးတိုး အသံထွက်အောင်ကို ရယ်တော့တာပဲဗျာ။

ပြီးတော့ သူက...

"ဟာ... ကောင်လေးတွေရဲ့၊ ပတ်ပလစ် (လူအများစု)နဲ့ ပတ်သက်တဲ့ ငွေရေးကြေးရေးကိစ္စတွေလုပ်ရင် ဟောဒီလို မရေရာသေးတဲ့ ပိုက်ဆံတွေကို ဘယ်တော့မှ စာရင်းထဲ မထည့်နဲ့ဦးကွ"

"ဘာဖြစ်လို့လဲ ဦးလေး"

"ကဲ... အခုနေ ငါက မင်းတို့ကို စာရင်းစစ်ပါပြီတဲ့ကွာ။ ဟောကြည့် စာအုပ်ထဲမှာ ငါးရာတွေ ခြောက်ရာတွေ ပြထားပြီး မင်းတို့လက်ထဲမှာကျတော့ တစ်ပြားမှမရှိဘူးလေ။ အဲဒီတော့ မင်းတို့ကပဲ ကြားထဲက ဖြတ်သုံးထားသလိုလို ဖြစ်မနေဘူးလား"

"အင်း"

"ပြီးတော့ သူတို့ကသာ အခု လတ်တလော သဒ္ဓါပေါက်လို့ လှူမယ်လို့ပြောပေမယ့် တကယ့်တကယ် တော့တော့ဆိုင်ဆိုင်ကျတော့ အကြောင်းမညီညွတ်လို့ပဲဖြစ်ဖြစ်၊ စိတ်ပြောင်းသွားလို့ပဲဖြစ်ဖြစ် မလှူတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ၊ အဲဒီပိုက်ဆံကို မင်းတို့စိုက်မှာလား"

ဟုတ်သားပဲ။ ကျွန်တော်တို့ကသာ ကိုယ့်ဖာသာကိုယ် လူလည်လို့ထင်နေတာ။ အဲဒီလို အသင်းအဖွဲ့နဲ့ ငွေစာရင်းနဲ့ ဘာညာဆိုတဲ့ပြဿနာ ဖြစ်နိုင်ခြေတွေကို ကြိုမတွေးထားမိတာတော့ အမှန်ပဲ။

အတွေ့အကြုံမရှိတာကြောင့်လည်း ပါတယ်လေ။

ဦးတင်ညွန့်စကားကို နားထောင်ရင် မမှားလောက်ဘူး။ သူက ကျွန်တော်တို့လို လူငယ်တွေအပေါ်မှာလည်း စေတနာရှိတယ်။ ပြီးတော့ ဒီလို အသင်းအဖွဲ့နဲ့ဆိုင်တဲ့ ငွေရေးကြေးရေးကိစ္စတွေမှာ အတွေ့အကြုံရှိတယ်။ စေ့စပ်သေချာတယ်။

ဒီရပ်ကွက်ထဲက အလယ်တန်းကျောင်းလေးရဲ့ မိဘဆရာအသင်းမှာလည်း ငွေထိန်းက သူပဲလေ။ အသင်းအဖွဲ့တွေ အတော်များများမှာ ထုံးစံက ပိုက်ဆံချမ်းသာတဲ့သူကိုပဲ ဘဏ္ဍာရေးမှူး ခန့်ကြတာမဟုတ်လား။

ဦးတင်ညွန့်ကတော့ ဆင်းရဲပေမယ့် အများပိုင် ပိုက်ဆံတွေကို သူ့လက်ထဲမှာ ယုံယုံကြည်ကြည်နဲ့ ထားကြတာပဲ။

ဘာဖြစ်လို့လဲဆိုတော့ သူက ရိုးသားတယ်၊ အကျင့်စာရိတ္တ ကောင်းတယ်၊ အသင်းအဖွဲ့ငွေကြေးနဲ့ ပတ်သက်လာရင် စာရင်းဇယားကို အတိမ်းအစောင်း မခံဘူး။ အခုလည်း သူမေးတာက စာရွက်ပေါ်က စာရင်းနဲ့ တကယ့်ပိုက်ဆံ မကိုက်ရင် 'မင်းတို့ စိုက်မလား' တဲ့။

အဲသည်လိုဆိုရင်လည်း ကျွန်တော်တို့မှာက စိုက်လျော်စရာပိုက်ဆံ ရှိတာမဟုတ်ဘူး။ ရင်ပူစရာကြီး။

အင်း... လင်းယုန် ဖယောင်းတိုင်အိမ်ကတော့ စိတ်ချရပါတယ်။ လဆန်းရက် ဖယောင်းတိုင်ဖိုးတွေ သိမ်းတာနဲ့ သွားတောင်းယူလိုက်ရုံပဲ၊ စိတ်မချရတာကတော့ အန်တီလှကြီးပဲဗျ။

အန်တီလှက တကယ်ထည့်ဖို့ ပိုက်ဆံရှိတာလည်း မဟုတ်ဘဲနဲ့ ဦးခွေးနီ–ဒေါ်ပုကြွယ်တို့ ရှေ့မှာမို့လို့ အသားယူပြီး (၃၀၀) ဖိုး ကြွားလိုက်တာဆိုရင်တော့ ဒုက္ခပဲ။

ကျွန်တော်တို့တွေ ဟန်လည်း မဆောင်နိုင်၊ အားလည်း မနာနိုင်တော့ဘူး။ ညကြီးမင်းကြီးပဲ အန်တီလှတို့အိမ်ဆီကို သုဝဲခြေတင်မိကြတော့တယ်။

* * *

"ပြောရဦးမယ်... အန်တီလှရေ"

ဇာတ်တိုက်ထားတဲ့အတိုင်း ခါးဘု (ဂဘု) အောင်ဗလက အစချီလိုက်ပြီးတော့...

"ဟို သိပ္ပံစိန်လှအိမ်ကလေ အန်တီလှကိုများ ပိုးစိုးပက်စက် ပြောလိုက်တာ ရစရာကို မရှိဘူး"

"ဟင်... ဘာ... ဘာပြောလို့လဲ"

"သူတို့ကလေ အလှူစာရင်းစာအုပ်ကို ယူကြည့်ပြီးတော့ 'အန်တီ

လှဆိုတဲ့ မိန်းမကြီးက တကယ်ကော ပိုက်ဆံထည့်နိုင်မှာမို့လို့လား' တဲ့။ 'ပိုက်ဆံ သုံးရာတောင် လက်ထဲမှာ ပြည့်အောင်ကိုင်ဖူးရဲ့လား မသိဘူး' လို့လည်း ပြောနေတယ် သိလား"

"ဟုတ်တယ်... ဟုတ်တယ်၊ ကျွန်တော်တို့ဖြင့် အန်တီလှကိုယ်စား မခံချင်လွန်းလို့..."

"သူတို့က အန်တီလှ ချမ်းသာတာကို မနာလို ဖြစ်နေကြတာနဲ့ တူတယ်။ ကဲပါ... အန်တီလှရယ်၊ ပြောနေကြပါတယ်။ ကျွန်တော်တို့ လက်ထဲကိုသာ အခုချက်ချင်း ပိုက်ဆံသုံးရာလောက် ဘတ်ခနဲ ထည့်လိုက်စမ်းပါ။ သင်းတို့ဆီသွားပြီး 'ဒါမျိုး မြင်ဖူးရဲ့လား' လို့ ပြောပစ်လိုက်ချင်လို့"

ကြားလို့မှ ကောင်းကြသေးရဲ့လား အရပ်ကတို့ရေ။ ကျွန်တော်တို့ တစ်အုပ်စုလုံး ယောကျ်ားကြီးတွေတန်မဲ့ ပလီပလာ ကတုန်းကတိုက် ပြောတတ်လိုက်ပုံများ။

တစ်မျိုးမထင်ပါနဲ့ဗျာ။ အလှူခံထွက်ပြီးမှ ဒီလို ပြောတတ်အောင် နှုတ်ရဲလျှာရဲ ဖြစ်လာတာပါ။

ဟော... ကြည့်လေ။ ကျွန်တော်တို့ပြောပုံက မိန်းမလျှာကြီးတွေ ကျနေတာပဲ။

"သူတို့ပြောတာမခံနဲ့ သိလား... အန်တီလှ"

"အန်တီလှကိုယ်စား ကျွန်တော်တို့က ကြားထဲကနေ ရင်နာလွန်းလို့..."

"အို... ပိုက်ဆံ သုံးရာလောက်နဲ့များ လဆန်းအထိ ဆိုင်းမနေပါနဲ့တော့ အန်တီလှရာ၊ အလကားသက်သက် သိက္ခာကျအောင်လို့ဗျာ။ အန်တီလှအတွက်ကတော့ 'ကရင်' ရှိရင် 'ငွေ' ရှိတာပဲဥစ္စာ"

တစ်ယောက်တစ်ပေါက် တွေ့ကရာတွေ စွတ်ပြောရင်းနဲ့ မြှောက်ပင့်ပြောနေတာလား၊ ကဲ့ရဲ့နေတာလားတောင် မကွဲပြားတော့ဘူး။ အန်တီလှလည်း ခေါင်းတွေ ချာချာကိုလည်လို့...။

နောက်ဆုံး...

အန်တီလှက ဘယ်လိုသဘောပေါက်သွားလဲ မသိဘူး။ နောက်

ဖေးမှာ စက်ချုပ်နေတဲ့ သူ့သမီးကိုလှမ်းပြီး...

"ဟဲ့... မိသက်ရေ၊ မီးဖိုချောင်ထဲက ထင်းခွဲတဲ့ဓားမ ယူခဲ့စမ်း"

အော်ပြောရင်း သူ့အခန်းထဲဝင်သွားရောဗျ။ အိပ်ခန်းထဲကနေ ပြန်ထွက်လာတော့ သူ့လက်ထဲမှာ ဝါးကျည်တောက် အဆစ်ပိတ်ကို အပေါက်ဖောက်ထားတဲ့ စုဘူးရှည်ကြီးပါလာတယ်။

ဝါးကျည်တောက်စုဘူးရဲ့ဘေးမှာ စာတွေလည်း ရေးထားတာ တွေ့တယ်။ ဘာစာလဲလို့ သေသေချာချာတောင် ဖတ်ကြည့်ခွင့်မရသေးခင် အန်တီလှက အိမ်ရှေ့ကြမ်းပြင်မှာ ဆောင့်ကြောင့်ထိုင်ပြီး သူ့သမီးယူလာတဲ့ ဓားမနဲ့ စုဘူးကြီးကို...

"ကဲဟာ..."

"ဝွမ်း"

ဓားမနဲ့ ခုတ်ချလိုက်လို့ ထက်ခြမ်းကွဲသွားတဲ့ ဝါးဆစ်စုဘူးထဲက ၂၅ ကျပ်တန်တွေ၊ ၇၅ ကျပ်တန်တွေ အထွေးလိုက် အထွေးလိုက် ထွက်ကျလာတယ်။

ကြမ်းပြင်ပေါ်မှာ ပိုက်ဆံတွေကို ဖွေးသွားတာပဲ။

အနည်းဆုံး သုံးသောင်းလောက်တော့ရှိမယ်။

ကျွန်တော်တို့အားလုံး အံ့အားသင့်ပြီး ပါးစပ်အဟောင်းသားနဲ့။ အန်တီလှတစ်ယောက် အဲဒီလောက် ပိုက်ဆံများများ စုထားမိလိမ့်မယ်လို့ မထင်ခဲ့ဘူးလေ။

ကျွန်တော်က ကြမ်းပြင်ပေါ် လိမ့်လိမ့်လဲလဲဖြစ်နေတဲ့ စုဘူးခွံ ဝါးခြမ်းကို ကောက်ယူကြည့်လိုက်တယ်။ ဝါးဆစ်ခွံပေါ်မှာ ရေးထားတဲ့ စာက...

"မြီးများ ရှင်ပြုရံ"

မြေးတွေကို ရှင်ပြုရန်လို့ လက်ရေးမညီမညာနဲ့ ရေးထားတာပါ။ ဒါ အန်တီလှရဲ့လက်ရေးပဲ။ ကျွန်တော်က မော့ကြည့်လိုက်တော့ အန်တီလှက...

"ဟင်း... ဟင်း... မြေးတွေကို ရှင်ပြုဖို့ ပိုက်ဆံစုနေတာလေကွယ်၊

ငါးနှစ်လောက်တောင်ရှိတော့မယ်။ ဒီနှစ်တော့ ကရင်ကလည်း သဘော်ာ ပေါ်က ပြန်အဆင်း ကလေးတွေကလည်း သီတင်းကျွတ်ကျောင်းပိတ်ရက် ဆုံနေတာနဲ့ အောက်တိုဘာထဲမှာ ရှင်ပြုဖို့ စိတ်ကူးနေတာ"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

"အစကတော့လေ ကလေးတွေအတွက် ရည်စူးထားတဲ့စုဘူးကို မဖောက်ချင်တာနဲ့ ကရင်လာမှ ပိုက်ဆံတောင်းပြီး အလှူထည့်မယ်လို့ စိတ်ကူးထားတာ။ ဟင်း... ဟင်း"

"ဟုတ်... ဟုတ်... အန်တီလှ။ ရပါတယ်၊ ဟို... မထည့်ရင် မထည့်နဲ့ဦးလေ၊ ပိုက်ဆံတွေ ပြန်သိမ်းထားလိုက်ပါလား၊ အဲဒါတွေက ဟိုဒင်း ရှင်ပြုဖို့ ဆိုတော့လေ"

ခေါင်းခါခါလက်ကာကာနဲ့ ဝင်ပြောတဲ့ ကိုဆင့်သူရဲ့ အသံတွေက မသိမသာတုန်နေတယ်။ သူ အားနာနေပြီလေ။

ဟုတ်တယ်။ ကျွန်တော်တို့လည်း အားနာနေတာပါပဲ။ အန်တီလှ စုထားတဲ့ပိုက်ဆံတွေကို မယူရက်တော့ဘူး။ ဒါနဲ့ ပန်းချီဆရာက ပါးစပ်ထဲ တွေ့ကရာ ပါဠိတွေ လက်တန်းကောက်ရွတ်ပြီး တားသေးတယ်။

"အဲသလို ကုသိုလ်မျိုးဆိုတာက ကိုယ် မူလရည်စူးထားတဲ့နေရာ မှာပဲ လှူတာ ပိုကောင်းမယ်ထင်တယ်နော၊ အဓိဋ္ဌာန်ကို မဖျက်နဲ့ဗျ၊ အဲဒါ သာဟတ္ထိက ကုသိုလ်ဆိုလားခေါ်သတဲ့။ ကျွန်တော်တို့ကတော့ အဲ...ဟိုဒင်း နောက်မှပဲ"

"အို...ဘယ်ဟုတ်မလဲ၊ ကိုယ့်ရပ်ကွက်ဓမ္မာရုံအတွက် လှူတာလည်း အလှူပဲဥစ္စာ၊ အလှူ တစ်ခါတည်း ထည့်ပေးလိုက်မယ်။ ရော့... ရော့"

အန်တီလှက ပြောပြောဆိုဆိုနဲ့ ၇၅ ကျပ်တန် သုံးရွက်ရယ်၊ အစိတ်တန် သုံးရွက်ရယ်ကို ကျွန်တော့်လက်ထဲ လာထည့်ပေးတယ်။

"သာဓု... သာဓု... သာဓု"

လို့ ရေရွတ်ချင်ပေမယ့် (ဘာကြောင့်မှန်းမသိဘူး) ကျွန်တော့် ပါးစပ်က အသံထွက်မလာဘူးဗျ။

ဟိုကောင်တွေဘက်ကို လှည့်ကြည့်လိုက်တော့လည်း အိမ်အပြင်ဘက်ကို ငေးတဲ့သူက ငေးသလိုလို၊ မေးဖျား ဝက်ခြံဖုကို စမ်းတဲ့သူက စမ်းသလိုလို၊ လက်ချောင်းက အဆစ်ကလေးတွေပဲ ညောင်းလွန်းလို့ တဖျောက်ဖျောက်ချိုးသလိုလို (ဘာမှန်းမသိတဲ့ဥစ္စာတွေ) ယောင်တောင်တောင် လုပ်နေကြတယ်။

အင်း... အလှူခံရတာ မျက်နှာပူစရာကြီးကိုး။

"ဟော့ကောင်တွေ လာ... သွားကြစို့"

ကျွန်တော်က အသံပြတ်ပြတ်နဲ့ပြောရင်း ထိုင်နေရာက ထလိုက်တယ်။ အလှူရှင် အန်တီလှကြီးရဲ့မျက်နှာကို လှမ်းမကြည့်ရဲဘူး။

အန်တီလှရဲ့ မျက်ဝန်းတွေထဲမှာ သူ မစားရက်မသောက်ရက် စုထားတဲ့အထဲက ပဲ့ပြီးပါသွားတဲ့ ပိုက်ဆံလေးသုံးရာကို နှမြောတသနေတဲ့ အငွေ့အသက်တွေ အုံ့ဆိုင်းနေတာကိုး။

ဟူး... ကျွန်တော်တို့ရဲ့အဖြစ်ကိုက ဆိုးပါတယ်ဗျာ။

အလှူခံထွက်ခါမှ အကုသိုလ်တွေများလိုက်တာ။

■

# အခန်း (၁၂)

"အလှူခံရတာ အဆင်မပြေဘူး"

လို့ ကျွန်တော်တို့က ညည်းတော့ ဓမ္မာရုံ ဂေါပကလူကြီးတွေက ခေါင်းကုတ်တယ်။ ဘဏ္ဍာထိန်း ဦးတင်ညွန့်ကတော့ ကျွန်တော်တို့ကို ကြည့်ပြီး ပြုံးစေ့စေ့နဲ့။

သူ့ကို ကျွန်တော်တို့ ပြန်အပ်ထားတဲ့ အလှူခံစာရင်းစာအုပ်ကလေး ကလည်း စားပွဲပေါ်မှာ လေတိုက်တိုင်း တဖျပ်ဖျပ်လန်လို့။

အန်တီလှလှူလိုက်တဲ့ ပိုက်ဆံ ၃၀၀ ရယ်၊ ရပ်ကွက်ထဲက ဟိုလူ ဒီလူ ဝင်လှူသွားတဲ့ တစ်ရာ့ဆယ့်နှစ်ကျပ်ရယ်ကိုတော့ လေတိုက်ရင် လွင့် ကုန်မှာစိုးလို့ တံဆိပ်ရိုက်တဲ့ ရော်ဘာတုံးနဲ့ ဖိထားတယ်။

ဓမ္မာရုံရဲ့ ဝေယျာဝစ္စလုပ်တဲ့ အဘဦးရာကျော်က...

"အင်း... ဟိုကိစ္စ ဒီကိစ္စပေါ်တိုင်း ခဏခဏ ပိုက်ဆံကောက်လွန်း တော့လည်း လူတွေက ဘယ်လှူချင်ပါတော့မလဲလေ"

လို့ ညည်းတယ်။

ကိုမောင်မောင်ချိုက အိပ်ငိုက်နေတဲ့ သူ့ရဲ့မျက်တောင်လေးကို ပုတ် ခတ် ပုတ်ခတ်လုပ်ရင်း...

"လူတွေက လှူချင်ပါတယ် အဘရဲ့၊ လှူဖို့ ပိုက်ဆံမရှိတာပါ"

အင်း... သူက စကားမပြောဘဲ နေမယ့်သာနေနေတာ၊ ပြောချလိုက်တော့လည်း ဂွပ်ခနဲ ခရီးရောက်သား။

ဓမ္မာရုံ ဂေါပကတွေရော ရပ်ကွက်ကောင်စီလူကြီးတွေရော အကုန်လုံး ချောင်းဟန့်သလိုလို၊ သလိပ်ဟပ်သလိုလို၊ တံထွေး ထထွေးသလိုလိုနဲ့ မကြားချင်ယောင်ဆောင်နေကြတယ်။

အန္တရာယ်နဲ့နီးတဲ့ စကားလုံးတွေ မဟုတ်လား။ သတင်းစာထဲမှာကျတော့ ဆိုရှယ်လစ်စီးပွားရေးစနစ်က အောင်မြင်နေတယ်ဆိုပြီး လူတွေကျတော့ ဘာကြောင့် ပိုက်ဆံမရှိရတာလဲ၊ ဘာလဲ၊ ညာလဲ ဆက်ပြောရင် လုံးတီးဆန် စားရကိန်းမြင်တာကိုး။

ကိုဆင့်သူကတော့ ကျောင်းဆရာဖြစ်မယ့်လူမို့လို့လား မသိဘူး။ ကျောင်းဆရာတွေး တွေးပြီး လေအေးကလေးနဲ့ ပြောတယ်ဗျ။

"လူတွေဆီက ပိုက်ဆံကောက်မယ်ဆိုရင် လူတွေကို ပိုက်ဆံရှိအောင် အရင် လုပ်ပေးမှဖြစ်မှာ၊ ဒါမှ သူတို့က ကြည်ဖြူမှာပေါ့"

ရိုးရိုးကလေး (လူလို) စဉ်းစားလိုက်တာပဲ။ နိုင်ငံရေးဝါဒတွေ၊ ဘောဂဗေဒစနစ်တွေ အညမည သဘောတရားတွေ ဘာတစ်ခုပေါ်မှ အခြေခံထားတာ မဟုတ်ဘူး။

ဒါပေမဲ့ အဲဒီလို ရိုးရိုးရှင်းရှင်း မစဉ်းစားတတ်တဲ့လူတွေ ရှိသေးတယ်ဗျာ။ စိတ်ကုန်စရာကောင်းလိုက်ပုံများကတော့...။

"အဟမ်း... အဟမ်း... ဒါကတော့ ဒီလိုရှိတယ် မောင်ဆင့်သူရဲ့။ ကုန်ထုတ်လုပ်ရေး အင်အားစုတွေထဲမှာ လူသားဟာ သူ့ရဲ့ပတ်ဝန်းကျင်နဲ့"

ဟော... လုပ်ပြီ... လုပ်ပြီ။ ဘယ်သူရှိရဦးမလဲ။ အဲဒါ ရပ်ကွက်ကောင်စီလူကြီး ဦးသိန်းဒန်ပေါ့။

ကျွန်တော်တို့ရပ်ကွက်ထဲမှာ 'သိန်းဒန်'ဆိုတဲ့ နာမည်နဲ့ လူသုံးယောက်ရှိတယ်ဗျ။ ပန်းတနော် သင်းဖြူးဖျာတွေရောင်းတဲ့ သိန်းဒန်ကို '(ဖျာ) သိန်းဒန်' လို့ခေါ်တယ်။ မယားငယ်ယူထားတဲ့ သိန်းဒန်ကိုတော့ '(နှာ) သိန်းဒန်' တဲ့။

ရပ်ကွက်လူကြီး ဦးသိန်းဒန်ကတော့ လူရှေ့သူရှေ့ရောက်ပြီဆိုရင်

အလိုက်ကန်းဆိုး မသိတတ်စွာနဲ့ 'အညမည သဘောတရား' တို့၊ 'ကုန်ထုတ်လုပ်မှု ဆက်ဆံရေးသမိုင်း' တို့၊ 'ခေတ်ပြောင်းတော်လှန်ရေး' တို့၊ 'ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မှုအရ' တို့ ဆိုတဲ့ ဘုတ်အုပ်ထဲက စကားလုံး ထွားထွားကြီးတွေ 'မှုတ်'တတ်လွန်းလို့ (အာ) သိန်းဒန်' လို့ နာမည်ပေးထားတယ်။

အခုလည်း လုပ်ပြန်ပြီ။

"တို့... ဒီ... အဲ... ဘာခေါ်မလဲ။ ဖွံ့ဖြိုးမှုပေါ်လစီအရ ကြည့်မယ်ဆိုရင် အလုပ်သမားနဲ့အလုပ် သဟဇာတ ဖြစ်မှုသာလျှင် အဲ... ဟိုဒင်း..."

ကျွန်တော် ဆက်နားထောင်မနေတော့ဘူး။ နားကြားပြင်းကတ်လို့။ အဲဒါကြောင့် ဆေးလိပ်သွားဝယ်မလိုလို ဘာလိုလိုလုပ်ပြီး ခပ်တည်တည်နဲ့ ဓမ္မာရုံအောက်ဆင်းလာတယ်။ ပြီးတာနဲ့ အိမ်ကိုတန်းပြန်တော့တာပဲ။

အိမ်ပြန်ရောက်တော့ ပက်လက်ကုလားထိုင်ပေါ်မှာ စောင်ခြုံကွေးရင်း ဘာသာပြန်ဝတ္ထုစာအုပ်တစ်အုပ်ကို ထိုင်ဖတ်နေလိုက်တာ ဟိုကောင်တွေ ဆူဆူညံညံနဲ့ ပြန်လာလို့ နာရီကိုလှမ်းကြည့်တော့ ည ၁၀ နာရီခွဲကျော်နေပြီ။

ကျွန်တော်က...

"အလှူငွေရှာမယ့်ကိစ္စက နောက်ဆုံး ဘယ်လို အဆုံးသတ်သွားသလဲဗျ"

ဝတ္ထုစာအုပ်နဲ့ မျက်နှာမခွာဘဲ လှမ်းမေးလိုက်တယ်။ ကိုဆင့်သူက ပြောချင်ဇော အားကြီးရင် ဖြစ်တတ်တဲ့ သူ့ထုံးစံအတိုင်း ပါးစပ်ကလေး ဟစိ ဟစိနဲ့ ထစ်ငေါ့နေရာက အရှိန်ယူပြီး...

"ရုပ်ရှင်ပြစက်ငှားပြီး ဘောလုံးကွင်းထဲမှာ သုံးကားပေါင်းမိုးအလင်း ရုပ်ရှင်ပြမယ်တဲ့ကွာ"

အဲဒီခေတ်တုန်းက လမ်းထဲမှာ ကွင်းပြင်မှာ ပိတ်ကားထောင်ပြီး မြန်မာဇာတ်ကားအဟောင်းတွေ ပြတာမျိုး သိပ်လုပ်ကြတယ်ဗျ။ ဖရိုးရှိုး အခမဲ့ ဗလာပွဲပေါ့ဗျာ။

ရပ်ကွက်ထဲက လူကြီးလူငယ်မရွေး သပ္ပါယ်ရိုသအပေါင်းတို့ကလည်း

ဖျာစုတ်တွေ၊ ခုံစုတ်တွေ၊ အုတ်နီခဲကျိုးတွေ ကိုယ်စီယူလာပြီး ပိတ်ကားရှေ့မှာ နေရာဦးကြတယ်။ ညလုံးပေါက် အိပ်ရေးပျက်ခံပြီး အားပေးကြတယ်။

လူဆိုးတွေရဲ့ အဖမ်းခံထားရတဲ့ မင်းသမီးကိုကယ်ဖို့ မင်းသားက မြင်းကြီးစီးလာရင် အားရပါးရ လက်ခုပ်တီးကြတယ်။

မင်းသားက လက်သီးနဲ့ထိုးလိုက်လို့ လူကြမ်းတစ်ယောက် လဲသွားတိုင်း 'ရွှီး' ခနဲ လက်ခေါက်မှုတ်ကြတယ်။

နည်းနည်းပါးပါး သေသေသပ်သပ်ရှိတဲ့ ကင်မရာလှည့်စားမှုလေးများ မြင်လိုက်ရလို့ကတော့...

"ဟာ... ရှင်းတယ်ကွာ... ရှင်းတယ်ကွာ"

"နဲ့ကို အံ့သြဘနန်း အားပေးကြတာဗျ"

(အဲဒီခေတ်ကလူတွေ ရုပ်ရှင်ကို သရဲမရဲစီးအောင် ကြည့်တတ်ကြ၊ ကြိုက်တတ်ကြပုံတွေကို သတ်သတ်စာတစ်အုပ် ရေးချင်ပါသေးတယ်။ ရုပ်ရှင်ရုံရှေ့ကွင်းပြင်ကြီးထဲ နေပူကျဲကျဲအောက်မှာ လူတန်းအရှည်ကြီးက တစ်နာရီလောက်ကြာအောင် ရပ်ပြီးတန်းစီရတယ်။ လက်မှတ်ရောင်းပြီဟေ့ဆိုတာနဲ့ ချွေးသံတရွှဲရွှဲ တိုးရဝှေ့ရတယ်၊ ရန်ဖြစ်ရတယ်။ လက်မှတ်ဝယ်ဖို့ ဒုက္ခတကြီးတိုးနေရတဲ့ ရုပ်ရှင်ကြည့်ပရိသတ်ကို 'တရကြမ်း တိုးရကောင်းလား၊ ကြားဖြတ်ဝင်ရကောင်းလား' ဆိုပြီး ပုလိပ်က ခါးပတ်နဲ့ရိုက်သေးတာဗျ။ အဲဒီလို ပုလိပ်ရဲ့ အသားလွတ် အရိုက်အနှက်ခံ၊ လူတိုးခံ၊ ခြေထောက်ပေါ်တက်အနင်းခံပြီးမှ ရုပ်ရှင်တစ်ကားကြည့်ရတဲ့ဒုက္ခကို ဒီဘက်ခေတ်လူငယ်တွေ သိကြတော့မှာ မဟုတ်ဘူး)

ရုပ်ရှင်ရုံမှာ သွားတန်းစီရင် အဲဒီလို ဒုက္ခတွေများလို့လားတော့ မပြောတတ်ဘူး။ ရပ်ကွက်ထဲမှာ ပိတ်ကားထောင်ပြီး အလကားပြရင် မိုးအလင်း အားပေးကြတာဗျ။ ဇာတ်ကားအသစ်တွေတော့ ဘယ်ပြနိုင်ပါ့မလဲ။

ရှင်ဥပဂုတ္တတို့ ဘာတို့လို ရှေးခေတ်ကားတွေ၊ ဖလင်အဟောင်းအပြတ်အတောက်နဲ့ ကားတွေပဲ များတာပါ။ ဒါကိုလည်း ကြိုက်ကြတာပဲ။

ကျွန်တော်က...

"ရုပ်ရှင်က အလကားပြရမယ့်ဥစ္စာ၊ အလှူငွေက ဘယ်လိုလုပ်ပြီး

ရမှာလဲ ကိုဆင့်ရဲ့"

"ဈေးရောင်းမယ်တဲ့ကွာ၊ တခြားရပ်ကွက်ကလူတွေလည်း လာကြည့်ကြမှာပဲလေ။ အဲဒီတော့ ကိုယ့်ရပ်ကွက်သူ ရပ်ကွက်သားတွေကို ဆိုင်နေရာ နှစ်ဆယ် အစိတ်လောက် မဲဖောက်ပြီး အစားအသောက်လေး မုန့်လေး အရောင်းခိုင်းလိုက်မယ်ပေါ့။ ရောင်းလို့မြတ်တဲ့အထဲက စားတန်တာစား၊ သုံးတန်တာသုံးပြီး တချို့တစ်ဝက်ကို ခမ္မာရုံအတွက် လှူပေါ့"

"ဒီစိတ်ကူးကိုတော့ ကျွန်တော် ချီးကျူးမိသွားတယ်။ ရပ်ကွက်ထဲက လှူချင်တန်းချင်ပါလျက်နှင့် စီးပွားရေးမပြေလည်တဲ့ လူတွေအတွက် ကုသိုလ်လည်းရ ဝမ်းလည်းဝမယ့် အစီအစဉ်ဗျ။ ဒါနဲ့ ကျွန်တော်က...

"တယ်ဟုတ်တဲ့ အစီအစဉ်ပါလား၊ ဘယ်သူ့စိတ်ကူးလဲဗျ"

ကျွန်တော့်အမေးကြောင့် ကိုဆင့်သူမျက်နှာက ပြုံးဖြဲဖြဲကြီးဖြစ်သွားတယ်။ ပြီးတော့မှ စောစောကလေးတင် သူ့ရှေ့ကနေ အိမ်ခန်းထဲဝင်သွားနှင့်ပြီဖြစ်တဲ့ ဖိုးစောရှိရာဆီကို မေးငေါ့ပြပြီး...

"ပြောရင် ယုံမှာတောင် မဟုတ်ဘူးထင်တယ်၊ ဖိုးစောရဲ့ဦးနှောက်ထဲကထွက်တဲ့ စိတ်ကူးဗျ"

ကျွန်တော် အသံထွက် မရယ်မိပေမယ့် သွားခေါ်ရုံလောက်တော့ ပြုံးမိတယ်။ သဘောကျလို့ပါ။ ကြည့်လေ...။

ဖိုးစောရဲ့ ဦးနှောက်ကလည်း (တစ်ခါတစ်ရံလောက်ပဲဖြစ်ဖြစ်) အသုံးမတည့်ဘူးလို့ ဘယ်သူပြောနိုင်သလဲ။

"ဒါမှ တို့ကောင်ကြီးကွ"

လို့တောင် လက်သီးလက်မောင်းတန်းပြီး ကြွေးကြော်လိုက်ချင်တာ။ ဟင်း... တစ်ရပ်ကွက်လုံး အိပ်နေကြတဲ့ လူခြေတိတ်ချိန်မို့လို့...။

* * *

ကိုဆင့်သူတို့ ပန်းချီဆရာတို့ အိပ်ရာဝင်သွားကြတဲ့အထိ ကျွန်တော်ကတော့ လက်ထဲကဝတ္ထုစာအုပ်ကို ဆက်ဖတ်နေဖြစ်တယ်။

အဲဒီတုန်းမှာ ဖြုန်းဆို အတွေးတစ်ခု ပေါ်လာတာနဲ့ ကိုဆင့်သူကို အတင်းလှုပ်နှိုးပြီး...

"ကိုဆင့်... ကိုဆင့်... ဘောလုံးကွင်းထဲမှာ ပိတ်ကားထောင်ပြီး ရုပ်ရှင်ပြမှာက စက်တင်ဘာလဆန်းကြီးနော်၊ မိုးတွေလေတွေ ထန်သေးတာ မဟုတ်ဘူး။ တော်ကြာ ရုပ်ရှင်ပြနေတုန်း တန်းလန်းကြီး မိုးရွာချလိုက်ရင် ဘယ်လိုလုပ်မလဲ"

ကျွန်တော်မေးလိုက်တော့ ကိုဆင့်သူက မျက်လုံးတွေကို ပွတ်သပ်ပြီး ထထိုင်တယ်။ ဝေတေဝေါးတားတားနဲ့ ကျွန်တော့်ကို မမြင်သလို အကြာကြီး ကြည့်နေသေးတယ်။ ပြီးတော့မှ အိပ်ချင်မူးတူးအသံနဲ့...။

"ဖိုးစောရဲ့ စိတ်ကူးနဲ့လုပ်တဲ့ အစီအစဉ်ပဲဟာ၊ ပြည်တွင်းဖြစ် ကြွေပန်းကန်လုံးလိုပဲ သဘောထားလိုက်ပါတော့ဗျာ"

အဲဒီခေတ်တုန်းက ကျွန်တော်တို့နိုင်ငံမှာ ပြည်တွင်းဖြစ်စက်ရုံက ထုတ်တဲ့ ကြွေပန်းကန်လုံးတွေဟာ နှုတ်ခမ်းသား ဝိုင်းဝိုင်းစက်စက်ရယ်လို့ မရှိလှဘူး။

တစ်နေရာမဟုတ် တစ်နေရာမှာ ရွဲ့နေစောင်းနေတတ်တယ်။ ဒါမှ မဟုတ် ကားတိုက်ခံထားရတဲ့ ဆိုက်ကားဘီးလို ပန်းကန်အနားသတ်တွေဟာ လိမ်ဖည်ဖည် ခွေယိုင်နေတတ်တယ်။

ကြမ်းပြင်ပေါ် ချထားပြန်ရင်လည်း အောက်ခံက မညီညာတော့ ပန်းကန်စောင်းပြီး မှောက်သွားမလား ထင်ရအောင်ကို လှုပ်တုတ်လှုပ်တုတ်နဲ့။

မြန်မာပြည်သူပြည်သား စားသုံးသူ လူထုကြီးက အရမ်းကို အကောင်းမြင်စိတ် မွေးကြတယ်။ ရွဲ့စောင်းနေတဲ့ဟာတွေကြားထဲက သိပ် မရွဲ့တရွဲ့ ခပ်ထော်ထော်လေးတွေကို ရှာတယ် ရွေးတယ်။

ဘယ်လိုမှ မဝန်းမဝိုင်းတဲ့ ပန်းကန်နှုတ်ခမ်းသားတွေကြားထဲမှာ ဘဲဥပုံ မကျတကျလေးတွေ့ရင်ကိုပဲ 'မဆိုးလှပါဘူး' လို့ စိတ်ဖြေပြီး ဝယ်ရတယ်။

ဖိုးစောလည်း ဒီခေတ်ထဲက လူသားပဲဟာ။ သူပေးတဲ့အကြံဉာဏ်၊ သူဆွဲတဲ့စီမံကိန်းကို ပြည်တွင်းဖြစ် ပန်းကန်လုံးလို သဘောထားရမှာပဲ။

"မပိုင်းစက်တာတွေကြားထဲမှာ ဘဲဥပုံလေးကလည်း မဆိုးလှပါဘူး"

ဟုတ်တယ် မဟုတ်လား။

ဒါ အဲဒီခေတ်တစ်ခေတ်မှာ ထွန်းကားတဲ့ အမြင်ရှုထောင့်ပဲ။

* * *

ရပ်ကွက်လူကြီးတွေ မိုးတားဂါထာ ခဏခဏရွတ်ရတာရယ်၊ အုန်းပွဲငှက်ပျောပွဲပေါ်မှာ ထွန်းထားတဲ့ ဖယောင်းတိုင် မီးသေသွားလို့ ပြန်ပြန်မီးညှိပေးရတာရယ်က လွဲရင် ရုပ်ရှင်ပြတဲ့အစီအစဉ်ဟာ အတော်အောင်မြင်တယ်ဗျ။

မိုးရာသီတစ်တွင်းလုံး ပွဲငတ်နေကြတဲ့ လက်လုပ်လက်စား အခြေခံလူတန်းစား ပြည်သူလူထုကြီးဟာ ကျွန်တော်တို့ရပ်ကွက်ထဲက ရုပ်ရှင်ပြမယ့် ဘောလုံးကွင်းဆီကို တစ်ခဲနက် ချီတက်လာကြတာပေါ့ဗျာ။

တချို့က ပိတ်ကားရှေ့မှာ သပေါ့ဖျာကြမ်းကြမ်းကြီးတွေ၊ ဝါးကပ်တွေချပြီး နေရာဦးထားကြတယ်။ အနီးပတ်ဝန်းကျင်က ကလေးတစ်သိုက်ကတော့ အဲဒီဖျာတွေပေါ် ကျွမ်းထိုးဆော့ကစားနေကြတယ်။

ဘောလုံးကွင်းဘေးတစ်လျှောက်မှာ ထွန်းညှိထားတဲ့ ရပ်ကွက်ဓမ္မာရုံက လေးပေမီးချောင်းတွေရဲ့ အလင်းရောင်ကလည်း ထိန်ထိန်ကျဲလို့။ လမ်းသူလမ်းသားတွေ ဆိုင်ခင်းရောင်းနေကြတဲ့ မုန့်ဈေးတန်းကလေးဆီက ဘက်ထရီမီးရောင်တွေကလည်း အစီအရီ တလက်လက်ဖြာလို့။

'လာပါ... ဝယ်ပါ... စားပါ' နဲ့ တစာစာ ဈေးခေါ်သံတွေကိုလည်း ကြားရတယ်။ ကလေးတွေ ကစားမြူးတူးနေတဲ့ အသံကိုလည်း ကြားရတယ်။ ရုပ်ရှင်ပြစက်ရဲ့ မော်တာသံကလည်း တဂျီးဂျီးမြည်လို့။

ပရိသတ်တွေကလည်း တရှီရှီနဲ့ လက်ခေါက်တွေမှုတ်တဲ့အခါမှုတ်၊ သဘောခွေ့ပြီဆိုရင် လက်ခုပ်တဖြောင်းဖြောင်းတီးတဲ့အခါ တီးနဲ့ပေါ့။ ဖြုန်းခနဲ ဖလင်ပြတ်သွားလို့ ပိတ်ကားပေါ်ကအရုပ်တွေ ရုတ်တရက် ပျောက်

သွားတဲ့အခါကျရင်လည်း...

"ဟာ" ဆိုတဲ့ ပြိုင်တူစိတ်မောသံ အကျယ်ကြီး ရေရွတ်တာကို ကြားရပြန်ရော။

အရုပ်တွေ ပြန်ပေါ်လာပြီဆိုတာနဲ့ "ဟေး" ခနဲ ဝမ်းသာအားရ ဝိုင်းအော်လိုက်ကြတဲ့ အပျော်ကူးသံက ကလေးတွေဆီကရော လူကြီးတွေဆီကပါ ပွင့်အန်ထွက်လာတော့တာပဲ။

ရုပ်ရှင်က ပြတ်တောင်းပြတ်တောင်းဖြစ်သွားလိုက်၊ လူတွေက ရေရွတ်ညည်းတွားလိုက်ကြ၊ ခဏတစ်ဖြုတ်နားပြီး မုန့်စားဆေးလိပ်သောက်လိုက်ကြ။ ပြန်ကောင်းသွားတော့ ဆက်ကြည့်လိုက်ကြနဲ့။

(ဆောင်းရာသီ မဝင်သေးလို့လားတော့ မပြောတတ်ဘူး။ မီးချောင်းအလင်းရောင်မှာလာပြီး စုအုံတိုးတတ်တဲ့ ပိုးဖလံတွေကို မတွေ့ရတာကိုတော့ ကျွန်တော် ကောင်းကောင်း မှတ်မိနေသေးတယ်)

ဘောလုံးကွင်းအလယ်ကောင်မှာ တလွင့်လွင့် စိုက်ထူထားတဲ့ ပိတ်ကားဖြူဖြူကြီးကတော့ လေတိုက်လိုက်တိုင်း တစ်ဖက်ဖက်ကို ဖောင်းသလို ရှုသလိုနဲ့။

ဟော... ပိတ်ကားပေါ်မှာ ရှင်ဥပဂုတ္တက တန်ခိုးတွေပြနေပြီ။ မာန်နတ်မင်းရဲ့လည်ပင်းမှာ ခွေးသေကောင်ပုပ်ကြီး ချိတ်လို့ပါလား။

* * *

ကျွန်တော်က ဈေးဆိုင်တန်းတွေဘက်ဆီကို ဖြည်းဖြည်းချင်း လျှောက်လာခဲ့မိတယ်။

ဦးမောင်ဝမ်းနဲ့ ဒေါ်သန်းတင်တို့ လင်မယားရောင်းတဲ့ ရေမုန့်ဆိုင်၊ ပြီးတော့ ဒေါ်ဟာစီးနားတို့ အကြော်စုံဆိုင်။ ပြီးတော့ ဘိန်းမုန့်ဆိုင်၊ အသုပ်ဆိုင်၊ ကောက်ညှင်းပေါင်းဆိုင်၊ ဟိုဘက်မှာ မြောင်းမြမုန့်ဟင်းခါး၊ အဲဒီဆိုင်နဲ့ ကပ်လျက်က မုန့်သိုင်းခြုံနဲ့ မုန့်လင်မယား။ ဆိုင်တွေ... ဆိုင်တွေ။

ဆီကြော်ထားတဲ့ အညှော်နံ့တွေက ငွေ့ဝဲလို့၊ ဖြူသလိုလို ပြာ

သလိုလို မီးခိုးမှိုင်းတွေက တလိပ်လိပ်လွင့်ပျံ့လို့။

အကြော်ဆိုင်က မီးခိုးတွေကြောင့် မျက်လုံးတွေတောင် စပ်လာသလိုပဲ။

ချုပ်ရိုးကြောင်းကြီး ကန့်လန့်ဖြတ်နေတဲ့ ရုပ်ရှင်ပိတ်ကား ဝါညစ်ညစ်ဟာ ရုပ်ရှင်ပြစက် ကာဗွန်မီးရောင်ရဲ့ ဖွေးဖွေးဆွတ်အောင် ထိန်ထိန်လက်နေတဲ့ အလင်းအားကြောင့် ဖြူသလိုလို သန့်သလိုလိုတောင် ထင်ရတယ်ဗျ။

ရုပ်ရှင်ပြစက်ရဲ့ ကာဗွန်မီး အလင်းရောင်တန်းရှေ့က လူတစ်ယောက် ဖြတ်သွားတဲ့အခါမျိုးကျရင် ပိတ်ကားပေါ်မှာ အဲဒီလူရဲ့ဦးခေါင်းပုံ အရိပ်မည်းမည်းကြီးက ရိပ်ခနဲ ဖြတ်သွားထင်သွားတတ်သေးတာ။

အဲသည်လိုမျိုး ပိတ်ကားပေါ် လူရိပ်ကွယ်ပြီလားဆိုလို့ကတော့ ရပ်ကွက်သူရပ်ကွက်သား ပရိသတ်အပေါင်းက...

"ဟေး" ခနဲ...

"ဟင်း" ခနဲ မကျေမနပ် အော်သံဟစ်သံပေးကြသပေါ့။ ကလေးပရိသတ်က အဆိုးဆုံးပေါ့ဗျာ။

ဘယ်အဘိဓာန်စာအုပ်ထဲမှာမှ ရှာလို့မတွေ့နိုင်တဲ့ သူတို့ ကလေးလောကသုံး ဝေါဟာရဆန်းဆန်းပြားပြားတွေနဲ့ ကျွက်ကျွက်ညံအောင် ခုနစ်သံချီဟစ်ကြတာ။

အဲဒီအထဲမှာ...

ဒေါ်ဟာစီးနားတို့ ဒေါ်သန်းတင်တို့ မွေးထုတ်ထားတဲ့ ရင်သွေးရတနာလေးများရဲ့ အသံတွေကတော့ အပြလန်ဆုံး အကျယ်လောင်ဆုံးတွေပေါ့။

ကြောင်တွေအုပ်ဖွဲ့ပြီး မိတ်လိုက်တဲ့အသံတွေလိုလို၊ အင်္ဂုလိမာလကို ဖမ်းဖို့ ပသေနဒီ ကောသလမင်းကြီးရဲ့ စစ်သည်ဗိုလ်ပါတွေ တောခြောက်ကြွေးကြော်ကြတဲ့ အသံတွေလိုလို။

တော်ရုံတန်ရုံ စိတ်မခိုင်တဲ့လူအဖို့ သွက်သွက်ခါအောင် ရူးသွား

နိုင်လောက်တဲ့ အသံစုံ အသံကြောင်တွေဗျ။

ဒေါ်သန်းတင်ကတော့ ကလေးတွေကို ငေါက်ဖို့ ဟန့်ဖို့ သတိမရဘူး။ ဈေးရောင်းထားရတဲ့ ပိုက်ဆံတွေကို ဆီတွေပေကျံနေတဲ့လက်နဲ့ တစ်ရွက်ချင်းစီရေတွက်ရင်း ပြုံးပြုံးကြီးလုပ်နေတယ်။

သူ့ယောကျ်ား ကိုမောင်ဝမ်းကိုတော့ မတွေ့ဘူးဗျ။ ညဦးပိုင်းလောက်တုန်းကတော့ ဒေါ်သန်းတင်ကို ဈေးကူရောင်းပေးနေတာ မြင်မိသလိုလိုရှိသား။

အင်းလေ… ဘယ်တွေ့ပါတော့မလဲ။

ဒီလို ဈေးရောင်းကောင်းပုံမျိုး၊ လက်ထဲ ငွေရွှင်ပုံမျိုးနဲ့ကတော့ ဗိုတိုမောင်ဝမ်းတစ်ယောက် အနီးဆုံး အရက်ပုန်းဆိုင်ကို ရောက်နေလောက်ရောပေါ့။

ဒါနဲ့ ကျွန်တော် ရှေ့နားကို နည်းနည်း ဆက်လျှောက်လာတော့ ဒေါ်ဟာစီးနားရဲ့ အကြော်ဆိုင်ကို ရောက်ကရော။

ဒေါ်ဟာစီးနားကတော့ အကြော်လာဝယ်တဲ့အခါ ထည့်ပေးဖို့ ငရုတ်သီးရောင်အနီရဲရဲ အချဉ်ရည်တွေကို ပလတ်စတစ်အိတ်သေးသေးလေးတွေထဲ လောင်းထည့်ပြီး သားရေကွင်းနဲ့ ကျစ်ကျစ်ပါအောင် စည်းနေလေရဲ့။

လက်က ငရုတ်ဆီ အချဉ်ရည်ထုပ်ကလေးတွေကို ဖောင်းတင်းအောင် အဆက်မပြတ်စည်းရင်း မျက်စိကလည်း ရုပ်ရှင်ပိတ်ကားပေါ်က ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးကို ငေးလို့ဗျ။ သူလည်း ရုပ်ရှင်ကြိုက်တဲ့ ဝါသနာအိုးထင်ပါရဲ့။

ကျွန်တော်က…

"ဘယ်လိုလဲ… ဒေါ်လေး ရောင်းကောင်းလား"

လို့ မေးလိုက်တော့…

"အေး… အတော်ဟန်ကျသဟဲ့။ ဒီလိုသာ သုံးလေးရက် ရောင်းကောင်းရင် ဓမ္မာရုံအတွက် တစ်ရာ၊ တစ်ရာ့ငါးဆယ်လှူဖို့ မခဲယဉ်းဖူးပဲ။ ဒီတစ်ညတည်းနဲ့တောင် ရှစ်ဆယ်ဖိုးလောက် မြတ်တယ် သိလား"

ကျွန်တော်က လက်မ ထောင်ပြလိုက်တော့ ဒေါ်ဟာစီးနားက အားတက်ပြီး လေပန်းပါလေရော။

"ဒါတောင် ဒီကနေ့ ကြက်သွန်ကြော်က အစောကြီး ကုန်သွားတယ်။ မနက်ဖြန်ကျမှ များများလုပ်လာရဦးမယ်။ မနက်ဖြန်လည်း လာကြည့်တဲ့သူများရင် ကောင်းမှာပဲ။ ဩော်... ဟဲ့... ဒါနဲ့ မနက်ဖြန်ပြမယ့်ကားတွေက ဘာတွေတဲ့တုံး"

"ကြံကြံဖန်ဖန်ဗျာ...ကျွန်တော်စီစဉ်တဲ့ကိစ္စမှ မဟုတ်တာ။ မနက်ဖြန်ဘာကားပြမယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိမှာတုံး"

ခေါင်းကုတ်ပြီး စဉ်းစားနေတုန်း ကျွန်တော့်ကို ကယ်မယ့်သူ ပေါ်လာတယ်။

"စိတ်ချ... စိတ်ချ... လူမစည်မှာ မပူနဲ့။ မနက်ဖြန်ပြမယ့်အထဲမှာ ကျော်ဟိန်းကားပါတယ်ဆိုပဲ"

ဝင်ပြောတဲ့သူကို လှည့်ကြည့်လိုက်တော့ ဓမ္မာရုံငွေထိန်း ဦးတင်ညွန့်ဗျ၊ အခုမှ ကသုတ်ကရက်နဲ့ အိမ်က ထွက်လာပုံရတယ်။ ပုဆိုးကြီးက ရင်ခေါင်းနားအထိ စည်းလို့...။

သူက ပြုံးဖြီးဖြီးနဲ့ ဒေါ်ဟာစီးနားတို့ ဈေးဆိုင်တန်းတစ်လျှောက်ကို မနက်ဖြန်မှာပြဦးမယ့် ဇာတ်ကားတွေအကြောင်း ဆိုင်တကာလှည့်ပြီး သတင်းပေးနေသေးတယ်။ ပြီးတော့မှ ကျွန်တော့်ပခုံးကို ဖက်ပြီး...

"လာကွာ... တစ်ပတ်လောက် လျှောက်ကြည့်ကြရအောင်"

ဆိုပြီး ရုပ်ရှင်ကြည့်နေတဲ့ ပရိသတ်တွေရဲ့ နောက်ကျောဘက်ဆီ ကွေ့ပတ်လျှောက်ခဲ့ကြတယ်။

ကျွန်တော်က...

"ဦးလေး... ခုမှထွက်လာတာလား၊ ညနေတုန်းက မတွေ့မိသလိုဘဲ"

ဦးတင်ညွန့်က...

"အေးကွာ... အ.လ.က (၃)မှာ မိဘဆရာအသင်း အစည်းအဝေးရှိနေလို့ကွ။ ထုံးစံအတိုင်းပေါ့။ ကျောင်းစိမ်းပိတ်စတွေ ရောင်းဖို့ချပေးတဲ့ ခွဲတမ်းက ကျောင်းသားဦးရေနဲ့မှ မလောက်တာ။ အဲဒီတော့ ကလေးတွေကို မဲနှိုက်ခိုင်းပြီး မဲပေါက်တဲ့သူကိုပဲ ရောင်းပေးရတာပေါ့။ ဒီတစ်ရက် နှစ်ရက်အတွင်း ပိုက်ဆံအပြီးကောက်ရတော့မှာ။ ပိတ်စဖိုးတွေက သွင်းရတော့မယ်"

သူ့ကိုကြည့်ရတာ အဲဒီကိစ္စအတွက် စိတ်မောနေပုံရတယ်။ သက်ပြင်းတချချနဲ့။

ကျွန်တော့်မှာလည်း သူ့ကို နှစ်သိမ့်ပေးစရာ ဘာစကားလုံးမှ ရှိမနေတော့ ဘာမှမပြောဖြစ်တော့ဘူး။

* * *

ရပ်ရှင်ပြစက်နဲ့ မလှမ်းမကမ်းကိုရောက်လာတော့ မြေကြီးပေါ်မှာ ရော်ဘာဖိနပ်စုတ် အမြီးတိုကို ကျကျနနကြီး ဖင်ခုထိုင်ပြီး ရုပ်ရှင်ကို တမေ့တမောငေးနေတဲ့ အဘွားအိုတစ်ယောက်ကို တွေ့လိုက်ရတယ်ဗျ။

ဘယ်သူရှိရဦးမှာလဲဗျာ။

ညနေ ညနေတိုင်း ရပ်ကွက်ထဲ ပတ်ပတ်ပြီး အယုတ္တ အနတ္တမျိုးစုံအောင် အော်ဟစ်ဆဲနေတတ်တဲ့ စိတ်ဝေဒနာရှင် အဘွားအိုပေါ့။

* * *

ခုလိုကျတော့ သူ့ခများလည်း ငြိမ်ငြိမ်ဆိမ်ဆိမ် အေးအေးကုပ်ကုပ်ရယ်။ ပူလောင်မှုတွေ၊ အလိုမကျတဲ့ ဆဲရေးသံတွေ၊ ဒေါသတွေ သူ့မျက်နှာပေါ်မှာ မရှိတော့ဘူး။

အိုမင်းရင့်ရော်တဲ့ မျက်နှာပြင်ပေါ်က အရေးအကြောင်းတွေ၊ ဆွတ်ဆွတ်ဖြူနေတဲ့ ဆံပင်တွေ၊ ခွက်ဝင်နေတဲ့ ပါးရိုးအောက်က အရေပြားတွန့်တွန့်တွေ၊ ပြာမွဲဝေသီနေတဲ့ မျက်လုံးအိုအိုတွေဟာ ညောင်ပင်ရဲ့ အမြစ်ပါးပျဉ်းတွေနဲ့ တူနေတယ်။ တွန့်လိမ်ခေါက်ခွေနေတယ်။ ရာသီဥတုဒဏ်ခံထားရတယ်။ ဒါပေမဲ့ ငြိမ်သက်နေတယ်။

ကျွန်တော်လည်း တွေးနေတယ်။

ကမ္ဘာပေါ်မှာ အရာရာအားလုံး ငြိမ်သက်ခြင်းရှိရင် ကောင်းမှာပဲ။

■

## အခန်း (၁၃)

ဈေးရောင်းရတဲ့ ပိုက်ဆံလေးတွေ လက်ထဲရှင်နေတာက တစ်ရက်ကနေ နှစ်ရက်၊ နှစ်ရက်ကနေ သုံးရက်ဖြစ်လာပြီဆိုတော့ ရပ်ကွက်ထဲက လူတွေအဖို့ တပြုံးပြုံးပေါ့။

လခထုတ်ပြီးခါစ တစ်ရက်နှစ်ရက်ပဲ ရှိသေးတဲ့ အချိန်ဆိုတော့လည်း လူတွေအဖို့ ဝယ်နိုင်စားနိုင် သုံးနိုင်စွဲနိုင် ရှိသေးတာကိုး။

အန်တီလှတစ်ယောက်ကတော့ သူ့ရွှေဆွဲကြိုး အတုကြီး တဝင်းဝင်းနဲ့ ဒေါ်ဟာစီးနားရဲ့ အကြော်ဆိုင်မှာ ဒိုင်ခံထိုင်ပြီးတော့ကို ကြွားတာ။

ကြည့်ရတာ သူ့သမက် 'ကရင်' သင်္ဘောက ဆင်းလာလို့ ပိုက်ဆံရှင်နေသလား မသိဘူး။

လင်းယုန် ဖယောင်းတိုင်ပိုင်ရှင် လင်မယားဆိုရင်လည်း ဝတ်ကောင်းစားလှတွေနဲ့ ပွဲခင်းထဲပတ်လိုက်ရတာ အမော။ လင်းယုန်ပိုင်ရှင်ကတော် ဒေါ်ပုကြွယ်ဆိုရင် တောင်ဆုပ်လောက်ရှိတဲ့ သားရေတု ပိုက်ဆံအိတ်ကြီးကို ချိုင်းကြားညှပ်ထားလိုက်သေးတယ်။

တစ်ယောက်ယောက်ကများ...

"အမယ်... ခွေးနီတို့ ပုကြွယ်တို့ တယ်ဟုတ်နေပါလား၊ ဓမ္မာရုံ

အတွက် သုံးရာတောင် လျှော့ဖို့ စာရင်းပေးထားတယ်ဆို။ ကောင်းတယ်... ကောင်းတယ်၊ ဒီလို သဒ္ဓါတရားမျိုးနဲ့ဆို စီးပွားတက်ဦးမှာ"

လို့ အစ ထောင်ပေးလိုက်ပြီလားဆိုရင် လင်မယားနှစ်ယောက်စလုံး သွားဖြီးကြီးတွေနဲ့ တဟီးဟီးလုပ်ရင်း (လုပ်တာကလည်း အကြာကြီးဗျ) ဘယ်သူကမှ ရိုက်မစစ်ရဘဲ..

"ဟုတ်တယ်ဗျ... နောက်အပတ်ထဲဆိုရင်တောင် ဖယောင်းဆွဲတဲ့ ခြေနင်းစက်ကလေး တစ်ခုံနှစ်ခုံလောက် ထပ်တိုးချဲ့မလားလို့။ လောဘကြီးလို့ မဟုတ်ပေါင်ဗျာ၊ အိုစာမင်းစာလေးအတွက်ပါ။ ဟဲ... ဟဲ"

ဆိုပြီး လုပ်ကရော။ မာန်ချီနေလိုက်ပုံများ ပြောပါတယ်။

ဗုံတိုမောင်ဝမ်းတို့ ဒေါ်သန်းတင်တို့ လင်မယား မာန်ချီပုံက ပိုတောင်ဆိုးနေဦးမလား မသိဘူး။ သူတို့မွေးထားတဲ့ မျောက်လောင်းကလေးတွေ ဟို 'သံဂေါလီ' တို့၊ 'ပေကျစ်' တို့ကို မုန့်ဖိုးပေးတာကအစ အစိတ်တန် (၂၅ ကျပ်တန်) ကို ဈေးဗန်းထဲကနေ ဆိုးခနဲ ဆတ်ခနဲကောက်ပြီး 'ရော့... အင့်' ဆို ပေးပစ်လိုက်တာ။

'ဒီလို စည်းမရှိကမ်းမရှိ လက်ဖွာလို့ ဆင်းရဲနေတာပေါ့' လို့တော့ သွားအပြစ်မတင်နဲ့လေဗျာ။ သူတို့ခမျာ ရှားတောင့်ရှားပါး ဒီလို တစ်ခါ တလေလေးပဲ ပိုက်ဆံကိုင်ရတာ၊ ကိုယ့်ကလေးတွေ ပျော်ပျော်ကြီး သုံးတာ စားတာ မြင်ချင်ရှာမှာပေါ့။

ကျွန်တော့် တွေးပုံတွေးနည်းက သိပ်ကို ဖွတ်တရွတ်ကြီး အကောင်း မြင်ပေးသလိုများ ဖြစ်နေပြီလား။

ဒီလိုအချိန်မှာ အလိုလိုနေရင်း စိတ်ကောင်းဝင်နေတာ ကျွန်တော် တစ်ယောက်တည်းတင် မဟုတ်ဘူးဗျ။ တစ်ရပ်ကွက်လုံးနီးနီးပဲ။

တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်ဆဲရေးတိုင်းထွာနေတဲ့ စိတ်ဝေဒနာရှင် အဘွားကြီးတောင် ကြည်လို့၊ ရွှင်လို့...။

သူ့ဝသီအလျောက် ဆဲတော့ ဆဲသေးတယ်။ ဒါပေမဲ့ ဟန်ကလေး တစ်မျိုးပြောင်းသွားတာဗျ။ ဒီလို...

"သေချင်းဆိုးမတွေ... ကမြင်းထီးတွေ။ ငါ့ကိုများ အလကားနေ

အလကား လျှောက်သွားနေတယ်မှတ်လို့လား။ မအားဘူးဟဲ့...မအားဘူး၊ ညကျရင် ငါ့ကို ရုပ်ရှင်လာကြည့်ပါလို့ ဖိတ်ထားသေးသဟဲ့"

ဒါကတစ်မျိုး။ ပြီးတော့...

"သေနာကျတွေ အကုန်လုံး ကာလနာတိုက်ကုန်ကြပါစေတော်၊ အောင်မလေး ငါ့မှာ မောလိုက်တာ။ သူတို့ကို ပြောရတာက တစ်မျိုး၊ ညည ရုပ်ရှင်ကြည့်ရတာက တစ်မျိုးနဲ့... ဟင်း"

အဘွားအိုရဲ့ အဆဲစကားတွေကြားမှာ ရုပ်ရှင်အကြောင်းလေးက ဖျတ်ခနဲ ဖျတ်ခနဲ ပါပါလာတတ်တာကြားရတော့ ကျွန်တော် ပြုံးတောင် ပြုံးမိတယ်။

* * *

ကျွန်တော်တို့ ငယ်ငယ်တုန်းက တစ်ယောက်ယောက်ကို အလျှော့ ပေးရတဲ့အခါ ပြန်ပြီး အတုံ့အတင်သဘောနဲ့ စကားနာ ထိုးချင်လို့ နောက် ပြောင်ပြောတတ်တာတစ်မျိုး ရှိတယ်လေ။

"အရှုံးစိတ်ချမ်းသာရင် တိုင်းပြည်အေးချမ်းတယ်"

တဲ့...။

ကြားဖူးတယ်မဟုတ်လား။

အခု အရှုံးစိတ်ချမ်းသာနေတာ သုံးရက်ရှိသွားပါပြီ။

စက်တင်ဘာ (၂)၊ စက်တင်ဘာ (၃)၊ စက်တင်ဘာ (၄)။

* * *

မူလအစီအစဉ်မှာတုန်းက လူတွေ လခထုတ်ပြီးကာစ ငွေရွှင်တဲ့ စက်တင်ဘာ (၁) ရက်၊ (၂) ရက်နဲ့ (၃) ရက်မှာ ပြမယ်ဆိုပြီး သတ်မှတ်ထား တာ။

နောက်တော့ ဘယ်လိုဖြစ်တယ်မသိဘူး။

မြို့နယ်ကောင်စီလား၊ ရပ်ကွက်ကောင်စီလား၊ ပါတီယူနစ်ဆိုလား၊

အဲဒီ 'ဘာ' ဆိုလားက ခွင့်ပြုမိန့်ပေးတာ တစ်ရက်နောက်ကျသွားတာနဲ့...။

'စက်တင်ဘာ (၂)၊ စက်တင်ဘာ (၃)၊ စက်တင်ဘာ (၄)'

ဆိုပြီး ရွှေ့လိုက်ရတာ။

* * *

ဟုတ်တယ်။ နောက်ဆုံးပြတဲ့ညက စက်တင်ဘာ (၄) ရက်နေ့ညပေါ့။

သောကြာနေ့မှန်း ကျွန်တော် မှတ်မိနေသေးတယ်။

အဲဒီနေ့ပေါ့။

ဗုံတိုမောင်ဝမ်းကြီးနဲ့ ကျွန်တော်တို့ ပြသနာတက်ကြတာ။

ဗုံတိုမောင်ဝမ်းက (သူ့ကို ဆံပင်ဖြူနုတ်တဲ့ဆိုင် လမ်းညွှန်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး) ဖိုးစောကို တောက်တခေါက်ခေါက် အံတကြိတ်ကြိတ် လုပ်ခဲ့ဖူးတာကိုး။

အဲဒီ (ရှုးတူးတူး ပေါ်တောတော) ရန်စရဲ့အဆက်ပဲ ဆိုပါတော့။

■

# အခန်း (၁၄)

နောက်ဆုံးနေ့မို့လို့လား မသိဘူး။ လူတွေ တအားစည်နေတယ်။ ရုပ်ရှင်ကတော့ စပြနေပြီ။

ကာတွန်းသော်ကရဲ့ ရုပ်ပြကာတွန်းကို ပြန်ရိုက်တဲ့ ဇာတ်ကားပါ။ သိတယ်မဟုတ်လား။ သော်ကရဲ့ ဇာတ်ကောင်က 'အရိုင်း' လေ။ တာဇံလိုမျိုး မိမရှိ ဖမရှိနဲ့ တောထဲမှာ ကြီးပြင်းလာရတဲ့ တောတွင်းသားလေး 'အရိုင်း' ပေါ့။

ရုပ်ရှင်ဇာတ်လမ်းကို တည်ထားတာက ကိုလိုနီခေတ်နောက်ခံ ဇာတ်ကောင်စရိုက်က တောတွင်းသား။ အဲဒီနေရာမှာ သရုပ်ဆောင်တဲ့မင်းသား ဝတ်ထားတာက ဂျင်းဘောင်းဘီအတိုဗျ။

ပျက်ကရော။

ကျွန်တော်တို့တွေ တိုးတိုးရော ကျယ်ကျယ်ပါ ဆဲမိကြတယ်။ ကိုလိုနီခေတ်ပါဆိုမှ၊ လူသူမနီးတဲ့ တောတွင်းသားပါဆိုမှ သူ့အမေလင်က လာဝယ်ပေးလို့ ဂျင်းဘောင်းဘီဝတ်နေရတာလား။

အော့နလုံး နာလာတာနဲ့ ကျွန်တော်တို့ တစ်အုပ်စုလုံး ရုပ်ရှင်ဆက်မကြည့်တော့ဘဲ ပွဲဈေးတန်းဘက် ထွက်ခဲ့ကြတယ်။

ဈေးတန်းတစ်လျှောက်မှာတော့ ကလေးတွေက ပြေးလို့လွှားလို့။

အဲဒီအထဲမှာ ဗုံတိုမောင်ဝမ်းနဲ့ ဒေါ်သန်းတင်တို့ရဲ့ ရင်သွေးမျောက်လောင်းတွေက အကဲဆုံး အဆိုးဆုံး။

ပေကျစ် ဆိုတဲ့ကောင်ဆို မသကာရှိလှ ခြောက်နှစ် ခုနစ်နှစ်ပေါ့။ ကစားသောင်းကျန်းပုံများကတော့ ဘဝအဆက်ဆက်ကတည်းက ပါရမီဖြည့်ကျင့်ခဲ့ပုံပဲ။ အခုလည်းကြည့်...။ ဆော့နေပုံက ကြဲကြဲဖန်ဖန်...။

မြေကြီးပေါ်ကျနေတဲ့ ဖက်ရွက်တို့၊ သတင်းစာစက္ကူစုင်္ဘတို့၊ ရော်ဘာဖိနပ်ပြတ်တို့၊ ဘာပဲတွေ့တွေ့ (အဲဒီ တွေ့သမျှဟာ အပေါ်ကို) ပြေးပြေးပြီးခြေစုံတက်ခုန်နင်းတာဗျ။

သူတစ်ဦးတည်းမူပိုင် အထူးသီးသန့် ရှာရှာဖွေဖွေ တီထွင်ဖန်တီးထားတဲ့ ကမြင်းနည်း ကမြင်းဟန်သစ် ထင်ပါရဲ့။

ကျွန်တော်တို့တွေ ပေကျစ်ကို ငေးကြည့်နေကြတုန်း နောက်ဘက်ကနေ...

"ဟော့ကောင်တွေ ဘယ်သွားကြမလို့လဲ၊ မင်းတို့အုပ်စုက ရုပ်ရှင်မကြည့်ကြဘူးလား"

ဓမ္မာရုံငွေထိန်း ဦးတင်ညွန့်က သူ့ထုံးစံအတိုင်း ပုဆိုးကို ရင်ခေါင်းနားအထိ စည်းလို့ဗျ။

ကျွန်တော်တို့ထဲက ပန်းချီဆရာက နှုတ်သွက်အာသွက်နဲ့...

"မကြည့်သေးပါဘူး ဦးလေးရာ၊ ဒီကားကတော့ ဘယ်လိုမှကြည့်လို့ ဖီလင်ရှိမှာ မဟုတ်ဘူး"

"ကိုင်း... ဒါဆိုလည်းကွာ၊ အကြော်လေးဘာလေး စားရအောင်ကွာ။ လာပါကွာ... ငါကျွေးပါ့မယ်"

ဦးတင်ညွန့်က ပြောပြောဆိုဆိုနဲ့ ဘေးက ဒေါ်ဟာစီးနားရဲ့ အကြော်ဆိုင်မှာ ဝင်ထိုင်ရော။

"ဟာ... မဟုတ်တာပဲ။ ဦးလေးက လူကြီးပဲဥစ္စာ၊ ကျွန်တော်တို့ဝယ်ကျွေးမှာပေါ့။ နေ... နေ ဦးလေးထိုင်နေ၊ အကြော်ပန်းကန်ကို ကျွန်တော်တို့ယူခဲ့မယ်။ ကဲ... ဒေါ်လေးဟာစီးနားရေ ပူတဲ့ဥစ္စာလေးတွေ ရွေးပေးဗျာ၊ ဗယာ ကြော်ကို ပိုထည့်"

ကိုဆင့်သူနဲ့ ပန်းချီဆရာက ဆိုးဆိုးဆတ်ဆတ် ကိုယ်တိုင်ထပြီး အကြော်တွေ ရွေးကြတယ်။

ကိုမောင်မောင်ချိုကတော့ ထုံးစံအတိုင်း အိပ်မက်အကြောင်း စဉ်းစားနေတဲ့မျက်နှာနဲ့။ ဖိုးစောက ရေနွေးကြမ်းငှဲ့ရင်း...

"ကျွန်တော်တို့က စောစောတုန်းက ကောက်ညှင်းပေါင်းစားထားကြသေးတယ်။ ဦးလေးက အခုမှ ထွက်လာတာကိုး၊ နောက်ကျလိုက်တာ"

"အေးကွ... စာရင်းတွေလုပ်နေတာ မပြတ်သေးလို့။ ကျောင်းစိမ်းပိတ်စဝယ်ဖို့ အထည်ဖိုးတွေက ဒီကနေ့ညနေ ကျောင်းဆင်းတော့မှ ငါ့လက်ထဲလာအပ်သွားတာဟ၊ ငါက စာရင်းလုပ်ပြီး မြို့နယ်ပညာရေးမှူးရုံးသွားသွင်းရမှာ၊ အမိန့်စာထုတ်ထားတာက ဒီနေ့ ၂ နာရီအမီ ငွေသွင်းရမယ်တဲ့။ လခွီး... ခုတော့ မမီတော့ဘူး၊ အထောင်းခံရတော့မယ်၊ မနက်ဖြန်နဲ့ သန်ဘက်ခါကလည်း စနေ၊ တနင်္ဂနွေဖြစ်နေတော့ ဖိန်းနွဲခါကျမှပဲ သွင်းရတော့မှာပဲကွာ"

ကိုဆင့်သူနဲ့ ပန်းချီဆရာက အကြော်တွေကို ပန်းကန်သုံးချပ်နဲ့ အပြည့်အမောက်ထည့်ယူလာပြီး စားပွဲဝိုင်းအလယ်မှာ ချလိုက်တယ်။

"ဒါ အကုန်ပဲလား"

လို့ ကိုမောင်မောင်ချိုက မေးလိုက်တော့ ပန်းချီဆရာက...

"ပဲကပ်ကြော်နဲ့ ကြက်သွန်ကြော် တစ်ပန်းကန် ကျန်သေးတယ်ဗျ၊ ဟေ့ကောင်... ဖိုးစော မင်းသွားယူလိုက်ကွာ၊ အချဉ်ရည်ပါ သုံးခွက်လောက်ဆွဲခဲ့"

အချည်ရည်ခွက်သုံးလုံးနဲ့ အကြော်ပန်းကန်တစ်ချပ်ကို ဖိုးစောသယ်တော့မှပဲ ပြည့်မောက်နေတဲ့ ပန်းကန်ပြားပေါ်က ကြက်သွန်ကြော်တစ်ခုက လျှောပြီး မြေကြီးပေါ် ဖုတ်ခနဲကျရော။ ဖုန်တွေနဲ့လူးလို့...။

ဒီကြားထဲ စောစောကတည်းက ကြဲကြဲဖန်ဖန် ဆော့တော်မူနေတဲ့ ပေကျစ်ဆိုတဲ့ မှင်စာလေးက 'လျင်' လိုက်တာမှ လျှပ်စီးဗျ။

မြေကြီးပေါ်ကျသွားတဲ့ ကြက်သွန်ကြော်ချပ်ပေါ်ကို ပြေးပြီး ခြေစုံခုန်နင်းလိုက်တော့ ဖုန်လူးနေတဲ့ ကြက်သွန်ကြော်ကလေးခမျာလည်း...

"ဗျတ်"

ဆို တစ်စစီဖြစ်ကရော...။

"ဟာ... ဒီကောင်ကွာ ကြံကြံဖန်ဖန် ဆော့စရာရှားလို့"

ဖိုးစောက တစ်ချက် လှမ်းဟန့်လိုက်သေးတယ်။ ဒါပေမဲ့ ပေကျစ်ပဲ ဗျာ။ လူကြီးက တစ်ခွန်းလောက် ငေါက်ရုံနဲ့ နောက်တွန့်သွားမတဲ့လား။ ဝေးပါသေးရဲ့။

အဲဒီအခိုက်အတန့်မှာပဲ...

အာသာဘလော့ချ်ရဲ့ 'ထပ်တူကျအလွဲ' တွေထက်ပိုပြီး ရယ်စရာကောင်း ပိုပြီး အထင်လွဲစရာကောင်းတဲ့ တိုက်ဆိုင်မှုတစ်ခု ဖြစ်သွားတယ်လို့ ဆိုရတော့မှာပဲ။

ကျွန်တော်တို့ထိုင်နေတဲ့ ဝိုင်းရဲ့ရှေ့က ဖုန်တွေ၊ သဲတွေနဲ့ မြေပြင်ပေါ်မှာ ပလတ်စတစ်နဲ့ ထုပ်ထားတဲ့ ငရုတ်ဆီအချဉ်ရည်ထုပ်ကလေး တစ်ထုပ်ကျနေတယ်ဗျ။ (ဒေါ်ဟာစီးနားဆီက အကြော်ဝယ်ပြီး အိမ်ကို ယူသွားတဲ့သူတွေထဲက တစ်ယောက်ယောက် ကျကျန်နေခဲ့တာ ဖြစ်မှာပါပဲ)

ပလတ်စတစ်အိတ် အကြည်ပါးပါးလေးနဲ့ ဖောင်းနေတင်းနေအောင်ထုပ်ပြီး သားရေကွင်း တင်းတင်းစည်းထားတဲ့ ငရုတ်ဆီ အချဉ်ရည်ထုပ်ကလေးကို ကျွန်တော်တို့လည်း မြင်တယ်။

ပေကျစ်ဆိုတဲ့ ခြောက်နှစ်သား ကမြင်းထီးကောင်ကလေးလည်း မြင်တယ်။

* * *

ဘယ်သူမှ မတားလိုက်နိုင်ခင်မှာပဲ...

ပေကျစ်က ပြေးပြီး မြေကြီးပေါ်ကျနေတဲ့ ငရုတ်ဆီထုပ်ကလေးပေါ် ခြေစုံခုန်လိုက်တယ်။

"ဖောက်"

ခုန်တက်နင်းခံလိုက်ရတော့ ဖောင်းတင်းနေတဲ့ ပလတ်စတစ်အိတ်

လည်းပေါက်ရော အထဲက ငရုတ်ဆီတွေကလည်း 'ဗျစ်ခနဲ' ပန်းအထွက်...

ငုံ့ကြည့်လိုက်မိတဲ့ ပေကျစ်ရဲ့ မျက်လုံးထဲကို (ရေပြွတ်နဲ့ ချိန်ပြီး ထိုးထည့်လိုက်သလို) တန်းတန်းမတ်မတ် အရှိန်နဲ့ဆောင့်ပြီး ဝင်ပါလေရော။

"အာ့" ခနဲ ပေကျစ် ရုတ်တရက် လန့်အော် အော်လိုက်တယ်။ ပြီးတာနဲ့ ချက်ချင်း ဗြဲခနဲ အော်ငိုတော့တာပဲ။

(မျက်လုံးထဲ ငရုတ်ဆီဝင်မှတော့ ပူပြီ စပ်ပြီပေါ့)

ကျွန်တော်တို့ တစ်ဖွဲ့လုံးက ပေကျစ်ဖြစ်ပုံကို အစအဆုံး မြင်လိုက်ရတော့ ဘာရယ်မဟုတ်ဘဲ ရယ်မိကြတယ်။ ရယ်တဲ့သူတွေထဲမှာ ဖိုးစောက အဆိုးဆုံးဗျ။

"ဟားဟား... ဟီးဟီးဟီးဟီး... အဟွပ်ဟွပ်"

လက်ညှိုးတထိုးထိုးနဲ့ ဆောင့်ကြောင့်ထိုင်နေရာက ထထခုန်ပြီး တော့ကိုရယ်တာ။ မျက်ရည်တွေထွက်၊ အသက်ရှုမှား၊ ချောင်းဆိုးပြီး တဟွပ်ဟွပ်သီးတဲ့အထိကို ရယ်တာ။

ပေကျစ် ငိုတာကလည်းဗျာ အသံပြဲလိုက်တာ။ ပွဲဈေးတန်းတစ်ခု လုံးကို သူ့ငိုသံ လွှမ်းသွားတော့တာပဲ။

"အား... ဟား... ဟီးဟီ... အနော့ မျက်လုံးစပ်တယ်... စပ်တယ်၊ အနော့မျက်လုံး မမြင်ရတော့ဘူး"

ကပြင်းထီးလေးက မျက်လုံးစုံမှိတ်ပြီးတော့ကို သံကုန်ဟစ်နေတာ။

ဦးတင်ညွန့်က ဖိုးစောကို လှမ်းပြီး...

"ဟေ့ကောင်... ရယ်မနေနဲ့ဟ၊ မင့်အဘလေး အသံက နားမခံသာ လွန်းလို့။ ခေါ်သွားပြီး မျက်လုံးကို ရေနဲ့ ဆေးပေးလိုက်စမ်းပါကွာ"

"ဟုတ်တယ်၊ မြန်မြန်ခေါ်သွားစမ်းပါဟ... ဖိုးစောရ"

ကျွန်တော်တို့ကပါ တစ်ယောက်တစ်ပေါက်နဲ့ ဝိုင်းပြောတော့မှ ဖိုးစောက ထပြီး ကလေးကို ဆွဲတယ်။ ကလေးက သူလှမ်းဆွဲတာကို ရုန်းပြီး ထွက်ပြေးရင်း ထပ်အော်ငိုတယ်၊ ဖိုးစောက လိုက်ဖမ်းတယ်။

အဲဒီအချိန်မှာတင် (တစ်နေရာရာမှာ သောက်စားမူးယစ်နေရင်းက) သူ့ကလေးငိုသံပြဲကြောင့် ကမူးရှူးထိုးပြေးလာတဲ့ ဗုံတိုမောင်ဝမ်းက ဘွားခနဲ

အနားရောက်အလာ...

"ဟော့ကောင်...မင်း...မင်း ငါ့ကလေးကို ဘာ..."

ဗိုတိုမောင်ဝမ်းက လက်ညှိုးကြီးတထိုးထိုးနဲ့၊ ပေကျစ်ကလေးက လည်း သူ့အဖေ ရောက်လာမှန်းသိတာနဲ့ ကလေးတို့ဘာသာဘာဝအတိုင်း အားတက်ပြီး တစ်ချီတစ်မောင်း ထပ်ဟာစ်ငိုပြန်တော့တာပဲ။

"ဟီး...ဟီး...ဖေကြီး...ဖေကြီး...အနော့မျက်လုံး...မျက်လုံး မမြင်ရ တော့ဘူး"

"ဟင်"

ဗိုတိုမောင်ဝမ်း ထူပူသွားပြီး သူ့ကလေးကို ဖျတ်ခနဲ ထပ်ကြည့် တယ်။ ပေကျစ်ရဲ့ မျက်လုံးထောင့်ကနေ ပါးပြင်ပေါ် စီးကျနေတဲ့ ငရုတ်ဆီ အနီရောင်ရဲရဲတွေဟာ (အကြောင်းမသိရင်) သွေးတွေကျနေတာပဲ။

သွားပြီ။

ငါ့သားလေး မျက်လုံးပေါက်ထွက်သွားပြီ။ ငါ့သားလေး မျက်စိ ကန်းပြီ။

အရက်ကလည်း အရမ်းမူးနေတော့ ဗိုတိုမောင်ဝမ်းမှာ ပုံမှန်ဆင်ခြင် ချိန်ဆနိုင်တဲ့ အသိဉာဏ် မရှိတော့ဘူး။

ဖိုးစောကို ဒေါသတကြီးနဲ့...

"ငါ့သားမျက်လုံး... မျက်လုံးက... မင်းလက်ချက်ပေါ့ ဟုတ်လား၊ သေပေတော့"

အကြော်ဆိုင်မှာ မီးချောင်းထွန်းဖို့ ကန့်လန့်တင်ထားတဲ့ နှစ်တစ် လက်မသစ်သားချောင်းကို ဗိုတိုမောင်ဝမ်းက ဆတ်ခနဲ ဆောင့်ဆွဲပြီး ဖိုးစော ကို လွှဲရိုက်လိုက်တယ်။

ဖိုးစောက ကြောင်ငေးပြီး ကြည့်နေတာဆိုတော့...

"ဖျောင်း"

"အား"

ရှောင်ပေမယ့် မမီတော့ဘူး။ ဘယ်ဘက်နဖူးအစပ်ကို ထိပြီး ဟက်

တက်လည်းကွဲ၊ ဖိုးစောလည်း ပုံခနဲ လဲအကျပဲ။

ဖုံတိုမောင်ဝမ်းက နောက်တစ်ချက် ထပ်ရိုက်ဖို့ တုတ်ကို လက်နှစ်ဖက်နဲ့ စုံကိုင်လိုက်တယ်။

"ဟေ့လူ... မလုပ်နဲ့"

"မောင်ဝမ်း... မောင်ဝမ်း မှားမယ်ကွ"

"ဟေ့... ဟေ့ ရပ်စမ်း"

အနားကလူတွေ တစ်ယောက်တစ်ပေါက် ဝိုင်းအော်လို့ ပွဲလန့်သွားတယ်။ ဖုံတိုမောင်ဝမ်းလည်း နောက်တစ်ချက်ရိုက်ဖို့ ဟန်သာပြင်တယ်၊ တကယ်မရိုက်လိုက်ရဘူး။

လူတစ်ယောက်က ဖုံတိုမောင်ဝမ်းရဲ့ လက်တစ်ဖက်ကို နောက်ပြန်လိမ်ချိုး၊ ဒူးခေါက်ကွေးကို ဆောင့်နင်းချလိုက်ပြီး ရှေ့ငိုက်ကျသွားတော့မှ ဇက်ပိုးကို...

"ဖျောင်း"

ခနဲ ရိုက်ပစ်လိုက်လို့ ဖုံတိုမောင်ဝမ်း ချာခနဲ လည်ထွက်သွားတယ်။

လက်သွက်ခြေသွက်နဲ့ ဖုံတိုမောင်ဝမ်းကို ဝင်ချုပ်ပြီး နားရင်းအုပ်တဲ့လူကို ကြည့်လိုက်တော့...

ဟိုက်... အံ့ဩစရာကောင်းလိုက်တာ။

ကိုမောင်မောင်ချိုဗျ။

တစ်ချိန်လုံး အိပ်မက်အကြောင်း စဉ်းစားလိုက်၊ ငိုက်မျဉ်းငေးမောလိုက်နဲ့ ရိုးရိုးအအ ခပ်အေးအေးလူတစ်ယောက်အနေနဲ့ပဲ ကိုမောင်မောင်ချိုကို သိထားတာဆိုတော့ ဘယ်လို မှတ်ချက်ပေးရမှန်းတောင် မသိတော့ဘူး။

ကျွန်တော်ဆိုရင်ပဲကြည့်။ အဖြစ်အပျက်တစ်ခုလုံးကို မြင်လိုက်တယ်။ ဖြစ်တာက တစ်မိနစ်တောင် မကြာဘူးဆိုတော့ ကျွန်တော် ထိုင်နေရာကတောင် နည်းနည်းမှ မရွေ့ရသေးဘူး။

ပုံမှန်အားဖြင့်ဆိုရင် ကျွန်တော်က လူသွက်လူမြန်။

ကိုမောင်မောင်ချိုက လူအေး လူနှေး။

(ကျွန်တော့်စိတ်အထင်ပြောရရင် လူတစ်ယောက်မှာ စရိုက်တစ်မျိုး

တည်း ပုံသေရှိတာ မဟုတ်ဘူးနဲ့တူတယ်။ ထွက်ပေါ်လာပို့ စောင့်ဆိုင်းနေတဲ့ ငုပ်လျှိုးစရိုက် နောက်တစ်ခု၊ ဒါမှမဟုတ် တစ်ခုထက်မက ရှိလိမ့်မယ်ထင်တယ်။ အပြောင်းအလဲတစ်ခုခု ထူးခြားမှုတစ်ခုခုနဲ့ နဖူးတွေ့ ဒူးတွေ့ ကြုံလိုက်မှသာ ဘွားခနဲ ပေါ်လာတာမျိုး ဖြစ်မှာပေါ့။ ဒါမျိုးတွေကြောင့် ထင်ပါရဲ့။ နောက်ပိုင်းကာလ ၁၉၈၈ အရေးတော်ပုံကို ဆင်နွှဲရတဲ့အခါ ကျွန်တော်တို့ရဲ့ စရိုက်တွေက တစ်အိမ်တည်း အတူတူနေတဲ့ဘဝတွေကို အမျိုးမျိုး ကွဲပြားလွင့်စဉ်သွားစေခဲ့တာလေ)

* * *

ပွဲလန့်ပြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားတာက ဘာမှ မကြာလိုက်ဘူး။ ခဏနေတော့ ပုံမှန်အတိုင်း ပြန်ငြိမ်သွားပြီး ရုပ်ရှင်ဆက်ပြတယ်။ ပွဲထိန်းတဲ့ လုံခြုံရေးတွေလည်း ကျွန်တော်တို့ဆီကို ရောက်လာကြတယ်။

(ရုပ်ရှင်ဇာတ်လမ်းတွေ ဝတ္ထုတွေမှာ ပါနေကျပုံစံအတိုင်းပဲ) ရဲတွေ ရောက်လာတော့ ဒီမှာက အားလုံးပြီးသလောက် ဖြစ်နေပြီ။

ပေကျစ်ကိုလည်း အမြင်မတော်တဲ့ တစ်ယောက်ယောက်က မျက်နှာသစ် ရေဆေးပေးလိုက်တယ်ထင်ပါရဲ့။ ငရုတ်ဆီအရည်တွေ ပြောင်သွားပြီ။ ဘာမှမရှိတော့ဘူး။ အငိုလည်း တိတ်သွားပြီ။

ဦးမောင်ဝမ်းကလည်း အဲဒီတော့မှ အကြောင်းစုံသိပြီး ပါးစပ်ဟောင်းလောင်းနဲ့ ခေါင်းငိုက်စိုက်ကျလို့...။

လုံခြုံရေးတွေက သူ့ကို ဝိုင်းချုပ်ပြီး ရဲစခန်းဆီ ခေါ်သွားကြတော့ စောင်းကန်းစောင်းကန်းနဲ့ တရွတ်တိုက်ကြီး ပါသွားရှာတယ်။

ဖိုးစောကိုတော့ အောင်ဗလဆိုက်ကားနဲ့ပဲ ဆေးခန်းကို ပို့ရတာပေါ့။ တုတ်အဖျားပိုင်းလောက်နဲ့ပဲ အနားခတ်သွားပုံရတယ်။ မျက်ခုံးအထက်မှာ လက်မဝက်သာသာလောက် ခပ်စောင်းစောင်းလေး ကွဲနေတယ်။

ဆရာဝန်က ရန်ဖြစ်လာတာဆိုရင် ချုပ်မပေးနိုင်ဘူး။ ဆေးရုံသွားပါဘာညာနဲ့ ငြင်းနေသေးတာ။ ကျွန်တော်တို့က အမှုလုပ်မှာလည်း မဟုတ်ဘူး၊

တာဝန်ယူပါတယ်။ ကိုယ့်ကိစ္စ ကိုယ်ရှင်းမှာပါဆိုတော့မှ ဖိုးစောရဲ့ဒဏ်ရာကို မြင်းမြီးနဲ့ နှစ်ချက်ချုပ်ပေးတယ်။

ပြီးတော့ ဆေးတစ်လုံးလား နှစ်လုံးလားမသိဘူး ထိုးပေးတယ်။

ကိစ္စပြီးလို့ ပြန်တော့မယ်လုပ်ကာမှ ပေသီး ဆိုက်ကားနဲ့ ဒေါ်သန်းတင်က ဆေးခန်းကို လိုက်ချလာရောဗျ၊ သူ့သား ကမြင်းကြောပါရမီရှင် ကလေး ပေကျစ်ကိုပါ လက်ဆွဲလာလိုက်သေးတယ်။

ကျွန်တော်တို့ကိုလည်း မြင်ရော...

"အီး... ဟီး... ဟီး... အောင်မယ်လေး ငါ့တူတို့ရဲ့၊ ကယ်ကြပါဦး။ ကိုမောင်ဝမ်းကို ရဲတွေက ဖမ်းသွားကြပြီ၊ အီး... ဟီး... ဟီး... ထောင်ချပစ်တော့မယ် ထင်ပါရဲ့၊ လုပ်ကြပါဦး... ဟုန်း... ဟုန်း"

ဆိုပြီး အော်ကြီးဟစ်ကျယ် ငိုပါလေရော။ ခါတိုင်းပြောနေကျလို အဆဲအဆိုလေးတွေတောင် မပါနိုင်တော့ဘူး။ ကိုဆင့်သူက မျက်တောင်မွေးတိုတိုလေးတွေ ပုတ်ခတ်ပုတ်ခတ်နဲ့...

"အခုပဲ ဖမ်း၊ အခုပဲ ထောင်ကျတယ်ရယ်လို့တော့ မရှိပါဘူး အဒေါ်ရယ်။ ဦးမောင်ဝမ်း မူးနေလို့ ရဲစခန်းမှာ တစ်ညလောက် ဆွဲထည့်ထားတာ ဖြစ်မှာပါ၊ စိတ်မပူပါနဲ့"

"အောင်မလေး အခုဟာက ရိုက်မှုတဲ့တော့၊ ထောင်ကျမှာဆိုပဲ။ ငါ့တူတို့ ကျေအေးပေးမှ ရမှာတဲ့၊ ဟောဒီက ဖိုးစောလေးကယ်မှတဲ့။ ဖိုးစောရယ် ဒေါ်ဒေါ့်ကို သနားပါဦး... ဟီး... ဟီး...။ ဟောဒီ သေနာကောင်လေး ကြဲကြဲဖန်ဖန် ကမြင်းလို့ ဖြစ်ရတာ၊ သင်း... ဂြိုဟ်မွှေတာ၊ ကဲဟယ်... ကဲဟယ်"

ဒေါ်သန်းတင်က ငိုလည်း ငို၊ ပြောလည်း ပြော၊ သူ့သား ပေကျစ်ရဲ့ ကျောကိုလည်း တဖုန်းဖုန်း ထုသဗျ။ ကိုမောင်မောင်ချိုက...

"မရိုက်ပါနဲ့ အစ်မကြီးရယ်၊ ကလေးက ဘာသိမှာတုံး"

ဆိုပြီး အတင်းဆွဲထားရတယ်။

ပြီးတော့ ဖိုးစော ကိုယ်တိုင်ကလည်း "အမှု မလုပ်ပါဘူး၊ ကျေအေးပေးပါ့မယ်" ဆိုတဲ့စကားကို အခါနှစ်ဆယ်ထက် မနည်းပြောရတယ်။ အနားမှာရှိသမျှ ကျွန်တော်တို့အားလုံးကလည်း ကတိတွေ အမျိုးမျိုးပေးပြီး

ဒေါ်သန်းတင် မငိုအောင် ဝိုင်းချော့ရတယ်။

ဒါတောင်မှ ဒေါ်သန်းတင်က…

"တကယ်နော်… တကယ်ပြောတာနော်"

နဲ့ ထပ်ပြန်တလဲလဲ ကျော့နေလို့ စိတ်မရှည်နိုင်အောင်ဖြစ်သေးရဲ့။

(နောက်မှသိရတာက ပွဲခင်းထဲမှာ ကျန်နေခဲ့တဲ့ ဦးပွားတို့ ဦးအီစမန်အင်တို့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေတဲ့ ဒေါ်သန်းတင်ကို ဝိုင်းပြီး 'ရိုက်မှုဆိုတော့ ထောင်ခုနစ်နှစ်လောက် ကျနိုင်တယ်' တို့၊ 'ဖိုးစောသာ ကိုယ်လက်အင်္ဂါတစ်ခုခု ချွတ်ယွင်းသွားလို့ကတော့ ထောင်ဒဏ် ဆယ်နှစ် အနည်းဆုံးပဲ' တို့ ပိုပိုသာသာတွေ လျှောက်ပြောပြီး ခြောက်လှန့်ထားကြတာတဲ့ဗျ)

အဲဒါနဲ့ နောက်ဆုံး ကျွန်တော်က…

"ကဲ… ဒေါ်လေး စိတ်အေးအေးနဲ့သာပြန်၊ ဒေါ်လေးယောကျ်ား ထောင်မကျစေရဘူး။ မနက်ဖြန် မနက်ကျရင် ကျွန်တော်တို့ကိုယ်တိုင် ရဲစခန်းကိုသွား၊ အမှုကျေအေးပြီး ဦးမောင်ဝမ်းကို အချုပ်ထဲကနေ ပြန်ထုတ်ခဲ့မယ်၊ ဟုတ်ပြီလား"

"ကျေးဇူးပါပဲဟယ်၊ သာဓု… သာဓု ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေတော်"

ဒေါ်သန်းတင်က အသံတုန်တုန်ယင်ယင်နဲ့ ဆုတွေ တသီတတန်းကြီး ပေးနေတယ်။

သူ့သား ပေကျစ်ကလေးကတော့ဖြင့် ဆေးခန်းရှေ့မှာ ဟိုနားတစ်ခု ဒီနားတစ်ခုကျနေတဲ့ သောက်ပြီးသား ဆေးကတ်ခွံ အလွတ်တွေပေါ်ကို ပြေးပြေးပြီး ခြေစုံခုန်တက်ရင်း ဆော့နေလေရဲ့…။

■

# အခန်း (၁၅)

ထုံးစံအတိုင်း ကျွန်တော်တို့အိပ်ရာကနိုးတော့ နေအတော်မြင့်နေပြီ။

မျက်နှာသစ်ဖို့ ခြံထောင့်သရက်ပင်အောက်က ရေတိုင်ကီရှိရာဆီ ဆင်းလာရင်း ဟိုဘက်က လင်းယုန်ဖယောင်းတိုင်အိမ်ကို လှမ်းကြည့်လိုက်တော့ ဦးခွေးနီတို့လင်မယားက အိမ်ရှေ့ ကွပ်ပျစ်ပေါ်ထိုင်ပြီး ပိုက်ဆံတွေ အထပ်လိုက်ကို တစ်ရွက်ချင်းစီ ရေနေတာ တွေ့ရတယ်။

ဩော်... သူတို့ဆီက ပိုက်ဆံကောက်ရဦးမှာကိုးလို့ သတိရလိုက်မိသေးရဲ့။

ကျွန်တော် မျက်နှာသစ်နေတုန်းမှာပဲ ပန်းချီဆရာက ဟိုဘက်အိမ်ကို လှမ်းအော်မေးနေသံ ကြားရတယ်။

"ဗျို့... ဦးလေးခွေးနီ၊ ဖယောင်းတိုင်ဖိုးတွေ သိမ်းလာပြီလား"

"အေးဟေ့... ဒီမယ်လေကွာ။ မင်းတို့အလှူခံအဖွဲ့တွေ လာကြဦးလေ၊ လက်ဖက်သုပ်လုပ်ထားလိုက်မယ်"

ဦးခွေးနီက သူ့လက်ထဲက ၂၅ ကျပ်တန် ပိုက်ဆံအစည်းကို မြှောက်ပြရင်း လှမ်းခေါ်တော့ ပန်းချီဆရာက...

"ညနေကျမှလာတော့မယ် ဦးလေးရာ၊ ခုတော့ ရဲစခန်းသွားပြီး ဦးမောင်ဝမ်းကိစ္စလေး ရှင်းပေးလိုက်ဦးမယ်"

"အေး… အေး… ဟိုကောင် ဖိုးစောရေ၊ သက်သာတယ် မဟုတ်လား"

"ဟုတ်ကဲ့"

ကျွန်တော်တို့ မျက်နှာသစ်နေတုန်း ကိုဆင့်သူကတော့ ရေတဗွမ်းဗွမ်း လောင်းချိုးနေတယ်။ သွားစရာရှိလို့တဲ့။ ဒီနေ့က စနေနေ့ပဲဟာကို။ ကျောင်း တက်ရမှာလည်း မဟုတ်ဘဲနဲ့ ဘယ်သွားမှာလဲ မသိဘူး။

ကျွန်တော်တို့ကတော့ ထုံးစံအတိုင်း ဆယ်နာရီသာသာလောက်မှာ လက်ဖက်ရည်ဆိုင်ကို ထွက်ခဲ့ကြတယ်။ ပန်းချီဆရာက…

"ကျွန်တော်နဲ့ဖိုးစော ဒေါ်သန်းတင်ကို ဝင်ခေါ်ပြီး ရဲစခန်းကို သွား လိုက်ဦးမယ်ဗျာ၊ ခင်ဗျားတို့ လက်ဖက်ရည်ဆိုင်ကပဲ စောင့်"

ဆိုလို့ ကျွန်တော်နဲ့ ကိုမောင်မောင်ချိုက ခေါင်းညိတ်ပြလိုက်တယ်။ ဒေါ်သန်းတင်တို့အိမ်ရှေ့မှာ ရပ်ပြီး…

"ဗျို့… ဒေါ်လေး… ဒေါ်လေးသန်းတင်"

လို့ အော်ခေါ်နေတုန်း ကိုမောင်မောင်ချိုက…

"ရပ်ကွက်အပိုင် ကောင်စီလူကြီးကိုပါ ခေါ်သွားဖို့ မမေ့နဲ့ဦးနော်၊ သူပြောပေးမှ အမှုက ကျေအေးလို့ရမှာ ထင်တယ်"

ဖိုးစောကို သတိပေးလိုက်သေးတယ်။ ဖိုးစောက 'ဟုတ်ကဲ့' လို့ ဆိုတော့မှ လက်ဖက်ရည်ဆိုင်ဘက်ကို ကျွန်တော်နဲ့ ကိုမောင်မောင်ချို နှစ် ယောက်သား အေးအေးလူလူ လမ်းလျှောက်ထွက်ခဲ့ကြတယ်။

* * *

လက်ဖက်ရည်ဆိုင်ထဲမှာ ဖွင့်ထားတဲ့ ကက်ဆက်ခွေသီချင်းသံက ပျင်းစရာကြီးဗျာ။

အချိန်က နေ့လယ် ၁၁ နာရီကျော်နေပြီ။ မွန်းတည့်ခါနီးဆိုပေမယ့် နေမပူဘဲ မိုးအုံ့နေတယ်ဗျ။

လက်ဖက်ရည်ဆိုင်ထဲမှာလည်း လူက ရှင်းလို့။ အဖျော်ဆရာတောင် ဘယ်နား သွားငိုက်နေသလဲ မသိဘူး။

ကျွန်တော်နဲ့ ကိုမောင်မောင်ချို နှစ်ယောက်ပဲ ရှိတယ်။

အစတုန်းကတော့ သီချင်းခွေလဲခိုင်းမလို့ စိတ်ကူးလိုက်သေးတယ်။ ဒါပေမဲ့ ကောင်တာကို လှမ်းကြည့်တော့လည်း ဘယ်သူမှမတွေ့တာနဲ့ မပြောဖြစ်တော့ပါဘူး။

ကျွန်တော်က ကိုမောင်မောင်ချိုဘက်ကို လှည့်ပြီး...

"ကိုမောင်ချို... မနေ့ညက အိပ်မက်တွေအကြောင်း ဘာဖြစ်လို့ ပြန်ပြန်စဉ်းစားနေရတာလဲဗျ"

ကိုမောင်မောင်ချိုက ချက်ချင်း ပြန်မဖြေသေးဘဲ အုတ်နီခဲရောင် ပေါက်နေတဲ့ လက်ဖက်ရည် အေးစက်စက်ကို အကြာကြီး စိုက်ကြည့်နေသေးတယ်။

ပြီးတော့မှ...

"အိပ်မက်ဆိုတာ ကိုယ်ကိုယ်တိုင်မက်တာမှ ဟုတ်ရဲ့လားလို့ မသေချာလို့ပါဗျာ"

သူပြောတဲ့စကားရဲ့အဓိပ္ပာယ်ကို ကျွန်တော် နားမလည်ဘူး။ ကိုမောင်မောင်ချိုက ဆက်ပြီးတော့...

"အိပ်မက်ထဲက အဖြစ်အပျက်တွေကို သိနေတဲ့စိတ်ကတော့ ကိုယ့်ကိုယ်ပိုင် သိစိတ်ပေါ့ဗျာ။ ဒါပေမဲ့ အိပ်မက်ထဲမှာ ဖြစ်တဲ့ပျက်တဲ့ဟာတွေကိုပဲ ဘာတွေပဲဖြစ်ရမယ်။ ဘာတွေ မဖြစ်ရဘူးလို့ ကိုယ့်စိတ်ကြိုက် စီမံခွင့်မှ မရတာ။ ကျွန်တော်တို့ရဲ့ ဦးခေါင်းထဲက အိပ်မက်တွေကို ဘယ်သူက လာစီမံနေတာလဲ"

ထပ်ရှင်းပြမှ ပိုဆိုးသွားတယ်။ ကျွန်တော် လုံးဝ နားမလည်တော့ဘူး။ အဲဒီအချိန်မှာပဲ လက်ဖက်ရည်ဆိုင်ရှေ့ လမ်းမအတိုင်း ဖုန်တထောင်းထောင်းနဲ့ ပြေးလာတဲ့ ဒေါ်သန်းတင်ကို လှမ်းမြင်လိုက်တယ်။

ဟင်... ဘာဖြစ်လို့ ပြေးလာတာပါလိမ့်။

သူ့နောက် မလှမ်းမကမ်းမှာလည်း ဦးမောင်ဝမ်းက မပြေးရုံတမယ် ခြေလှမ်းတွေနဲ့။ (အင်း... ဒါဆို ရဲစခန်း အချုပ်ကတော့ ပြန်လွှတ်ပေးလိုက်ပြီပေါ့)

ဟိုးနောက် ခပ်ဝေးဝေးမှာမှ ပန်းချီဆရာနဲ့ ဖိုးစောက ငိုင်တိုင်တိုင် ပေစောင်းစောင်းနဲ့ ဖြည်းဖြည်းချင်း လျှောက်လာနေတယ်။

* * *

ကျွန်တော်က လက်ဖက်ရည်ဆိုင်ရှေ့ လမ်းမပေါ်ထွက်ပြီး အနားရောက်လာတဲ့ ဒေါ်သန်းတင်ကို...

"ဒေါ်လေး... ပြူးတူးပြဲတဲနဲ့ ဘာဖြစ်လာတာလဲ"

ကျွန်တော့်ကို ပြန်ကြည့်တဲ့ ဒေါ်သန်းတင်ရဲ့ မျက်လုံးတွေဟာ ဝမ်းနည်းပန်းနည်း ဖြစ်နေတယ်။ နမြောကြေကွဲနေတယ်။

သူ့အသံကလည်း တုန်တုန်ရီရီ...။

"ရေ... ရေဒီယိုက သတင်းလာသွားတယ်ဟဲ့၊ ဟို... ဟို ၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်နဲ့ ၇၅ ကျပ်တန်တွေကို တရားမဝင် ငွေစက္ကူအဖြစ် ကြေညာလိုက်ပြီတဲ့။ သွားပြီ... သွားပြီ... ကုန်ပြီ။ ငါ ဈေးရောင်းထားတဲ့ပိုက်ဆံလေးတွေ ကုန်ပြီ။ အရင်းပြုတ်ပြီဟဲ့... ငတ်ပြီဟဲ့... အီး... ဟီး... ဟီး"

ပြောပြောဆိုဆိုနဲ့ ငိုချလိုက်ပါလေရော။ ကျွန်တော် ကြောင်ငေးပြီး ကြည့်နေမိတယ်။

* * *

ကျွန်တော် ထင်ပါတယ်။

အဲဒီနေ့က လူတွေအားလုံး ကိုယ့်အနာဂတ်ကို ကိုယ်ကြောင်ငေးပြီး ကြည့်နေခဲ့မိကြမှာပါ။

* * *

အဲဒီနေ့က စက်တင်ဘာလ (၅)ရက်၊ စနေနေ့ပါ။

မိုးအုံ့ပြီး ပူအိုက်တဲ့နေ့တစ်ရက်လည်း ဖြစ်ခဲ့တာပေါ့။ ရယ်သံခြောက်သွေ့တိတ်ဆိတ်တဲ့ နေ့တစ်နေ့လည်း ဖြစ်ခဲ့တယ်။

လမ်းပေါ်မှာ လူတွေရှင်းပြီး ခြောက်ကပ်ကပ် ဖြစ်သွားတယ်။

မော်တော်ကားတွေ အသွားအလာ သိသိသာသာ ကျဲပါးသွားတယ်။

လူတွေက ကိုယ့်အိမ်ထဲက ရေဒီယိုရှိရာဆီမှာ စုပြီး ထပ်ပြန်တလဲလဲ လာနေတဲ့ သတင်းကြေညာချက်ကို မယုံနိုင်သလိုလို နားကြားလွဲသလိုလို အကြိမ်ကြိမ်အခါခါ ပြန်ပြီးနားထောင်နေကြတယ်။

ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်... တဲ့။

အခေါ်အဝေါ်တွေက နားနဲ့ ခပ်စိမ်းစိမ်းပဲ။ အမိန့်အမှတ် (၁)၊ ၁၉၈၇ တဲ့။

ကြေညာချက်ကို နားမလည်နိုင်စရာအကြောင်းတော့ မရှိဘူး။

ရှင်းရှင်းလေးပဲ။

၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်နဲ့ ၇၅ ကျပ်တန်တွေဟာ တရားမဝင် ဖြစ်သွားပြီ။ ပိုက်ဆံ မဟုတ်တော့ဘူး။ သုံးလို့ မရတော့ဘူး။

ဘာကြောင့်လဲ။

လာမမေးနဲ့လေ။ မသိဘူး။ သွား...။

ဒါဆို ကျွန်တော်တို့ ကျွန်မတို့ ချွေးနဲ့စာနဲ့ရှာထားတဲ့ ၂၅ ကျပ် တန်လေးတွေ ၃၅ ကျပ်တန်လေးတွေကိုရော ဘာလုပ်ရမှာလဲ။

ဟ...အမှိုက်စုတ်တွေ ဖြစ်သွားပြီပဲ။ လုပ်ချင်တာလုပ်ပေါ့။ ရေထဲ လွှင့်ပစ်၊ မီးရှို့ပစ်၊ ဒါမှမဟုတ်ရင် မင်းတို့သေတဲ့အခါ အသုဘခေါင်းဘောင်းမှာ အလှကပ်ချင်ကပ်ပေါ့။

ဒါပဲ... ဒါပဲ... ဒါပဲ။

လူတွေဟာ ရှင်းနေတဲ့ကိစ္စကို မရှင်းသလိုမျိုး ထပ်တလဲလဲ မေးခွန်း တွေထုတ်နေကြတယ်။ တကယ်တော့ နားမရှင်းတာ မဟုတ်ပါဘူး။ သူတို့ ရင်ထဲက သောကအပူကို နည်းနည်းဖြစ်ဖြစ် သက်သာဖြေသိမ့်စရာ သဲလွန်စ များ ထွက်လာနိုးနိုးနဲ့ ကောက်ရိုးမျှင်တွေ လှျောက်ဆွဲကြည့်နေကြတာ။

လူတွေ... လူတွေဟာ ကျောက်ဆစ်ရုပ်တွေလို တောင့်တင်း ငြိမ်သက် ပြီး မျက်လုံးတွေ သေနေကြတယ်။

ဒါပေမဲ့ သူတို့ရဲ့ အားကိုးရာမဲ့ မျှော်လင့်ချက်တွေကတော့ ယောက်ယက်ခတ်ပြေးလွှားနေကြတယ်။

သွေးရူးသွေးတမ်း ကယောင်ချောက်ချားနဲ့ပေါ့။

■

# အခန်း (၁၆)

ဟိုတစ်နှစ်ကလည်း ဒါမျိုး တစ်ကြိမ် ဖြစ်ခဲ့ဖူးပြီးသားလေ။

၁၉၈၅၊ နိုဝင်ဘာလ ၃ ရက်နေ့က...။

တစ်ရာ (၁၀၀) ကျပ်တန်၊ ငါးဆယ် (၅၀) ကျပ်တန်နဲ့ နှစ်ဆယ် (၂၀) ကျပ်တန်တွေကို တရားမဝင် ကြေညာပြီး ဖျက်သိမ်းဖူးသေးတယ်လေ။

အဲဒီတုန်းက တစ်ချီ။

ရှာထားဖွေထားသမျှ စုထားဆောင်းထားသမျှလေးတွေ ကုန်သွားခဲ့ပါရောလား။ ဒါပေမဲ့ အဲဒီတုန်းက ဆင်းရဲသားတစ်မိသားစုစာ ပိုက်ဆံလောက်ကို ပြန်လဲပေးလို့ တော်သေးတယ်။

ဒါပေမဲ့ လူလတ်တန်းစားတွေအဖို့ လေးငါးဆယ်နှစ် စုထားဆောင်းထားသမျှ တက်တက်ပြောင်သွားတယ်။ တစ်နိုင်တစ်ပိုင် လည်ပတ်နေတဲ့ ဈေးသည်၊ ကုန်သည်လေးတွေ ချက်ချင်းလက်ငင်း မွဲသွားတယ်။ အရင်းပြုတ်သွားတယ်။ အလုပ်တွေအားလုံး ထိုးရပ်သွားတယ်။

'ဝိသမလောဘသားတွေ' လို့ နာမည်တပ်ခံထားရတဲ့ လူလည်ကြီးတွေကတော့ ဆုံးရှုံးသွားတဲ့ သူတို့ပိုက်ဆံတွေရဲ့တန်ဖိုးကို ပြန်ပြီးကာမိအောင် ကုန်ဈေးနှုန်းတွေကို ဈေးကစားပစ်လိုက်ကြတယ်။

လူလတ်တန်းစားနဲ့ ဆင်းရဲသားကတော့ ပိုက်ဆံလည်း အသိမ်း

ခံရတယ်။ ကုန်ဈေးနှုန်းတက်သွားတဲ့ ဒဏ်ကိုလည်း ခံရတယ်။ နှစ်ကောင်စားပြီး ကင်းအဝင်ခံရတယ်ဆိုတာ ဒါမျိုးပေါ့။

ရပ်ကွက်ထဲက ခနီမိုးထရံကာနဲ့နေကြတဲ့ လက်လုပ်လက်စား အခြေခံလူတန်းစားတွေဟာ နိုင်ငံရေးစနစ်အကြောင်းလည်း နားမလည်ပါဘူး။ ပါတီအကြောင်း၊ အုပ်ချုပ်ရေးအကြောင်း၊ ဘောဂဗေဒအကြောင်းတွေလည်း နားမလည်ပါဘူး။ ပိုဆိုးတာက အခု သူတို့ ဘာ့ဖြစ်လို့ ဆင်းရဲပြီးရင်း ဆင်းရဲနေရသလဲဆိုတာကိုပါ နားမလည်တော့တဲ့ ဘဲဥ အစရှာမရဘူးဖြစ်နေတယ်။

နားမလည်ဘူး... နားမလည်ဘူး။

ငါတို့ ဘာများ အမှားလုပ်မိခဲ့ကြလို့လဲ။

ရာဇဝင်နဲ့ချီပြီး ပြောရရင် အခုတစ်ခါ ပိုက်ဆံ သိမ်းတာဟာ တတိယအကြိမ်မြောက်ဗျ။

၁၉၆၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့တုန်းက တစ်ခါ။

တစ်ရာ (၁၀၀) တန်နဲ့ ငါးဆယ် (၅၀) ကျပ်တန်တွေကို တရားမဝင် ကြေညာပြီး ဖျက်သိမ်းဖူးတယ်။

ဘယ်နှစ်သိန်း လာအပ်အပ်၊ လေးထောင့်နှစ်ရာ (၄၂၀၀) ကျပ် ပြန်အမ်းပေးတယ်ဆိုပဲ။

အဲဒီတစ်ချီ ဆော်လိုက်တုန်းကတော့ ငွေကျပ် သန်းပေါင်း ၉၁၅.၈ သန်းလောက် သပိတ်ဝင်အိတ်ဝင် ဖြစ်သွားတယ်လို့ စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်။

ဟိုတစ်နှစ် ၁၉၈၅ ပိုက်ဆံသိမ်းတဲ့ကိစ္စမှာတော့ ဘယ်လောက် အမြတ်ထွက်သွားသလဲဆိုတာ ဘယ်သူကမှ တွက်ချက် ရေးသားမပြတော့ မသိရဘူးပေါ့ဗျာ။ (ပြည်သူတွေသိအောင် တွက်ပြဖို့ မေ့သွားကြတာလား မသိဘူး)

ဒီလိုပဲ အူလည်အူလည်နဲ့ နေလိုက်ရတာပဲ။

ဟော အခု ၁၉၈၇ မှာ တတိယအကြိမ်မြောက် သိမ်းပြန်ပြီ။ ဟို...

ပထမဦးဆုံးတစ်ကြိမ်ကတော့ နည်းနည်းဝေးလို့ မေ့မေ့ပျောက်ပျောက်ထား ပါတော့။ နောက်ဟာတွေက နှစ်နှစ်အတွင်းမှာ နှစ်ကြိမ်ဆိုတော့ ဆက်တိုက်ကြီးလေဗျာ။

ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှ ဒီလို သုံးကြိမ် သုံးခါတိတိ ပိုက်ဆံဖျက်သိမ်းတာမျိုး မလုပ်ဖူးကြဘူး။

ရပ်ကွက်ထဲကလူတွေ၊ ဆင်ခြေဖုံးကလူတွေ၊ ဈေးဆိုင်လေးထဲက လူတွေ လခလေး မဝရေစာနဲ့လူတွေဟာ တစ်ယောက်ကိုတစ်ယောက် အမေးပုစ္ဆာဆန်တဲ့ မျက်လုံးတွေနဲ့ အသံတိတ် အပြန်အလှန် ကြည့်ကြတယ်။

ရှေ့နှစ်ကျရင်ရော လေးကြိမ်မြောက် မသိမ်းဘူးလို့ ပြောနိုင်လား။ နောက်နှစ် နောက်နှစ်တွေမှာကော ငါးကြိမ်မြောက်တွေ၊ ခြောက်ကြိမ်မြောက်တွေ မသိမ်းဘူးလို့ ဘယ်သူ အာမခံရဲသလဲ။

ဘယ်သူမှ အာမ မခံရဲဘူး။

ဘာမဆို ဖြစ်သွားနိုင်တယ်။

အခုရော အရင်အခေါက်တွေတုန်းကလို ပိုက်ဆံနည်းနည်းပါးပါး ပြန်လဲပေးဦးမှာလား။

ဟင့်အင်း... မဖြစ်နိုင်တော့ဘူး။

လုံးဝ ပြန်လဲပေးမှာ မဟုတ်တော့ဘူး။

ဘာဖြစ်လို့လဲဆိုတော့ အမိန့်ကြေညာချက် နောက်ဆက်တွဲထဲမှာ ပြီးခဲ့တဲ့ ဩဂုတ်လအတွက် လစာနဲ့ ပင်စင်ငွေတွေ ထုတ်ယူပြီးသား ဝန်ထမ်းတွေ၊ ပင်စင်စားတွေအဖို့ ပြန်လျော်ပေးတဲ့အနေနဲ့ နောက်ထပ်တစ်ကြိမ် ထပ်ပြီး ထုတ်ယူခွင့်ပေးထားတာပါတယ်လေ။

ဖျက်သိမ်းတဲ့ပိုက်ဆံတွေ ပြန်လဲပေးမှာဖြင့် ဘာကိစ္စ တစ်လစာ အပိုပေးနေဦးမှာလည်းဟ၊ မင့်အမေ့လင်မှ မဟုတ်တာ။

ဟင်... ဒါဖြင့် အခု ငါတို့ ရှိစုမဲ့စုလေးတွေ ကုန်ပြီလေ။ မွဲပြီလေ။ ငတ်ပြီလေ။ ပိုက်ဆံ ပြန်မလဲပေးရင် ဘယ်လိုဆက်ပြီး ရှင်သန်ရမတုံး။

တော်စမ်း... တိတ်စမ်း။

လက်ထဲမှာ ငါးကျပ်တန်နဲ့ ကျပ်တန် အစုတ်အဟောင်းလေးတွေ တော့ ခြစ်ခြစ်ကုတ်ကုတ် ကျန်သေးတယ်မဟုတ်လား။

အေး... အဲဒါတွေနဲ့ပဲ ဘဝကို ဟိုး... အစက ပြန်စကြပေါ့။

■

# အခန်း (၁၇)

လင်းယုန် ဖယောင်းတိုင်ပိုင်ရှင် ဦးခွေးနီက ပုဆိုးကို ဒူးပေါ်အောင် ဆွဲမတင်ထားပြီး စိတ်ပျက်လက်ပျက် ထိုင်နေတယ်။

ကွပ်ပျစ်ပေါ်မှာတော့ ၂၅ ကျပ်တန်နဲ့ ၃၅ ကျပ်တန်တွေဟာ ပြန့်ကျဲလို့…။

ဒေါ်ပုကြွယ်ကတော့ နှမြောလွန်းလို့ တရှုပ်ရှုပ် ငိုနေလေရဲ့။

ကျွန်တော်တို့မှာလည်း ဖြေသိမ့်ပေးစရာ စကားလုံးတွေ မရှိဘူးလေ။ တကယ်ဗျာ… ရင်ထဲမှာ မကောင်းဘူး။

ကွပ်ပျစ်အစွန်းလေးမှာ ကျွန်တော်တို့လေးယောက် ဝင်ထိုင်လိုက်ကြတယ်။ ဦးခွေးနီက ကျွန်တော်တို့ကို မျက်လုံးတစ်ချက်လှန်ကြည့်တယ်။ ပြီးတော့ ထောင်ထားတဲ့ဒူးပေါ် တံတောင်ဆစ်တင်ပြီး ကားယားကြီး ခြေပစ် လက်ပစ် ထိုင်နေရာက တင်ပျဉ်ခွေလိုက်ရင်း သူ့မိန်းမငိုနေတာကို ခပ်တိုးတိုး လှမ်းဟန့်တယ်။

"ဟဲ့… ပုကြွယ်… နင့်မလည်း ငိုမနေစမ်းပါနဲ့တော့ဟာ။ ကိုယ်တစ်ယောက်တည်းမှ မဟုတ်တာ၊ အများနဲ့ဖြစ်ကြတဲ့ဟာပဲ"

အများနဲ့ဖြစ်ကြတာပဲတဲ့။ ဦးခွေးနီပြောလိုက်တဲ့ စကားက ကျွန်တော့်လည်ချောင်းထဲ ဝါးချွန်နဲ့ ထိုးသွင်းလိုက်သလိုပဲ။

ကျွန်တော်တို့လူမျိုးတွေဟာ တစ်ခုခုကို ခေါင်းငုံ့လည်စင်းခံရတော့မယ်ဆိုရင် အဲဒီစကားကို (အနာအကျင် သက်သာစေဖို့ ထုံဆေးသုံးသလို) ရေရွတ်တတ်ကြတယ်။

**အများနည်းတူ ဖြစ်ရတာပဲ။**

**အများနဲ့အတူတူ ဖြစ်ရတာပဲ။**

တစ်ခုခုတော့ လွဲနေသလိုပဲဗျ။ အဲဒီ 'အများ' ဆိုတဲ့ လူထုကြီးက လည်စင်းခံ ခေါင်းငုံ့ ငုံ့ပေးနေရတာ။ 'အနည်း' ကရော ဘယ်သူတွေများလဲ ဟင်။

'အများ' က စီရင်ပိုင်ခွင့်ရှိတာလား။ 'အနည်း' က စီရင်ပိုင်ခွင့်ရှိတာလား။ အဲဒီပြဿနာက အရင်ဆုံး အဖြေရှာရမယ့်ဟာ ဖြစ်နေတယ်။

ဒေါ်ပုကြွယ်ကတော့ တဟင့်ဟင့်နဲ့ ခပ်တိုးတိုး ရှိုက်နေတုန်းပဲ။ မျက်ရည်တွေကို သုတ်သုတ်ပစ်နေပေမယ့်လို့ ထပ်ထပ်ပြီးတော့ စီးကျနေတယ်။

ကျွန်တော်က မကြည့်ချင်တာနဲ့ မျက်နှာလွှဲလိုက်တယ်။

ဟော... ဟိုမှာ သစ်သားတန်း ခနော်နီခနော်နဲ့ ဖယောင်းတိုင်နင်းတဲ့ ပုံစံခွက်ကလေးတွေ၊ မီးစာကြိုးလုပ်တဲ့ ချေးပေါ်ပေါ် ချည်လုံးကြီး ဖွာလန်ကြဲတွေ၊ ဖယောင်းတွေကို ရေစိမ်တဲ့ ဒန်ဇလုံ အပိန်အလိမ်တွေ။

အားလုံးဟာ ဖရိုဖရဲ။

တစ်စစီ တကွဲတပြားစီ ပြန့်ကျဲလို့...။

'နောက်ထပ် ဖယောင်းတိုင် ခြေနင်းစက်ကလေး သုံးလေးခုတော့ ထောင်ဦးမှ' ဆိုတဲ့ ဦးခွေးနီတို့လင်မယားရဲ့ ရည်မှန်းချက်တွေ၊ 'အိုစာမင်းစာ လေးတော့ စုမိတန်ကောင်းပါရဲ့' ဆိုတဲ့ မျှော်လင့်အတွေးတွေ၊ 'လှူနိုင်တန်းနိုင်ပဟဲ့' ဆိုတဲ့ အပျော်စိတ်ကူးတွေ...။

အဲဒါတွေအားလုံးဟာလည်း ဖရိုဖရဲ။

တစ်စစီ တကွဲတပြား ပြန့်ကျဲသွားတော့တာပဲ။

ဦးခွေးနီက ချောင်းတစ်ချက် ဟန့်ရင်း အသံ ခပ်တိမ်တိမ်နဲ့...

"ပိုက်ဆံတွေ ပြန်လဲပေးရင်တော့ ကောင်းမှာပဲကွနော်၊ မင်းတို့ရော ဘယ်လိုထင်သလဲ၊ လဲပေးမယ်ထင်လား"

ပြောသာပြောနေတယ်။ သူ့အသံကိုက မဝံ့မရဲ မရေမရာကြီး။ ကျွန်တော်တို့ကလည်း ဘာပြန်ပြောရမှာတုံးဗျာ။

'လဲပေးတော့မှာ မဟုတ်ဘူး၊ ခင်ဗျားပိုက်ဆံတွေ အကုန်လုံးဆုံးပြီ' ဆိုတာ ဘယ်နှယ့်လုပ် ပြောထွက်မှာလဲ။

ပန်းချီဆရာကတော့...

"ပြောတတ်ပါဘူးဗျာ"

လို့ အသံရှည်ရှည်လေးလေးဆွဲပြီး ညည်းသလိုလို ရေရွတ်လိုက်တယ်။

အဲဒီအချိန်မှာပဲ...

မိန်းမတစ်ယောက်ရဲ့ အလန့်တကြား အော်ဟစ်သံလိုလို၊ လှမ်းခေါ်လိုက်သံလိုလို မသဲမကွဲ ကြားလိုက်ရတယ်။

လမ်းမဘက်ဆီကလား၊ ဟိုဘက်တစ်အိမ်ကျော်လောက်ဆီကလားတော့ မပြောတတ်ဘူး။ ဖိုးစောက သူလည်း ကြားလိုက်မိတယ်ဆိုတဲ့ သဘောနဲ့ ဆတ်ခနဲ ခေါင်းထောင်ပြီး နားစွင့်လေရဲ့။

အဲဒီလို အကဲခတ်နေကြတုန်း အိမ်ရှေ့လမ်းပေါ်မှာ အူယားဖားယား ပြေးသွားတဲ့ သိပ္ပံစိန်လှကို မြင်လိုက်ရတယ်။ ကျွန်တော်တို့အိမ် ခေါင်းရင်းဘက်ဆီကို ပြေးသွားတာဗျ။

တစ်ခုခုတော့ဖြစ်နေတာ သေချာပြီ ဆိုပြီး ကျွန်တော်တို့လည်း ခပ်သုတ်သုတ်ထွက်အလာ...

"အမယ်လေး... ကယ်ကြပါဦး၊ ကျွန်မအမေ ဘာဖြစ်သွားမှန်း မသိဘူး"

အန်တီလှရဲ့ သမီးအကြီးမပေါ့။ သူတို့အိမ်ရှေ့ မြောင်းတံတားအစပ်ကနေ ငိုကြီးချက်မနဲ့ အော်နေတာ။

ကျွန်တော်တို့ရှေ့က ပြေးသွားနှင့်တဲ့ သိပ္ပံစိန်လှတို့ ခါးဘုဦးပွားတို့က...

"ဟဲ့… ဘယ်မလဲ၊ နင့်အမေ ဘယ်မှာလဲ"

နဲ့ တတွတ်တွတ်မေးနေကြတယ်။

အန်တီလှက အိမ်ရှေ့ခန်းကြမ်းပြင်ပေါ်မှာ လဲကျနေတာပါ။ ရင်ဘတ်ကို လက်တစ်ဖက်နဲ့ သာသာလေး ဖိထားတယ်။ လက်တစ်ဖက်က ကိုယ်လုံးအောက်မှာ ပိနေလေရဲ့။ ဦးခေါင်းကတော့ ဘေးကို လည်ကျလို့…။

သူ့ဘေးမှာတော့ 'မြေးတွေကို ရှင်ပြုရန်'ဆိုပြီး ပိုက်ဆံစုထားတဲ့ ဝါးဆစ်စုဘူး အကွဲခြမ်းကြီးနှစ်ခု…။

ပြီးတော့ ၂၅ ကျပ်တန်တွေ၊ ၃၅ ကျပ်တန်တွေ၊ ၇၅ ကျပ်တန်တွေ ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲလို့။

* * *

အန်တီလှက အသက်တော့ မှျဉ်းမှျဉ်းကလေး ရှူနေတုန်းပဲ။ ကျွန်တော်တို့က ဝိုင်းပြီး နာမည်ကိုခေါ်လိုက်၊ မေးကို ခပ်ဆတ်ဆတ်လေး ပုတ်ပြီး လှုပ်နှိုးလိုက်၊ ခြေမချိုး၊ လက်မချိုး၊ နှာခေါင်းနှုတ်သွင်းနဲ့ တတ်သလောက် မှတ်သလောက်လုပ်ကြပေမယ့် သတိပြန်လည်မလာဘူး။

"ဖြုန်းစားကြီး နှလုံးထိခိုက်သွားတာနဲ့ တူတယ်"

လို့ သိပ္ပံစိန်လှက ကျွန်တော့်ဘက်ကိုလှည့်ပြီး ခပ်တိုးတိုး ပြောတယ်။ ကျွန်တော် ခေါင်းညိတ်ပြလိုက်မိတယ်။ ဟုတ်မှာပေါ့။

ဦးပွားက…

"ဒီအတိုင်းကြည့်နေလို့တော့ မဖြစ်ဘူးထင်တယ်၊ ဆေးရုံပို့မလား မိသက်"

လို့ လှည့်ပြီးမေးလိုက်တော့ အန်တီလှရဲ့သမီးကြီး မသက်က တရှုပ်ရှုပ် ငိုနေရာက…

"ဦးလေးတို့ ကောင်းသလိုသာ စီစဉ်ကြပါတော့"

ပေသီးရဲ့ဆိုက်ကားပေါ်တင်ဖို့ သိပ္ပံစိန်လှက အန်တီလှရဲ့ ခန္ဓာကိုယ်ကို ပွေ့ချီလိုက်တော့ စောစောက အောက်မှာ အဖိခံထားရတဲ့လက်က

ဘတ်ခနဲ တွဲလောင်းကျလာတယ်။

သတိလစ်နေတဲ့ အန်တီလှရဲ့လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတာက အသစ်ကျပ်ချွတ် ၇၅ ကျပ်တန်လေး နှစ်ရွက်။

* * *

ဆေးရုံကို မရောက်လိုက်ပါဘူး။ လမ်းမှာတင်ပဲ အန်တီလှ ဆုံးသွားပါတယ်။

ကျွန်တော်က အန်တီလှရဲ့အလောင်းကို ငေးစိုက်ကြည့်ရင်း တောင်စဉ်ရေမရတွေ လျှောက်စဉ်းစားနေမိတယ်။

မြန်မာပြည်ကပဲ...

တစ်စုံတစ်ယောက်က ဆွစ်ဇာလန်ဘဏ်မှာ သားစဉ်မြေးဆက်သုံးလို့ဖွဲ့လို့ မကုန်အောင် များပြားတဲ့ ဒေါ်လာငွေကြေးတွေကို ငွေစာရင်းဖွင့်ကောင်းဖွင့်နေပေလိမ့်မယ်။

မြန်မာပြည်ကပဲ။

တစ်စုံတစ်ယောက်ပေါင်းများစွာအဖို့တော့ မစားရက် မသောက်ရက် စုဆောင်းလာခဲ့သမျှ ငွေစက္ကူတွေဟာ ဖြုန်းခနဲ လက်ထဲမှာတင် သစ်ရွက်ခြောက်တွေလို ကြေမွသွားတယ်။ ဘာမှ မရှိတော့ဘူး။

အရမ်းကွာခြားလွန်းသွားတယ်နော်။

အဲဒီ လူသန်းပေါင်းများစွာမှာ ဘာအပြစ်ရှိလို့လဲ။ 'သူတို့အားလုံး အတိတ်ဘဝက ဒါနမျိုးစေ့နည်းခဲ့လို့ပါ' လို့ ဖြေမယ်ဆိုရင်တော့ ဒါဟာ ဒီဘက်ခေတ်ရဲ့ အရယ်ရဆုံး ပြက်လုံးပဲ။

ဩော်... ခေတ်ဆိုလို့ အခုမှ သတိရတယ်။ အာသာဘလော့ချ်က ထပ်တူကျ အမှားတွေကို တန်းစီရေးမပြခင် စာအုပ်ရဲ့ အဖွင့်နိဒါန်းမှာ ရေးထားတာက...

"နှစ်ဆယ်ရာစု ကုန်ဆုံးခါနီးခေတ်ဟာ အမှားတွေ အများဆုံး ပေါ်ထွန်းတဲ့ကာလ ဖြစ်တယ်"

.... တဲ့။

နှစ်ဆယ်ရာစုနှောင်းပိုင်းရဲ့ အကြီးဆုံးအမှားဟာ ကျွန်တော်တို့ဆီမှာ ဖြစ်သွားခဲ့တာပေါ့။

အသက်မရှိတော့တဲ့ အန်တီလှရဲ့မျက်နှာဟာ ခြောက်ခန်းသွားတဲ့ ရေကန်တစ်ခုနဲ့ တူနေတယ်။ စိတ်မချမ်းမြေ့စရာ ငြိမ်သက်ခြောက်သွေ့မှု မျိုးနဲ့ပေါ့။

မျက်ခွံတွေက လုံးလုံး ပိတ်မနေဘဲ မျက်ဖြူသားနည်းနည်းပေါ်နေ တယ်။ ပါးစပ်က ဟောင်းလောင်းကလေး ဟလို့။

သူ ဘာကိုများ ပြောချင်နေတာပါလိမ့်။

ပန်းချီဆရာကတော့ အန်တီလှရဲ့အလောင်းကို ငေးစိုက်ကြည့်ရင်း သူ နောက်တဲ့ ပြောင်တဲ့အခါ ဆိုနေကျ ရုပ်ရှင်မင်းသား ဝင်းဦးရဲ့ သီချင်း ထဲက စာသားတစ်ပိုင်းတစ်စကို ခပ်တိုးတိုး ညည်းနေလေရဲ့။

*"တကယ် မမောပန်းစေရန်ကိုကွယ်*
*ပြော...ပြောပြမယ်*
*ကိုယ့်ဌာနေ ဝန်းကျင်မှာကွယ်*
*တကယ်ကို 'အလှ' ရှိတယ်"*

အခု ကျွန်တော်တို့ဌာနေဝန်းကျင်မှာ အလှ မရှိတော့ဘူး။

* * *

အန်တီလှကို သင်္ဂြိုဟ်တဲ့အခါ သူနောက်ဆုံးအချိန်ထိ ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်သွားခဲ့တဲ့ ၇၅ ကျပ်တန် အသစ်လေးတွေကို အသုဘ ခေါင်းထဲ ထည့်ပေးလိုက်ကြပါတယ်။ သေမင်းနိုင်ငံရောက်မှ သုံးပေဦးတော့ ပေါ့လေ။

အသုဘကိစ္စရှိပြီဆိုတော့ လမ်းသူလမ်းသားတွေအဖို့ အန်တီလှ အိမ်မှာပဲ ဝိုင်းကူပေးကြရင်း နေ့ရောညပါ အချိန်ကုန်ကြတာ များတယ်။

အောင်ဗလတို့၊ ပေသီးတို့ ဆိုက်ကားတွေလည်း အသုဘအိမ်ရှေ့မှာပဲ ထိုးထားကြတယ်။

ရပ်ကွက်ထဲက လူကြီးပိုင်းကလည်း အသုဘအိမ်မှာပဲ လက်ဖက်စား၊ ရေနွေးကြမ်းသောက်၊ ကွာစေ့ဝါးရင်း စကားလေး ဘာလေး ပြောကြတယ်။ အများဆုံးပြောဖြစ်ကြတာကတော့ အဲဒီ ပိုက်ဆံကိစ္စပါပဲ။

"ခင်ဗျားတို့ရော ဘာများ ကြားမိသေးလဲဗျ၊ ပိုက်ဆံတွေက ပြန်လဲပေးဦးမှာတဲ့လား"

ဒီလိုမေးခွန်းမျိုးကြားရတဲ့အခါ သက်ပြင်းချတဲ့သူကချ၊ ခေါင်းတခါခါ လည်တခါခါနဲ့ မရေမရာ ညည်းတွားတဲ့သူက ညည်းတွားပေါ့။

ဟုတ်တယ်လေ။

မျှော်လင့်ချက်တွေက မရှိသလောက် ဖြစ်သွားပြီကိုး။ ပြန်လဲပေးမယ်ဆိုရင် ပိုက်ဆံတွေ ဖျက်သိမ်းပြီးတာနဲ့ ချက်ချင်း (ဒါမှမဟုတ်) တစ်ရက်နှစ်ရက် အတွင်းမှာကို ကြေညာချက် ထုတ်ပြန်ရမှာလေ။

အခုလို သုံး လေးရက်ကြာတဲ့အထိ ဘာသတင်းမှ မထူးတော့ အားလုံး 'ပြီးပါပြီ'ဆိုတဲ့ စကားနဲ့ပဲ ပြည်ဖုံးကားချရုံပေါ့။

ရပ်ကွက်ထဲမှာကြားနေရတဲ့ မရေမရာ ပါးစပ်သတင်းတွေကတော့ စုံနေတာပဲ။ အဲဒါတွေကို အသုဘအိမ်မှာ လူစုံတုန်း ဝိုင်းဖွဲ့ပြောရတာကိုက မျှော်လင့်ချက်ဆေးမြီးတို တစ်မျိုးပေါ့။

"ဟဲ့... ဟိုသတင်းကြားပြီးပြီလား၊ ၇၅ ကျပ်တန်တွေကို တစ်ရွက်တစ်ဆယ်နဲ့ လိုက်ပြန်ဝယ်နေတယ်တဲ့"

ဟုတ်တယ်။ တကယ်ပဲ အဲဒီလို အရောင်းအဝယ်လုပ်တဲ့လူတွေ ပေါ်ခဲ့ဖူးတယ်။ ကံစမ်းတဲ့သဘောနဲ့ လုပ်တာလား (ဒါမှမဟုတ်) ပိုက်ဆံတွေကိုတော့ သေချာပေါက် ပြန်လဲပေးမှာပဲ။ အဲဒီအခါကျရင် တစ်ဆယ်နဲ့ ဝယ်ထားတဲ့ ခုနစ်ဆယ့်ငါးကျပ်တန်တွေကနေ တစ်ရွက်ကို ခြောက်ဆယ့်ငါးကျပ် ကျိန်းသေမြတ်ပြီးသားပဲလို့ လောဘဇောထွက်တာလားတော့ မပြောတတ်ဘူး။

(လိုက်ဝယ်တဲ့သူတွေခများတော့ အကောင်းမြင်စိတ်နဲ့ အယုံကြည် လွန်ကဲသွားပုံရပါတယ်။ လူတွေလက်ထဲက ပိုက်ဆံတွေကို ဘာမပြော ညာမပြော လုယူဖျက်ဆီးပစ်လိုက်ပြီး ဒီအတိုင်း ကျောခိုင်းခဲ့မှာတော့ မဟုတ်လောက်ပါဘူးလို့ မျှော်လင့်လိုက်မိတယ် ထင်ပါရဲ့။ ဒါပေမဲ့... ဒါပေမဲ့ သိကြတဲ့အတိုင်းပဲ)

ကျွန်တော်တို့ရပ်ကွက်လေးထဲမှာတော့ ဘာမျှော်လင့်ချက်မှ ရှိမနေတော့ပါဘူး။

လက်ထဲက ပိုက်ဆံမဟုတ်တော့တဲ့ ငွေစက္ကူရွက်လေးတွေကို ငါးကျပ်ပဲရရ၊ တစ်ဆယ်ပဲရရ ရောင်းမှာပဲဆိုပြီး လာဝယ်မယ့်သူကို စောင့်နေကြပါတယ်။

ဒါပေမဲ့...

တကယ်တမ်းကျတော့ ၇၅ ကျပ်တန် ဝယ်မယ့်သူတွေလည်း ကျွန်တော်တို့ရပ်ကွက်ထဲကို တစ်ယောက်မှ ရောက်မလာကြပါဘူးဗျာ။

* * *

အသုဘအိမ်က ဒန်ရေနွေးအိုး ပိန်ရှုံ့ရှုံ့လေးဘေးမှာ ကွာစေ့ခွံတွေ၊ ဆေးပေါ့လိပ်တို ဖင်စီခံတွေသာ များသထက် များလာတယ်။ စကားဝိုင်းဖွဲ့နေတဲ့ အကြောင်းအရာတွေကတော့ မရေရာခြင်းတွေကြားထဲမှာ တရွေ့ရွေ့လွင့်မျောနေတုန်းပဲ။

စိတ်သက်သာရာမှုကို စမ်းတဝါးဝါးနဲ့ ရှာရလေလေ ဘဝဟာ ထွက်ပေါက်မရှိတော့မှန်း ပိုသေချာလာလေလေပဲ။

သက်ပြင်းချသံတွေဟာလည်း ညည်းညည်းတွားတွား လေးလေးပင်ပင် ပိုဖြစ်လာလေလေပဲ။

ရပ်ကွက်လူကြီးတစ်ယောက်က လက်ဖက်တစ်ဇွန်းကို ပါးစပ်ထဲ ထည့်မြုံ့ရင်း...

"ပိုက်ဆံတွေ သိမ်းလိုက်ရတဲ့ အဓိက ရည်ရွယ်ချက်က မှောင်ခို

ကုန်သည်ကြီးတွေကို ချချင်တာတဲ့ဗျ။ အခုလို ဆော်ထည့်လိုက်တော့ ဟိုဘက်နိုင်ငံက မှောင်ခိုသူဌေး၊ ဘိန်းသူဌေးတွေက ဂိုဒေါင်နဲ့ အပြည့်ထည့်ထားတဲ့ ငွေမည်းတွေပိုက်ပြီး ခံလိုက်ရတာပေါ့။ ဟား... ဟား"

သူ့ 'ဟား... ဟား...' သံက ရေဒီယိုကလာတဲ့ ဟာဒယရွှင်ဆေး အခန်းမှာ (တစ်ခါရယ်ရင် ငါးပြားပေးတယ်ဆိုလို့) ရယ်ပေးရတဲ့အသံမျိုး ဖြစ်နေတယ်။

ဘေးမှာ ဝိုင်းထိုင်နေကြတဲ့ တိုက်ပုံအင်္ကျီနဲ့ လူကြီးတွေကလည်း နမ်းနဲ့ကြက်သွန်ကြော်ဖတ်ကလေးတွေကို ပါးစောင်ကြားမှာ တဂျွတ်ဂျွတ် မြည်အောင်ဝါးရင်း...

"ဟုတ်တာပေါ့ဗျာ... ဆိုရှယ်လစ် စီးပွားရေးစနစ်ကို အန္တရာယ်ပေး နေတဲ့ကောင်တွေကိုတော့ မညှာနိုင်ဘူးဗျို့၊ ချရမှာပဲ"

"ဟုတ်တယ်... ဟုတ်တယ်"

သူတို့စကားတွေကို နားထောင်ပြီး ကျွန်တော် အံ့ဩနေမိတယ်။ သူတို့ တကယ် ယုံယုံကြည်ကြည်နဲ့ ပြောနေကြတာလား၊ ဒါမှမဟုတ်။

ဒါမှမဟုတ် ဘာလဲ။

သူတို့ထဲကတစ်ယောက်က ဆက်ပြီးတော့...

"ဒီကြားထဲမှာ တင်ညွန့်လို စုန်းပြူးတွေကလည်း တစ်မှောင့်ဗျ၊ ဒီလိုကောင်စားမျိုးတွေ ရှိနေရင် တိုင်းပြည်နစ်နာတယ်"

"ဘယ် တင်ညွန့်လဲဗျ။ ဓမ္မာရုံက ငွေထိန်းလား"

ဦးတင်ညွန့်ရဲ့နာမည်ကို တစ်စွန်းတစ်စ ကြားလိုက်ရလို့ ကျွန်တော် နားစွင့်နေလိုက်တယ်။ ဟုတ်ပါရဲ့၊ ဦးတင်ညွန့်တစ်ယောက် ပျောက်ချက်သား ကောင်းနေပါလား။ အသုဘအိမ်ကိုတောင် ပေါ်မလာဘူးလို့ တွေးနေတုန်း...

ကော်လာကတုံး၊ အင်္ကျီလက်တိုနဲ့ ဝဝဖိုင့်ဖိုင့်လူကြီးက...

"သူပဲပေါ့ဗျ၊ အခု အ.လ.က (၃) က ကျောင်းစိမ်းပိတ်စဖိုးတွေကို အလစ်သုတ်ပြီး ပြေးပြီတဲ့လေ"

"ဟာ... မိုက်ရိုင်းလိုက်တဲ့လူဗျာ"

"ဒါ အလွဲသုံးစား လုပ်မှုဗျ၊ ပုဒ်မ (၄၀၉) နဲ့ အပြစ်ပေးရင်တော့ ထောင် ၁၀ နှစ်ပဲဗျို့"

ကျွန်တော် ခေါင်းနားပန်းကြီးသွားတယ်။ ဘာတွေဖြစ်ကုန်တာလဲ။ ဦးတင်ညွန့်က ဒီလို ပိုက်ဆံ အလွဲသုံးစားလုပ်ပြီး ထွက်ပြေးမယ့်လူစားမျိုးမှ မဟုတ်တာ၊ ပြီးတော့ သူတို့ပြောနေကြတဲ့ ကျောင်းစိမ်းပိတ်ဖိုးဆိုတာက...

တွေးရင်းတွေးရင်းနဲ့ ကျွန်တော် အရမ်း သိချင်လာတယ်ဗျာ။ ဒါနဲ့ ဖိုးစောကို မျက်ရိပ်ပြခေါ်ပြီး ဦးတင်ညွန့်အိမ်ဘက်ဆီကို ထွက်ခဲ့လိုက်တယ်။

ဟိုရောက်တော့ ဦးတင်ညွန့်မိန်းမနဲ့ တန်းတွေ့တယ်။ သံဇလုံတစ်ခုထဲမှာ ထမင်းတွေကို ဟင်းရည်နဲ့ နယ်ဖတ်ပြီး ကလေးပေါက်စနှစ်ယောက်ကို ထမင်းခွံ့နေလေရဲ့။

ကျွန်တော်တို့က အကျိုးအကြောင်းမေးကြည့်လိုက်တော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျရင်း ဖြစ်ရပုံကို ရှင်းပြရှာတယ်။ ကျွန်တော် ထင်ထားတဲ့အတိုင်းပါပဲ။ သောကြာနေ့ ညနေပိုင်းမှာ ကျောင်းစိမ်းပိတ်စဖိုး လေးသောင်းကျော်ကို ဦးတင်ညွန့်လက်ထဲ လာအပ်သွားတယ်။ အဲဒီပိုက်ဆံတွေကို ရုံးမှာ သွားသွင်းဖို့ လုံးဝ အချိန်မမီတော့ဘူး။

နောက်တစ်နေ့ စက်တင်ဘာ ၅ ရက် စနေနေ့မှာ ပိုက်ဆံတွေကို ဖျက်သိမ်းလိုက်တော့ ဦးတင်ညွန့်လက်ထဲက ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန်နဲ့ အစိတ်တန် လေးသောင်းဖိုးဟာ တရားမဝင် ဖြစ်သွားတယ်။

ဒါ လိမ်လည်တာလည်းမဟုတ်၊ အလွဲသုံးစားလုပ်ပစ်တာလည်း မဟုတ်ဘူးလေ။ ဒီတော့ ဦးတင်ညွန့်က သူ့လိပ်ပြာ သူ လုံလုံခြုံခြုံနဲ့ပဲ တနင်္လာနေ့မှာ သက်ဆိုင်တဲ့ပုဂ္ဂိုလ်ဆီကိုသွားပြီး အကျိုးအကြောင်း ရှင်းပြတယ်။

ဒါပေမဲ့ မရဘူး... မရဘူး... တဲ့ဗျ။

ပိုက်ဆံတွေကို စက်တင်ဘာလ (၄) ရက် သောကြာနေ့ အမီသွင်းဖို့ ညွှန်ကြားချက်ထုတ်ထားပြီးသားဆိုတဲ့ စကားကိုပဲ ထပ်တလဲလဲ ပြောတယ်။ (အချိန်မမီတာ ဦးတင်ညွန့်ရဲ့အပြစ်ပဲ ဆိုတဲ့သဘောပေါ့)

ရပ်ကွက်ထဲက ကျောင်းသူကျောင်းသားတွေရဲ့ ငွေကြေး မပြေလည်မှုကို ငဲ့ပြီး နောက်ဆုံးအချိန်ထိ စောင့်နေလို့ပါလို့ ဖြေရှင်းတာကိုလည်း လက်မခံဘူး။

လက်မခံတဲ့အပြင် ထပ်ပြီးတော့ စွပ်စွဲလိုက်သေးတယ်။

ဦးတင်ညွန့်ဟာ...

သူ့ကိုယ်ပိုင်ငွေထဲက တရားမဝင်ဖြစ်သွားတဲ့ ၇၅ ကျပ်တန်တွေကို ပိတ်စဖိုးတွေ နေရာမှာ အစားထိုး လဲထည့်လိုက်တယ်ဆိုတဲ့ သဘောမျိုး စွပ်စွဲတာဗျ။ (တကယ့် ပိတ်စဖိုး အစစ်ကတော့ တရားဝင်တဲ့ ၁၀ တန် ၁၅ ကျပ်တန်တွေချည်းပဲလိုလို၊ အဲဒါတွေ လေးသောင်းဖိုးကိုတော့ ဦးတင်ညွန့်က အပိုင်စီးလိုက်တယ်ပေါ့လေ)

ဦးတင်ညွန့်က ရှင်းပြပါသေးသတဲ့။ သူဟာ ဆင်းရဲတဲ့အကြောင်း ပိုက်ဆံ လဲထည့်ချင်ပါတယ်ဆိုရင်တောင် ၇၅ ကျပ်တန်တွေ ၃၅ ကျပ်တန်တွေကို လေးသောင်းဖိုးပြည့်အောင် ဘဝမှာ တစ်ခါမှ ပိုင်ဆိုင်ဖူးတဲ့သူ မဟုတ်ပါဘူးဆိုတဲ့ အကြောင်းပေါ့။

ဒါလည်း မရဘူးဗျ။

၇၅ ကျပ်တန်တွေကို တစ်ရွက် (၁၀) နဲ့ဝယ်ပြီး လဲထည့်တာဖြစ်မှာ ပေါ့တဲ့။ (အဲဒီခေတ်က အများပိုင် ပိုက်ဆံတွေကို အဲဒီနည်းနဲ့ လဲယူ စာရင်းပြတဲ့လူတွေ တကယ်ပဲ ပေါ်ခဲ့သလား မသိဘူး)

ဦးတင်ညွန့်ကတော့ အဲဒီစွပ်စွဲချက်တွေကို ခေါင်းခါပြနေရုံကလွဲလို့ ဘယ်လိုဖြေရှင်းလို့ရမှာလဲ။

နောက်ဆုံး ရာဇသံကတော့...

အဲဒီပိတ်စဖိုး လေးသောင်းကို ဦးတင်ညွန့်စိုက်ပြီး လျော်ရမယ်။ မလျော်နိုင်ရင် သက်ဆိုင်ရာကို တိုင်ပြီး အရေးယူမယ်တဲ့။

တည့်တည့်ပြောရရင် ရဲစခန်းတိုင်ပြီး ဖမ်းနိုင်းမှာ။ ပုဒ်မ (၄၂၀) လိမ်လည်မှုနဲ့ ပုဒ်မ (၄၀၆) အလွဲသုံးစားလုပ်မှု နှစ်ခုစလုံး တွဲသွားနိုင်တယ်။

၄၀၆ ဆို အာမခံတောင် မရဘူး။ ထောင်ထဲသွားနေပေတော့ပဲ။

ကဲ...ဘယ်လိုရှင်းမလဲ။

* * *

နောက်နှစ်ရက်အကြာမှာ ဦးတင်ညွှန့် နေအိမ်ကနေ ပျောက်သွားတယ်။ သူ့ကို နောက် ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး။ (အခု ဒီစာကို ရေးနေတဲ့အချိန်ထိ သေသလား၊ ရှင်သလား မသိရတော့တာပါ)

ရပ်ကွက်ထဲမှာတော့ ဦးတင်ညွှန့်ဟာ ပိုက်ဆံတွေ အလွဲသုံးစား လုပ်ပြီး ထွက်ပြေးသွားတယ်လို့ ပါးစပ်သတင်းတွေ ချဲ့ကားပြောနေကြတယ်။ တကယ်တမ်းကျတော့ ဦးတင်ညွှန့်မိန်းမခမျာ ကလေးနှစ်ယောက်နဲ့ ဒုက္ခရောက်နေတာ ကျွန်တော်တို့မျက်မြင်ပဲ။

ဒါဟာ လူတစ်ယောက်ရဲ့ နိဂုံးပေါ့။

ပိုက်ဆံတွေကို ဆုံးရှုံးခံလိုက်ကြရတယ်။

တချို့ကျတော့ လူ့ဂုဏ်သိက္ခာကိုပါ ချနင်းခံလိုက်ရတယ်။

ပြီးတော့ 'မိသားစု' နဲ့ 'ဘဝ' ကိုပါ စတေးလိုက်ကြရရှာလေရဲ့။

အရှုံးစိတ်ချမ်းသာရင် တိုင်းပြည် အေးချမ်းတယ်တဲ့။

ခုတော့...

အရှုံးကိုရှာပြီး မေးကြည့်ရတော့မှာပဲ။

'စိတ်ချမ်းသာနေပါသလား'လို့...။

အရှုံးကို ဘယ်မှာသွားပြီးတွေ့ရမလဲဟင်?

ခင်ဗျားတို့သိရင် တဆိတ်လောက်

ကျွန်တော့်ကို ပြောပြစမ်းပါဗျာ။

■

# အခန်း (၁၈)

ဟိုးမလှမ်းမကမ်းမှာ ခုတ်မောင်းဖြတ်သန်းသွားတဲ့ ရထားဥသြသံ သဲ့သဲ့ကို ကြားရတယ်။

ရထားကြီးက သူ့ခရီးသူ ဆက်လက်ထွက်ခွာမြဲ ထွက်ခွာသွားတော့ လည်း ရပ်ကွက်ကလေးဟာ တိတ်တိတ်ဆိတ်ဆိတ်ပဲ ကျန်နေ ခဲ့တာပါပဲ။ လမ်းပေါ်မှာ၊ ခြံဝင်းတံခါးဝမှာ၊ အိမ်ရှေ့မှာ လူတွေရှိနေပေမယ့် ခါတိုင်းရက် တွေလို အသံဗလံတွေ ဆူညံမနေဘူး။

အရင်က စကားများ အတင်းပြောပြီး ဟောင်ဖွာ ဟောင်ဖွာလုပ် တတ်တဲ့ လမ်းထဲက မိန်းမကြီးတွေတောင်မှ ငူငူငိုင်ငိုင်နဲ့ တံတောင်ဆစ် ထောက်ထားတဲ့ လက်ဖနောင့်ပေါ် မေးတင်ပြီး မရေရာတဲ့ အဝေးဆီ ငေး နေကြတယ်။

သူတို့ရဲ့ ယောကျ်ားခင်ပွန်းသည်တွေကတော့ ခြံဝင်းတိုင်ကို မှီတဲ့ လူကမှီ၊ ကျောပြင်ဗလာနဲ့ အင်္ကျီခေါက်လေး ပခုံးပေါ်တင်ပြီး စိတ်ပျက် လက်ပျက် ဆောင့်ကြောင့်ထိုင်တဲ့သူက ထိုင်၊ မြောင်းပေါ်ခွဆောက်ထားတဲ့ တံတားခုံတန်းလျားပေါ် ခြေဆင်းတဲ့သူက ဆင်းနဲ့။

တချို့ကတော့ အံကြိတ် တောက်ခေါက်လို့…။ တချို့ကတော့ မြေကြီးပေါ်မှာ တုတ်တစ်ချောင်းနဲ့ တောင်ခြစ်မြောက်ခြစ် လျှောက်ပြီး ရေးခြစ် နေကြတယ်။ ရေးလိုက် ပြန်ဖျက်လိုက်နဲ့။

ကလေးတွေတောင်မှ တိုးတိုးကျိတ်ကျိတ်ကလေး ကစားနေရာက သူတို့အဖေတွေ အမေတွေရဲ့မျက်နှာကို မသိမသာ လှမ်းလှမ်းပြီး အကဲခတ်ရကောင်းမှန်း နားလည်နေကြတယ်။

လေပူတစ်ချက် ဖေ့တိုက်လိုက်တော့ ဖုန်တွေ၊ သဲတွေ လွင့်လာကြတယ်။ သစ်ရွက်ခြောက်တွေလည်း မြေပြင်ပေါ် ရုပ်တိုက်လွင့်ပါကုန်ကြရော။

ဒါဟာ ပူလောင်တဲ့ ခြောက်သွေ့တိတ်ဆိတ်မှုပဲ။

* * *

အချိန်တန်တော့ ထုံးစံအတိုင်းပါပဲ။

စိတ်ဝေဒနာရှင် အဘွားအိုဟာ ကုန်းကုန်း ကုန်းကုန်းနဲ့ ကျွန်တော်တို့လမ်းထဲကို လျှောက်ဝင်လာတယ်။ ပါးစပ်ကလည်း မြင်မြင်ကရာကို ဆဲလိုက်ဆိုလိုက်နဲ့ပေါ့။

လမ်းထဲကလူတွေကလည်း စိတ်ထဲ တယ်ပြီး ကြည်ကြည်လင်လင်မရှိလှတာနဲ့...

"သွား... သွား"

ဆိုပြီး မောင်းထုတ်လိုက်ကြတယ်။

အဘွားအိုကလည်း တစ်ခွန်းမခံပြန်ဆဲရင်း အမှိုက်ပုံတွေထဲက ဖွထားကောက်ထားတဲ့ အထုပ်ကလေးကိုဆွဲလို့ မီးရထားသံလမ်းဘက်ဆီလျှောက်သွားတော့တာပဲ။

* * *

နေကလည်း ဒီနေ့ကျမှ ပိုပြီးတော့ ပူနေသလိုပဲ။

ညနေ ငါးနာရီလောက်မှ အေးသွားမှာထင်တယ်လို့ ကျွန်တော့်ဖာသာ တစ်ယောက်တည်း တွေးနေမိတယ်။ ဖိုးစောကတော့ သူ့မှတ်စုစာအုပ်လေးထဲမှာ ဘာတွေရေးနေသလဲ မသိဘူး။

ကိုမောင်မောင်ချိုကတော့ ပက်လက်ကုလားထိုင်မှာ မျက်လုံးမှေး ထားရင်း မက်ခဲ့တဲ့ အိပ်မက်ကို ပြန်စဉ်းစားနေတယ်။

ကျွန်တော်က ခြံအပြင်ဘက်လှမ်းကြည့်လိုက်မိတော့ ကိုယ်ဝန် ဆောင် မိန်းမတစ်ယောက်ရပ်နေတာ တွေ့လိုက်ရလို့ အံ့ဩသွားတယ်။ ကိုယ်ဝန်က တော်တော်ရင့်နေပုံရတယ်။ ဗိုက်ကြီးကို ဖောင်းတင်းပြီး ကားထွက်နေတာပဲ။

အဲဒီမိန်းမက ခြံထဲကိုဝင်ဖို့ မဝင်ဖို့ ချိန်ဆ အားယူနေသလိုမျိုး ချီတုံချတုံဖြစ်နေတာနဲ့ ကျွန်တော်က...

"ဘာကိစ္စရှိလို့လဲ... အစ်မ"

သူ့ခမျာ အတော်နွမ်းပါးပုံပါပဲ။ ဝတ်ထားတဲ့ထဘီက ရေလဲပိုင်း သာသာရယ်။ ရော်ဘာဖိနပ် နောက်မြီးတိုကလည်း သဲကြိုးပြတ်လို့ ချိန်နဲ့ တွယ်ထားတာ။

အဲသလောက် အကဲခတ်မိမှတော့ သူ ဘာပြောလာမလဲဆိုတာ ကျွန်တော်တို့မှန်းလို့ရနေပြီ။ ထင်တဲ့အတိုင်းပါပဲ။

"မောင်လေးတို့ရယ်၊ ဟို... ဟိုလေ အစ်မက သူတောင်းစား မဟုတ်ပါဘူး၊ ဒါပေမဲ့ ဟိုဒင်း ကိုယ်ဝန်က နေ့စေ့လစေ့ကြီးနဲ့မို့ ဆေးရုံသွား ရမှာဆိုတော့ ဖြစ်နိုင်ရင် စရိတ်ကလေး ဆေးဖိုးလေး နည်းနည်းပါးပါး လောက် ကူညီပါလားကွယ်"

သူကပြောရင်း မောနေလို့ စကားပြတ်တောင်းပြတ်တောင်း ဖြစ်နေတယ်။ ကိုယ်ဝန် နေ့စေ့လစေ့ဆိုတာ ဟုတ်မယ်ဗျ။ ကျွန်တော်တို့က မျက်စိအမြင်နဲ့ ဆုံးဖြတ်တတ်လို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ဟာကြီးက အသိသာကြီးဗျ။

သူ့ခမျာ လမ်းလျှောက်တာတောင် ခါးနောက်ပိုင်းကို လက်နှစ်ဖက်နဲ့ ထောက်၊ ဗိုက်ကြီးကို ရှေ့လက်ကော့ထားပြီး ခြေထောက်က ဘဲတစ်ကောင်သွားသလို ကားတားတား ယမ်းတမ်းတမ်း တစ်လှမ်းချင်း လျှောက်နေရတာကိုး။

အဲဒါနဲ့ ကျွန်တော်က အိတ်ထဲနှိုက်လိုက်တော့ ငါးကျပ်တန်လေး

တစ်ရွက်ပဲ ထွက်လာတယ်။ ဒါက ညနေစာ ဘဲဥချဉ်ရည်ဟင်း ချက်ဖို့ဗျ။ ပေးလို့မဖြစ်ဘူး။

"ဟော့ကောင်... ဖိုးစော။ မင်းဆီမှာ ဘယ်လောက်ရှိသေးလဲ"

ဖိုးစောက သူ့ပုဆိုးခါးကြားမှာ လိမ်ကျစ်ညှပ်ထားတဲ့ ကျပ်တန်အဟောင်းလေးသုံးရွက်ကို ထုတ်ပေးတယ်။ ကိုမောင်မောင်ချိုက သူ့စွပ်ကျယ်အင်္ကျီရင်ဘတ်အပြဲကြားကို နှိုက်လိုက်တော့ ကျပ်တန်နှစ်ရွက်။

ကိုဆင့်သူ ပိုက်ဆံဝှက်ဝှက်နေကျနေရာ (ခေါင်းအုံးအိပ်တဲ့ အင်္ဂလိပ်–မြန်မာ အဘိဓာန်စာအုပ်အဖုံး အတွင်းဘက်)မှာ သွားရှာကြည့်တော့ နောက်ထပ် ကျပ်တန်နှစ်ရွက် ထပ်ထွက်လာတယ်။

"ကဲ... အစ်မရေ စိတ်တော့မရှိနဲ့ဗျာ၊ ဒါပဲ တတ်နိုင်တယ်ဗျ"

"ရ... ရပါတယ် မောင်လေးတို့ရယ်၊ ကျေးဇူးပါ"

သူက 'ရပါတယ်' ဆိုပေမယ့် ကျွန်တော်တို့က စိတ်ထဲမကောင်းဘူးဗျ။

ပိုက်ဆံ ခုနစ်ကျပ်နဲ့ ဘယ်လိုလုပ်ပြီး ဆေးရုံတက်လို့ရမှာလဲ၊ ဆေးရုံထဲဝင်ရင်တောင် အပေါက်စောင့်ကို ပိုက်ဆံနှစ်ကျပ် လာဘ်ထိုးမှ ဝင်လို့ရတဲ့ ဥစ္စာ။

"ဟော့... ဟော့... ညီမရေ... ခဏလေးနေဦး"

ကျွန်တော်တို့ ပြောနေဆိုနေတာကို ခေါင်းရင်းအိမ်က အတိုင်းသားကြားနေတဲ့ အန်တီလှသမီး မသက်က လှမ်းပြောရင်း လက်ကာပြပြီး စောင့်ခိုင်းတယ်။ ပြီးတော့ သွားလေသူ အန်တီလှရဲ့ အင်္ကျီထဘီတွေထဲက လတ်သေးတဲ့ သုံး လေးစုံကို ထုတ်ယူလာပြီး...

"အဟောင်းအစုတ် ပေးတယ်လို့တော့ သဘောမထားနဲ့ ညီမရယ်။ ဟောဒီ ထဘီလေးတွေ ကူညီလိုက်မယ်၊ ယူသွားနော်"

"ဟုတ်ကဲ့ပါ... အစ်မရယ်၊ ကျေးဇူးကြီးလှပါတယ်ရှင်"

ကိုယ်ဝန်ဆောင်မိန်းမလည်း အဝတ်အစားထုပ်ကလေးကို ကျစ်ကျစ်ပါအောင်ပိုက်ပြီး ခြံထဲကနေ တစ်လှမ်းချင်း ထွက်သွားတော့မှ ကျွန်တော်လည်း...

"နေဦး... နေဦး"

မထူးတော့ပါဘူးလို့ စိတ်ကူးပြောင်းသွားပြီး ညနေစာ ဈေးဖိုးချန်ထားတဲ့ အိတ်ကပ်ထဲက ပိုက်ဆံငါးကျပ်ကို...

"ရော့... ယူသွားတော့ဗျာ"

လို့ လှမ်းပေးလိုက်တယ်။

ညနေကျလို့ ပန်းချီဆရာ မဂ္ဂဇင်းတိုက်ကပြန်လာရင် ပိုက်ဆံရလာတန်ကောင်းပါရဲ့၊ မရလာရင်လည်း အိမ်မှာရှိတာ တစ်ခုခု အပေါင်ဆိုင်ပို့ရုံပေါ့။

ဟူး...။

ကျွန်တော် စိတ်ထဲပေါ့သွားတယ်။

* * *

ညနေစောင်းတော့...

အိမ်ထောင်ပရိဘောဂ အဟောင်းအစုတ်တွေ ထိုးသိပ်တင်ထားတဲ့ ဒေါ့ဂျစ်ကားအိုကြီးတစ်စင်း ဖြည်းဖြည်းချင်း ဘီးလိမ့်လာတယ်။

ကားခေါင်မိုးစွန်းဘေးမှာ 'သိပ္ပံစိန်လှ ဘက်ထရီဆိုင်' ဆိုတဲ့ ဆေးသားပျက် ဆိုင်းဘုတ်ဟောင်းလေးက ခပ်စောင်းစောင်းလေးထောင်လို့။

သိပ္ပံစိန်လှတို့ဆိုင် ပြုတ်ပြီလေ။ တောကိုပဲပြန်ပြီး ပြောင်းကြတော့မှာတဲ့။ သွားခါနီး လမ်းထဲကလူတွေကို လိုက်နှုတ်ဆက်နေလေရဲ့။

မလှဌေးက သူနဲ့ ရန်ဖြစ်ဖူးတဲ့ ဒေါ်ပုကြွယ်ကို ကန်တော့ပြီး...

"ကြီးဒေါ်ကို ကျွန်မ ပြစ်မှားခဲ့တာရှိရင် တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါနော်"

ပြောရင်း ဦးသုံးကြိမ်ချတော့ ဒေါ်ပုကြွယ်က မပြောမဆို 'ဟီး' ခနဲ ငိုချလိုက်ပြီး မလှဌေးရဲ့ကျောပြင်ကို တစ်ခါတည်း သိုင်းဖက်ထားလိုက်တော့တာပဲ။

ဆုံစည်းရတဲ့အချိန်တွေက တိုတောင်းလွန်းတယ်။

ကြည့်စမ်း… နေတောင် ဝင်တော့မှာပါလား။ တစ်နေဝင်ပြီး တစ်မိုးချုပ်တော့မယ်။ လက်ပြနှုတ်ဆက်လိုက်ကြပေဦးတော့။

ဆည်းဆာအမှောင်ရစ်သန်းနေတဲ့ ကောင်းကင်မှာ အိပ်တန်းပြန်ငှက်တွေကို မြင်ရတယ်။ ဒေါ်ဂျစ်ကားအိုကြီး တရွေ့ရွေ့ ထွက်ခွာသွားတော့ လမ်းထဲကလူတွေက ကိုယ့်အိမ်ရှေ့ကနေ ကိုယ်ထွက်ပြီး လက်တွေကို ဝှေ့ယမ်းပြလိုက်ကြတယ်။

အမှောင်နဲ့ဖုန်လုံးဟာ ရောထွေးသွားလေရဲ့။

အဲဒီအချိန်မှာပဲ…

မီးရထားသံလမ်းဘက်ဆီကနေ လူတစ်ယောက်ဟာ တုန်ချည့်ချည့်ကုပ်ကိုင်းကိုင်းနဲ့ ပြေးလာနေတယ်။ ပါးစပ်ကလည်း ဘာတွေမှန်းမသိမသဲမကွဲ ရေရွတ်အော်ဟစ်လို့…။

လမ်းထဲကိုရောက်လာလို့ သေသေချာချာကြည့်လိုက်တော့မှ စိတ်မနှံ့တဲ့ အဘွားအိုမှန်းသိတာ။ ထုံးစံအတိုင်း ပါးစပ်ကလည်း ဆဲလို့ ဆိုလို့။

"ဟဲ့… မသာမတွေ သေချင်းဆိုးမတွေ။ လာကြပါဟဲ့…မြန်မြန်။ အောင်မယ်… ခေါ်နေတာ မကြားဘူးလား၊ ဟိုမှာကဖြင့် မွေးတော့မယ်ဟဲ့။ ညည်းတို့က…"

အဘွားအိုက ရေကြီးသုတ်ပျာဖြစ်နေတယ်။ တစ်ခုခု အကူအညီလိုနေတဲ့အကြောင်းကိုလည်း သူ့ဉာဏ်ရည်စွမ်း မီသလောက် ဝေါဟာရတွေနဲ့ ဗလုံးဗထွေး ပြောဖို့ ကြိုးစားနေတယ်။

"သောက်ကောင်မတွေ၊ ကမြင်းမတွေ…။ နန္ဒင်းယူခဲ့၊ စောင်ယူခဲ့ပါဆို၊ ရေနွေး… ရေနွေးလည်းယူခဲ့။ ဟိုမယ်… ဟိုမယ် ဗိုက်ကြီးသည် အတာဖြစ်တာကို သောက်သုံးမကျ ဖေတစ်ရာမတွေက…"

သူ့စကားထဲမှာ 'ဗိုက်ကြီးသည်' ဆိုတဲ့ စကားလုံးပါလာတာနဲ့ တစ်ပြိုင်နက် အားလုံး ဆတ်ခနဲ ခေါင်းထောင်သွားကြတယ်။

ချက်ချင်းပဲ ပြိုင်တူလိုလို နားလည်လိုက်ကြပြီး အားလုံးတိုင်ပင်ထားစရာမလိုဘဲ အဘွားအိုလာရာ မီးရထားလမ်းဆီကို တရကြမ်းပြေးသွားမိကြတော့တယ်။

ဟိုရောက်တော့...

* * *

ညနေတုန်းက ကျွန်တော်တို့အိမ်မှာ ဆေးဖိုးဝါးခ ဝင်အလှူခံသွားတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးဟာ အမှိုက်အတိုအစတွေ ပွစာကျဲနေတဲ့ တဲစုတ်တစ်လုံးထဲမှာ လဲနေတယ်။

သူ့ထဘီအောက်ပိုင်း တစ်ခြမ်းလုံးဟာလည်း မြင်မကောင်းအောင် စို့ရွှဲနစ်နေတယ်။

"ရေမြွှာတောင်ပေါက်နေပြီ၊ မွေးတော့မယ်ထင်တယ်"

"ဖယ်ကြစမ်း... ဖယ်ကြစမ်းပါဟဲ့၊ အသက်ရှူကျပ်နေဦးမယ်"

"ဒီအတိုင်း ဝိုင်းကြည့် မနေကြနဲ့လေ။ ဆေးရုံပို့မှဖြစ်မယ်၊ ဆိုက်ကားကော..."

ပွက်လောညံအောင် ထင်ကြေးပေးနေကြသံတွေက အမျိုးမျိုး။

ကျွန်တော်တို့ကလည်း ယောင်တိယောင်တောင်။

အဲဒီမှာ ဒေါ်ဟာစီးနားက လူတွေကြားထဲ အတင်းတိုးဝင်လာပြီး...

"ဖယ်ကြ... ဖယ်ကြ... မှန်းစမ်း။ ဟောတော့... ကလေးက ခေါင်းပြူတော့မယ်၊ မသန်းတင်ရေ ကျွန်မကိုကူပါဦး"

"လာပြီ... လာပြီ။ ကိုင်း... ယောကျ်ားတွေ အနားမလာနဲ့၊ ဒီမှာ ကလေးမွေးတော့မှာ"

ဒေါ်သန်းတင်နဲ့ ဒေါ်ဟာစီးနားတို့က တက်ညီလက်ညီပဲ။ သူတို့ နှစ်ယောက်စလုံးက မွေးတဲ့ဖွားတဲ့ အတွေ့အကြုံများနေပြီဆိုတော့ ဒီလိုအခြေအနေမျိုးနဲ့ ကွက်တိ၊ အံဝင်ခွင်ကျပဲ။

စိတ်မနှံ့တဲ့ အဘွားအိုက မီးနေခန်းတဲကလေးကို သူရှာထားလို့ရသမျှ အမှိုက်တွေထဲက ဂုန်နီအိတ်စ အဟောင်းအစုတ်လေးတွေနဲ့ ကာပေးဖို့ ကြိုးစားထားတာကိုး။ ဘယ့်နယ်လုပ်ပြီး လုံလုံခြုံခြုံရှိပါ့မလဲ။

မောင်ထွေးက သူ့အမေ မုန့်ဟင်းခါးဆိုင်က မိုးကာတဲ့ တာလ

ပတ်စကြီး သွားပြေးဖြုတ်လာတယ်။ အောင်ဗလကလည်း ဘယ်ကစောင် အစုတ်ကြီးတစ်ထည် သွားယူလာသလဲ မသိဘူး။ အဲဒါတွေနဲ့ မီးနေခန်း တဲစုတ်ကလေးကို ဝိုင်းကာကြလေရဲ့။

ဒေါ်သန်းတင်ကတော့ ‘ယောကျ်ားတွေ အနား‘မလာနဲ့’ လို့ချည်း အော်လွှတ်နေလို့ အောင်ဗလနဲ့ တစ်ယောက်တစ်ခွန်း အပြန်အလှန် ဆဲကြ သေးတယ်။ ဒေါ်ဟာစီးနားကတော့ ‘ရေနွေးပေးပါဦး’၊ ‘ဆပ်ပြာနဲ့ အဝတ် သန့်သန့်ပေးပါဦး၊ ‘မွေးလာရင် ချက်ကြိုးဖြတ်ဖို့ ဘလိတ်ဓားအသစ် ရှာ ထားဦးဟဲ့’ ဆိုတဲ့ စကားတွေနဲ့ အနားက မိန်းမတစ်သိုက်ကို ခိုင်းနေတယ်။

မသက်တို့တစ်တွေလည်း နားရတယ်ကို မရှိဘူး။ စိတ်မနှံ့တဲ့ အဘွားအိုကတော့ အသံလေး ဝေါက်ဆတ်ဆတ်နဲ့...

“ဒီ ဖေတစ်ရာ...တဲ့ ဗိုက်ကြီးသည်မနယ် ကံကောင်းလို့ပေါ့။ မီးရထားလမ်းဘေးလဲနေတာ ငါများ မတွေ့မိရင် ကာလနာတိုက်ပြီး သေချင်း ဆိုးနဲ့ သေမှာ။ ဟွန်း... ဘုရားသိကြားမလို့ ချောချောမောမော မွေးပါစေ တော်။ ဟဲ့... ဗိုင်းဒါမရေ ဘုရား၊ တရား၊ သံဃာကို အာရုံပြုဟဲ့။ အေး... အေး... ဟုတ်ပြီ... ညှစ်ထား။ ညည်းနှယ်အေ နားနားပြီး ညှစ်ရတယ်ဟဲ့”

တဖြည်းဖြည်းနဲ့ မှောင်သထက် မှောင်လာနေပြီ။

ဦးမောင်ဝမ်းနဲ့ တခြားယောကျ်ားကြီးသုံးလေးယောက်လောက်က ရပ်ကွက်ထဲဆီ ပြေးသွားကြပြီး ခဏနေတော့ ဘက်ထရီအိုးနဲ့ မီးချောင်းတွေ ထမ်းပြီး ယူလာကြတယ်။ ရထားလမ်းဘေးမှာ မီးရောင်တွေ ထိန်ထိန် လင်းလို့...။

တချို့ မိန်းမကြီးတွေကတော့...

“မိုးမင်းကြီးရေ... ရွာမချလိုက်ပါနဲ့။ ပြုခဲ့သမျှ ကုသိုလ်ကို အမျှပေး ဝေပါတယ်၊ မရွာပါနဲ့ဦးနော်”

လို့ တတွတ်တွတ် ရေရွတ် ဆုတောင်းနေကြတယ်။

မိုးစုပ်စုပ်ချုပ်သွားပြီးလို့ သိပ်မကြာခင်မှာပဲ မီးနေတဲကလေးထဲက ကိုယ်ဝန်ဆောင်မိန်းမရဲ့ ညည်းတွားသံ၊ ပင်ပန်းတကြီး သက်ပြင်းရှိုက်သံ၊ ‘ဟုတ်ပြီ... ဟုတ်ပြီ... ညှစ်ထား၊ မွေးတော့မယ်’ လို့ တတွတ်တွတ် ဝိုင်းပြော

နေကြတဲ့ အားပေးသံတွေအဆုံးမှာ ရုတ်တရက် နှစ်မိနစ်လောက် တိတ်ဆိတ်သွားပြီးမှ...

"အူဝဲ... အူဝဲ... အူဝဲ"

"မွေးပြီဟေ့... မွေးပြီဟဲ့"

"မိန်းကလေးတော့... ချစ်စရာလေး။ ကိုယ်လက်အင်္ဂါလည်း စုံတယ်"

ညအမှောင်ထဲမှာ တဲကလေးနား ဝိုင်းအုံနေကြတဲ့ လူတွေအားလုံးရဲ့ မျက်နှာဟာ ဝင်းပ လင်းလက်သွားကြတယ်။

ခဏအကြာ မီးနေတဲကလေးကို ကာရံထားတဲ့စောင်နဲ့ တာလပတ်စတွေကို ခွာချလိုက်တော့ မိခင်အသစ်စက်စက်ဟာ လဲလျောင်းနေရာက သူမွေးထုတ်လိုက်တဲ့ ရင်သွေးကို လှမ်းကြည့်ရင်း ပြုံးနေတယ်။

ကလေးပေါက်စနလေးကို ဒေါ်သန်းတင်က ချီလို့။

အဲဒီ နီတာရဲ့ မွေးကင်းစလေးကို ထွေးပတ်ရစ်ဖွဲ့ပေးထားတဲ့ အနီးပိတ်စက အန်တီလှရဲ့ထဘီကို အရေးပေါ် ဆုတ်ဖြဲထားတဲ့အစဗျ။

ကျွန်တော့်ရင်ထဲမှာ တလှပ်လှပ်ဖြစ်နေတယ်။ ဘာကို ခံစားနေရတာလဲတော့ မပြောတတ်ဘူး။

ကွယ်လွန်သွားသူတစ်ယောက်ရဲ့ ထဘီစအနီးပိတ်ထဲမှာ အခုမှ မွေးဖွားလာတဲ့ ကလေးတစ်ယောက် လူးလွန့်ရှင်သန်နေတာကို မြင်ရတာဟာ သိပ်ကြည့်လို့ကောင်းတယ်။

ချက်ချင်းပဲ ငိုချင်သလိုလို ဘာလိုလိုနဲ့ ကျွန်တော့်မျက်လုံးထဲမှာ မျက်ရည်တွေ ဝိုင်းလာတယ်။ ဘာဖြစ်တာမှန်း ကိုယ့်ဖာသာကိုယ်လည်း နားမလည်ဘူး။

ငိုချင်လာတာတော့ အမှန်ပဲ။

ဘေးနားတစ်ဝိုက်ကို ကြည့်လိုက်တော့ လူတွေအားလုံး အမှောင်ထဲမှာ မျက်နှာတွေ တောက်ပဝင်းလက်နေကြတယ်။ ပြုံးကာ ရယ်ကာနဲ့ စကားတွေ အော်လားဟစ်လား ပြောနေကြတယ်။

**သူတို့အားလုံးဟာ ဒုက္ခရောက်နေကြတဲ့ လူသားတွေပါ။**

ဒါပေမဲ့ ဒုက္ခရောက်နေတဲ့ တခြားသူကို ကယ်ဆယ်နိုင်တဲ့ ကယ်တင်ရှင်တွေလည်း ဖြစ်ကြတယ်။

အခုပဲ ဒုက္ခသည်တစ်ယောက်ကို ကယ်လိုက်နိုင်ပြီ။ လူသားတစ်ယောက်ကို မွေးဖွားပေးလိုက်နိုင်ပြီလေ။

ဒီလိုပဲ ခရီးဆက်ကြရမှာပဲ။

လူ့သမိုင်းဟာ မဆုံးသေးဘူး။

မင်းခိုက်စိုးစန်